အမျိုးသားပညာဝန်

# ဦးဖိုးကျား

## ငါးရာ့ငါးဆယ်ကောက်နုတ်ချက်များ

ပထမတွဲ



ပန်းမျိုးတစ်ရာ

### ဒို့တာဝန်အရေး ၃ ပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော
တာဝန်ဖြစ်သည်။

### ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ

အမျိုးသားပညာဝန်

ဦးဖိုးကျား

# ငါးရာ့ငါးဆယ်

# ကောက်နုတ်ချက်များ(ပ)

၂၉၀၆၇
အမှတ် ....
ရက်စွဲ ....
သုတေသနစာကြည့်တိုက်

# ငါးရာ့ငါးဆယ်ကောက်နုတ်ချက်များ(ပ)

ဒုတိယအကြိမ်၊ ၁၉၉၉ နိုဝင်ဘာ၊ အုပ်ရေ ၂၀၀၀

အဖုံးပန်းချီ စံတိုး

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၁၅/၉၉(၁၀)နှင့် စာမူခွင့်ပြုချက်အမှတ် ၄၂၂/၉၉(၈)တို့အရ ဒေါ်နယ်လီ(ခေါ်)ဒေါ်ခင်လေးတင့် (၀၂၅၇၀)၊ အမျိုးသမီးဂုဏ်ရည်စာပေ၊ ၄၁/၁၉၁၊ သရဖီလမ်း၊ ဒဂုံမြို့သစ် မြောက်ပိုင်းကထုတ်ဝေ၍ မျက်နှာဖုံးနှင့်အတွင်းစာသားကို ဒေါ်ခင်ခင်ဝင်း(၀၂၆၇၀)၊ ကလျာအော့ဖ်ဆက်၊ ၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ က ပုံနှိပ်သည်။

စာအုပ်ချုပ် ဇော်ဝမ်း

**တန်ဖိုး ၁၅၀၀ ကျပ်**

**ပါရမီစာပေ**

၂၃၀၊ ၂၉ လမ်း(အထက်လမ်း)၊ ရန်ကုန်(ဖုံး ၂၅၃၂၄၆)
၂ / ၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းတန်း၊ ရန်ကုန်
၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်

# မာတိကာ


ပဏာမနှင့် နိဒါန်း ... ၉

၁။ အပဏ္ဏကဇာတ်။ ။ လိမ္မာသော လုည်းကုန်သည်မှူးနှင့် မိုက်သော လှည်းကုန်သည်မှူးတို့အကြောင်း ... ၂၉

၂။ ဝဏ္ဏုပထဇာတ်။ ။ ဝီရိယရှိသော လှည်းမှူးနှင့် အစေခံအကြောင်း ... ၃၄

၃။ သေရိဝဝါဏိဇဇာတ်။ ။ မိုက်သော ရွှဲကုန်သည် အကြောင်း ... ၃၅

၄။ စူဠသေဋ္ဌိဇာတ်။ ။ ကြွက်သေကို အရင်းပြု၍ လေးလအတွင်း နှစ်သိန်းကြွယ်သောသူဌေး ... ၃၈

၅။ တဏ္ဍုလနာဠိဇာတ်။ ။ လောဘကြီးသောမင်းနှင့် မိုက်သော ရာပြတ်တို့အကြောင်း ... ၄၂

၆။ ကဋ္ဌဝါဟနဇာတ်။ ။ ကဋ္ဌဝါဟနမင်း ... ၄၄

၇။ နိဂြောဓဇာတ်။ ။ နိဂြောဓ သမင်မင်း ... ၄၆

၈။ ဝါတမိဂဇာတ်။ ။ ရသတဏှာကိုစွဲ၍ ဆင်းရဲရောက်သော သမင်အကြောင်း ... ၅၁

၉။ မာလုတဇာတ်။ ။ ချမ်းအေးခြင်းအကြောင်း ငြင်းခုံကြသော ကျားနှင့် ခြင်္သေ့အကြောင်း ... ၅၄

၁၀။ မတကဘတ္တဇာတ်။ ။ ဆိတ်ကိုသတ်၍ သေသူကို ရည်မှတ်လှူဒါန်းခြင်းအကြောင်း ... ၅၅

၁၁။ နဠကပါနဇာတ်။ ။ အဆစ်မရှိသောကျူရိုး ... ၅၇

၁၂။ ကုရုင်္ဂမိဂဇာတ်။ ။ ဆတ်လိမ္မာအကြောင်း ... ၅၉

၁၃။ ဂေါဓာနီယသိန္ဓဝဇာတ်။ ။ အာဇာနည်မြင်း ... ၆၀

၁၄။ နန္ဒိဝိသာလဇာတ်။ ။ နွားလိမ္မာ ... ၆၃

၁၅။ ကဏှဇာတ်။ ။ အားကြီးသော နွားလိမ္မာ ... ၆၅
၁၆။ မုနိကဇာတ်။ ။ မုနိကဝက်အကြောင်း ... ၆၇
၁၇။ ကုယာဝကဇာတ်။ ။ သိကြားနှင့် အသူရာတို့ ... ၆၉
၁၈။ နစ္စဇာတ်။ ။ အရှက်မဲ့၍ အကျိုးယုတ်သော ဥဒေါင်း
အကြောင်း ... ၇၅
၁၉။ သမ္မောဒမာနဇာတ်။ ။ အချင်းချင်း မသင့်မတင့်ကြ၍
ပျက်စီးကြသော ငုံးတို့အကြောင်း ... ၇၇
၂၀။ ဝဋ္ဋကဇာတ်။ ။ ငုံးမင်းဇာတ်အကြောင်း ... ၇၉
၂၁။ သကုဏဇာတ်။ ။ လျှောက်ပတ်သောအရပ်ကိုသိသော
ငှက်အကြောင်း ... ၈၁
၂၂။ တိတ္တိရဇာတ်။ ။ ခါ၊ မျောက်၊ ဆင်တို့အကြောင်း ... ၈၃
၂၃။ ဗကဇာတ်။ ။ မျိုးထက်ပုစွန် ပညာလွန် ... ၈၄
၂၄။ နန္ဒိဇာတ်။ ။ ဥစ္စာသည် မာန်ကို တက်ကြွစေတတ်ခြင်း
အကြောင်း ... ၈၈
၂၅။ ကပေါတဇာတ်။ ။ လောဘကြီးသောကျီး ... ၉၀
၂၆။ ဝေဠုကဇာတ်။ ။ မြွေကို သားအမှတ်ဖြင့် မွေးသော
ရသေ့အကြောင်း ... ၉၂
၂၇။ မကသဇာတ်။ ။ မှက်၊ ခြင်ကို တိုက်ခိုက်သော
လူမိုက်အကြောင်း ... ၉၄
၂၈။ အာရာမဒူသကဇာတ်။ ။ ဥယျာဉ်ကိုဖျက်သော မျောက်တို့
အကြောင်း ... ၉၅
၂၉။ ဝေဒဗ္ဗဇာတ်။ ။ ဝေဒဗ္ဗပုဏ္ဏားနှင့် ဝေဒဗ္ဗမန္တန်
အကြောင်း ... ၉၆
၃၀။ နက္ခတ္တဇာတ်။ ။ ရက်ကောင်းရွေးနေသဖြင့် မိန်းမရတာနာမှ
ယုတ်ခြင်းအကြောင်း ... ၉၉

၃၁။ ဒုမ္မေဇာတ်။ ။ ယစ်ပူဇော်ခြင်းကို ဥပါယ်ဖြင့် တားမြစ်သောမင်းအကြောင်း ... ၁၀၁
၃၂။ မဟာသီလဝဇာတ်။ ။ မဟာသီလဝမင်း ... ၁၀၃
၃၃။ ကိံဖလဇာတ်။ ။ သစ်သီး၌ လိမ္မာသူ ... ၁၀၇
၃၄။ ပဉ္စာဝုဓဇာတ်။ ။ ပဉ္စာဝုဓမင်းအကြောင်း ... ၁၀၉
၃၅။ ဝါနရိန္ဒဇာတ်။ ။ ဝါနရိန္ဒမျောက်မင်း ... ၁၁၃
၃၆။ တယောဓမ္မဇာတ်။ ။ ပညာဉာဏ်ကောင်းသော မျောက်အကြောင်း ... ၁၁၅
၃၇။ အဏ္ဍဘူတဇာတ်။ ။ မိန်းမကိုစောင့်ရှောက်ရန် ခဲယဉ်းခြင်းအကြောင်း ... ၁၁၈
၃၈။ တက္ကပဏ္ဍိတဇာတ်။ ။ တက္ကပဏ္ဍိတ ... ၁၂၀
၃၉။ မုဒုလက္ခဏဇာတ်။ ။ မုဒုလက္ခဏမိဖုရားကြီး အကြောင်း ... ၁၂၃
၄၀။ ဥစ္ဆင်္ဂဇာတ်။ ။ ပညာရှိသောမိန်းမ ... ၁၂၅
၄၁။ ဝိသဝန္တဇာတ်။ ။ အဆိပ်ကို ပြန်မစုပ်သော မြွေအကြောင်း ... ၁၂၆
၄၂။ ကုဒါလပဏ္ဍိတဇာတ်။ ။ ပညာရှိသော ပေါက်တူးသမား ... ၁၂၈
၄၃။ ဝရုဏဇာတ်။ ။ လူပျင်းအကြောင်း ... ၁၃၀
၄၄။ သီလဝနာဂရာဇဇာတ်။ ။ ကျေးဇူးမဲ့သော မဆိုး အကြောင်း ... ၁၃၂
၄၅။ သစ္စံကိရဇာတ်။ ။ ကျေးဇူးမဲ့သော ဒုဋ္ဌကုမာရ အကြောင်း ... ၁၃၅
၄၆။ ရုက္ခဓမ္မဇာတ်။ ။ ညီညွတ်စွာ ပေါင်းသင်းခြင်း၏ အကျိုးကျေးဇူးအကြောင်း ... ၁၃၈

၄၇။ မစ္ဆဇာတ်။ ။ ငါးမင်း၏တန်ခိုးဖြင့် မိုးရွာစေခြင်း
အကြောင်း ... ၁၄၀
၄၈။ မဟာသုပိနဇာတ်။ ။ ကောသလမင်းကြီး၏
တစ်ဆယ့်ခြောက်ချက်သော အိပ်မက်အကြောင်း ... ၁၄၂
၄၉။ ဣလ္လိသဇာတ်။ ။ စေးနှဲသော ဣလ္လိသသူဌေး
အကြောင်း ... ၁၅၂
၅၀။ ဘီမသေနဇာတ်။ ။ ဘီမသေနအကြောင်း ... ၁၆၂
၅၁။ သုရာပါနဇာတ်။ ။ သေရည်သေရက်၏အပြစ်
အကြောင်း ... ၁၆၅
၅၂။ ကာလကဏ္ဏိဇာတ်။ ။ အဆွေခင်ပွန်းကောင်း ... ၁၆၉
၅၃။ သီလဝီမံသဇာတ်။ ။ အကျင့်သီလသည် မြင့်မြတ်ခြင်း
အကြောင်း ... ၁၇၁
၅၄။ မင်္ဂလဇာတ်။ ။ လောကီမင်္ဂလာ၌ အယူသည်းသော
ပုဏ္ဏားအကြောင်း ... ၁၇၄
၅၅။ ကုဟကဇာတ်။ ။ ကောက်ကျစ်သော ရသေ့
အကြောင်း ... ၁၇၆
၅၆။ အကတညုဇာတ်။ ။ ကျေးဇူးမဲ့သောသူဌေး ... ၁၇၇
၅၇။ လိတ္တဇာတ်။ ။ ကောက်ကျစ်သော ကြွေအန်သမား
အကြောင်း ... ၁၈၁
၅၈။ မဟာသာရဇာတ်။ ။ ပျောက်သောဥစ္စာကို ဥပါယ်ဖြင့်
ရအောင်ကြံစည်ခြင်းအကြောင်း ... ၁၈၂
၅၉။ တေလပတ္တဇာတ်။ ။ စိတ်ကိုထိန်းသိမ်းနိုင်သဖြင့်
ထီးနန်းကိုရသော မင်းသားအကြောင်း ... ၁၈၈
၆၀။ ကူဋဝါဏိဇဇာတ်။ ။ ကောက်ကျစ်သောကုန်သည် ... ၁၉၂
၆၁။ အဘူတရူပဇာတ်။ ။ ရှင်သီဝလိအကြောင်း ... ၁၉၄

၆၂။ သာလိတ္တကဇာတ်။ ။ ကျောက်စရစ်ပစ်တတ်သော ဆွံ့အကြောင်း ... ၁၉၇
၆၃။ သိင်္ဂါလဇာတ်။ ။ လှည့်စားတတ်သောမြေခွေး ... ၂၀၀
၆၄။ မိတစိန္တိဇာတ်။ ။ ပျင်းရိသောငါးတို့ ... ၂၀၂
၆၅။ အနုသာသိကဇာတ်။ ။ သူတစ်ပါးကိုသာ ဆုံးမ၍ မိမိမကျင့်သောငှက်အကြောင်း ... ၂၀၄
၆၆။ ဒုဗ္ဗစဇာတ်။ ။ မနိုင်သည်ကိုပြု၍ ပျက်စီးခြင်း ... ၂၀၅
၆၇။ တိတ္တိရဇာတ်။ ။ နှုတ်ကြောင့် ပျက်စီးရခြင်း ... ၂၀၆
၆၈။ ဝဋ္ဋဇာတ်။ ။ အကြံကောင်းသဖြင့် ဘေးမှလွတ်သော ငုံးအကြောင်း ... ၂၀၈
၆၉။ အကာလရာဝီဇာတ်။ ။ အခါကိုမသိသော ကြက်အကြောင်း ... ၂၀၉
၇၀။ ကုသနာဠိဇာတ်။ ။ အယုတ် အလတ် အမြတ်မရွေး အဆွေခင်ပွန်းဖွဲ့အပ်ကြောင်း ... ၂၁၁
၇၁။ ဒုမ္မေဓဇာတ်။ ။ ဆင်ဖြူတော်နှင့် မထိုက်သောမင်း အကြောင်း ... ၂၁၃
၇၂။ နင်္ဂလီသဇာတ်။ ။ ထုံသောသူအကြောင်း ... ၂၁၆
၇၃။ အမ္ဗဇာတ်။ ။ တစ်ယောက်ကောင်းက အပေါင်းချမ်းသာ ကြောင်း ... ၂၁၉
၇၄။ ကဏ္ဍဟာကဇာတ်။ ။ အယောင်ဆောင်လျက် သူတစ်ပါးကို ကွဲရဲ့တတ်သော ကဏ္ဍဟာက ... ၂၂၁
၇၅။ အသိလက္ခဏဇာတ်။ ။ သန်လျက် လက္ခဏာဖတ်ပုဏ္ဏားအကြောင်း ... ၂၂၃
၇၆။ ဗိဠာရဝတဇာတ်။ ။ အံ့ဖွယ်သရဲဖြင့် လှည့်စားသော မြေခွေးအကြောင်း ... ၂၂၆

၇၇။ အသမ္ပဒါနဇာတ်။ ။ ကျေးဇူးမဲ့သောသူငွေး ... ၂၂၈
၇၈။ ဃတာသနဇာတ်။ ။ စွန့်သင့်သောအရပ်ကို စွန့်အပ်ခြင်း
အကြောင်း ... ၂၃၁
၇၉။ သုဝဏ္ဏဟံသဇာတ်။ ။ အလိုကြီး၍ ပျက်စီးရခြင်း
အကြောင်း ... ၂၃၂
၈၀။ ဗဗ္ဗုဇာတ်။ ။ ဥစ္စာစောင့်ကြွက်မကြီး ... ၂၃၅
၈၁။ ဂေါဓဇာတ်။ ။ ကောက်ကျစ်သောရသေ့ ... ၂၃၈
၈၂။ ဥဘတောဘဋ္ဌဇာတ်။ ။ နှစ်ဖက်ရှုံး တံငါသည်
အကြောင်း ... ၂၄၀
၈၃။ ကာကဇာတ်။ ။ ဆွေမျိုးအတွက် အကျိုးဆောင်သော
ကျီးမင်းအကြောင်း ... ၂၄၂
၈၄။ ဂေါဓဇာတ်။ ။ သစ္စာမဲ့သော ပုတ်သင် ... ၂၄၄
၈၅။ ဝိရောစနဇာတ်။ ။ အထင်ကြီးသောမြေခွေး ... ၂၄၅
၈၆။ ကာကဇာတ်။ ။ အရာမဟုတ်သည်၌ အားထုတ်သော
ကျီးတို့အကြောင်း ... ၂၄၈
၈၇။ ပုပ္ဖရတ္တဇာတ်။ ။ မိန်းမအလိုသို့လိုက်၍ ပျက်စီးဆင်းရဲရသူ
အကြောင်း ... ၂၅၀
၈၈။ သင်္ဂါလဇာတ်။ ။ လောဘကြီးသောမြေခွေး ... ၂၅၂
၈၉။ ကေပဏ္ဏဇာတ်။ ။ ကြမ်းကြုတ်သူကို ဆုံးမခြင်း ... ၂၅၃
၉၀။ သန္ဓိဝဇာတ်။ ။ သန္ဓိဝလုလင်အကြောင်း ... ၂၅၆

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# ပဋ္ဌာမနှင့် နိဒါန်း

အကျွန်ုပ်သည် ဘုရား၊ တရား၊ သံဃာ၊ ရတနာမြတ်သုံးပါး၊ ဆရာသမားတို့အား ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏။ ။ရှိခိုးပြီးသော်။

ဘုရားဟော နိပါတ်လာ ငါးရာ့ငါးဆယ်ဇာတ်တော်များမှ အလွယ်တကူ မှတ်ယူလွယ်စိမ့်သောငှာ ကောက်နုတ်ရေးထုတ် အကျဉ်းချုပ်၍ ပြရာပြကြောင်းဖြစ်သော ဤ'ငါးရာ့ငါးဆယ် **ကောက်နုတ်ချက်များ**'ဟူသော ကျမ်းကို ကြိုးပမ်းအားစိုက် ရေးလိုက်ပါအံ့သတည်း။

မြတ်စွာဘုရားသခင် ဟောတော်မူအပ်သော တရားတော်တို့ကို ပိဋကတ်အားဖြင့် ရေတွက်သော်...

(၁) ဝိနည်းပိဋကတ်တော်၊

(၂) သုတ္တန်ပိဋကတ်တော်၊

(၃) အဘိဓမ္မာပိဋကတ်တော်

ဟူ၍ ပိဋကတ်သုံးပုံရလေသည်။ ဤတွင် ပိဋကတ်ဆိုသော ပါဠိ စကားမှာ သင်ကြားအပ်သည့် ပရိယတ္တိဟူသော အနက်၊ တည်ရာသော ဟူသော အနက်တို့ကို ရလေသည်။

(၁) **ဝိနည်းဟူသည်ကား**။ ။ အထူးသဖြင့် ကိုယ်နှုတ်နှစ်ပါးတို့ကို တားမြစ်ဆုံးမသော ဥပဒေပညတ်ချက်များ ဖြစ်၏။

(၂) **သုတ္တန်ဟူသည်ကား**။ ။ မိမိအကျိုးစီးပွား၊ သူတစ်ပါးအကျိုးစီးပွား၊ လောကီအကျိုးစီးပွား၊ လောကုတ္တရာအကျိုးစီးပွားတို့ကို ပြတတ် ပြုတတ်သောကြောင့်လည်းကောင်း၊ ဝေနေယျသတ္တဝါတို့၏ သဘော အနအရင့်နှင့် လျော်စွာ ဟောတော်မူသောကြောင့် လည်းကောင်း၊ သုတ္တမည်၏။ ၎င်းသုတ္တကိုပင် သုတ္တန္တ-သုတ္တန်ဟု ခေါ်သည်။

(၃) **အဘိဓမ္မာဟူသည်ကား။** ။ အဘိ = လွန်ကဲသော၊ ဓမ္မ = သဘာဝဓမ္မမျိုး။ သုတ်တရားတို့ထက် လွန်ကဲသောတရားမျိုး။ လွန်ကဲဟန်ကား။

သုတ္တန်တွင် ခန္ဓာ၊ အာယတန၊ ဓာတ် စသည့် ပရမတ္ထသဘာဝဓမ္မတို့ကို တစ်စိတ်တစ်ဒေသ အနည်းငယ်မျှသာ ဟောတော်မူသည်။

အဘိဓမ္မာ၌ကား ထိုပရမတ္ထ သဘာဝဓမ္မတရားမျိုးတို့ကို နည်းအမျိုးစုံ အကျယ်ပြ၍ အကြွင်းအကျန်မရှိ အပြည့်အစုံ ဟောတော်မူသည်။

တစ်နည်းအားဖြင့်လည်း ဝိနည်းပိဋကတ်၌ ဓမ္မက္ခန္ဓာပေါင်း ၂၁၀၀၀၊ သုတ္တန်ပိဋကတ်၌ ဓမ္မက္ခန္ဓာပေါင်း ၂၁၀၀၀၊ အဘိဓမ္မာပိဋကတ်၌ ဓမ္မက္ခန္ဓာပေါင်း ၄၂၀၀၀ ရှိ၏ဟု ဆရာမြတ်တို့ ဆိုကုန်သည်။ ဤတွင် အဘိဓမ္မာက သုတ္တန်ထက် ဓမ္မက္ခန္ဓာ ၂၁၀၀၀ ပို၍ရှိလေသည်။ ဤကား ဓမ္မက္ခန္ဓာ အရေအတွက် သာလွန်ပုံမျှသာတည်း။

ဤသို့ သုတ္တန်ထက် လွန်ကဲသည်ဖြစ်၍ အဘိဓမ္မာဟု ခေါ်လေသည်။

ထိုသို့ ပိဋကတ်သုံးပုံရှိရာ ပါဝင်သောကျမ်းအရေအတွက်ကား...

## ဝိနည်းပိဋကတ်တော်

ဝိနည်း ၅ ကျမ်း ပါဠိတော်

(ဒွေမာတိကာ ပါဠိတော်နှစ်ကျမ်း ပါပြီး).... ၅ ကျမ်း။

## သုတ္တန်ပိဋကတ်တော်

| | | |
|---|---|---|
| (က) ဒီဃနိကာယ်တွင် | .... | ၃ |
| (ခ) မဇ္ဈိမနိကာယ်တွင် | .... | ၃ |
| (ဂ) သံယုတ္တနိကာယ်တွင် | .... | ၅ |
| (ဃ) အင်္ဂုတ္တရနိကာယ်တွင် | .... | ၁၁ |
| (င) ခုဒ္ဒကနိကာယ်တွင် | .... | ၁၅ + ၄ |
| | | ၃၇ + ၄ ကျမ်း။ |

## အဘိဓမ္မာပိဋကတ်တော်

အဘိဓမ္မာခုနစ်ကျမ်း .... ၇ ကျမ်း။
စုစုပေါင်း .... ၄၉ + ၄ = ၅၃ ကျမ်း။

ဤသည်တို့တွင် သုတ္တန်ပိဋကတ်တော် (င) ခုဒ္ဒကနိကာယ်၌ ပါဝင်သော ကျမ်းရင်း ၁၅ ကျမ်း သို့မဟုတ် ၁၉ ကျမ်းတို့သည်ကား...

(၁) ခုဒ္ဒကပါဌ ပါဠိတော်
(၂) ဓမ္မပဒ ပါဠိတော်
(၃) ဥဒါန်း ပါဠိတော်
(၄) ဣတိဝုတ် ပါဠိတော်
(၅) သုတ္တနိပါတ် ပါဠိတော်
(၆) ဝိမာနဝတ္ထု ပါဠိတော်
(၇) ပေတဝတ္ထု ပါဠိတော်
(၈) ထေရဂါထာ ပါဠိတော်
(၉) ထေရီဂါထာ ပါဠိတော်
(၁၀) ပါဠိဇာတ် ပါဠိတော်
(၁၁) မဟာနိဒ္ဒေသ ပါဠိတော်
(၁၂) ပဋိသမ္ဘိဒါမဂ် ပါဠိတော်
(၁၃) အပဒါန် ပါဠိတော်
(၁၄) ဗုဒ္ဓဝင် ပါဠိတော်
(၁၅) စရိယပိဋက ပါဠိတော်

ဤကျမ်းရင်း ၁၅ ကျမ်းအပြင်

(၁) သီဟိုဠ်ကျွန်း၊ အနုရာဓမြို့နေ မထေရ်တို့သည် ဘုရားဟောသုတ္တန် ပါဠိတော်မှ ထုတ်နုတ်ရေးသားထားတော်မူအပ်သော သုတ္တသင်္ဂဟ ပါဠိတော်။

(၂) ရဟန္တာရှင်မဟာကစ္စည်း မထေရ် ဟောတော်မူအပ်သော နေတ္တိ ပါဠိတော်။

(၃) အထက်ပါ နေတ္တိ ပါဠိတော်ကို အမှီပြု၍ ရဟန္တာအရှင်မြတ်တို့ ဟောတော်မူအပ်သော ပိဋကတ်သုံးပုံကို ညွှန်ပြသော ကျမ်းဟု အဓိပ္ပာယ်ရှိသည့် ပေဋကောပဒေသ ပါဠိတော်။

(၄) သာဂလမြို့ မိလိန္ဒမင်းကြီး မေးလျှောက်သည်တို့ကို ရဟန္တာအရှင်နာဂသိန် မထေရ် ဟောဖြေတော်မူအပ်သော မိလိန္ဒပဉှာ ပါဠိတော်။

အထက်လေးကျမ်းကိုလည်း ဤခုဒ္ဒကနိကာယ်တွင် သွင်း၍ပြသည်။ ဤသို့အားဖြင့် ၁၉ ကျမ်းဖြစ်သည်။

(**မှတ်ချက်။** ။ နိကာယ်အားဖြင့် ရေတွက်သောအခါ ဝိနည်းပိဋကတ်တော်အလုံးစုံ၊ အဘိဓမ္မာ ပိဋကတ်တော်အလုံးစုံတို့ကိုလည်း ဤခုဒ္ဒကနိကာယ်သို့ သွင်း၍ပြသည်။)

## ငါးရာ့ငါးဆယ် ဇာတ်တော်များအကြောင်း

ငါးရာ့ငါးဆယ်ဇာတ်တော်တို့ကို သုတ္တန်ပိဋကတ်တော် (၎) ခုဒ္ဒကနိကာယ်အဝင်အပါ ကျမ်းနံပါတ် (၁၀) ပါဠိဇာတ် ပါဠိတော်တွင် ဟောတော်မူသည်။

ထိုသို့ဟောတော်မူရာ၌ ဇာတ်ပေါင်း ၅၄၇ ဇာတ်သာရှိသည်။ သို့ရာတွင် ဂဏန်းပြတ်အခေါ်လွယ်အောင် ၅၅၀ ဟု ခေါ်တွင်ခြင်းဖြစ်လေသည်။ (ရှေ့၌ ငါးရာ့ငါးဆယ်ရာဇဝင်၊ အပိုဒ် ၁၅ တွင် ကြည့်ပါဦး။)

## ၎င်း ၅၄၇ ဇာတ်တို့ကား

| | | |
|---|---|---|
| (၁) ဧကနိပါတ်၌ ဇာတ်ပေါင်း | ... | ၁၅၀ |
| (၂) ဒုက | ... | ၁၀၀ |

| | | | |
|---|---|---|---|
| (၃) | တိက | ... | ၅၀ |
| (၄) | စတုက | ... | ၅၀ |
| (၅) | ပဥ္စမ | ... | ၂၅ |
| (၆) | ဆက္က | ... | ၂၀ |
| (၇) | သတ္တ | ... | ၂၁ |
| (၈) | အဋ္ဌ | ... | ၁၀ |
| (၉) | နဝ | ... | ၁၂ |
| (၁၀) | ဒသ | ... | ၁၆ |
| (၁၁) | ဧကာဒသ | ... | ၉ |
| (၁၂) | ဒွါဒသ | ... | ၁၀ |
| (၁၃) | တေရသ | ... | ၁၀ |
| (၁၄) | ပကိဏ္ဏက | ... | ၁၃ |
| (၁၅) | ဝီသတိ | ... | ၁၄ |
| (၁၆) | တိံသ | ... | ၁၀ |
| (၁၇) | စတ္တာလီသ | ... | ၅ |
| (၁၈) | ပညာသ | ... | ၃ |
| (၁၉) | သဋ္ဌိ | ... | ၂ |
| (၂၀) | သတ္တတိ | ... | ၂ |
| (၂၁) | အသီတိ | ... | ၅ |
| | ပေါင်း | | ၅၃၇ |

## မဟာနိပါတ်တွင်

| | | | |
|---|---|---|---|
| (၂၂) | တေမိ၊ ဇနက၊ သုဝဏ္ဏသျှံ၊ နေမိ၊ မဟော်၊ ဘူရိဒတ်၊ စန္ဒကုမာရ၊ နာရဒ၊ ဝိဓူရ၊ ဝေဿန္တရာ ဟူသော ဇာတ်တော်ကြီးများ | ... | ၁၀ |
| | ၂-စုပေါင်း | | ၅၄၇ |

## ဇာတ်တော်တို့၏ ကာလအပိုင်းအခြား

ထို ၅၄၇ ဇာတ်အနက် လေးဇာတ်ကို ကမ္ဘာပိုင်းခြား၍ ဆိုသည်။ ၎င်းတို့ကား...

| နိပါတ် | ဇာတ်နံပါတ်ရင်းနှင့် | ဇာတ်အမည် | ကမ္ဘာအပိုင်းအခြား |
|---|---|---|---|
| ဧကနိပါတ် | ၃ | သေရိဝ ဝါဏိဇဇာတ် | ၅ ကမ္ဘာထက် |
| ဧကနိပါတ် | ၉၄ | လောမဟံသဇာတ် | ၉၁ ကမ္ဘာထက် |
| ဒုကနိပါတ် | ၁၆ | အရကဇာတ် | ၇ ကမ္ဘာထက် |
| သတ္တနိပါတ် | ၁၀ | ဗက(ဗြဟ္မာ)ဇာတ် | တစ်ခုသောကမ္ဘာ။ |

ကျန်သော ၅၄၃ ဇာတ်မှာ ကမ္ဘာကိုခွဲခြား၍ မဆို။ လွန်လေပြီးသောအခါ... ဟုသာ ဆိုသည်။ ဤကမ္ဘာအတွင်း၌ ဖြစ်သည်ချည်း ယူရမည်ဟု အချို့ဆရာတို့ ဆိုကုန်သည်။

## ဖြစ်တော်မူရာဌာနများ

ထိုဇာတ်တော်တို့၌ ဘုရားလောင်းဖြစ်တော်မူရာ ဌာနများကို အောက်ပါစာရင်းအတိုင်း တွေ့ရသည်။

| | | | |
|---|---|---|---|
| ဗာရာဏသီပြည် | ၄၄၈ | အရိဋ္ဌပူရပြည် | ၂ |
| မိထိလာပြည် | ၂၂ | တက္ကသိုလ်ပြည် | ၂ |
| ရာဇဂြိုဟ်ပြည် | ၁၃ | ကောသမ္ဗီပြည် | ၂ |
| ဣန္ဒပတ္ထနဂိုရ်ပြည် | ၇ | ဟိမဝန္တာ–ဂင်္ဂါနား | ၂ |
| ဥတ္တရပဉ္စာလပြည် | ၅ | ကုရုတိုင်း | ၂ |
| သာကေတပြည် | ၃ | အင်္ဂတိုင်း | ၂ |
| ဟိမဝန္တာတော | ၃ | ကဿပဘုရားလက်ထက် | ၂ |
| ကုသိနာရုံပြည် | ၁ | သိဟိုဠ်ကျွန်း | ၁ |
| ပါဋလိပုတ်ပြည် | ၁ | ကမ္ဘာဦးအခါ | ၁ |

| | | | |
|---|---|---|---|
| ခန္တုပုရပြည် | ၁ | ငါးကမ္ဘာအထက် | ၁ |
| သောတ္တိယပြည် | ၁ | ၉၁ ကမ္ဘာထက် | ၁ |
| ရောရုဝပြည် | ၁ | တစ်ခုသောကမ္ဘာအထက် | ၁ |
| မောလိနီပြည် | ၁ | ဂန္ဓာလရာဇ်တိုင်း | ၁ |
| အသိတဥ္စနမြို့ | ၁ | တစ်ခုသောတောင်ခြေ | ၁ |
| ဥစ္စေနီပြည် | ၁ | ၇ ကမ္ဘာထက် | ၁ |
| ကုသဝတီပြည် | ၁ | ပထမ မဟာကပ် | ၁ |
| သာဂလပြည် | ၁ | မဂရာဇ်တိုင်း | ၁ |
| စေတုတ္တရာပြည် | ၁ | ကာသိတိုင်း | ၁ |
| သုရုန္ဓနပြည် | ၁ | ပဒုမာအိုင် | ၁ |
| ရမ္မာပြည် | ၁ | ဂိဇ္ဈကုဋ်တောင် | ၁ |
| သုဒဿနပြည် | * ၁ | မထင်ရှားသောရွာ | ၁ |
| ဗြဟ္မဝဍ္ဎနပြည် | ၁ | တစ်ခုသောရွာအုပ် | ၁ |
| ပုပ္ဖဝတီပြည် | ၁ | တစ်ခုသောရေကန် | ၁ |

ပေါင်း ၅၄၇ ဌာန ဖြစ်၏။

*ဤငါးပြည်မှာ ဗာရာဏသီပြည်ကိုပင် ရံခါ ရံခါ ပြောင်းလွှဲ၍ ခေါ်ဝေါ်သော အမည်ငါးမျိုးဖြစ်၏။ ကောဒသနိပါတ် ၆ ယုဝဥ္စယဇာတ်ကို ကြည့်လေ။

## ဘဝအဖြစ်များ

ထိုဇာတ်တော်တို့၌ ဘုရားလောင်းဖြစ်သော ဘဝမျိုးမှာ ၆၇ မျိုး တွေ့ရသည်။ ၎င်းတို့ကို အောက်တွင် ပြပါလတ္တံ့။ ဘဝအဖြစ် ကောက်ပုံမှာ ဘဝတစ်ခု၌ နောက်ဆုံး အနိစ္စရောက်သည့်ဘဝကို ယူသည်။ ဥပမာ– မဟာဇနကမင်းသည် တောထွက်၍ နောက်ဆုံး၌ ရသေ့ဖြစ်လေသည်။ သို့ကြောင့် မဟာဇနကမင်းဘဝကို ရသေ့ဘဝသို့သွင်း၍ ရေတွက်ပါသည်။

| | | |
|---|---|---|
| ၁။ | စကြဝတေး | ၁ကြိမ် |
| ၂။ | မင်း | ၆၀ |
| ၃။ | မင်းသား | ၁၆ |
| ၄။ | အမတ် | ၄၉ |
| ၅။ | ပုဏ္ဏား | ၂၅ |
| ၆။ | သူဌေးသူကြွယ် | ၃၄ |
| ၇။ | ရသေ့ | ၁၀၈ |
| ၈။ | ပညာရှိလုလင် | ၂၂ |
| ၉။ | ကုန်သည် | ၁၃ |
| ၁၀။ | ဆေးသမား | ၁ |
| ၁၁။ | ဆင်ဆရာ | ၂ |
| ၁၂။ | လက်သမား | ၁ |
| ၁၃။ | ပန်းပဲ | ၁ |
| ၁၄။ | လယ်လုပ်မျိုး | ၅ |
| ၁၅။ | စည်တီးမျိုး | ၁ |
| ၁၆။ | ခရုသင်းမှုတ်မျိုး | ၁ |
| ၁၇။ | စောင်းသမား | ၁ |
| ၁၈။ | တောစိုးအကြီး | ၁ |
| ၁၉။ | ဆတ္တာသည် | ၁ |
| ၂၀။ | ကျောက်သွေးသမား | ၁ |
| ၂၁။ | အိုးထိန်းသည် | ၁ |
| ၂၂။ | ဒွန်းစဏ္ဍား | ၃ |
| ၂၃။ | ခိုးသူကြီး | ၂ |
| ၂၄။ | လုလင် | ၇ |
| ၂၅။ | သိကြား | ၁၉ |
| ၂၆။ | ဗြဟ္မာ | ၁ |
| ၂၇။ | ရုက္ခစိုး | ၃၁ |
| ၂၈။ | သမုဒ္ဒရာစောင့်နတ် | ၃ |
| ၂၉။ | ကောင်းကင်စောင့်နတ် | ၅ |
| ၃၀။ | သာမန်နတ် | ၆ |
| ၃၁။ | ခြင်္သေ့ | ၁၁ |
| ၃၂။ | ဆင်ဖြူ | ၄ |
| ၃၃။ | ဆင်သာမန် | ၃ |
| ၃၄။ | မြင်း | ၄ |
| ၃၅။ | နွား | ၅ |
| ၃၆။ | ကျွဲ | ၁ |
| ၃၇။ | ဆတ် | ၃ |
| ၃၈။ | သမင် | ၇ |
| ၃၉။ | သာရဘသားမျိုး | ၁ |
| ၄၀။ | ယုန် | ၁ |
| ၄၁။ | ခွေး | ၁ |
| ၄၂။ | မြေခွေး | ၂ |
| ၄၃။ | ဝက် | ၁ |
| ၄၄။ | ဖွတ် | ၃ |
| ၄၅။ | ကြွက် | ၂ |
| ၄၆။ | မျောက် | ၁၂ |
| ၄၇။ | ကိန္နရာ | ၁ |
| ၄၈။ | ဟင်္သာ | ၉ |
| ၄၉။ | ဥဒေါင်း | ၃ |
| ၅၀။ | ဥသြ | ၂ |
| ၅၁။ | ကျေး | ၉ |
| ၅၂။ | ကြက် | ၂ |

| | | | | | |
|---|---|---|---|---|---|
| ၅၃။ | ခါ | ၂ | ၆၁။ | သစ်တောက် | ၁ |
| ၅၄။ | နို | ၆ | ၆၂။ | ဘီလုံးငှက် | ၁ |
| ၅၅။ | ငုံး | ၄ | ၆၃။ | သာမန်ငှက် | ၅ |
| ၅၆။ | စက္ကဝါက် | ၂ | ၆၄။ | ဂဠုန် | ၂ |
| ၅၇။ | လင်းတ | ၄ | ၆၅။ | နဂါး | ၄ |
| ၅၈။ | တင်ကျီး | ၁ | ၆၆။ | ငါး | ၃ |
| ၅၉။ | ကျီး | ၂ | ၆၇။ | ဖား | ၁ |
| ၆၀။ | စာဝတီး | ၁ | | | |

**တစ်နည်းအားဖြင့် အကျဉ်းချုပ်ရေတွက်သော်**

| | | | |
|---|---|---|---|
| လူဇာတ် (၁ မှ ၂၄ ထိ) | | ... | ၃၅၇ ဘဝ။ |
| နတ်ဇာတ် (၂၅ မှ ၃၀ ထိ) | | ... | ၆၅ ဘဝ။ |
| တိရစ္ဆာန်ဇာတ် | | | |
| ကုန်းသတ္တဝါ (၃၁ မှ ၄၆ ထိ) | ၆၀ | | ၁၂၅ ဘဝ။ |
| ကောင်းကင်သတ္တဝါ (၄၇ မှ ၆၄ ထိ) | ၅၇ | | |
| ရေသတ္တဝါ (၆၅ မှ ၆၇ ထိ) | ၈ | | |
| ပေါင်း | | ... | ၅၄၇ ဘဝ။ |

ဤသို့ ဇာတ်အရေအတွက်၊ ဖြစ်ရာကာလ၊ ဌာန၊ ဘဝတို့ကို ပြပြီးနောက် ထိုဇာတ်တော်တို့ကို ပါဠိတော်ရင်းမှ မည်သို့ဖွင့်ဆို အနက်မြန်မာပြန်ကြသည်ကို အစဉ်အတိုင်းပြပေအံ့။

(၁) **ဇာတ်ပါဠိတော်။** ။ ရှေးဦးစွာ မြတ်စွာဘုရားသည် ပါဠိဘာသာဖြင့် ဟောတော်မူသည်။

(၂) **ဇာတ်အဋ္ဌကထာများ။** ။ သာသနာတော် ၉၃၀ လောက်တွင် (ယခု သာသနာတော် ၂၄၇၃၊ သက္ကရာဇ် ၁၂၉၁ ခု)။ မဂဓတိုင်း၊

ရာဇဂြိုဟ်မြို့၊ မဟာဗောဓိပင်အနောက်ရှိ ဃောသရွာဖွား အရှင်ဗုဒ္ဓဃောသ မထေရ်သည် သီဟိုဠ်ကျွန်း၊ အနုရာဓမြို့တောင်ဘက်၊ မဟာဝိဟာရကျောင်းကြီးတိုက်၌ သီတင်းသုံးနေတော်မူစဉ် ကျမ်းအများအပြား ပြုတော်မူသည့်အနက် အထက်ပါ ဇာတ်ပါဠိတော်တို့ကို အကျယ်ဖွင့်ပြသည့်အနေနှင့် ဇာတ်၊ အဋ္ဌကထာများကို မဂဓပါဠိဘာသာဖြင့် စီရင်တော်မူသည်။

အဋ္ဌကထာဆိုသည်မှာ ပါဠိတော်ရင်း၌ ခဲခက်၊ ကွယ်မြုပ်သောအနက်အဓိပ္ပာယ်တို့ကို ရှင်းလင်းထုတ်ဖော်၍ ဝတ္ထုကြောင်းနှင့်တကွ အကျယ်ဖွင့်ပြသောကျမ်းမျိုးကို ဆိုသည်။

(၃) **မြန်မာပြည်သို့ ရောက်လာခြင်း။** ။ ထိုဇာတ်ပါဠိတော်အဋ္ဌကထာတို့သည် သီဟိုဠ်ကျွန်းမှ အောက်မြန်မာပြည် သထုံမြို့သို့ သာသနာ ၉၃၀ ကျော်တွင် ရောက်သည်။

(၄) **ထိုသထုံမှ** အထက်မြန်မာနိုင်ငံ ပုဂံမြို့သို့ သာသနာ ၁၆၀၀ ကျော်။ (သက္ကရာဇ် ၄၀၀ ကျော်)လောက်တွင် အနော်ရထာမင်း ဆောင်ယူ၍ မြန်မာနိုင်ငံတစ်ဝှမ်းလုံး ထိုကျမ်းစာများ ပျံ့နှံ့လေသည်။

(၅) **ဇာတ်ဋီကာများ။** ။ ဋီကာဟောင်း။ သီဟိုဠ်ကျွန်း၊ အနုရာဓမြို့အနောက်၊ ဗဒရတိတ္ထကျောင်းနေ အရှင်ဓမ္မပါလ မထေရ်သည် အထက်တွင် ပြခဲ့သော ဇာတ်ပါဠိတော်၊ အဋ္ဌကထာများ၌ ကွယ်မြုပ်သည့် အနက်တို့ကို ထပ်မံရှင်းလင်းဖွင့်ပြသော ဇာတ်ဋီကာများကို ပါဠိဘာသာဖြင့် စီရင်တော်မူသည်။ ဋီကာ၏အမည်မှာ ဇိနတ္ထပကာသနီဋီကာ ဟူ၍ ဖြစ်သည်။

(၆) **ဋီကာသစ်။** ။ ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီးလက်ထက် အရှေ့ပြင်၊ မင်္ဂလာရာမတိုက်တော်၌ သီတင်းသုံးနေတော်မူသော မောင်းထောင်ကြီးရွာဇာတိ၊ ပညာသာမိ သိရိကဝိဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု တံဆိပ်တော်ရ၊ ဒုတိယမောင်းထောင် ဆရာ

တော်သည် မဂဓပါဠိဘာသာဖြင့် ပြုတော်မူသည်။ ၁၂၃၀ ပြည့်၊ နတ်တော်လပြည့်ကျော် ၆ ရက်၊ အင်္ဂါနေ့၊ သုံးချက်တီးအချိန် ပြီးကြောင်း နိဂုံးတွင်ပါသည်။ ဤဋီကာ၏အမည်မှာ အသမ္မောဟ ဝိလာသိနီဟူ၍ ဖြစ်သည်။

ဋီကာဆိုသည်မှာ ပါဠိတော်အဋ္ဌကထာတို့၌ တိမ်မြုပ်ကွယ်ဝှက်သော အနက်အဓိပ္ပာယ်တို့ကို အကျယ်ရှင်းလင်းဖော်ပြသော ကျမ်းကို ဆိုသည်။

(၇) **ဇာတ်ဂဏ္ဌိ**။ ။ သက္ကရာဇ် ၈၀၄ ခု၊ အင်းဝတွင် နန်းတက်သော စစ်ကိုင်းမြို့၊ ထူပါရုံစေတီ ဒါယကာ နရပတိမင်းကြီးလက်ထက် ဝိဇယပူရမြို့၊ ပင်းယမြို့ဟု နှစ်မည်ရသော မြို့၏တောင်ဘက်၊ စကာအင်းရွာဇာတိ၊ ရှင်အရိယဝံသ ဓမ္မသေနာပတိမထေရ်သည် ဇာတ်ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့၌ ခဲခက်ကွယ်ဝှက်သော အနက်အဓိပ္ပာယ်တို့ကို ထပ်မံရှင်းလင်းဖွင့်ပြသော ဇာတ်ဂဏ္ဌိကို ပါဠိ–မြန်မာ ရောပြွမ်း၍ စီရင်တော်မူသည်။ ၎င်းဂဏ္ဌိကို ဇာတက ဝိသောဓနီ ဒသဇာတက ဝိသောဓနီဟုခေါ်သည်။ အရိယဝံသဇာတ် ဂဏ္ဌိဟုလည်း အများအားဖြင့် ခေါ်ကြသည်။

ဂဏ္ဌိဆိုသည်မှာ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့၌။ ခဲရာခဲဆစ်တို့ကို ရှင်းလင်းထုတ်ဖော်ပြသော ကျမ်းမျိုးဖြစ်သည်။

(၈) **ဇာတ်ပါဠိတော်နိဿယများ**။ ။ နိဿယဟောင်း။ သက္ကရာဇ် ၁၁၉၉ ခုမှ ၁၂၀၈ ခုအတွင်း အမရပူရမြို့တွင် နန်းစံသော သာယာဝတီ ကုန်းဘောင်မင်းလက်ထက် အမရပူရမြို့မြောက်၊ ကတိုးတိုက်နေ သာသနဝံသသိရိဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု ကြံခင်းဆရာတော်သည် ဇာတ်ပါဠိတော် နိဿယကို စီရင်တော်မူသည်။

(၉) **နိဿယသစ်**။ ။ မင်းတုန်းမင်းတရားကြီးလက်ထက် (အရောက်) မေဓာဘိဝံသ သီရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု ပြည်ဆရာတော်ဘုရား စီရင်တော်မူသည်။

(နိဿယဆိုသည်မှာ ပါဠိကို ပါဠိတစ်ချက် မြန်မာတစ်ချက် အနက်ပြန်ခြင်းကို ဆိုသည်။)

(၁၀) **ဇာတ်အဋ္ဌကထာ နိဿယများ။** ။ အမရပူရမြို့တည်နန်းတည် ဘိုးတော်မင်းတရားကြီး ဦးဝိုင်း လက်ထက် (၁၁၄၃–၁၁၈၁)ခုတွင် "ငါးရာ့ငါးဆယ် နိပါတ်တော်များမှာ ရှေးမူနိဿရည်းဟောင်း ရှိသည့် ဇာတ်များလည်း ရှိသည်။ မရှိသည့်ဇာတ်များလည်း မရှိ ဖြစ်သည်။ ရှိသည့်ဇာတ်များလည်း အရေးအသား မသေချာ ရှိလေသည်ကို ပုဒ်နေ ပါဠ်ထား အနက်အဓိပ္ပာယ်၊ အရေးအသား မှန်ကန် သေချာစွာရှိအောင် မဟာဒဏ်ဝန်က ဆရာတော်တို့ထံမှာ လျှောက်၍ ရေးသားပြုစု ဆက်သွင်းစေ။ အမရပူရ ပထမမြို့နန်း၊ ဖန်ဆန်း တည်ထောင် စိုးစံအောင်သော ကုန်းဘောင်နန်းရိုး၊ သတိုးရိပ်မြို၊ ဗဒုံမင်းတရားကြီးလက်ထက်တော် သက္ကရာဇ် ၁၁၄၈ ခု၊ နတ်တော်လပြည့်ကျော် ၉ ရက်နေ့၊ ရွှေလွှတ်တော်သို့ အမိန့်တော်ထုတ်ပြန်၍ မဟာဒဏ်ဝန်က ဆရာတော်အသီးသီးတို့ထံ လျှောက်ထားရာ ဆရာတော်အသီးသီးတို့ ပုဒ်နေ ပါဠ်နေ အက္ခရာဂါထာဆန်းဂိုဏ်း နှိုင်းယှဉ်သုတ်သင် ပြင်ဆင်တော်မူကြ၍ အသေအချာ ရေးသားပြုစု ချီးမြှောက်တော်မူကြသည်ကား..."

| | | |
|---|---|---|
| ကေနိပါတ်၊ ဇာတ် အဋ္ဌကထာနိဿယကို | | တောင်တွင်းဆရာတော်။ |
| ဒုက | ... | ပလိုင်းဆရာတော်။ |
| တိက | ... | မဲထီးဆရာတော်။ |
| စတုက္ကနှင့် ပဉ္စက | ... | ရွှေတောင်ဆရာတော်။ |
| ဆက္ကနှင့် သတ္တ | ... | တောင်လေးလုံးဆရာတော်။ |
| အဋ္ဌနှင့် နဝ | ... | ကတိုးဆရာတော်။ |
| ဒသနှင့် ဧကာဒသ | ... | ဗားကရာဆရာတော်။ |
| ဒွါဒသနှင့် တေရသ | ... | ဆုံထားဆရာတော်။ |

ထုတေသနစာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊
ကမ္ဘာအေး၊ ရန်ကုန်။


| | | |
|---|---|---|
| ပကိဏ္ဏက | ... | ပထမ မောင်းထောင်သာသနာပိုင်ဆရာတော်။ |
| ဝိသတိနှင့် တိံသ | ... | မုန်တောဆရာတော်။ |
| စတ္တာလီသ ပဏ္ဏာသ | ... | ညောင်ကန်ဆရာတော်။ (နောင်အခါ ငါးရာ့ငါးဆယ်ဝတ္ထုများကိုလည်း စီရင်တော်မူသည်၊ အပိုဒ် ၁၆ တွင် ကြည့်။) |
| သဋ္ဌိနှင့် သတ္တတိ | ... | မင်းရွာဆရာတော်။ |
| အသီတိ | ... | ပထမ ဆင်တဲဆရာတော်။ |

(မှတ်ချက်။ ။ ၎င်းဆရာတော်တို့၏ တံဆိပ်တော်များကို ပိဋကတ်သမိုင်းတွင် ကြည့်ပါလေ။)

(၁၁) ဤသို့ အထက်တွင်ပြခဲ့သည့်အတိုင်း အသီးသီး စီရင်တော်မူကြသည်မှတစ်ပါး ဧကနိပါတ်အစ အသီတိနိပါတ်အဆုံး အလုံးစုံသော ဇာတ်အဋ္ဌကထာများကို ထိုမင်းလက်ထက် ဝက်ခုတ်ဆရာတော်ဘုရားက မိမိတစ်ဦးတည်း သိမ်းကျုံး၍ အပြီးစီရင်တော်မူသည်။

(၁၂) တစ်ဖန်တုံ ဇာတ်ကြီးဆယ်ဘွဲ့၊ အဋ္ဌကထာနိဿယများကိုလည်း ဤဝက်ခုတ်ဆရာတော်ပင် စီရင်တော်မူသည်။

(၁၃) ၎င်းပြင် ဇာတ်ကြီးဆယ်ဘွဲ့ အဋ္ဌကထာနိဿယ(သစ်)များကို ဆင်ဖြူရှင်လက်ထက် (၁၁၂၅-၁၁၃၈ ခု) ပင်းတလဲမြို့၊ စီရင်စု၊ လှည်းကူးမရွာဇာတိ ဒန့်တိုင်ဆရာတော်၊ ရှင်ဂုဏာလင်္ကာရ မထေရ် စီရင်တော်မူပြန်သည်။

**အထူးမှတ်ရန်ကား။** ။ ယခုခေတ်၌ ပုံနှိပ်ကြသော ဇာတ်အဋ္ဌကထာ နိဿယများမှာ ဤနိဿယများပင် ဖြစ်လေသည်။

ဤအပိုဒ် ၁၃ တွင် ပြထားသော နိဿယများကို ပိဋကတ်သမိုင်း၌ (နိဿယသစ်)ဟု ပြထားသည်။ ၎င်းတို့၏ ပဏာမနိဂုံး

၂၉၀၆၇

များ၌ (နိဿယ)ဟု သာမညသာ ပါလေသည်။ ထို့ပြင် မင်းလက်ထက်တို့ကိုပြရာ၌ အပိုဒ် ၁၁ နိဿယများက အပိုဒ် ၁၂ နိဿယများထက် မင်းနှစ်ဆက် ၅၆ နှစ် စောလေသည်။

(၁၄) **ဇာတ်ဋီကာနိဿယများ။** ။ ဋီကာနိဿယများကို မတွေ့ရချေ။ ပိဋကတ်သမိုင်းများ၌လည်း မရှိဟု ပြသည်။ အကျွန်ုပ်တို့ ဆရာများလည်း မတွေ့ဖူးကြောင်း မိန့်ဆိုတော်မူကြသည်။

(၁၅) **နိဿယများနှင့် ပတ်သက်၍မှတ်ရန်။** ။ အပိုဒ် ၁၀ တွင် ပြခဲ့သော ဘိုးတော်လက်ထက်၌ နိဿယများ စီရင်ရပုံမှတစ်ပါး တွေ့ရသေးသည်ကား။

သက္ကရာဇ် ၁၀၆၀ ပြည့်၊ အင်းဝ၌ နန်းတက်သော စနေမင်းလက်ထက်၊ စနေမင်းအမိန့်တော်နှင့် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ဂဏ္ဌိရနိဿယများကို ဆရာတော်တို့ စီရင်ရသည်ဟု မဟာရာဇဝင်တော်ကြီးတွင် ဆိုသည်။ သို့ရာတွင် မည်သည့်ဆရာတော်တို့ စီရင်သည်ဟု အသေအချာ မဆိုလေ။ သို့မဆိုသော်လည်း နန်းကံကျွေးဝန်ယောဓာသမန်း တောင်းပန်၍ ညောင်စည်ရွှေကျောင်းဆရာတော် (ဒုတိယ) စီရင်တော်မူသည့် ရှင်တိသာသနဓဇ အဆက်အနွယ်စာတမ်း၌ ပါရှိသည်ကား... ထိုစနေမင်းလက်ထက်...

၁။ လယ်ပြင်ရွှေကျောင်းဆရာတော်။

၂။ ဝိနည်းမိုရ်ဆရာတော်။

၃။ အောင်မြေဘုံကျော်ဆရာတော်။

၄။ ညောင်စည်ရွှေကျောင်းဆရာတော်။

တို့သည် မာန်အောင်ရတနာဘုရားတွင် ငါးရာ့ငါးဆယ်ဇာတ်ပုံများကို ကြီးကြပ်ရေးရသည့်ပြင် နိဿယများလည်း ပြန်ဆိုရကြောင်း၊ ထိုအခါ ၅၄၇ ဇာတ်သာရှိသည်ကို ၅၅၀ ပြည့်အောင်ဟု–

၁။ မဟာဂေါဝိန္ဒဇာတ်။

၂။ သစ္စာဝုယဇာတ်။

၃။ မဟာလောမဟံသဇာတ်။

ထိုသုံးဇာတ်ကို ဖြည့်စွက်ရာ သံဃာတော်တို့က မထည့်သွင်းသင့်ကြောင်း တားမြစ်ကြသည်နှင့် မထည့်ဘဲ ပယ်ဖျက်ရသည်ဆိုသည်။ အကျယ်ကို ထိုစာတမ်း၌ ကြည့်ရှုတော်မူကြပါကုန်။

အခြားတစ်နည်းကား။ ။ပုဂံဝန်ထောက်တော်မင်း ဦးတင်၏ ငါးရာ့ငါးဆယ်စာရင်းအရ ထိုသို့ ၅၅၀ ပြည့်အောင် ထပ်ဖြည့်သော ဇာတ် ၃ ဇာတ်ကား...

၁။ ဝေလာမဇာတ်။

၂။ မဟာဂေါဝိန္ဒဇာတ်။

၃။ သုမေဓ ပဏ္ဍိတဇာတ်တို့ ဖြစ်သည်။

ဤသုံးဇာတ်ကို ပကိဏ္ဏကနိပါတ်၏ အဆုံးက ဖြည့်ထားသည်။ အထူးကား။ ။ ပုဂံအာနန္ဒာဂူနှင့် မင်းဘုရားရှိ ငါးရာ့ငါးဆယ် ဇာတ်ရုပ်ပုံများမှာ ၅၅၀ အပြည့် တိတိကျကျရှိ၍ အထက် အဆိုပါ သုံးဇာတ်၏ ရုပ်ပုံများလည်း အထင်အရှားပါလေသည်။

ထိုမှတစ်ပါးလည်း အရှင်မဟာ သီလဝံသအကျော် ရေးစပ်တော်မူသည်ဆိုသော ဖြစ်တော်ပေါင်းလင်္ကာ၌ "...ပေါင်းလီရေတွက်၊ သံသာစက်ငယ်၊ ဖုန်းထက်လူဖျား၊ ငါးရာ့ငါးဆယ်၊ တွက်ဖွယ်သင်္ချာ၊ ဤမျှသာတည်း"ဟု ဆို၍ ၎င်းဖြစ်တော်ပေါင်း အရေအတွက်ကို အစိတ်စိတ်ပြ၍ စာရင်းပေးသောအခါ ၅၅၀ တိတိကျကျ ရှိလေသည်။

ဤသို့အားဖြင့် ၅၅၀ အပြည့်ရေတွက်ပုံများလည်း ရှိကြောင်း ဗဟုသုတအဖြစ်ဖြင့် မှတ်သားရာ၏။ သို့ရာတွင် ဆရာစဉ်ဆက် အများယူကြသည့်အတိုင်း ၅၄၇ ဇာတ်သာဟု မှတ်ယူထားကြရာသည်။

(၁၆) **မြန်မာသက်သက် စကားပြေ၊ ဇာတ်တော်ဝတ္ထုများ။**

(က) ပိဋကတ်သမိုင်းတွင် ထိုဝတ္ထုစကားပြေများကို တပယင်းမြို့ စီရင်စု မုံတိုင်ပင်ဆရာတော် စီရင်သည်ဟု ပြသည်။

(ခ) ၎င်းပြင် ယခုအကျွန်ုပ်တို့ သုံးစွဲလျက်ရှိသော ဇာတ်ဝတ္ထု စကားပြေတို့ကိုကား... ဘိုးတော်ဘုရားလက်ထက် (၁၁၄၃– ၁၁၈၁ ခု)။ (အိမ်ရှေ့မင်း၏ မယ်တော်) မိဖုရားမြတ်သည် ဆောက်လုပ်လှူဒါန်းအပ်သော မင်္ဂလာဘုံကျော် ကျောင်း တော်နေ ကဝိန္ဒာဘိဝံသ သီရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု ကျေးဇူးရှင် ညောင်ကန်ဆရာတော်ဘုရား စီရင်တော် မူသည်။

(ဒုတိယညောင်ကန်ဆရာတော်။ ။ ၁၁၁၅ ခုဖွား၊ အလုံမြို့ ကျေး ညောင်ကန်ရွာဇာတိ၊ လူအမည် ဦးရောင်၊ အသက် ၁၅ နှစ် တွင် သာမဏေပြုသည်။ ဘွဲ့ ရှင်ကဝိန္ဒ၊ သာမဏေ ၆ ဝါတွင် ရဟန်းပြုသည်။ ဘွဲ့ ရှင်ကဝိန္ဒာဘိ။ ၁၁၅၃ ခုတွင် မင်္ဂလာဘုံကျော် ကျောင်းကို ရတော်မူသည်။ အသက် ၆၈၊ ဝါ ၄၈၊ ၁၁၈၃ ခုတွင် ပျံလွန်တော်မူသည်။

(၁၇) **ဇာတ်ကြီးဆယ်ဘွဲ့ စကားပြေဝတ္ထုများ။**

(က) ဇာတ်ကြီးဆယ်ဘွဲ့အနက် ဝေဿန္တရာ၊ စန္ဒကုမ္မာ၊ ဝိဓူရ၊ မဟောသဓ၊ နာရဒ၊ ဇနက၊ နေမိ၊ တေမိ ဤရှစ်ဇာတ်ကို ဘိုးတော်လက်ထက် မင်းဘူးမြို့ လေသာတိုက်ဆရာတော် အရှင် ဦးဩဘာသ စီရင်တော်မူသည်။

(ခ) ဘူရိဒတ် ဇာတ်တော်ကြီးဝတ္ထုကို မင်းဘူးမြို့အနောက်၊ လေသာတိုက်ကျောင်းဆရာတော်၏တပည့် နန္ဒမေဓာအမည် ရှိသော မထေရ်သည် စီရင်ရေးသားတော်မူ၏။ သက္ကရာဇ် ၁၁၄၄ ခု၊နတ်တော်လပြည့်ကျော် ၂ ရက်နေ့တွင်ပြီးကြောင်း ပါသည်။

(ဂ) သုဝဏ္ဏသာမ (သုဝဏ္ဏသျှံ) ဇာတ်တော်ကို သက္ကရာဇ် ၁၁၈၈ ခုတွင် မင်းဘူးမြို့၊ ရန်ကုန်တိုက်၊ ရန်ကုန်ဆရာတော်၏ တပည့် အရှင်ဦးပညာတိက္ခသည် မကွေးမြို့နယ်၊ ရောဝတီ အနောက်ဘက်၊ ကျည်းပင်တက်ရွာ၏ ကျေးလက်၊ ကျွဲသိုး မြောင်ရွာ၏ ကျေးလက်ဖြစ်သော ပုဂံစစ်ရွာ အရှေ့မျက်နှာရှိ ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် စီရင်ရေးသားတော် မူသည်။

## ငါးရာငါးဆယ် ကောက်နုတ်ချက်များကို ရေးခြင်းအကြောင်း

ရှေးက ရဟန်းကျောင်းများ၌ ဇာတ်တော်များကို သင်လေ့သင်ထ ရှိကြသည်။ သုတ်တရားများဖြစ်၍ လူအများနှင့် အထူးသင့်လျော်သည့်ပြင် ကိုယ်ကျင့်တရားများလည်း အပြည့်ရှိလေသည်။

ယခုခေတ် လူငယ်လူရွယ်တို့မှာ ရှေးကကဲ့သို့ ရဟန်းကျောင်းများ တွင် အများအားဖြင့် နေခွင့်မရကြလေ။ သို့ကြောင့်လည်း ရတနာသုံးပါးနှင့် ဝေးလျက် အကျိုးယုတ်ကြရသည်။

သို့ဖြစ်၍ ယခုခေတ်၌ အထူးသဖြင့် လူငယ်လူရွယ်တို့သည် ရတနာ သုံးပါးနှင့် နီးစပ်ယဉ်ကျေးလေအောင် အယုတ်သဖြင့်၊ ကိုယ်ကျင့်တရား အများပါသော ဝတ္ထုတို့နှင့် နီးစပ်သိကျွမ်း မှတ်သားအကျိုးများရလေအောင် ထိုဇာတ်တော်များကို ဖတ်ရှုသင်ကြားသင့်လေသည်။

ဤတွင် လွန်ခဲ့သော အပိုဒ် ၁၆ (ခ)တွင် ပြခဲ့သော ကျေးဇူးရှင် ညောင်ကန်ဆရာတော်ဘုရားကြီး စီရင်တော်မူသည့် ယခု ဖတ်ရှုသုံးစွဲလျက် ရှိကြသော စကားပြေ ငါးရာ့ငါးဆယ် ဝတ္ထုတော်များမှာ ၆ လက်မ၊ ၉ လက်မ စာအုပ်နှင့် မျက်နှာ ၃၂၅၀ ခန့် နှင့်နှင့်ရှိ၏။ ယခုအတိုင်း ဖတ်ရှု သင်ကြားကြရန် မလွယ်ကူချေ။ သို့ကြောင့် လွယ်ကူစွာ ဖတ်ရှုသင်ကြားနိုင် ကြရန် ထိုဝတ္ထုတော်များကို မူတည်၍ အကျွန်ုပ် ကြံစည်သည်ကား...

(၁) ဝတ္ထုအရေအတွက် လျော့အောင် ရွေးထုတ်ခြင်း
 (က) သဘောတူသော ဝတ္ထုများအနက် ထင်ရှားသောဝတ္ထုများကိုသာ ထုတ်ယူသည်။
 (ခ) လူငယ်တို့အတွက် မြင့်လွန်းသောဝတ္ထုတို့ကို ချန်ထားသည်။

(၂) စကားလုံးနည်းအောင်ပြုခြင်း။
 (က) မြန်မာစကားသက်သက်ကိုသာ ထုတ်ယူသည်။
 (ခ) ထိုစကားတို့ကို လိုရင်းအဓိပ္ပာယ် မပျက်အောင် အကျဉ်းချုံ့၍ ရေးထားသည်။
 (ဂ) နားလည်လွယ်သော စကားလွယ်တို့ကိုသာ သုံးထားသည်။

ဤသို့ပြုလိုက်သဖြင့် ဝတ္ထု ၅၅၀ အနက် ၂၅၀ မျှ ကောက်ယူရရှိ အရေအတွက်တစ်ဝက်ခန့်မျှ ရလေသည်။ စာမျက်နှာမှာလည်း ၅ လက်မ ၇ လက်မ စာအုပ်နှင့် ၇၆၀ သာရှိလေသည်။

အတိုချုပ်ကိုဆိုသော် ယခုကောက်နုတ်ချက်များသည် မူရင်း၏ ၇ ပုံ ၁ ပုံမျှသာ ဖြစ်လာလေသည်။

ဤသို့အားဖြင့် ဖတ်ရှုသင်ကြားမှတ်သားရန် အလွန်လွယ်ကူသော အဖြစ်သို့ ရောက်လာလေသည်။

ဤနိဒါန်းစကားရပ်တို့ကို ပါရာဇိကဏ်အဋ္ဌကထာ၊ အဋ္ဌသာလိနီ အဋ္ဌကထာ၊ ဆရာတော်ဦးဖုဒ် စီရင်သည့် ပိဋကဗေဒထောမနာ၊ ပိဋကတ်သမိုင်းဟောင်း သမိုင်းသစ်၊ ပိဋကတ်မှန်၊ သာသနာပိုင်ဆရာတော်ဘုရား စီရင်တော်မူသည့် ဂူဠတ္ထဝိနိစ္ဆယ၊ ဂန္ထဝင် ရာဇဝင် စသော ကျမ်းဂန်များနှင့် ညှိနှိုင်းလျက် အချို့နေရာများမှာလည်း ကျေးဇူးရှင်ကျမ်းဂန်တတ် ပုဂ္ဂိုလ်များ ဆရာတော်များထံမှ ချီးမြှောက်ထောက်ပင့်ခြင်းကို ရသည့်အတိုင်း ရေးထည့်လိုက်ခြင်းများ ဖြစ်ပါသတည်း။

ချွတ်ယွင်းတိမ်းပါး၊ တွေ့ခဲ့ကြသော်၊ စိတ်ထားသဒ္ဓါ၊ စေတနာဖြင့် ညွှန်ပါမည့်ကြောင်း၊ ကျွန်–ခွင့်တောင်းသည်။ ညွှတ်ပျောင်းခစ ယမ်းယမ်းတည်း။

မောင်ဖိုးကျား

# အမှာ

ဤဇာတ်ဝတ္ထုတို့တွင် ပစ္စုပ္ပန်ဝတ္ထု၊ အတိတ်ဝတ္ထုဟူ၍ ပါရှိရာ ပစ္စုပ္ပန်ဝတ္ထုမှာ အတိတ်ဝတ္ထု၏ အကြောင်းနိဒါန်းမျှသာ ဖြစ်သည်။ စင်စစ်သော်ကား အတိတ်ဝတ္ထုသည် လိုရင်းဖြစ်သည်။ သို့ကြောင့်လည်း ပစ္စုပ္ပန်ဝတ္ထုတို့ကို အများအားဖြင့် စာလုံးငယ်ဖြင့် ရေးနှိပ်ထားသည်။

သို့အားလျော်စွာ စာလုံးငယ်ဖြင့်ရှိသည်တို့ကို အမှတ်အသားမျှပြု၍ စာလုံးကြီးဖြင့် ရှိသည်တို့ကို အထူးသင်ကြား မှတ်သားကျင့်ဆောင်ကြရာသည်။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဦးရေနံပါတ် ၁။ ။ အပဏ္ဏကဇာတ်။ ။ ဇာတ်နံပါတ်ရင်း ၁။
(အပဏ္ဏက– မချွတ်မလွဲ နိဗ္ဗာန်မဂ်ဖိုလ်ကိုရစေသော တရားအကျင့်စု)

# လိမ္မာသော လှည်းကုန်သည်မှူးနှင့် မိုက်သောလှည်းကုန်သည်မှူးတို့အကြောင်း

အရှင်ဂေါတမ၊ မည်တော်ရသော၊ သုံးလောကထွတ်ထား၊ သဗ္ဗညု မြတ်စွာဘုရားသည်၊ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ်အခါ။ ။ အနာထပိဏ်သူဌေးသည် မိမိ၏ အဆွေခင်ပွန်း ဖြစ်သော တိတ္ထိတို့၏ တပည့်ငါးရာတို့ကို မြတ်စွာဘုရားထံသို့ ခေါ်ဆောင် ခဲ့၍ တရားနာစေရာ ရတနာသုံးပါး၌ ကြည်ညိုပြီးလျှင် တိတ္ထိတို့အယူကို စွန့်လျက် သရဏဂုံ၌ တည်ကုန်၏။

ၚင်းနောက် မြတ်စွာဘုရားသည် သာဝတ္ထိပြည်မှ ရာဇဂြိုဟ်ပြည်သို့ ကြွသွားလေလျှင် ကျန်ရစ်သော အဆိုပါငါးရာတို့မှာ သရဏဂုံကို ဖျက်၍ တိတ္ထိတို့အယူကို ယူကုန်ပြန်၏။

မြတ်စွာဘုရားလည်း ခုနစ်လကြာပြီးနောက် သာဝတ္ထိပြည်သို့ ပြန် ကြွလာသောအခါ အနာထပိဏ်သူဌေးသည် ၚင်းတပည့်ငါးရာတို့ကို ခေါ် ဆောင်သွားပြန်၍ အလုံးစုံကို ပြန်ကြားလျှောက်ထားပေ၏။

ထိုအခါ မြတ်စွာဘုရားသည် ရတနာသုံးပါးနှင့်စပ်သော တရား အထူးထူး အပြားပြားတို့ကို ဟောပြီးနောက် ကိုးကွယ်ရာမဟုတ်သည်ကို ကိုးကွယ်သဖြင့် ရှေးကလည်း လူအပေါင်းတို့ ပျက်စီးဖူးလေပြီဟု တောင်းပန် အပ်သည့်အတိုင်း အောက်ပါအတိတ်ဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ကာသိတိုင်း၊ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက်၌ ဘုရားလောင်းသည် လှည်းငါးရာတို့ဖြင့် ကုန်သွယ်သော လှည်းကုန်သည်မှူးဖြစ်၏။ ထိုပြည်၌ အခြား မိုက်သော လှည်းကုန်သည်မှူးတစ်ယောက်လည်း ရှိ၏။

တစ်ရံခါသော် ၎င်းလှည်းမှူးနှစ်ဦးလုံးပင် လှည်းငါးရာစီနှင့် အခြားတစ်ပြည်သို့ ကုန်ကူးသန်းရန် သွားအံ့ဟု ပြင်ဆင်ကြ၏။ ထိုအခါ လိမ္မာသော လှည်းမှူးသည် ငါတို့နှစ်ဦးလုံး တစ်ကြိမ်တည်း လှည်းတစ်ထောင်ဖြင့်သွားသော် ခရီးကျဉ်းကျပ်ခြင်း၊ အစာရေစာ လုံလောက်စွာ မရနိုင်ခြင်းကို ဖြစ်လတ္တံ့။ သို့ကြောင့် တစ်ဦးစီ ရှေ့နောက်သွားမှသာ သင့်လျော်မည်ဟုကြံ၍ လှည်းကုန်သည်မိုက်အား အကျိုးအကြောင်းကိုပြောပြလျက် အလျှင်သွားလိုသလော၊ နောက်မှသွားလိုသလောဟု မေးလေ၏။

လှည်းမှူးမိုက်ကလည်း ငါတို့အလျှင်သွားသော် မပျက်စီးသော လမ်းခရီး၌လည်း သွားရလတ္တံ့။ နွားတို့လည်း မြက်ဦးမြက်ကောင်း စားရလတ္တံ့။ လူတို့လည်း ဟင်းသီးဟင်းရွက် အဦးအကောင်းတို့ကို စားရလတ္တံ့။ ရေများလည်း ကြည်လတ္တံ့။ ကုန်စည်များကိုလည်း ကြိုက်သောအဖိုးထားဖြင့် ရောင်းနိုင်လတ္တံ့ဟု ကြံ၍ မိမိအလျှင်သွားလိုကြောင်း ပြောလေ၏။

လိမ္မာသော လှည်းမှူးကား ငါတို့ နောက်မှသွားသော် လမ်းပန်းမညီညွတ် ကြမ်းတမ်းရာတို့၌ ရှေ့သွားသူတို့ ညီညွတ်ချောမောအောင် ပြုကြမည်ဖြစ်သဖြင့် ငါတို့သည် လမ်းကောင်းကို ရလတ္တံ့။ ရှေ့သွားနွားတို့သည် ဟောင်းကုန်ကြမ်းကုန်သော မြက်တို့ကို စားရလတ္တံ့။ ငါတို့နွားများမှာကား တစ်ဖန်ပေါက်ကုန်သော မြက်နု၊ မြက်ချိုမြက်ကောင်းတို့ကို စားရလတ္တံ့။ ရှေ့သွားသူတို့ ခူးယူအပ်သော

ဟင်းသီးဟင်းရွက်မှပေါက်သော နုချိုလတ်ဆတ်သော ဟင်းသီးဟင်းရွက်တို့ကို ရလတ္တံ့။ ရေမရှိသောအရပ်၌ ရှေ့သွားသူတို့ တူးဖော်သွားသော ရေတွင်းများမှ ရေရလတ္တံ့။ ကုန်စည်များကိုလည်း ရှေ့သွားသူတို့ ထားအပ်သောအဖိုးသည် နှုန်းသေအဆင်သင့်ဖြစ်နေ၍ ငါတို့အတွက် လွယ်ကူသက်သာ အကျိုးရှိလတ္တံ့ဟု ကြံတွေးသိမြင်သည်နှင့် ထိုလှည်းမှူး အလျင်သွားခြင်းကို သဘောတူလိုက်လေ၏။

လှည်းမှူးမိုက်လည်း ရှေးဦးစွာ ထွက်လာခဲ့၍ လူတို့နေရာကို လွန်လျှင် သဲကန္တာရတစ်ခုသို့ ရောက်လာလေ၏။ ထိုသို့ရောက်လာသော သဲကန္တာရမှာ သဲပြည့်လျက် ရေမရှိသော ကန္တာရဖြစ်သည့်ပြင် လူသားစားဘီလူးများလည်း ရှိ၏။ ထိုသို့ ရေမရှိသည့်အဖြစ်ကို သိပြီးဖြစ်၍လည်း ရေကို အိုးတို့ဖြင့်ထည့်၍ လှည်းတွင် ဆောင်ယူခဲ့ကြကုန်၏။

ထိုအခါ ဘီလူးတို့သည် ဤသူတို့သည် မိမိတို့ယူခဲ့သောရေတို့ကို စွန့်ပစ်စေ၍ ရေမသောက်ရ၊ အားနည်းသောအခါမှ ဖမ်းယူစားကုန်အံ့ဟု လှည်းတစ်ခုဖန်ဆင်းပြီးလျှင် မိမိတို့ကိုယ်ကို ရေညှိုန်တို့ဖြင့် လိမ်းကျံ၍ ကြာရိုးကြာစွယ်တို့ကို စားကုန်လျက် လှည်း၌စီးကာ ပျော်ရွှင်စွာလာကြကုန်၏။

လှည်းကုန်သည်တို့နှင့် တွေ့သောအခါ ရှေ့မနီးမဝေး၌ ကြာတို့နှင့်ပြည့်စုံသော ရေကန်ရေအိုင်တို့ များစွာရှိကြောင်း၊ လှည်း၌ပါသော ရေတို့ကို လှည်းလေးခံ၍ ယူသွားရန်မလိုကြောင်း စသည်ဖြင့် လှည့်ဖြားဆိုသည်ကို လှည်းမှူးမိုက် ယုံကြည်သည်နှင့် ရေအိုးတို့ကို ခွဲစိတ်၊ ရေတို့ကို အလုံးစုံ စွန့်ပစ်လေ၏။

လှည်းကုန်သည်တို့မှာ မကြာမီပင် ရေမရှိ၍၊ ထို့ကြောင့်လည်း ထမင်း၊ ဟင်း စသည် မချက်မပြုတ်နိုင်၍၊ လူနှင့်တကွ နွားတို့ပါ အားနည်းခြင်းသို့ ရောက်ကုန်၏။

ဘီလူးတို့လည်း အလွယ်တကူ ဖမ်းယူစားသောက်ကြ၍ အရိုးမျှသာ ကြွင်းကျန်ကုန်၏။ လှည်းတို့မှာလည်း ကုန်အပြည့်နှင့်သာလျှင် တည်ကုန်၏။

ကာလအတန်ကြာသော် လိမ္မာသောလှည်းမှူးသည် မိမိ၏ လှည်းငါးရာနှင့် ၎င်းခရီးသို့ရောက်လာကြ၏။ လှည်းမှူးသည် မိမိ၏ ငယ်သားများအား သင်တို့သည် ငါ့ကို မပန်ကြားဘဲ မည်သည်တို့ကိုမျှ မစားသောက် မသုံးဆောင်ကြလင့်ဟု အဆုံးအမပေးထား၏။

ဘီလူးတို့သည် ရှေးနည်းအတိုင်း လှည့်ဖြားလာကုန်၏။ လှည်းမှူးကား ဤကန္တာရ၌ ရေမရှိ။ ထိုသူတို့သည် ကြောက်ရွံ့ခြင်းမရှိ၊ မျက်စိလည်းနီ၏၊ ထိုသူတို့၏အရိပ်လည်းမထင်၊ ဧကန်ပင် ဘီလူးများဖြစ်ရာ၏။ ငါတို့၏ အလျင်သွားနှင့်သော လှည်းကုန်သည်တို့ကို ဤသို့ပင် လှည့်ဖြား၍ စားအပ်သည်ဖြစ်လတ္တံ့ဟု ကြံတွေးလျက် အသင်တို့– ငါတို့ကုန်သည်မည်သည်ကား အခြားတစ်ပါးသောရေကို တွေ့မြင်မှသာ ပါသောရေကို စွန့်မြဲတည်း။ ယခု မစွန့်သေးဟု ဆို၏။ ဘီလူးတို့လည်း ဖဲလေကုန်၏။

လှည်းကုန်သည် ငယ်သားတို့သည်ကား ဘီလူးတို့စကားကို ဟုတ်ယောင်ထင်ကြသဖြင့် လှည်းမှူးသည် ဤသို့ဆိုပေ၏။

အသင်တို့ ဤကန္တာရ၌ ရေကန်ရေအိုင်ရှိ၏ဟု ရှေးကကြားဖူးကြ၏လော။ မကြားဖူးကြပါ။

မိုးရိပ်၊ မိုးသက်၊ လျှပ်စစ်၊ မိုးသံတို့ကို မြင်ကြကြားကြပါ၏လော။ မမြင်ကြ၊ မကြားကြပါ။

ထိုသို့လျက်နှင့် ရေရှိသည်၊ မိုးရွာသည်ဟု ဆိုခြင်းသည် မဟုတ်နိုင်ရာ။ စင်စစ်သော်ကား ထိုသူတို့သည် ဘီလူးဖြစ်ကုန်၏။ ငါတို့ကို စားလို၍ ကြံစည်ကြခြင်းဖြစ်၏။ ငါတို့အလျင်သွားနှင့်သော

လှည်းကုန်သည်မိုက်တို့ကို ဤသို့လှည့်ဖြား၍ စားအပ်ပြီးသည်ဖြစ်လတ္တံ့။ ၎င်းတို့၏ကုန်အပြည့်ရှိသော လှည်းတို့ကို ငါတို့ မကြာမီ တွေ့ရလတ္တံ့ဟု ဆိုလေ၏။

အတန်နှင်မိသော် ပျက်စီးလေပြီးသော လှည်းကုန်သည်တို့၏ ဖရိုဖရဲသော အရိုးတို့ကိုလည်းကောင်း၊ ကုန်စည်အပြည့်ရှိသော လှည်းတို့ကို လည်းကောင်း တွေ့ရှိရလေ၏။ ထိုညဥ့်၌ လှည်းတပ်ချ၍ လှည်းမှူးသည် သန်လျက်စွဲလျက် ညဥ့်သုံးယံပတ်လုံး စောင့်ရှောက်ပေ၏။

နံနက်သို့ကျကာလ နွားနှင့်တကွ လူတို့ပါ အစာရေစာတိုက်ကျွေး၍ တွေ့ရှိသောလှည်းနှင့် ကုန်များအနက် လှည်းကောင်းကုန်ကောင်းတို့ကို ရွေးချယ်ယူလျက် အလိုရှိရာအရပ်သို့ ရောက်သော် နှစ်ဆတက်သောအဖိုးဖြင့် ရောင်းဝယ်ပြီးလျှင် မိမိ၏ပရိသတ်အား ချမ်းသာစွာ ပြန်ဆောင်ယူခဲ့လေသတည်း။

**လိမ္မာသူကို မှီဝဲရလျှင် အကျိုးကျေးဇူးကြီး၏။**

တရားအဆုံး၌ တိတ္ထိတပည့်ငါးရာတို့သည် အကျွတ်တရားကို ရကုန်၏။ ပြီးမှ ဇာတ်ပေါင်းတော်မူသည်ကား–

ထိုအခါ လှည်းမှူးမိုက်သည် ယခုအခါ ဒေဝဒတ်ဖြစ်လာ၏။
၎င်း၏ပရိသတ်သည် ဒေဝဒတ်၏ပရိသတ်ဖြစ်လာ၏။
ထိုအခါ လိမ္မာသောလှည်းမှူးသည် ဘုရားဖြစ်လာ၏။
၎င်း၏ပရိသတ်သည် ဘုရား၏ပရိသတ်ဖြစ်လာ၏။

❑

ဧကနိပါတ်။

## ၂။ ဝဏ္ဏုပထဇာတ် ၂
(ဝဏ္ဏုပထ = သဲခရီး)

## ဝီရိယရှိကြသော လှည်းမှူးနှင့် အစေခံအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် တရားအားထုတ်သော ရဟန်းငယ်တစ်ပါးသည် တရားမရ အထမမြောက်နိုင်၍ စိတ်ပျက် ဝီရိယလျှော့ရာ၌ လုံ့လဝီရိယကို မည်သည့်အခါမျှ မလျှော့အပ်ကြောင်း။ ရှေးဘဝက ၎င်းရဟန်း၏ မလျှော့သော လုံ့လဝီရိယကိုမှီ၍ သတ္တဝါတို့ ချမ်းသာရရှုံးကြောင်းဖြင့် အောက်ပါအတိတ်ဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်မှ လှည်းမှူးကြီးတစ်ဦးသည် လှည်းသားငါးရာနှင့် ကုန်သွယ်ရန် ကျယ်ဝန်းသော သဲကန္တာရတစ်ခုကို ဖြတ်၍လာရာ လမ်းမှားလမ်းပျောက်သဖြင့် အစာရေစာ ကုန်ခန်းသည်နှင့် နွားတို့လူတို့မှာ ပျက်စီးအံ့ဆဲဆဲရှိလေကုန်၏။

ထိုအခါ လှည်းမှူးကြီးသည် ငါ ဝီရိယလျှော့သော် သတ္တဝါတို့ ပျက်စီးချေတော့မည်ဟု နေဇာမြက်ပေါက်သော နေရာတစ်ခုတွင် ရေတွင်းတူးစေ၏။ ကြိုးစားတူးကြ၍ အတောင်ခြောက်ဆယ်ခန့်ရောက်သောအခါ ရေမတွေ့ရဘဲ ကျောက်ဖျာကြီးကို တွေ့လေ၏။

ထိုအခါ တူးသူငယ်သားတို့မှာ အားအင်ကုန်ခန်း စိတ်ပျက်လျက် လက်လျှော့ကြကုန်၏။ လှည်းမှူးကား စိတ်မလျှော့သေးဘဲ ကျောက်ဖျာနား၌ နားအပ်၍ နားထောင်သော် ရေသံကြားလေရကား

မိမိ၏ အစေခံငယ်အား အမောင်– အခြားသူတို့ စိတ်လျှော့ကြကုန်ပြီ၊ အမောင်စိတ်လျှော့လျှင် ခပ်သိမ်းသောငါတို့ ပျက်စီးကြလတ္တံ့။ ဤသံတူဖြင့် ကျောက်ဖျာကို ထုခွဲပါလော့၊ ဝီရိယ၏အကျိုးကို ငါမြင်၏ဟု ဆို၏။

အစေခံသူငယ်လည်း လှည်းမှူး၏စကားကိုယူ၍ ထုခွဲသော် ကျောက်ဖျာကွဲ၍ များစွာသောရေတို့ကို ရရှိသုံးစွဲ ချမ်းသာကြရလေကုန်သတည်း။

**လုံ့လဝီရိယကို မည်သည့်အခါမျှ မလျှော့အပ်ချေ။**

ရဟန်းငယ်လည်း အားတက်၍ တရားရလေ၏။

ဇာတ်ပေါင်းသော်–

အစေခံသူငယ်သည် လုံ့လလျှော့သောရဟန်းဖြစ်လာ၏။

လှည်းကုန်သည်တို့သည် ဘုရား၏ပရိသတ်ဖြစ်လာ၏။

လှည်းမှူးသည် ဘုရားဖြစ်လာ၏။

❐

## ဧကနိပါတ်။

## ၃။ သေရိဝဝါဏိဇဇာတ် ၃
## (သေရိဝဝါဏိဇ = သေရိဝမည်သောကုန်သည်)

## မိုက်သော ရွှဲကုန်သည်အကြောင်း

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် လုံ့လဝီရိယလျှော့သော ရဟန်းအား လုံ့လဝီရိယလျှော့လျှင်

ရသင့်ရထိုက်သည်ကို မရသဖြင့် ကြီးစွာသော ဆုံးရှုံးပူပန်ခြင်း ရတတ်ကြောင်း အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ လိမ္မာသော ရွှဲကုန်သည်နှင့် သေရိဝ မည်သော မိုက်သောရွှဲကုန်သည်နှစ်ယောက်တို့သည် အတူတကွ မြစ်တစ်ခုကိုကူး၍ မြို့တစ်မြို့၌ ရွှဲရောင်းကြရာ သေရိဝသည် ရှေ့ကရောင်း၍ သွားနှင့်၏။

ထိုမြို့၌ ပျက်စီးလေပြီးသော သူဌေးအမျိုးအနွယ် မြေးအဘွားနှစ်ယောက်တို့သည် ဆင်းရဲစွာ စားသောက်နေထိုင်ကြရ၏။ ရှေးသူဌေးကြီး လက်ထက်က ရွှေခွက်ကြီးတစ်ခုသည် အိုးကြိုအိုးကြား၌ထား၍ အသုံးအစွဲမရှိ ကြာမြင့်သည်နှင့် အညှိအကြေးတက်လျက်ရှိ၏။ မြေးအဘွားနှစ်ယောက်လည်း ရွှေခွက်ဖြစ်ကြောင်း မသိကြလေ။

အဆိုပါသေရိဝသည် ထိုအိမ်ရှေ့သို့ရောက်လာ၍ ရွှဲဝယ်ကြကုန်ဟုဟစ်လျှင် ထိုသူငယ်မသည် ရွှဲအလိုရှိသည်ဖြစ်၍ အဘွားအား ပူဆာလေသော် အဘွားလည်း ရွှဲကုန်သည်ကိုခေါ်၍ အမောင်– ဤခွက်သည် အဖိုးများစွာထိုက်မည်မထင် သို့ရာတွင် ဤခွက်ကိုယူ၍ မောင့်နှမအား အသင်ပေးလိုသမျှ ရွှဲတစ်စုံတစ်ရာကို ပေးပါလောဟု ဆိုလေ၏။

သေရိဝလည်း ခွက်ကိုပွတ်တိုက် ကုတ်ခြစ်ကြည့်သော် ရွှေခွက်ဖြစ်ကြောင်းကို သိလေလျှင် ဤရွှေခွက်ကို တစ်စုံတစ်ရာမပေးဘဲ ရအောင်ယူမည်ဟု သဘောယုတ်ဖြင့် ကြံလျက် အသင်တို့၏ခွက်သည် တစ်စုံတစ်ရာ အဖိုးမထိုက်၊ ငါအလိုမရှိဟုဆို၍ မြေ၌ပစ်ချပြီးလျှင် ထ၍သွားလေ၏။

မကြာမီပင် လိမ္မာသောရွှဲကုန်သည် ရောက်လာပြန်၍ အထက်နည်းအတိုင်းပြသော် ရွှေခွက်ဖြစ်ကြောင်းသိသည်နှင့် အမိ– ဤခွက်

သည် ရွှေခွက်တည်း။ အဖိုးတစ်သိန်းထိုက်၏။ အဖိုးတစ်သိန်းထိုက်သောဉစ္စာ ငါ့လက်၌မရှိဟု ရိုးသားဖြောင့်မတ်စွာ ပြောကြားလေ၏။

အဘွားလည်း အမောင်– ရှေးဦးစွာလာသော ရွှံကုန်သည်သည် ဤခွက် ပဲဝက်မျှ အဖိုးမထိုက်ဆို၍ မြေတွင်ပစ်ချခဲ့ပါသည်။ ယခု သင့်ကောင်းမှုကြောင့် ရွှေခွက်ဖြစ်လာသည် ဖြစ်လိမ့်မည်။ အဖိုးတစ်သိန်းပင်ထိုက်သည်ဖြစ်စေ သင်ကဲ့သို့ ရိုးသားဖြောင့်မှန်သူအား ရွှေခွက်ကို ပေးပါအံ့။ ငါ့မြေးဝတ်ဆင်ဖို့ရာ တစ်စုံတစ်ရာသာပေးခဲ့တော့ဟု ဆိုလေ၏။

ရွှံကုန်သည်လည်း ရွှေခွက်ကိုယူ၍ ရောင်းရပြီးသော အသပြာငါးရာကိုလည်းကောင်း၊ အသပြာငါးရာတန်သော ကုန်ဉစ္စာတို့ကိုလည်းကောင်း ပေးပြီးမှ ငါ့အား ဤချိန်ခွင်ကိုလည်းကောင်း၊ အိတ်ကိုလည်းကောင်း၊ လမ်းစရိတ်ရှစ်သပြာကိုလည်းကောင်း ပေးပါတော့ဟု တောင်းသွားလေ၏။ မြစ်သို့ရောက်သော် ကူးတို့ခ ရှစ်သပြာပေး၍ လှေဖြင့်ကူးလေ၏။။

သေရိဝလည်း မြေးအဘွားအိမ်သို့ တစ်ဖန်ပြန်လာခဲ့၍ သင်တို့ခွက်ကို ယူလာခဲ့လော၊ ငါတစ်စုံတစ်ရာပေးအံ့ဟု ဆို၏။

သူငယ်မလည်း ထိုသူအား ဆဲရေး၍ သင်သည် ငါ့တို့၏ တစ်သိန်းထိုက်သော ရွှေခွက်ကို ပဲဝက်မျှမထိုက်ဟု သင်သည် အရှက်အကြောက်မရှိ ဆိုဘိ၏။ ယခုပင်လျှင် တရားစောင့်သော ရွှံကုန်သည်သည်လာရောက်၍ အဖိုးတစ်ထောင်တန်ပေး၍ ယူသွားလေပြီ။ သင်ယခု ငါ၏အိမ်မှ ထွက်သွားလေဟု မောင်းနှင်၍ လွှတ်လိုက်လေ၏။

ကုန်သည်မိုက်လည်း အဖိုးတစ်သိန်းထိုက်သော ရွှေခွက်မှ ဆုံးရှုံးလေပြီဟု ကြီးစွာသော ပူဆွေးစိုးရိမ်ခြင်းဖြင့် မိမိကိုယ်ကို ဆောက်တည်ခြင်းငှာမတတ်နိုင်ရကား မိန်းမောလျက် မိမိတွင်ရှိသော အသပြာ၊

ကုန်၊ အဝတ်အစားတို့ကို အိမ်ဝ၌ ကြဲဖြန့်စွန့်ပစ်ပြီးလျှင် ချိန်ခွင်ရိုးကို ကိုင်ကာ ထိုကုန်သည်ကိုသတ်ရန် လိုက်လေ၏။

ကမ်းနားသို့ရောက်သော ထိုကုန်သည်မှာ မြစ်လယ်သို့ ရောက်နှင့်နေသဖြင့် ကူးတို့ကို ပြန်ခေါ်သော်လည်း မလာသည်နှင့် သွားလေသော ထိုကုန်သည်ကို ကြည့်ရှုလျက် ကြီးစွာသော စိုးရိမ်ခြင်းဖြစ်၍ နှလုံးပူခြင်း၊ သွေးအန်ခြင်းတို့ဖြစ်ကာ နောက်ဆုံး၌ နှလုံးကွဲ၍ ထိုမြစ်ကမ်း၌ပင် သေရလေသတည်း။

**တော်တည့်မှန်ကန်သူသည် အကျိုးကျေးဇူး ရမြဲတည်း၊**
ဇာတ်ပေါင်းသော်–
သေရိဝမည်သော ရွှဲကုန်သည်သည် ဒေဝဒတ်ဖြစ်လာ၏။
လိမ္မာသော ရွှဲကုန်သည်သည် ဘုရားဖြစ်လာ၏။

❒

## ဧကနိပါတ်။

## ၄။ စူဠသေဋ္ဌိဇာတ် ၄
## (စူဠသေဋ္ဌိ = သူဌေးငယ်)

## ကြွက်သေကို အရင်းပြု၍ လေးလအတွင်း နှစ်သိန်းကြွယ်သော သူဌေးအကြောင်း

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဆေးဆရာဇီဝက၏ အမ္ဗဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် စူဠပန်အမည်ရှိသော အလွန်ဉာဏ်နုံ့နှေးသော ရဟန်းတစ်ပါးရှိ၏။ ထိုရဟန်းသည် တစ်ဂါထာမျှကို လေးလ ငါးလ

သင်အံ၍ပင် မရနိုင်လေ။ ထိုရဟန်းအား မြတ်စွာဘုရားသည် သင့်လျော်သော ကမ္မဋ္ဌာန်းတရားကို ပေးသဖြင့် ရဟန္တာဖြစ်၍ ပိဋကတ်သုံးပုံကို လွယ်ကူစွာ သိမြင်လေ၏။

ရဟန်းတို့လည်း စူဠပန်သည် မြတ်စွာဘုရားကိုမှီ၍ ပိဋကတ်ကို တတ်ပေသည်။ မဂ်ဖိုလ်ကို ရပေသည်ဟု စကားဖြစ်ကြရာ ယခုဘဝမှာသာ မဟုတ်၊ ရှေးဘဝကလည်း ငါ့ကိုမှီ၍ အကျိုးစီးပွား ဖြစ်ထွန်းဖူးလေပြီဟု အောက်ပါဇာတ်ကို မြတ်စွာဘုရား ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက်၌ စူဠသေဋ္ဌိအမည်ရှိသော သူဌေးတစ်ယောက်သည် ပညာရှိ၏၊ လိမ္မာ၏၊ နိမိတ်ဖတ်ခြင်းအတတ်တို့ကို တတ်၏။ တစ်နေ့၌ မင်းခစားသွားရာလမ်းတွင် ကြွက်သေတစ်ခုကို တွေ့မြင်လေသော် နက္ခတ်ကို တွက်ကြည့်ပြီးလျှင် မည်သူမဆို ဤကြွက်သေကို အရင်းပြု၍ စီးပွားရှာမူ အကျိုးဖြစ်ထွန်းလတ္တံ့ဟု ဆိုလေ၏။

ထိုစကားကို အဆင်အခြင်နှင့် ပြည့်စုံသော ဆင်းရဲသားတစ်ယောက် ကြားသော် ဤသူဌေးကား အချည်းနှီးသော စကားကို မဆိုရာဟု ကြွက်သေကိုယူ၍ ဈေး၌ ကြောင်စာအလို့ငှာ တစ်ခြင်ရွေးနှင့် ရောင်းလေ၏။

ထိုရသော တစ်ခြင်ရွေးဖြင့် တင်လဲကိုဝယ်၍ သောက်ရေအိုးတစ်လုံးကိုယူပြီးလျှင် တောကလာသော ပန်းသည်တို့အား တင်လဲအတန်ငယ်စီ၌ ရေတစ်မှုတ်စီပေး၏။ ပန်းသည်တို့လည်း ပန်းတစ်ဆုပ်စီ ပေးခဲ့ကြ၏။

ပန်းဖိုးဖြင့် တင်လဲဝယ်၍ သောက်ရေအိုးနှင့် ပန်းခြံသို့ သွားပြီးလျှင် ယခင်နည်းအတိုင်း ဝေပေးသော် ပန်းသည်တို့က တစ်ဝက်မျှသာ ဆွတ်ပြီးသော ပန်းပင်တို့ကို ပေးလေ၏။ ဤနည်းဖြင့် ရှစ်သပြာကို ရ၏။

နောက်တစ်နေ့၌ မင်း၏ဥယျာဉ်တွင် လေမိုးကျ၍ ခြောက်သွေ့သော အကိုင်းအခက် အလက်အရွက်တို့ များစွာ ကျိုးကြေကျကုန်၏။ ထိုအခါ ဆင်းရဲသားသည် ဥယျာဉ်မှူးအား ထိုအကိုင်းအခက် စသည်တို့ကို အကျွန်ုပ်အား ပေးလျှင် အကျွန်ုပ်ထုတ်ယူရှင်းလင်းပေးပါအံ့ဟု ဆိုလေ၏။ ဥယျာဉ်မှူး သဘောတူလျှင် ဆင်းရဲသားသည် အနီးအနား၌ ကစားနေကြသော ကလေးသူငယ်တို့ကို တင်လဲအနည်းငယ်စီပေး၍ အသယ်ခိုင်း၏။ ထိုအခိုက် မင်း၏ အိုးတော်လုပ်သည် ထင်းရှာရန် လာသည်နှင့် ထိုထင်းတို့ကိုရောင်းရာ ၁၆ သပြာအပြင် အိုးငါးရာလည်း ရ၏။

၂၄ သပြာရသည်ရှိသော် မြို့တံခါးအနီးမှနေ၍ မြက်ရိတ်ယောက်ျားတို့ကို သောက်ရေဖြင့်လုပ်ကျွေးပြန်၏။ မြက်ရိတ်ယောက်ျားတို့လည်း အဆွေ– သင်၏ကျေးဇူးများကုန်၏။ သင်အလိုရှိသည့်အခါ ငါတို့အား အားကိုးပါလောဟု ဆိုကြ၏။ ဆင်းရဲသားသည် ကုန်းပွဲစားရေပွဲစား စသည်တို့နှင့် အဆွေခင်ပွန်းဖွဲ့၍ထား၏။တစ်နေ့၌ ကုန်းပွဲစားထံမှ ထိုမြို့သို့ မြင်းကုန်သည်တစ်ယောက် မြင်းငါးရာနှင့် လာလတ္တံ့ဟု ကြားသိရ၏။ ထိုအခါ ဆင်းရဲသားသည် မြက်ရိတ်ယောက်ျားတို့ကို ယနေ့ ငါ့အား မြက်တစ်စည်းစီ ပေးကုန်လော့။ ငါသည် မြက်ကို မရောင်းမီ အစ်ကိုတို့မြက်ကို မရောင်းပါလင့်ဟုဆို၏။ မြက်ရိတ်သမားတို့လည်း မြက်စည်းငါးရာကိုပေး၍ ဝန်ခံကြကုန်၏။ မြင်းကုန်သည်သည် အခြားနေရာတို့၌ မြင်းစာမရနိုင်၍ ဆင်းရဲသားထံမှ အသပြာတစ်ထောင်ပေး၍ မြက်ဝယ်ရလေ၏။

များမကြာမီ ရေပွဲစားထံမှ ကုန်လှေကြီးတစ်စင်းရောက်လာအံ့ဟု ကြားသိရလျှင် ခံ့ညားသော ရထားတစ်စီးကိုလည်းကောင်း၊ အခြွေအရံလူများကိုလည်းကောင်း ခေတ္တငှား၍ အခြွေအရံနှင့် ရေဆိပ်သို့

လာ ပြီးလျှင် အလုံးစုံသော ကုန်တို့ကိုချုပ်၍ ကတိဖြင့် ဝယ်ယူထားနှင့် လေ၏။ အခြားကုန်သည်တစ်ရာခန့်သည် ကုန်ဝယ်ရန်လာရောက်ကြသောအခါ ဆင်းရဲသားထံမှတစ်ဆင့် အဖိုးနှစ်ဆ သုံးဆ စသည်ဖြင့် ပေးဝယ်ယူကြရကုန်၏။ ဤနည်းဖြင့် အသပြာနှစ်သိန်း ရလေ၏။

ဤသို့ လေးလအတွင်း အသပြာနှစ်သိန်းရပြီးသော် သူ့ကျေးဇူးကို သိတတ်သည်ဖြစ်၍ စူဠသေဋ္ဌိသူဌေးထံသို့ သွား၍ အလုံးစုံအကြောင်းကို ပြန်ကြားလျက် အသပြာတစ်သိန်း ပူဇော်ပေ၏။

သူဌေးသည် အလွန်နှစ်သက်ဝမ်းမြောက်သည်နှင့် မိမိသမီးကိုလည်းကောင်း၊ အလုံးစုံသော ဥစ္စာတို့ကိုလည်းကောင်း ပေးပေ၏။ သူဌေးကြီးလွန်သော် စူဠသေဋ္ဌိအမည်ဖြင့် သူဌေးအရာကို ဆက်ခံလေသတည်း။

ပညာဉာဏ် ဝီရိယနှင့် ပြည့်စုံလျှင် ကြီးပွားနိုင်၏။
ဇာတ်ပေါင်းသော်–
ဆင်းရဲသားသည် စူဠပန် ဖြစ်လာ၏။
စူဠသူဌေးသည် ဘုရား ဖြစ်လာ၏။

❑

ကေနိပါတ်။

## ၅။ တဏ္ဍုလနာဠိဇာတ် ၅
(တဏ္ဍုလ = ဆန်၊ နာဠိ = တစ်ကွမ်းစား = တစ်စလယ် = လေးလက်ခုပ်နှင့် ညီမျှသော အခြင်အတွယ်)

## လောဘကြီးသော မင်းနှင့် မိုက်သော ရာပြတ်တို့အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် အခါ သံဃာတို့အား စာရေးတံချ၍ ဆွမ်းလှူရမြဲတည်း။ ဒဗ္ဗမည်သော မထေရ်တစ်ပါးမှာ စာရေးတံပေးသော ပုဂ္ဂိုလ်ဖြစ်၏။ ဤသို့ စာရေးတံချရာ၌ လာဠုဒါယီမထေရ်အား ရံခါ မြတ်သောဆွမ်း၊ ရံခါ ယုတ်သောဆွမ်း အလှည့်ကျရောက်လာသည်ကို မကျေနပ်၍ ဆူပူနှောင့်ယှက်လျက် ဒဗ္ဗသည်သာ စာရေးတံချတတ်သလော။ ငါတို့လည်း ချတတ်သည်သာတည်းဟု ဆိုလေသဖြင့် အများသောရဟန်းတို့က လာဠုဒါယီမထေရ်အား စာရေးတံ ပေးခြင်းကို အပ်ကြကုန်၏။

လာဠုဒါယီမထေရ်သည်ကား စာရေးတံချခြင်းအလုပ်၌ မလိမ္မာရကား အလွဲလွဲ အချော်ချော်ဖြစ်၍ ရဟန်းတို့မှာ လာဘ်လာဘယုတ်လျက် များစွာ နစ်နာကုန်၏။ ထိုအခါ ရဟန်းတို့သည် လာဠုဒါယီအား စာရေးတံ ဝေရာမှ နင်ထုတ် အုတ်အုတ်ကျက်ကျက် ဖြစ်သည်ကို မြတ်စွာဘုရား ကြားသိတော်မူရသော် ယခုသာလျှင်မဟုတ် ရှေးကလည်း မိမိမလိမ္မာသည့် အဖြစ်နှင့် သူတစ်ပါးတို့၏ လာဘ်လာဘကို ယုတ်ဖူးစေပြီဟု အောက်ပါ ဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၊ ဗြဟ္မဒတ်မင်း၌ လိမ္မာသောရာပြတ် (အဖိုးဖြတ်) အမတ်တစ်ယောက်ရှိ၏။ ထိုရာပြတ်

သည် ဆင် မြင်း ကျောက်သံ ရွှေငွေ စသည်တို့ကို မှန်သည့်အတိုင်းသာ ဆုံးဖြတ်သည်ကို လောဘကြီးသောမင်းသည် မကျေနပ်ဘဲ ဤရာပြတ် အဖိုးဖြတ်သော် ငါ့အား ဥစ္စာကုန်လတ္တံ့ဟု လျှပ်ပေါ်လော်လည်သော အခြားသူမိုက်တစ်ယောက်ကို ရာပြတ်ခန့်လေ၏။

ထိုအခါမှစ၍ ထိုရာဖြတ်မိုက်သည် ဆင် မြင်း အစရှိသည်တို့ကို အလွန်နည်းသောအဖိုးဖြင့် အလိုရှိတိုင်း ဖြတ်ဆိုလေရကား ကုန်သည်တို့မှာ အလွန်နစ်နာခြင်း ဖြစ်ရလေ၏။

တစ်ခါသော် အခြားပြည်မှ မြင်းကုန်သည်တစ်ယောက်သည် မြင်းငါးရာကို ရောင်းရန်ယူလာ၏။ မင်းလည်း ရာပြတ်အား အဖိုးဖြတ်စေသော် မြင်းငါးရာအဖိုးကို ဆန်တစ်ကွန်းစား (ဆန်တစ်စလယ်) သာ ဖြတ်လေ၏။ မင်းလည်းနှစ်သက်၍ ဆန်တစ်ကွန်းစားပေးစေဟု ဆို၏။

ထိုအခါ မြင်းရှင်မှာ အလွန်စိုးရိမ်ပူပန်၍ ယခင် လိမ္မာသော ရာပြတ်ဟောင်းထံသို့ သွားရောက်တိုင်ကြား အကြံဉာဏ်တောင်းလေ၏။ ရာပြတ်ဟောင်းလည်း ရာပြတ်သစ်ကို တံစိုးထိုး၍ ဆန်တစ်ကွန်းစား အဖိုးကို သင်အလိုရှိတိုင်း မင်းရှေ့၌ဖြတ်စေလောဟု မြင်းရှင်အား အကြံပေးလိုက်၏။

မြင်းရှင်လည်း ရာပြတ်မိုက်အား တံစိုးထိုး၍ စကားသွင်းပြီးသော် မင်းရှေ့တော်သို့ခေါ်ခဲ့၍ အရှင်မင်းကြီး-- မြင်းငါးရာ၏အဖိုး ဆန်တစ်ကွန်းစားထိုက်၏ဟု ရာပြတ် ဖြတ်ဆိုပြီးပါပြီ။ အကျွန်ုပ်ယူပါအံ့။ သို့ရာတွင် ဆန်တစ်ကွန်းစားမှာ မည်မျှအဖိုးထိုက်သည်ကို ထိုရာပြတ်ပင်လျှင် ဖြတ်ပါစေတော့ဟု လျှောက်လေ၏။

မင်းကြီးလည်း ရာပြတ်အား ဖြတ်စေသော် ဆန်တစ်ကွန်းစားသည် မြို့တွင်း တစ်ဆယ့်နှစ်ယူဇနာ၊ မြို့ပ ယူဇနာသုံးရာ ပါဝင်သော

ဤဗာရာဏသီပြည် တစ်ပြည်လုံး ထိုက်ပါသည်ဟု အဖိုးဖြတ်လေ၏။

ကြားရသော အမတ်တို့လည်း များစွာရယ်မောလျက် မင်းနှင့်တကွ ကျယ်ဝန်းစွာသော ဤဗာရာဏသီပြည်ကြီးသည် အဖိုးတစ်ကွန်းစားသာ ထိုက်တော့၏။ ရာပြတ်သည် ဉာဏ်ပညာနှင့် ပြည့်စုံ၍ အံ့ဖွယ်သရဲ ရှိပေစွ။ ဤရာဖြတ်မျိုး ရှားပါ၏။ ငါတို့မင်းကြီးနှင့်သာ ထိုက်ပေသည်ဟု ပြက်ရယ်ပြုကြလေ၏။

မင်းလည်း အလွန်ရှက်ကြောက် သံဝေဂရ၍ ရာပြတ်မိုက်ကို နှင်ထုတ်ပြီးလျှင် ရာပြတ်ဟောင်းအား ပြန်၍ခန့်ထားလေသတည်း။

ဇာတ်ပေါင်းသော်–
ရာပြတ်မိုက်သည် လာဠုဒါယီမထေရ် ဖြစ်လာ၏။
ပညာရှိရာပြတ်သည် ဘုရား ဖြစ်လာ၏။

❑

## ဧကနိပါတ်။

## ၆။ ကဏ္ဍဝါဟနဇာတ် ၇
## (ကဏ္ဍ = ထင်း။ ဝါဟန = ဆောင်ခြင်း။ ထင်းခွေသူ။)

## ကဏ္ဍဝါဟနမင်း အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကောသလမင်းကြီး၌ အဖ မဟာနံ သာကီဝင်မင်း၊ အမိ ကျွန်မတစ်ယောက်၏ သမီးဖြစ်သော ဝါသဘခတ္တိယမည်သော မိဖုရားရှိ၏။ ဤမိဖုရားကား သာကီဝင် မင်းသမီးအစစ်ဟု လိမ်လည်၍ ဆက်ထားသော

မိဖုရားဖြစ်၏။ ထိုမိဖုရားကိုစွဲ၍ သားတော် ဝိဠျှဘကို ဖွားမြင်ပြီးနောက် ကျွန်မအဖြစ်ကိုသိ၍ မိဖုရားနှင့်တကွ သားတော်ကို အရာမှ ရှုတ်ချ၍ထား၏။

ဤကြောင်းကို မြတ်စွာဘုရား ကြားသိတော်မူ၍ မင်းကြီးအား အသင်မင်းကြီး– ဝါသဘခတ္တိယ၏အဖမှာ သာကီဝင်မင်းစစ်ဖြစ်၏။ သားတော် ဝိဠျှဘလည်း မင်းကြီးကိုစွဲ၍ရ၏။ အဖသာလျှင် ပြဋ္ဌာန်းရင်းရှိရကား မိဖုရားလည်းကောင်း၊ သားတော်လည်းကောင်း မြတ်သည်သာတည်း။ အထူးသဖြင့် သားတော်သည် ထီးမွေနန်းမွေကို ဆက်ခံထိုက်၏။ ရှေးမင်းတို့သည် တစ်ခဏမျှမယားဖြစ်သော ထင်းခွေမိန်းမဝမ်း၌ရသော သားကိုပင် မင်းအဖြစ် ပေးဖူး၏ဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဥယျာဉ်တစ်ခုတွင် ထင်းခွေနေသော သူဆင်းရဲမတစ်ယောက်၌ လှည့်လည်လာသော ဗာရာဏသီမင်း တစ်ပါးကို စွဲ၍ သန္ဓေတည်လေ၏။

သန္ဓေတည်ကြောင်းသိသော် မင်းသည် မိမိ၏လက်စွပ်ကိုပေး၍ သမီးတော်ဖွားသော် ရောင်းစားရစ်တော့၊ သားတော်ဖွားသော် ဤလက်စွပ်နှင့်တကွ ငါ့ထံသို့ ဆောင်ခဲ့လောဟု မှာကြား၍သွားလေ၏။

သားဖွား၍ အတန်ငယ်ကြီးသော် လက်စွပ်နှင့်တကွ ဆောင်ခဲ့သည်ကို မင်းသည် ရှက်စနိုး၍ သိလျက်နှင့် မိမိ၏လက်စွပ်မဟုတ်ဟု ငြင်းဆိုလေ၏။

သူဆင်းရဲမလည်း အရှင်မင်းကြီး– အကျွန်ုပ်၌ သစ္စာပြုခြင်းမှ တစ်ပါး အခြားသက်သေမရှိပြီ။ ဤသူငယ်သည် အရှင်မင်းကြီး၏ သားတော်မှန်သော် ကောင်းကင်၌ တည်စေသတည်း။ မမှန်သော် မြေသို့ကျ၍သေစေသတည်းဟု သစ္စာဆို၍ ကောင်းကင်သို့ ပစ်မြှောက်လိုက်၏။

သားငယ်သည် မြေသို့မကျဘဲ ကောင်းကင်၌ တည်လျက် အရှင်မင်းကြီး– အကျွန်ုပ်သည် အရှင်မင်းကြီး၏သားတည်း။ အကျွန်ုပ်

ကို မွေးကျွေးပါလော၊ အရှင်မင်းကြီးသည် အခြားသူစိမ်းပြင်ပြင်တို့ကို ပင် ကြည့်ရှုကျွေးမွေးပါသေး၏။ မိမိ၏သားရင်းကို အဘယ်ကြောင့် မှု၍ မမွေးမြူသနည်းဟု ဆိုလေ၏။

မင်းကြီးလည်း ထိုသူငယ်၏တရားစကားကို ကြားသော် ချစ်သား– လာလော့၊ ငါသည် မွေးမြူအံ့ဟု လက်ဖြန့်၍ ခံလင့်၏။ အခြားမှူးမတ် စသူတို့လည်း လက်ဖြင့်ခံလင့်ကြ၏။ ထိုသူငယ်ကား အခြားလက်များသို့ မသက်ဘဲ မင်း၏လက်သို့သာသက်၍ ရင်ခွင်၌ နေလေ၏။

ထို့နောက် မင်းကြီးသည် သားတော်ကို အိမ်ရှေ့အရာ၊ သူ ဆင်းရဲမကို မိဖုရားကြီးအရာ ပေးတော်မူ၍ မင်းကြီးနတ်ရွာစံသော် သားတော်သည် ကဋ္ဌဝါဟနဟူသော အမည်ဖြင့် မင်းပြုလေသတည်း။

ဇာတ်ပေါင်းသော်–
သူဆင်းရဲမသည် မယ်တော်မာယာ ဖြစ်လာ၏။
မင်းသည် သုဒ္ဓေါဒန ဖြစ်လာ၏။
သားတော်သည် ဘုရား ဖြစ်လာ၏။

❐

## ဧကနိပါတ်။

## ၇။ နိဂြောဓဇာတ် ၁၂

## နိဂြောဓသမင်မင်းအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ရာဇဂြိုဟ်ပြည်မှ သူဌေးသမီးတစ်ယောက်သည် လင့်အိမ်သို့ရောက်ပြီးမှ အခွင့်

တောင်း၍ ဘုရားထံ၌ ရဟန်းပြုလေ၏။ ထိုမိန်းမသည် လူ့အဖြစ်က သန္ဓေ တည်ခဲ့သည်ကို မသိချေ။

ကာလကြာသော် ထိုရဟန်းမိန်းမ၌ ကိုယ်ဝန်ရင့်မာလာသဖြင့် အုတ် အုတ်ကျက်ကျက်ဖြစ်၍ မေးစစ်လေလျှင် ရဟန်းမိန်းမက အကျွန်ုပ်သည် မည်သည်ကိုစွဲ၍ သန္ဓေတည်သည်ဟု မပြောနိုင်ပါ။ သို့ရာတွင် အကျွန်ုပ် သည် ရဟန်းမိန်းမဘဝ၌ သီလစင်ကြယ်သည်ကိုကား သိပါ၏ဟု ဆိုလေ၏။

ထိုအကြောင်းကို ဒေဝဒတ်အား လျှောက်လေလျှင် တစ်စုံတစ်ရာ စစ်ဆေးဆင်ခြင်ခြင်းမပြုဘဲ လူကဲ့ရဲ့မည်ကို စိုးရိမ်ကြီးစွာဖြင့် လူထွက်စေ လောဟု ဆို၏။

ရဟန်းမိန်းမလည်း ရှင်မ– အကျွန်ုပ်သည် ဒေဝဒတ်ထံ၌ ရဟန်း မပြု၊ ဒေဝဒတ်လည်း ဘုရားမဟုတ်။ အကျွန်ုပ်သည် မြတ်စွာဘုရားထံ၌သာ ရဟန်းပြုပါသည်။ ရဟန်းပြုခွင့်ကိုလည်း မိမိလင်သားတို့ထံမှ ခဲယဉ်းစွာ အကြိမ်ကြိမ် အဖန်ဖန် တောင်းမှ ရခဲ့ပါသည်။ သို့ကြောင့် အကျွန်ုပ်ကို အလျင်တဆော လူဝတ်မလဲကြပါနှင့် မြတ်စွာဘုရားထံ ပို့ပါလောဟု တောင်း ပန်၏။

မြတ်စွာဘုရားရှိရာသို့ရောက်သော် ဝိသာခါ ဒါယိကာမအား စုံစမ်း စေမှ ရဟန်းမပြုမီ လူ့ဘဝက ပါခဲ့သော သန္ဓေဖြစ်ကြောင်း သိရ၍ ရဟန်း မိန်းမအား ချမ်းသာခြင်းသည် ဖြစ်၏။

အချိန်စေ့၍ ဖွားသောသားသည် အရွယ်ရောက်သောအခါ ရဟန်း ပြု၍ ကုမာရကဿပမထေရ်ဟု ထင်ရှား၏။

ထိုအခါ ရဟန်းတို့ဘောင်၌ ထိုသားအမိတို့မှာ မြတ်စွာဘုရားကို မှီ၍ ချမ်းသာရကုန်ဟု စကားဖြစ်ကြရာ ရှေးကလည်း ဤသို့ရဖူး၏ဟု တောင်းပန်အပ်သည့်အတိုင်း အောက်ပါဇာတ်ကို ဟော်တော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီမင်းတစ်ပါးသည် သမင် လိုက်ခြင်း၊ အမဲနှင့်ကင်း၍ ထမင်းမစားခြင်း အလေ့ရှိလျက် နေ့တိုင်း နေ့တိုင်း လူတို့အလုပ်ကိုဖျက်၍ ထိုလူတို့နှင့် သမင်လိုက်သွားလေ့ရှိ၏။

ထိုအခါ လူတို့ စည်းဝေး၍ ထိုသမင်လိုက်ခြင်းဖြင့် ငါတို့ လုပ်ခင်းဆောင်တာ ပျက်ကုန်၏။ သို့ကြောင့် သားသမင်များစွာတို့ကို ဥယျာဉ်သွင်းပေး၍ ထားကုန်အံ့ဟု ညီညွတ်ကြလျက် တောသမင် ပေါင်းများစွာတို့ကို စုရုံးမောင်းနှင် ဥယျာဉ်တွင်းသို့ သွင်းပြီးလျှင် မင်းအား ကြားလျှောက်ခဲ့ကြလေ၏။

မိပြီးသောသမင်တို့မှာ တစ်ထောင်မျှအရည်အတွက်ရှိ၍ ငါးရာ လျှင် သမင်မှူးတစ်ကောင်ကျ နိဂြောဓသမင်မင်းနှင့် သာခသမင်မင်း ဟူ၍ သမင်မင်းနှစ်ကောင်ပါ၏။

မင်းကြီးလာရောက်ရှုသော် ထိုအလွန်တင့်တယ်သော ရွှေသမင် နှစ်ကောင်အား ဘေးမဲ့ပေးတော်မူပြီးလျှင် ထိုနေ့မှစ၍ တစ်နေ့လျှင် တစ်ကောင်ကျ မိမိကိုယ်တိုင်သော်လည်းကောင်း၊ စားတော်ချက်သော် လည်းကောင်း လာရောက်ပစ်ခတ်ယူဆောင်သွားလေ့ရှိ၏။

ထိုသို့ လာရောက်ပစ်ခတ်သောအခါ သမင်အပေါင်းတို့သည် ကြောက်လန့်သဖြင့် တိုးဝှေ့ပြေးလွှားကြကုန်ရကား ထိခိုက်ပင်ပန်းခြင်း၊ ကျိုးပဲ့ခြင်း၊ တစ်ခါတစ်ရံ သေခြင်းတို့ ဖြစ်ကုန်၏။

သမင်အပေါင်းတို့သည် ထိုအကြောင်းကို နိဂြောဓသမင်မင်း အား ကြားကုန်သော် နိဂြောဓသမင်မင်းသည် သာခသမင်မင်းနှင့် တိုင်ပင်၍ ၎င်းတို့ သမင်နှစ်စုမှ တစ်လှည့်စီ တစ်နေ့တစ်ကောင်ကျ စဉ်းတီတုံး၌ လည်ကိုစင်း၍ပေးစေ၏။

တစ်နေ့သော် သာခသမင်မင်း၏အစုမှ သန္ဓေနှင့် သမင်မ တစ်ကောင်၏ အလှည့်သို့ကျလာလျှင် ထိုသမင်မသည် သာခသမင် မင်းသို့ကပ်၍ အရှင်– အကျွန်ုပ်၌ ကိုယ်ဝန်ရှိ၏။ ယနေ့ အကျွန်ုပ် အလှည့်ကို လွန်ပါစေဦး။ သားဖွားပြီးမှ အကျွန်ုပ်အလှည့်ကို ရောက်ပါ စေလောဟု ဆို၏။

သာခသမင်မင်းလည်း သင့်အလှည့်ကို တစ်ပါးသောသမင်သို့ ရောက်စေခြင်းငှာ မတတ်ကောင်း။ သင်သာသွားလော့ဟု ဆိုလေ၏။

သမင်မလည်း နိဗြောဓသမင်မင်းသို့ကပ်၍ ယခင်နည်းအတိုင်း တောင်းပန်သော် ကောင်းပြီ၊ သင့်အလှည့်ကို လွှန်စေအံ့ဟုဆို၍ မိမိကိုယ်တိုင် စဉ်းတီတုံးတွင် သွား၍အိပ်လေ၏။

ဤအကြောင်းကို စားတော်ချက်က တင်လျှောက်၍ မင်းကြီးကြွလာလတ်သော် လာရောက်ပြီးလျှင်

မြတ်သောသမင်မင်း အသင့်အား ဘေးမဲ့ပေးပြီမဟုတ်လော၊ အဘယ်ကြောင့် စဉ်းတီတုံး၌ အိပ်သနည်း။

မြတ်သောမင်းကြီး ကိုယ်ဝန်ရှိသော သမင်မတစ်ခုသည် အလှည့်ကျရာ ကိုယ်ဝန်ကို စောင့်လိုသည်ဖြစ်၍ အလှည့်လွှဲရန် အကျွန်ုပ်ထံ တောင်းပန်လာ၏။ တစ်ဦး၏ဆင်းရဲကို တစ်ဦး၌ကျရောက်ရန် မတတ်ကောင်း။ သို့ကြောင့် ထိုသားအမိအတွက် အကျွန်ုပ်အသက်ကိုပေးတော့အံ့။ တစ်စုံတစ်ရာ နှောင့်နှေးခြင်းမရှိပါလင့်။ အကျွန်ုပ်ကိုပင် ယူပါလော။

သမင်မင်း– အသင်ကဲ့သို့ ခန္တီ၊ မေတ္တာ၊ ကရုဏာနှင့် ပြည့်စုံသောသူကို လူတို့၌ပင် မတွေ့မြင်ဖူးပါ။ အလွန်ကြည်ညိုပါသည်။ သို့ကြောင့် အသင်သမင်မင်းအားလည်းကောင်း၊ သမင်မအား လည်းကောင်း ဘေးမဲ့ပေးပါ၏။

အရှင်မင်းကြီး သမင်နှစ်ကောင်အား ဘေးမဲ့ပေးအပ်ပြီး ကျန်သော သမင်တို့အတွက်ကား အသို့ပြုရအံ့နည်း။ ။ ဘေးမဲ့ပေးပါ၏။

ဉယျာဉ်၌ သမင်တို့ကား ဘေးမဲ့ရအပ်ပြီ။ ကြွင်းသော သမင်တို့ကား အသို့ပြုရအံ့နည်း။ ။ အလုံးစုံသော သမင်တို့အားလည်း ဘေးမဲ့ပေးပါ၏။

သမင်တို့ကား ဘေးမဲ့ရအပ်ပြီ။ ကြွင်းသော အခြေလေးချောင်းရှိသော သတ္တဝါတို့အား အသို့ပြုရအံ့နည်း။ ။ ၎င်းတို့အားလည်း ဘေးမဲ့ပေးပါ၏။

အခြေလေးချောင်း သတ္တဝါတို့ကား ဘေးမဲ့ရအပ်ပြီ။ ငှက်အပေါင်းတို့ကား အသို့ပြုရအံ့နည်း။ ။ ၎င်းတို့အားလည်း ဘေးမဲ့ပေးပါ၏။

ငါးလိပ် စသော ရေသတ္တဝါတို့ကား အသို့ပြုရအံ့နည်း။ ။ ၎င်းတို့အားလည်း ဘေးမဲ့ပေးပါ၏။

ဤသို့လျှင် နိဂြောဓသမင်မင်းကိုမှီ၍ အလုံးစုံသော သတ္တဝါတို့ ဘေးမဲ့ရပြီးသော် သမင်မင်းလည်း မင်းကြီးအား သီလကို ဆောက်တည်လော၊ တရားကို စောင့်ပါလောဟု အဆုံးအမပေးပြီးနောက် သမင်အပေါင်းခြံရံလျက် တောသို့ထွက်ခဲ့လေ၏။

သမင်မလည်း မကြာမီ အလွန်လှပတင့်တယ်သော သမင်ငယ်ကို ဖွား၏။ ထိုသမင်ငယ်သည် မြူးရွှင်လျက် သာခသမင်မင်းထံသို့ သွားလတ်သည်ကိုမြင်၍ အမိသည် ချစ်သား– အစီးအပွားကိုလိုသော သူသည် နိဂြောဓသမင်အားသာလျှင် မှီဝဲရာ၏။ သာခသမင်ကို မမှီဝဲရာ။ သာခသမင်ထံ၌ အသက်ရှင်ရခြင်းထက် နိဂြောဓသမင်မင်းထံ၌ သေရခြင်းသည် သာ၍မြတ်၏ဟု ဆုံးမပေ၏။

ထို့နောက် ဘေးမဲ့ရကုန်သော သမင်တို့သည် လူတို့၏ကောက်တို့ကို စားကုန်၏။ လူတို့လည်း မပစ်ခတ်ဝံ့၍ မင်းအားကြားလျှောက်၏။ မင်းလည်း ငါသည် နိဂြောဓသမင်မင်းကို ကြည်ညို၍ ဘေးမဲ့ပေးအပ်ကုန်ပြီ။ ငါ့စကားကို ငါမဖျက်လိုဟု မိန့်တော်မူ၏။

နိဂြောဓသမင်မင်းလည်း ထိုအကြောင်းကို ကြားသော် သမင်တို့အား ကောက်ကိုမစားရန် တားမြစ်ဆုံးမ၍ လူတို့သည် မိမိတို့

ကောက်လယ်ပတ်ဝန်းကျင်၌ သစ်ရွက်တို့ဖြင့် အမှတ်အသားချထား လောဟု အကြောင်းကြား၏။

ထိုသစ်ရွက်အမှတ်အသားကလွှန်၍ သမင်တို့ မသွားကြလေ ကုန် ဟူ၍တည်း။

**သူတစ်ပါးအကျိုးကို စွမ်းနိုင်သမျှ ဆောင်ရွက်ရာ၏။**

ဇာတ်ပေါင်းသော်–

သာခသမင်မင်းသည် ဒေဝဒတ် ဖြစ်လာ၏။

သာခသမင်မင်း၏ ပရိသတ်သည် ဒေဝဒတ်ပရိသတ် ဖြစ်လာ၏။

သမင်မသားအမိသည် ကုမာရကဿပ သားအမိ ဖြစ်လာ၏။

ဗာရာဏသီမင်းသည် အာနန္ဒာ ဖြစ်လာ၏။

နိဂြောဓသမင်မင်းသည် ဘုရား ဖြစ်လာ၏။

❐

## ကေနိပါတ်။

### ၈။ ဝါတမိဂဇာတ် ၁၄

(ဝါတ = လေ။ မိဂ = သမင်။ ။ သမင်ပျို။)

## ရသတဏှာကိုစွဲ၍ ဆင်းရဲရောက်သော သမင်အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အကျင့်သိက္ခာနှင့်ပြည့်စုံ၍ ကျော်စောသော မထေရ်တစ်ပါးသည် ရှိ၏။ ထိုမထေရ်၏ မိဘတို့သည် မိမိတို့သားကို အလွန်နှမြောအောက်မေ့ကြသဖြင့်

ပြည့်တန်ဆာမတစ်ယောက်အား ဥစ္စာပေး၍ ဖြားယောင်းစေ၏။ ပြည့်တန်ဆာမလည်း ထိုရဟန်းကြိုက်တတ်သော အစာအာဟာရကို မိဘတို့ထံမှ မေးမြန်းသိရပြီးနောက် မထေရ်အား ဖြားယောင်းရန် စီမံလေ၏။

ရှေးဦးစွာ ထိုမထေရ်ဆွမ်းခံလာသောအခါ ထိုမထေရ် ကြိုက်တတ်သော ဆွမ်းနှင့် ဟင်းကို အထူးအရသာရှိအောင် ပြုပြင်၍လောင်း၏။ ထိုအရသာကိုစွဲ၍ နေ့စဉ်ဆွမ်းခံလာ၏။ ဤသို့အားဖြင့် စွဲလမ်းရင်းနှီးသောအခါ တစ်နေ့၌ ပြည့်တန်ဆာမသည် မမာကျန်းဟန်ပြု၍ အိမ်တွင်းအခန်း၌ နေ၏။ မထေရ်လာသောအခါ မကျန်းမာဟုကြားသိရလျှင် ရသတဏှာစွဲလမ်းလျက်ရှိရကား မိမိ၏စည်းကမ်းကိုလွန်၍ အခန်းတွင်းသို့ ဝင်လေ၏။

ပြည့်တန်ဆာမလည်း မိမိ၏အကြံအစည်ကို ပြောပြ၍ ရသတဏှာဖြင့် နှောင်ဖွဲ့လျက် လူထွက်စေ၏။ ဤအကြောင်းကို ရဟန်းတို့ အစည်းအဝေး၌ စကားဖြစ်ကြရာ ယခုသာလျှင် ရသတဏှာကြောင့် ပျက်စီးရသည် မဟုတ်သေး၊ ရှေးကလည်း ပျက်စီးဖူးပြီဟု အောက်ပါအတိတ်ဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီမင်းတစ်ပါး၏ ဥယျာဉ်သို့ ဝါတမိဂမည်သော သမင်သည် လာရောက်ကျက်စားလေ့ရှိ၏။ သို့ရာတွင် လူရိပ်ကို မြင်မူကား ပြေးတတ်သောအလေ့ရှိ၏။ ထိုသို့ ဝါတမိဂသမင်လာကြောင်းကို မင်းကြီးကြားသော် ဥယျာဉ်စောင့်အား ဖမ်းနိုင်အံ့လောဟု မေး၏။ အရှင်မင်းကြီး အတန်ငယ်သော ပျားရည်ကို ရမူကား နန်းတွင်းသို့ အရောက်သွင်းနိုင်ပါသည်ဟု လျှောက်လေ၏။

ဥယျာဉ်စောင့်လည်း ထိုသမင်ကျက်စားရာနေရာရှိ မြက်တို့ကို ပျားရည်နှင့် လူးထားနှင့်၏။ သမင်လာ၍စားသော် ရသတဏှာဖြင့် နှောင်ဖွဲ့ရကား အရပ်တစ်ပါးသို့သွား၍ မကျက်စားဘဲ ထိုဥယျာဉ်သို့သာ လာ၍ကျက်စား၏။

ရသာ၌ တပ်မက်ကြောင်းသိသော ဥယျာဉ်စောင့်သည် မိမိကိုယ်ကိုပြ၏။ လူရိပ်မြင်လျှင် နှစ်ကြိမ် သုံးကြိမ်ပြေး၏။ အဖန်တလဲလဲ မြင်ရသော် မပြေးဘဲရှိလေ၏။ အတန်ကြာသော် အနီးသို့ကပ်၏။ အတန်ကြာသော် ဥယျာဉ်စောင့်လက်မှ ပျားလူးမြက်တို့ကို ယူ၍စားလေ၏။

ရသာတဏှာ၌ စွဲမြဲကြောင်းသိသော ဥယျာဉ်စောင့်သည် မင်းအိမ်တိုင်အောင် ခရီးကို ဖျာရိုင်တို့ဖြင့်ကာပေး၍ သစ်ခက်သစ်ရွက်တို့ဖြင့် ဖုံးကွယ်စေလျက် ပျားလူးမြက်ကို လမ်းတစ်လျှောက် နန်းတွင်းရောက် ချထားလေ၏။

သမင်လည်း စား၍စား၍သွားရာ နောက်ဆုံး၌ နန်းတွင်းသို့ရောက်သောအခါ တံခါးကိုပိတ်ကြကုန်၏။ သမင်လည်း အလွန်ကြောက်လန့်တုန်လှုပ်လျက် ထိုမှဤမှ ပြေးသွားလေ၏။

မင်းကြီးလည်း ကြောက်လန့်သော သမင်ကိုမြင်လျှင် အမတ်တို့ ဤဝါတမိဂသမင်မျိုးသည် လူရိပ်မြင်ရာအရပ်သို့ ခုနစ်ရက်တိုင်အောင် မလာဘဲနေတတ်၏။ ထိတ်လန့်ရာအရပ်သို့ကား တစ်သက်လုံး မလာဘဲနေတတ်၏။ သို့စဉ်လျက်လည်း ယခုမူကား ရသတဏှာကိုစွဲ၍ နန်းတော်အတွင်းခန်းသို့ပင် ရောက်လေပြီ။ တဏှာသည် ထိတ်လန့်ဖွယ်ကောင်းစွတကားဟု ပြောဟောတော်မူလေသတည်း။

**အစွဲအလမ်းအားကြီးခြင်းကို တားမြစ်ရာ၏။**

ဇာတ်ပေါင်းသော်–

ဥယျာဉ်စောင့်သည် ပြည့်တန်ဆာမ ဖြစ်လာ၏။

သမင်သည် မထေရ် ဖြစ်လာ၏။

မင်းသည် ဘုရားဖြစ်လာ၏။

❒

ကေနိပါတ်။

## ၉။ မာလုတဇာတ် ၁၇
## (မာလုတ = လေ)

## ချမ်းအေးခြင်းအကြောင်း ငြင်းခုံကြသော ကျားနှင့် ခြင်္သေ့အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် တောထွက်ရဟန်းကြီး နှစ်ပါးရှိသည့်အနက် တစ်ပါးက ချမ်းခြင်းသည် လဆန်းအခါဖြစ်၏ဟု ဆို၏။ တစ်ပါးက လဆုတ်အခါ၌ဖြစ်သည်ဟု ဆို၏။ ဤသို့အငြင်းအခုံဖြစ်၍ မြတ်စွာဘုရားထံရောက်သော် မြတ်စွာဘုရားက အသင်တို့သည် ယခုအခါ၌သာ ငြင်းခုံကြသည်မဟုတ် ရှေးကလည်း ငြင်းခုံဖူးလေပြီဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ တစ်ခုသောတောင်ခြေ၌ ခြင်္သေ့နှင့်ကျားတို့သည် နေကြ၏။ တစ်နေ့သော် ခြင်္သေ့က လဆန်းအခါ၌ ချမ်း၏။ ကျားကလဆုတ်၌သာ ချမ်း၏ဟုဆို၍ အငြင်းအခုံဖြစ်ပြီးသော် အနီးအနားရှိ ရသေ့တစ်ပါးထံ၌ အဆုံးအဖြတ် ခံကြလေရာ

ရသေ့က ချမ်းအေးခြင်းသည် လေကိုစွဲ၍ဖြစ်၏။ လဆန်းတွင်ဖြစ်စေ၊ လဆုတ်တွင်ဖြစ်စေ လေလာသောအခါသည် ချမ်းအေး၏။ အသင်တို့နှစ်ဦး အရှုံးအနိုင်မရှိကုန်ဟု ဆုံးဖြတ်ပေးလိုက်သဖြင့် ငြင်းခုံခြင်း အေးငြိမ်းသွားလေသတည်း။

**အကြောင်းရင်းကိုမသိလျှင် ငြင်းခုံခြင်း ဖြစ်တတ်၏။**

ဇာတ်ပေါင်းသော်–

ခြင်္သေ့နှင့် ကျားသည် ရဟန်းနှစ်ပါး ဖြစ်လာ၏။

ရသေ့သည် ဘုရားဖြစ်လာ၏။

❐

ကေနိပါတ်။

၁၀။ မတကဘတ္တဇာတ် ၁၈
(မတကဘတ္တ = သေသူအတွက်ရည်ညွှန်းသော ဆွမ်း, ထမင်း)

## ဆိတ်ကိုသတ်၍ သေသူကို ရည်မှတ်လှူဒါန်းခြင်းအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် လူတို့သည် ဆိတ်ကိုသတ်၍ သေသူများအတွက် ရည်မှတ်လှူဒါန်းကြသည်၌ များစွာအပြစ်ရှိကြောင်း အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဒိသာပါမောက္ခ ပုဏ္ဏားဆရာကြီးတစ်ယောက်သည် မတကဘတ်အလှူကို လှူအံ့ဟု ဆိတ်တစ်ကောင်ကို တပည့်တို့အား မြစ်၌ ရေချိုးပန်းကုံးစွပ် နံ့သာ လက်ငါးချောင်းရာပေး၍ ထားစေ၏။

ထိုအခါ ဆိတ်သည် သည်းစွာရယ်ခြင်းကိုပြု၏။ တစ်ဖန်လည်း ငိုခြင်းကိုပြု၏။ ထိုအကြောင်းကို ဆရာကြီးကမေးသော် ဆိတ်က အသင်ပုဏ္ဏား ငါသည် ရှေး၌ သင်ကဲ့သို့ဆရာကြီးဖြစ်၍ ဆိတ်တစ်ကောင်ကို သတ်ပြီးလျှင် မတကဘတ်အလှူကို လှူဖူး၏။ ထိုမကောင်းမှုကြောင့် ၄၉၉ ဘဝတို့၌ ငါ၏ဦးခေါင်းပြတ်ခြင်းသို့ ရောက်လေပြီ။ ဤဘဝကား ၅၀၀ ပြည့်မြောက်သော ဘဝဆုံးတည်း။ ငါသည် ဤသို့သော ဆင်းရဲမှုမှ လွတ်မြောက်တော့မည်ဟု ဝမ်းသာသဖြင့် ငါရယ်၏။ တစ်ဖန်တုံ့ သင်သည် ငါ့ကိုသတ်သဖြင့် ငါကဲ့သို့ပင် ဘဝငါးရာ ဦးခေါင်းပြတ်သောဆင်းရဲကို ခံရရှာလတ္တံ့ဟု သင့်အား သနားသဖြင့် ငါငိုသည်ဟု ဆိုလေ၏။

ပုဏ္ဏားလည်း ထိတ်လန့်၍ အချင်းဆိတ် သင်မကြောက်လင့်၊ အသင့်ကို ငါမသတ်တော့ပြီဟုဆို၏။

ပုဏ္ဏား– အသို့ဆိုသနည်း၊ သင်သတ်သည်ဖြစ်စေ၊ မသတ်သည်ဖြစ်စေ ယနေ့ ငါ၏လည်ပြတ်၍ သေရမည်ကား မချွတ်တည်း။

အချင်းဆိတ်– မကြောက်လင့်။ အသင့်ကို ငါနှင့်တကွ ငါ၏ တပည့်တို့ပါ လိုက်၍စောင့်ရှောက်ပါအံ့။

ပုဏ္ဏား– သင်တို့၏ အစောင့်အရှောက်ကား နည်းစွာ၏။ ငါ၏မကောင်းမှုကား ကြီးစွာ၏။ သင်တို့ တတ်နိုင်မည်မဟုတ်ပေဟု ဆို၏။

ပုဏ္ဏားလည်း ဆိတ်ကို စောင့်ရှောက်ဆောင်ယူခဲ့၍ လွှတ်လေသောအခါ ဆိတ်သည် အနီးရှိချုံ၌ လည်ကိုမော့၍ အရွက်ကိုစားအံ့ဟု အားထုတ်သောခဏ၌ ထိုကျောက်ဖျာထက်သို့ မိုးကြိုးပစ်ချ၍ ကျောက်လွှာကွဲပြတ် ဆိတ်၏လည်ကို ထိမှန် ဦးခေါင်းပြတ်လေ၏။

လူအများလည်း စုဝေးကြည့်ရှုကြ၏။ ထိုအခါ ရုက္ခစိုးနတ်တစ်ပါးသည် သူတစ်ပါးအသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်ရန် တရားဟောပြောလေသတည်း။

ဇာတ်ပေါင်းသော်–

ရုက္ခစိုးနတ်သည် ဘုရားဖြစ်လာ၏။

❐

## ကေနိပါတ်။

### ၁၁။ နဠကပါနဇာတ် ၂၀
### (နဠက = ကျူပင်ကျူရိုး။ ပါန = သောက်သည်။)

### အဆစ်မရှိသော ကျူရိုးအကြောင်း

မြတ်စွာဘုရားသည် ကောသလတိုင်း၌ ဒေသစာရီ လှည့်လည်ကြွချီတော်မူသောအခါ နဠကပါနရွာသို့ရောက်၍ နဠကပါနကန်အနီး၌ ခေတ္တနားနေ သီတင်းသုံးတော်မူသည်။ ထိုအခါ ရဟန်းတို့သည် ကန်အနီးရှိ အဆစ်မရှိသော ကျူတို့ကို တွေ့မြင်ကြလျှင် မြတ်စွာဘုရားအား မေးလျှောက်ရာ အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ထိုနဠကရေကန်တွင် စောင့်သောဘီလူးသည် ကန်သို့ ဆင်းသက်သမျှသော သတ္တဝါတို့ကို စားလေ့ရှိ၏။

ထိုရေကန်အနီးရှိတောမှ မျောက်တို့သည် ရေသောက်ဆင်းလာကြရာ ရှေးဦးစွာ မျောက်မင်းသည် စုံစမ်းသော် သက်ခြေရာများကိုသာ တွေ့၍ တက်ခြေရာမတွေ့သဖြင့် အသင်တို့– ရေကန်သို့ မဆင်းကြကုန်လင့်၊ ဘီလူးစောင့်သော ရေကန်ဖြစ်၏ဟု တားမြစ်၏။

မျောက်တို့ မဆင်းမသက်ကြသော် ဘီလူးသည် ရေမှခွဲထွက်လာ၍ အသင်တို့– အဘယ်ကြောင့် ငုံ့နေကြသနည်း၊ ဆင်း၍သောက်ကြကုန်လောဟု ဆို၏။

ထိုအခါ မျောက်မင်းက သင်သည် ကန်စောင့်ဘီလူးတည်း။ ငါတို့ဆင်းလျှင် ငါတို့ကိုစားလတ္တံ့။ သို့ရာတွင် သင်မစားနိုင်အောင် ငါတို့ရေသောက်အံ့ဟု ဆို၏။

ကန်ရိုးပတ်လည်တွင်ပေါက်သော ကျူရိုးတို့ကိုယူ၍ ပါရမီကို ဆင်ခြင်သစ္စာပြုလျက် နှုတ်သီးဖြင့် မှုတ်၏။ စင်စစ်သော်ကား အဆစ်အရိုး အခေါင်းချည်းဖြစ်စေသတည်းဟု သစ္စာဓိဋ္ဌာန်ပြု၏။

ထိုအခါ အလုံးစုံသော ကျူတို့သည် အခေါင်းချည်းဖြစ်၍ မျောက်တို့လည်း တစ်ခုစီယူပြီးလျှင် ကန်ပေါင်ရိုးမှနေကာ ရေကို စုပ်ယူသောက်ကြလေ၏။

ဘီလူးလည်း မျောက်တစ်ကောင်ကိုမျှ မစားရဘဲ မိမိနေရာသို့ ပြန်ရလေသတည်း။

မြတ်စွာဘုရားလည်း ဆက်လက်၍ ထိုသို့သော ရှေးအမိဋ္ဌာန် ကြောင့် ယခုတိုင် ဤရေကန်ပတ်လည်ရှိ ကျူတို့သည် အဆစ်မရှိ အခေါင်း ချည်း ဖြစ်ကုန်၏ဟု မိန့်တော်မူပြီးမှ–

ဇာတ်ပေါင်းသော်–

ဘီလူးသည် ဒေဝဒတ် ဖြစ်လာ၏။

မျောက်အပေါင်းသည် ဘုရား၏ပရိသတ် ဖြစ်လာ၏။

မျောက်မင်းသည် ဘုရားဖြစ်လာ၏။

မှတ်ချက်။ ။ ဤကမ္ဘာပတ်လုံးတည်သော အံ့ဖွယ်ကြီးလေးပါးရှိ၏။

(၁) ဆိုခဲ့သောဇာတ်တော်အရ ကျူပင်တို့သည် ကမ္ဘာဆုံး သည့်တိုင်အောင် အဆစ်မရှိလေ။

(၂) ဧကနိပါတ် ဇာတ်တော်ရင်းနံပါတ် ၃၅၊ ဝဋ္ဋက ဇာတ်၊ ငုံးမင်းဝတ္ထုတွင်လာသော မီးကွင်းရာအရပ် သည် ကမ္ဘာဆုံးသည့်တိုင်အောင် မီးမလောင်လေ။

(၃) စတုက္ကနိပါတ် ဇာတ်တော်ရင်းနံပါတ် ၁၆၊ သသ ပဏ္ဍိတဇာတ် ယုန်မင်းဝတ္ထုတွင်လာသော လတွင် ယုန်ရေးသည် တစ်ကမ္ဘာပတ်လုံးတည်၏။

(၄) ဃဋီကာရ အိုးထိန်းသည်၏ နေရာအရပ်သည် တစ် ကမ္ဘာလုံး မိုးမရွာလေ။

❒

## ကေနိပါတ်။

## ၁၂။ ကုရင်္ဂမိဂဇာတ် ၂၁
(ကုရင်္ဂမိဂ = ဆတ်၊ သမင်တစ်မျိုးလည်းယူ၏။)

## ဆတ်လိမ္မာအကြောင်း

မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဒေဝဒတ်သည် မြတ်စွာဘုရားအား သတ်ဖြတ်ရန် အကြိမ်ကြိမ် ကြံစည်သော်လည်း အထမမြောက်ခြင်းနှင့်ပတ်သက်၍ အောက်ပါအတိတ်ဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီမင်းလက်ထက်၌ အမြော်အမြင်နှင့်ပြည့်စုံသော ဆတ်လိမ္မာတစ်ကောင်သည် ယမနေပင်တစ်ခု၌ ယမနေသီးများကို လာ၍စားစမြဲဖြစ်၏။

မုဆိုးတစ်ယောက်သည် ယမနေပင်ရင်းတွင် ဆတ်ခြေရာများကို မြင်သည်နှင့် ယမနေပင်ထက်၌ လင့်ထိုး၍ လှံတစ်ချောင်းနှင့် ဆတ်ကို ချောင်းမြောင်းစောင့်နေလေ၏၊

ဆတ်သည်လည်း လာရောက်၍ ဘေးရှိအံ့လောဟု ချက်ချင်း သစ်ပင်အောက်သို့ မဝင်သေးဘဲ ပြင်ကသာရပ်၍ စုံစမ်းလျက်နေ၏။

ဆတ်မဝင်လာသော် မုဆိုးသည် ယမနေသီးများကို ဆတ်၏ ရှေ့ဆီသို့ ပစ်ချလိုက်၏။ ဆတ်ကလည်း ငါ့ရှေ့သို့ ယမနေသီးများ ကျရောက်လာ၏။ မုဆိုး အထက်၌ရှိတန်ရာ၏ဟု သေချာစွာကြည့်ရှုသော် မုဆိုးကိုမြင်မှ မမြင်ဟန်ပြု၍ အို- ယမနေပင် သင်သည် ရှေးအခါ၌ အသီးများကို အောက်သို့တည့်တည့်ကျစေ၏။ ယခုမူကား သင်သည် သစ်ပင်တို့၏ သဘောမမှတာကို စွန့်၍ ငါ့ရှေ့သို့ အသီး

များကို ကျစေ၏။ အသင်နှင့်တကွ အသင်၏အသီးတို့ အပြုအမူကို ငါမနှစ်သက်။အခြားယမနေပင်သို့ သွားအံ့ဟုဆို၍ ထွက်သွားလေ၏။

မုဆိုးလည်း လှံကိုလွှတ်၍ သင်သည် သွားလေတော့၊ ယခု သင့်ကို မထိုးမိ။ ချွတ်ယွင်းလေ၏ဟု ဆို၏။

ဆတ်ကလည်း အို– မုဆိုး၊ ငါ့ကိုမထိုးမိ ချွတ်ယွင်းသော်လည်း သင်၏အပြစ်အတွက် ခံရမည့်ဆင်းရဲကား ချွတ်ယွင်းမည်မဟုတ်ဟုဆို၍ ထွက်သွားလေသတည်း။

ဇာတ်ပေါင်းသော်–
မုဆိုးသည် ဒေဝဒတ် ဖြစ်လာ၏။
ဆတ်သည် ဘုရားဖြစ်လာ၏။

❐

## ကေနိပါတ်။

## ၁၃။ ဂေါဓာနိယသိန္ဓဝဇာတ် ၂၃

## အာဇာနည်မြင်းအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် လုံ့လဝီရိယလျှော့သော ရဟန်းတစ်ပါးအား ပညာရှိတို့သည် မိမိ၌ဆောက်တည်ရာ မရနိုင်သည်ပင်ဖြစ်စေ လုံ့လဝီရိယ မလျှော့ကြောင်း အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီမင်းတစ်ပါး၌ အာဇာနည်မြင်းတစ်ကောင်ရှိ၏။ ထိုမြင်းအား အလွန်မွန်မြတ်သော အစားအစာ နေရာထိုင်ခင်းတို့ဖြင့် ချီးမြှောက်၍ထား၏။

တစ်ရံခါသော် ခုနစ်ပြည်ထောင်သော မင်းတို့သည် ဗာရာဏသီပြည်ကို ဝန်းရံ၍ တိုင်းပြည်ကိုလည်း ပေးမည်လော၊ စစ်သော်လည်း ပြုမည်လောဟု စေလာ၏။

ဗာရာဏသီမင်းလည်း မှူးမတ်တို့နှင့်တိုင်ပင်၍ စွမ်းသော မြင်းစီးသူရဲအား မိမိ၏အာဇာနည်မြင်းတော်ကို ပေး၍ တိုက်စေ၏။

မြင်းစီးသူရဲလည်း မြင်းနှင့်တကွ မိမိကိုယ်ကိုပါ စစ်ဝတ်တန်ဆာများဆင်ယင်၍ စီးပြီးလျှင်။ ရန်သူတို့၏တပ်တွင်းသို့ လျှပ်စစ်ကဲ့သို့ အလွန်လျင်မြန်စွာ စီးဝင်၍ တစ်ယောက်သောမင်းကို အရှင်ဖမ်းယူခဲ့၏။

ဤနည်းဖြင့် ဝင်၍ဝင်၍ ဖမ်းဆီးရာ ခြောက်ယောက်ရပြီးနောက် ခုနစ်ယောက်မြောက်၌ မြင်းကိုမြားထိလေ၏။ သွေးများစွာယိုထွက်၍ ကြီးစွာသောဝေဒနာသည်ဖြစ်၏။

မြင်းစီးသူရဲလည်း အာဇာနည်မြင်းအား မင်းအိမ်တံခါး၌ အိပ်စေ၍ အနှောင်အဖွဲ့တန်ဆာများကို ချွတ်ပြီးလျှင် အခြားသော မြင်းတစ်ကောင်ကို တန်ဆာဆင်ခြင်းငှာ အားထုတ်၏။

အာဇာနည်မြင်းလည်း လျောင်းလျက်ပင်မြင်သော် ဤမြင်းစီးသူရဲသည် တစ်ပါးသောမြင်းကိုဖွဲ့၏။ ထိုမြင်းသည် ဗိုလ်ထုကို ခွဲဖျက်၍ ခုနစ်ယောက်မြောက်သောမင်းကို ဖမ်းနိုင်မည်မဟုတ်၊ ငါပြုအပ်သော အမှုလည်း ပျက်လတ္တံ့။ အတုမရှိသော မြင်းစီးသူရဲလည်း ပျက်စီးလတ္တံ့။ မင်းလည်း သူ့လက်သို့ရောက်လတ္တံ့ဟု ကြံလျက်။ အချင်းမြင်းစီးသူရဲ ဤအရေး၌ ငါမှတစ်ပါး အခြားမြင်းတို့ စွမ်းနိုင်မည်မဟုတ်။ စင်စစ်သော်ကား မြားထိ၍ ဝေဒနာကြီးစွာဖြင့် လဲလျောင်းနေသော အာဇာနည်မြင်းသည် သာမညမြင်းတို့ထက် မြတ်သေး၏။ စွမ်းသေး၏။ သို့ကြောင့် ငါ့ကိုသာ ဖွဲ့လောဟု ဆိုပေ၏။

မြင်းစီးသူ့ရဲလည်း ဆိုသည့်အတိုင်း မြားမှန်ရာကို ဖွဲ့စည်းလျက် ကောင်းသော တန်ဆာတို့ဖြင့်ဖွဲ့၍ အာဇာနည်မြင်းဖြင့်ပင် တိုက်လေသော် ခုနစ်ယောက်မြောက် မင်းကိုရလေ၏။ မင်းကြီးလည်း ဝေဒနာဖြင့် လဲနေသော အာဇာနည်မြင်းကို ကြည့်ရှုရန် လာရောက်သော အခါ မြင်းက အရှင်မင်းကြီး– ခုနစ်ပြည်ထောင်သောမင်းတို့ကို မသတ်ပါလင့်။ သစ္စာရေတိုက်၍သာ လွှတ်တော်မူပါ။ အကျွန်ုပ်အတွက် ပေးသနားမည်ဖြစ်သော စည်းစိမ်ဥစ္စာ ဘဏ္ဍာတို့ကို မြင်းစီးသူ့ရဲအားသာ ပေးပါလော့။ အရှင်မင်းကြီးလည်း တရားစောင့်ရစ်တော်မူလေလောဟု ဆိုပြီးနောက် ချပ်ဝတ်အဖွဲ့ကို ချွတ်လေသောခဏ၌ သေဆုံးလေ၏။

မင်းကြီးလည်း မှာထားသည့်အတိုင်း စီမံဆောင်ရွက်လေသတည်း။

ဇာတ်ပေါင်းသော်–
ဗာရာဏသီမင်းသည် ရှင်အာနန္ဒာ ဖြစ်လာ၏။
မြင်းစီးသူ့ရဲသည် အရှင်သာရိပုတ္တရာ ဖြစ်လာ၏။
မြင်းသည် ဘုရားဖြစ်လာ၏။

❐

## ဧကနိပါတ်။

## ၁၄။ နန္ဒိဝိသာလဇာတ် ၂၈

(နန္ဒိ = နှစ်သက်ခြင်း။ ဝိသာလ = ကြီးကျယ်မြင့်မြတ်သော)

## နွားလိမ္မာအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် နှုတ်အာကြမ်းတမ်း ဆဲရေးတတ်သော ရဟန်းတစ်ပါးအား ရုန့်ရင်းကြမ်းတမ်းသောစကားကို တိရစ္ဆာန်တို့ပင် မနှစ်သက်ကြောင်း အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်၌နေသော ပုဏ္ဏားတစ်ယောက်တွင် နန္ဒိဝိသာလမည်သောနွားသည် ရှိ၏။ ထိုနွားကို ကောင်းသောအစာရေစာ နေရာထိုင်ခင်းပေး၍ သားကဲ့သို့ ကျွေးမွေးပြုစုထားပေ၏။

တစ်နေ့သော် နန္ဒိဝိသာလသည် ဤပုဏ္ဏားကား ငါ့အား ကောင်းစွာလုပ်ကျွေး မွေးမြူပေ၏။ ကျေးဇူးဆပ်အံ့ဟုကြံ၍ ပုဏ္ဏား– ဤမြို့ရှိ သူဌေးတစ်ဦးထံသို့သွား၍ ငါ၏နွားသည် ဇမ္ဗူဒိပ်၌ အားအကြီးဆုံးတည်း။ တစ်စပ်တည်း ဖွဲ့အပ်သော လှည်းတစ်ရာကို တစ်ကောင်တည်းဆွဲနိုင်၏ဟုဆို၍ အသပြာတစ်ထောင်ကြေး လောင်းလေလောဟု ဆို၏။

ဆိုသည့်အတိုင်း လောင်းကြေးထပ်ပြီးသော် သဲ ကျောက်စရစ်ပြည့်သော လှည်းတစ်ရာဖွဲ့၍ နန္ဒိဝိသာလအား အမွေးအကြိုင် လိမ်းကြံ တန်ဆာဆင်ယင်၍ တစ်ကောင်တည်း ဆွဲစေ၏။ ထိုသို့ဆွဲစေရာ၌ ပုဏ္ဏားသည် နှင်တံကို ကိုင်မြှောက်၍ ဟဲ့– ကောက်ကျစ်သောနွား

သွားလော့၊ ဟဲ့- ကောက်ကျစ်သောနွား ဝန်ကိုဆောင်လော့ဟု ဆို၍ မောင်းနှင်လေ၏။

ထိုအခါ နွားသည် မကောက်ကျစ်သောငါ့အား ကောက်ကျစ်သောနွားဟု ဆိုရာသည်လောဟု လှည်းတို့ကိုမဆွဲ တင်းတင်းကြဲ့ကြဲ့ ရပ်၍နေလေ၏။ ပုဏ္ဏားလည်း ငွေတစ်ထောင်ရှုံးသည်နှင့် မအီမသာ ဆင်းရဲပင်ပန်းလျက် အိပ်ရာ၌ လျောင်းနေလေ၏။

နန္ဒိဝိသာလလည်း ပုဏ္ဏားသို့ ချဉ်းကပ်၍ အဘယ်ကြောင့် မချမ်းမသာ အိပ်၍နေသနည်းဟုမေး၏။

အသပြာတစ်ထောင်ရှုံးပြီးသည်ကို အဘယ်မှာ ချမ်းသာနိုင်အံ့နည်း။

ပုဏ္ဏား- ငါသည် သင့်အိမ်၌ နေသည်မှာ ကြာလေပြီ။ ငါ့ကြောင့် အိုးတစ်လုံး ကွဲဖူးသလော၊ တစ်စုံတစ်ရာ ပျက်စီးဖူးသလော၊ နေရာမဟုတ် အခါမဟုတ်သည်၌ ကျင်ကြီးကျင်ငယ် စွန့်ဖူးသလော။

ချစ်သား- တစ်စုံတစ်ရာ မရှိပါပေ။

ပုဏ္ဏား- ထိုသို့လျက် အဘယ်ကြောင့် ငါ့ကိုကောက်ကျစ်သောနွားဟု ဆိုဘိသနည်း။ ဤကား သင်၏အပြစ်တည်း။ ငါ့အပြစ်မဟုတ်ချေ။ သို့ကြောင့် ယခုတစ်ဖန် သွား၍ အသပြာနှစ်ထောင်ကြေး လောင်းချေဦးလောဟု ဆိုလေ၏။

ပုဏ္ဏားလည်း လောင်းကြေးထပ်ပြီးလျှင် နန္ဒိဝိသာလ၏ ကျောက်ကုန်း၌ လက်ဖြင့်သပ်၍ ကောင်းသောနွား သွားလော၊ ကောင်းသောနွား ဝန်ကိုဆောင်လောဟု ချိုသာစွာ မောင်းနှင်လေလျှင် နန္ဒိဝိသာလသည် တစ်ဟုန်ချင်းဖြင့် လှည်းတစ်ရာကို ပင်ပန်းခြင်းမရှိ ဆွဲဆောင်လေ၏။

ပုဏ္ဏားလည်း လောင်းကြေးနှစ်ထောင်ကို ရသည့်ပြင် နွားကို ဝိုင်း၍ ချီးမွမ်းကြသော လာဘ်သပ်ပကာတို့ကိုလည်း ရလေသတည်း။

ဇာတ်ပေါင်းသော်–
ပုဏ္ဏားသည် အရှင်အာနန္ဒာ ဖြစ်လာ၏။
နန္ဒိဝိသာလသည် ဘုရားဖြစ်လာ၏။

❐

## ကေနိပါတ်။

## ၁၅။ ကဏှဇာတ် ၂၉
## (ကဏှ = မည်းနက်သော)

## အားကြီးသော နွားလိမ္မာအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တိတ္ထိတို့နှင့် တန်ခိုးပြိုင်ရာ၌ တိတ္ထိတို့သည် မိမိတို့ပြောဆိုသကဲ့သို့ တစ်စုံတစ်ခုသော တန်ခိုးကိုမျှမပြနိုင်။ မြတ်စွာဘုရားသည်သာ မိမိပြုအပ်သော တာဝန်ကို ဆောင်ရွက်နိုင်၏ဟု ရဟန်းတို့ဘောင်၌ စကားဖြစ်ကြရာ ယခုသာ ငါနှင့်ထပ်တူ ဆောင်ရွက်နိုင်သူ မရှိမဟုတ်သေး။ ရှေးတိရစ္ဆာန်ဘဝမှာပင် မရှိဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ သက်ကြီးမတစ်ယောက်တွင် အယျိက ကာဋက ဟူသော နွားတစ်ကောင်ရှိ၏။ ထိုနွားကို ငယ်စဉ်ကစ၍ ကောင်းမွန်သော အစားအစာ နေရာပေးပြီး လျှင် သားကဲ့သို့ကျွေးမွေးလာခဲ့၏။ အလွန်လှပတင့်တယ်၍ ကြီးသော အားရှိ၏။ နူးညံ့၍ စိတ်သဘောကောင်း၏။ ရွာရှိ ကလေးသူငယ်တို့နှင့် ကစားဖက်ဖြစ်၍ ဦးချို၊ နားရွက်၊ အမြီး စသည်တို့ကို ဆွဲ၍လည်းကောင်း၊ ကျောက်ကုန်း၌ စီး၍လည်းကောင်း ကစားကြ၏။

တစ်နေ့သော် ထိုနွားသည် ငါ့အမိကား ငြိုငြင်စွာဖြင့် ငါ့ကို သားကဲ့သို့လုပ်ကျွေးပေ၏။ ငါကျေးဇူးဆပ်အံ့ဟု ကြံစည်လျက်နေ၏။

တစ်နေ့၌ တစ်ယောက်သော လှည်းကုန်သည်သည် လှည်း ငါးရာတို့နှင့် မညီညွတ်သော နေရာအရပ်သို့ ကျရောက်လေ၍ ပါသော နွားတို့သည် လှည်းတို့ကို ထုတ်ဆောင်အံ့သောငှာ မတတ်နိုင်လေ။ အလုံးစုံသော နွားတို့ပင်လည်း လှည်းတစ်စီးကိုမျှ မဆွဲနိုင်ရှိလေ၏။

ထိုအခါ နွားလက္ခဏာကို ကျွမ်းကျင်သော လှည်းမှူးသည် အနီးအနား၌ နွားစွမ်းကောင်းကို ကြည့်သော် အယျိကာ ကာဠကကို မြင်မှ နွားကျောင်းသားတို့အား ဤနွားကို ငါသည် အခနှင့်ယူ၍ လှည်းတို့ကို ထုတ်ဆောင်စေလို၏ဟု ဆို၏။ နွားကျောင်းသားတို့က လည်း နွားရှင် ဤမှာမရှိ၊ သို့ရာတွင် အခနှင့်ဖြစ်လျှင် ယူ၍ က လော ဟု ဆိုကြလေ၏။

လှည်းမှူးလည်း နွားကကြိုးဖြင့် ငင်သည်ရှိသော် လှုပ်စိမ့်အံ့ သောငှာပင် မတတ်နိုင်လေ။ အခ လိုယောင်တကားဟု ချစ်သား– လှည်းငါးရာကို ဆောင်နိုင်သော် တစ်စီးလျှင် နှစ်သပြာကျ အသပြာ တစ်ထောင်ပေးအံ့ဟု ဆိုလေမှ၊ အလိုအလျောက် လိုက်သွားလေ၏။

အလွန်အားကြီး အစွမ်းကောင်းသည်ဖြစ်၍ လှည်းငါးရာတို့ကို မကြာမီ ထုတ်ဆောင်ပြီးလေ၏။ လှည်းကုန်သည်တို့လည်း နွားသာ တကားဟု လှည်းတစ်စီးလျှင် တစ်သပြာကျ သပြာငါးရာကိုထုတ်၍ နွား၏လည်၌ ဆွဲပေးလေ၏။

နွားလည်း မမှန်မကန်ပြုသည်ကို သိ၍ လှည်းတို့ကို သွားခွင့် မပေးဘဲ ရှေ့က တားဆီးလျက်နေလေ၏။ မည်သို့မျှ ထိုနွားကို ဖယ်ရှားခြင်းငှာ မတတ်နိုင်ကြလေ။

ထိုအခါမှ ဆိုသည့်အတိုင်း အသပြာတစ်ထောင်ကို လည်၌ ဆွဲပေးရလေ၏။ နွားကျောင်းသားတို့လည်း မည်သည်ကို ဆွဲပေးလေ

သနည်းဟု ကြည့်ရှုရန် နွားအနီးသို့ ချဉ်းကပ်လာကြသောအခါ နွား
သည် အကပ်မခံဘဲ ခြောက်လှန့်၍ ပြေးစေ၏။

နွားလည်း ဥစ္စာကိုယူခဲ့၍ အမိထံသို့လာ၏။ အမိအိုလည်း အသပြာကိုမြင်၍ နွားကျောင်းသားတို့ကို မေးမြန်းသိရသော် ချစ်သား-သင်သည် ရအပ်သောအခဖြင့် ငါ့ကို ကျွေးမွေးလိုသလော။ အဘယ်ကြောင့် ဤသို့သောဆင်းရဲကို ခံလေဘိသနည်းဟု ဆိုမည်ပြီးလျှင် ရေချိုးဖြင့် ရေမိုးချိုးပေး၍ အစာအာဟာရကို ကျွေးမွေးပြုစုလေသတည်း။

ဇာတ်ပေါင်းသော်-
သက်ကြီးသည် ဥပ္ပလဝဏ် ဖြစ်လာ၏။
အယျိကာ ကာဠကသည် ဘုရားဖြစ်လာ၏။

❒

ကေနိပါတ်။

## ၁၆။ မုနိကဇာတ် ၃၀

## မုနိက ဝက်အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် အပျိုကြီး ဖျားယောင်း၍ ပျက်စီးအံ့ဆဲဆဲဖြစ်သော ရဟန်းတစ်ပါးအား သင်သည် ရှေးကလည်း ဤအပျိုကြီးကို စွဲ၍ အသက်ဆုံးရှုံးလေပြီဟု အောက်ပါဇာတ်ကို ဟော်တော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည် တစ်ခုသော ရွာငယ်၌ တစ်ဦးသော သူကြွယ်သည် မိမိသမီးပျို၏ထိမ်းမြားမင်္ဂလာပွဲ၌ လာရောက်သော ဧည့်သည်တို့ကို အကျွေးအမွေးနှင့် ဧည့်ခံရန် မုနိက မည်သော ဝက်တစ်ကောင်ကို ယာဂုထမင်း ကျွေးမွေး၍ မွေးမြူထားလေ၏။

ထိုအခါ အိမ်၌ရှိသော နွားထီးညီနောင်နှစ်ကောင်တို့ မြင်၍ ညီနွားငယ်က အစ်ကို နွားကြီးအား မိမိတို့သည် အိမ်၌ အမှုဆောင်ရွက်ရပါလျက် မြက်၊ သစ်ရွက် စသည်တို့ကို စားသောက်ရ၏။ ထိုဝက်မူကား တစ်စုံတစ်ရာ အမှုမဆောင်ဘဲ ယာဂုထမင်းကို စားရ၏။ အသို့နည်းဟု မေး၏။

အစ်ကိုနွားကြီးကလည်း သင်သည် ဝက်၏အစာကို မနှစ်သက်လင့် ထိုဝက်သည် သေအံ့သောထမင်းကို စား၏။ ထိမ်းမြားမင်္ဂလာပွဲတွင် ဧည့်ခံရန် အသားမွေးမြူခြင်းဖြစ်၏။ မကြာမီ ထိုဝက် ပျက်စီးခြင်းကို သင်မြင်ရလတ္တံ့ဟု ဆိုလေ၏။

နောက် ၃၊ ၄ ရက်မျှကြာသော် မင်္ဂလာပွဲကျရောက်၍ ထိုဝက်ကို သတ်ပြီးလျှင် ဧည့်ခံကျွေးမွေးလေ၏။

ထိုအခါ အစ်ကိုနွားကြီးက အသင်ညီငယ်– ဝက်၏အဖြစ်ကို မြင်ပြီလောဟု မေး၏။

နွားငယ်ကလည်း အကျွန်ုပ်သည် မုနိကဝက် စားရသောအစာ၏ အကျိုးအပြစ်ကို မြင်ပါပြီ။ ထိုအစာထက် အကျွန်ုပ်တို့၏ မြက်၊ သစ်ရွက်၊ ဖွဲတို့က အဆပေါင်းများစွာ မြတ်ပေ၏။ အပြစ်လည်းကင်း၏။ အသက်လည်း ရှည်ပေ၏ဟု ပြန်ပြောလေသတည်း။

ဇာတ်ပေါင်းသော်–

မုနိကဝက်သည် ငြီးငွေ့သောရဟန်း ဖြစ်လာ၏။

သမီးပျိုသည် အပျိုကြီး ဖြစ်လာ၏။
နွားငယ်သည် အာနန္ဒာ ဖြစ်လာ၏။
နွားကြီးသည် ဘုရား ဖြစ်လာ၏။

□

## ကေနိပါတ်။

### ၁၇။ ကုလာဝကဇာတ် ၃၁

ကုလာဝက = ငှက်သိုက် (ဂဠုန်ငယ်တို့ရှိသောအသိုက်။ ဂဠုန်ငယ်)

### သိကြားနှင့် အသုရာတို့အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ပိုးပါသောရေကို သိလျက်နှင့် မစစ်ဘဲသောက်သော ရဟန်းတစ်ပါးအား သူတစ်ပါးတို့အသက်ကို ရှောင်ကြဉ်အပ်ကြောင်း အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ မာဂဓတိုင်း ရာဇဂြိုဟ်ပြည် မစလရွာငယ်၌ မာဃအမည်ရှိသော မြတ်သောအမျိုးသားတစ်ယောက်သည် အလှူဒါနတို့၌ မွေ့လျော်၍ ငါးပါးသီလမြဲ၏။ အထူးကား သူတစ်ပါးတို့ ချမ်းသာအောင် ဆောင်ရွက်တတ်သောသဘောရှိ၏။

တစ်ရံသော် မာဃလုလင်သည် မိမိတည်ရာအရပ်၌ ခြေတို့ဖြင့် မြေမှုန့်ကိုယက်၍ အရပ်ကို မွေ့လျော်ဖွယ်ရှိအောင် ပြု၍နေ၏။ ထိုအခါ တစ်ယောက်သောသူသည် ထိုအရပ်သို့လာ၍ နေလတ်၏။ မာဃလုလင်လည်း အခြားတစ်နေရာ၌ ရှေးနည်းအတူ နေပြန်၏။

ထိုအရပ်သို့လည်း အခြားတစ်ယောက် လာရောက်နေပြန်၏။ ဤသို့လျှင် အခြားခြားသောနေရာတို့ကို မွေ့လျော်ဖွယ်ရှိအောင် ပြုလေချည်းသည်သာတည်း။

နောက်အခါ ထိုအရပ်၌ မဏ္ဍပ်ဆောက်၏။ အတန်ကြာသော် ထိုမဏ္ဍပ်နေရာ၌ ဇရပ်ဆောက်၍ သောက်ရေအိုးတို့ကိုလည်း တည်ထား၏။

ထိုမစလရွာ၌ပင် သုံးကျိပ်သုံးယောက်သော အမျိုးသားတို့သည်လည်း မာဃလုလင်နှင့် သဘောဆန္ဒတူညီလျက် မာဃလုလင်ကို စွဲ၍ ငါးပါးသီလ မြဲကုန်၏။ ထိုသူတို့သည် မာဃလုလင်နှင့်ပေါင်းစည်းကြပြီးလျှင် လူသွားလူလာလမ်းတို့ကိုလည်းကောင်း၊ လှည်းလမ်းတို့ကိုလည်းကောင်း ကုသိုလ်ဖြစ် မိမိတို့ကိုယ်တိုင် ပြုလုပ်ပြင်ဆင်ကြ၏။ တံတားခင်းခြင်း၊ ရေတွင်းရေကန်တူးခြင်း၊ ဇရပ်ဆောက်ခြင်း၊ အလှူပေးခြင်း၊ သီလဆောက်တည်ခြင်းတို့ကိုလည်း ပြုကြကုန်၏။ ထိုသူတို့ကိုစွဲ၍ အလုံးစုံသော ရွာသားတို့လည်း တရားစောင့်ခြင်းသို့ ရောက်ကြလေကုန်၏။

ထိုအခါ မစလရွာစားသည် ရှေးအခါ၌ ရွာသားတို့သည် သောက်စားမူးယစ် မတရားများသည်ဖြစ်၍ အမှုအခင်း များပြားသဖြင့် ငါ့အား လာဘ်သပ်ပကာ များစွာရ၏။ ယခု မာဃလုလင်ကိုစွဲ၍ ရွာသားတို့ တရားစောင့်သည်နှင့် ငါ့အား လာဘ်သပ်ပကာယုတ်၏။ သို့ကြောင့် မာဃလုလင်တို့ ပျက်စီးစေအံ့ဟုကြံ၍ မင်းထံသို့ကပ်ပြီးလျှင် ထိုသူတို့သည် ရွာကိုဖျက်ဆီးလျက် သွားကြပါသည်ဟု လျှောက်တင်လေ၏။

မင်းလည်း စစ်ဆေးဆင်ခြင်ခြင်းမရှိဘဲ ထိုသူတို့ကို ဆင်ဖြင့်နင်း၍ သတ်စေဟု အမိန့်ပေးလိုက်လေ၏။

ဆင်ဖြင့် နင်းအုံ့ဆဲဆဲ၌ မာဃလုလင်သည် မိမိ၏ငယ်သားတို့အား သီလကို ဆင်ခြင်၍ ရွာစား၊မင်း၊ ဆင် ဤသုံးဦးတို့၌ ကြီးစွာသော မေတ္တာကို ထားကြလောဟု ဆုံးမထားလေ၏။ ငယ်သားတို့လည်း လိုက်နာကျင့်ဆောင်ကြ၏။

မာဃလုလင်တို့၏ သီလ မေတ္တာတို့ကြောင့် ဆင်တို့ကို အကြိမ်ကြိမ် နင်းစေသော်လည်း ဆင်တို့ မနင်းဝံ့ဘဲ အနီးသို့ရောက်က အော်၍သာ ပြေးကြလေကုန်၏။

ထိုအကြောင်းကို မင်းကြားသော် ဆေးစွမ်းကောင်းရှိသောကြောင့် ဖြစ်တန်ရာ၏ဟု ထိုသူတို့ကိုယ်၌ရှာစေ၏။ မတွေ့မှ တစ်ဖန်ဂါထာမန္တန်အစွမ်းကြောင့် ဖြစ်တန်ရာ၏ဟု မေးမြန်းစေ၏။

ထိုအခါ မာဃလုလင်က အကျွန်ုပ်တို့၌ အခြားမန္တန်မရှိပါ။ ငါးပါးသီလ မြဲပါသည်။ အလှူပေးပါသည်။ ခရီးလမ်းတို့ကို ပြုပြင်၍ ရေတွင်းရေကန်တူးပါသည်။ ဇရပ်များ ဆောက်ပါသည်။ အထူးသဖြင့် အလုံးစုံသော သတ္တဝါတို့ကို မိမိနှင့်ထပ်တူ မေတ္တာထား ပါသည်။ ဤသည်တို့ကား အကျွန်ုပ်တို့အား ကာကွယ်သော မန္တန်ပင် မည်ပါတော့သည်ဟု လျှောက်လေ၏။

မင်းကြီးလည်း အလွန်ကြည်ညိုသည့်နှင့် ကုန်းတိုက်သော ရွာစားကိုလည်းကောင်း၊ ထိုသူ၏ စည်းစိမ်ဥစ္စာတို့ကို လည်းကောင်း၊ ဆင်တို့ကိုလည်းကောင်း မာဃလုလင်တို့အား ပေး၍ ပူဇော်လေ၏။

ထိုအခါမှစ၍ မာဃလုလင်တို့သည် ကုသိုလ်ကောင်းမှုတို့ကို တိုးတက်ပြုလုပ်ကြလျက် ခရီးလမ်းမလေးဆုံ၌ ကြီးကျယ်ခမ်းနားတင့်တယ်လှပသော ဇရပ်ကြီးတစ်ဆောင်ကို ဆောက်ကြလေ၏။

ထိုအခါ မာဃလုလင်အိမ်၌ရှိသော မိန်းမလေးယောက်တို့အနက် သုဓမ္မာကား ထိုဇရပ်၏ အထွတ်ထုပိကာ အလှူပါဝင်၏။

သုစိတ္တာကား ထိုဇရပ်အနီး ပတ်ဝန်းကျင်၌ အသီးအပွင့်နှင့် ပြည့်စုံသော မွှေ့လျော်ဖွယ်ရှိသော ဥယျာဉ်ကိုပြု၏။ သုနန္ဒာကား ကြာမျိုးငါးပါးနှင့် ပြည့်စုံသော မွှေ့လျော်ဖွယ်ရှိသော ရေကန်ကိုပြု၏။ လေးယောက်မြောက် သုဇာတာသော်ကား တစ်စုံတစ်ခုသော ကောင်းမှုကုသိုလ်ကိုမျှ ပါဝင်ခြင်းကို မပြုလေ။

မာဃလုလင်တို့သည် ဤသို့လျှင် ကောင်းမှုအမျိုးမျိုးပြု၍ အသက်၏အဆုံး၌ သိကြားမင်း ဖြစ်လေ၏။ သုံးဆယ့်သုံးယောက်သော အဆွေခင်ပွန်းတို့သည်လည်း တာဝတိံသာနတ်ပြည်၌ နတ်များဖြစ်ကြလေ၏။

ထိုကာလ၌ တာဝတိံသာနတ်ပြည်တွင် အသုရာတို့ နေကြကုန်၏။ သိကြားမင်းသည်လည်း သူတစ်ပါးတို့နှင့် မင်းပြိုင်ပြုရသော အဘယ်မူအံ့နည်းဟု အသုရာတို့ကို နတ်ပြည်၌ဖြစ်သော အဖျော်သေရည်တို့ကို သောက်စေ၍ မူးယစ်လေလျှင် မြင်းမိုရ်တောင်ခြေရင်းသို့ ပစ်ချ အသုရာပြည်သို့ ရောက်လေကုန်၏။

အသုရာပြည်သည်ကား မြင်းမိုရ်တောင်၏ အောက်အပြင်၌ရှိ၍ တာဝတိံသာနတ်ပြည်နှင့် ပမာဏတူ၏။ ထိုအရပ်၌ တာဝတိံသာနတ်တို့၏ ပင်လယ်ကသစ်ပင်နှင့်တူသော တစ်ကမ္ဘာပတ်လုံးတည်သော သခွပ်ပင်သည် ရှိ၏။

အသုရာတို့သည် ထိုသခွပ်ပင်ပွင့်မှ နတ်ပြည်မဟုတ်ကြောင်း သိသည်နှင့် သိကြားမင်းအား တက်၍ စစ်ပြု၏။ ရှေးဦးစွာ သိကြားမင်း အရေးနိမ့်၍ တောင်သမုဒ္ဒရာအပြင်သို့ မာတလိနတ်သား မောင်းနှင်အပ်သော ဝေဇယန္တာရထားဖြင့် နှင်၍ ပြေး၏။

ထိုအခါ ရထား၏အဟုန်ကြောင့် လက်ပံပင်တို့ ပြတ်လဲကျလေရာ ထိုလက်ပံတောရှိ ဂဠုန်ငယ်တို့လည်း သမုဒ္ဒရာအပြင်၌ ကျလေ

သဖြင့် သည်းစွာမြည်ကြကုန်၏။ ထိုအခါ သိကြားမင်းသည် မိမိ၏ စစ်မှုအတွက် ဂဠုန်ငယ်တို့ ပျက်စီးခြင်းမဖြစ်စေလိုသဖြင့် အခြားသော ခရီးဖြင့်နှင်ရန် ရထားကိုလှည့်၍ ပြန်စေ၏။

အသုရာတို့သည်ကား ပြန်လာသောရထားကိုမြင်လျှင် အခြားသော စကြဝဠာမှ သိကြားတို့နှင့် စစ်အင်ဖြည့်၍လာသည်ဟု ထင်မှတ်ကြောက်ရွံ့ အသုရာပြည်တွင်းသို့ ပြေးဝင်ကြလေ၏။

သိကြားနှင့် အသုရာတို့သည် အရှုံးအနိုင်မရှိကြ။ တစ်ဖက်ဖက်က အားရှိသည့်အခါတို့၌ လာရောက်တိုက်ခိုက် စစ်ပြုလေ့ရှိကြ၏။ သို့ရာတွင် လုံးဝ အရှုံးအနိုင်ကား မရှိကြလေ။

သိကြားမင်းသည် တာဝတိံသာနှင့် အသုရာတို့ပြည်အကြား ပထမအာလိန်၌ နဂါးတို့ကိုလည်းကောင်း၊ ဒုတိယ အာလိန်၌ဂဠုန်တို့ကို လည်းကောင်း၊ တတိယအာလိန်၌ ကုမ္ဘဏ်တို့ကိုလည်းကောင်း၊ စတုတ္ထအာလိန်၌ ဘီလူးတို့ကိုလည်းကောင်း၊ ပဥ္စမအာလိန်၌ စတုမဟာရာဇ် နတ်မင်းကြီးလေးပါးတို့ကိုလည်းကောင်း အစောင့်အရှောက်ထား၍ နတ်စည်းစိမ်ကို ခံစားလေ၏။

ထိုမာဃလုလင် သိကြားမင်းဖြစ်သော် သုဓမ္မာသည် စုတေခဲ့၍ သိကြားမင်းမိဖုရားကြီး ဖြစ်လာ၏။ ထုပိကာလှူရသော ကောင်းမှုကြောင့် သုဓမ္မာနတ်သဘင်သည် ဖြစ်၏။ သုစိတ္တာလည်း မိဖုရားပင် ဖြစ်လာ၍ ဥယျာဉ်လှူခဲ့သော ကောင်းမှုကြောင့် စိတ္တလတာဥယျာဉ်သည် ဖြစ်၏။ သုနန္ဒာလည်း မိဖုရားပင် ဖြစ်လာ၍ ရေကန်လှူခဲ့သော ကောင်းမှုကြောင့် နန္ဒာကန်သည် ဖြစ်လာ၏။ သုဇာတာမူကား တစ်စုံတစ်ရာ ကောင်းမှုမပြုခဲ့သောကြောင့် တစ်ခုသော တောအုပ်ရှိ ချောက်၌ ဗျိုင်းမ ဖြစ်လေ၏။

သိကြားမင်းလည်း ငါ့ထံ၌ သုဇာတာကိုမမြင် အဘယ်မှာရှိလေသနည်းဟု ဆင်ခြင်သော် ဗျိုင်းမ ဖြစ်နေကြောင်းကို သိမှ

နတ်ပြည်သို့ဆောင်၍ သုဓမ္မာ၊ သုစိတ္တာ၊ သုနန္ဒာတို့ မိမိထံ၌ ဖြစ်လာပုံ၊ သဘင်၊ ဥယျာဉ်၊ ရေကန်တို့ ဖြစ်လာပုံများကို ပြသအားကျစေပြီးမှ သင်ကား ကုသိုလ်မပြုခဲ့၍ ယခု ဗျိုင်းမ ဖြစ်လျက်နေရ၏။ ယနေ့မှစ၍ သီလကိုစောင့်လောဟု ဆုံးမပြီးလျှင် ချောက်သို့ပြန်လွှတ်လိုက်လေ၏။

ဗျိုင်းမလည်း ပဉ္စသီလစောင့်၍ နှစ်ရက်မျှလွန်သော် သီလစောင့် မစောင့် သိနိုင်ရန် စုံစမ်းအံ့ဟု သိကြားမင်းသည် ငါးသေဟန်ဆောင်လျက် ဗျိုင်းမရှေ့၌ ပက်လက်အိပ်၏။ ဗျိုင်းမလည်း ငါးသေအထင်ဖြင့် ဖမ်းယူရာ ငါးသည် လှုပ်လေလျှင် အရှင်သာတကားဟု မစားဘဲ လွှတ်လိုက်လေ၏။

သိကြားမင်းလည်း ကောင်းစွ– ကောင်းစွ၊ သီလကို ကောင်းစွာစောင့်နိုင်လတ္တံ့ဟု နှလုံးသွင်း၍ ဖဲလေ၏။

ဗျိုင်းမ စုတေလျှင် သီလ၏အကျိုးဆက်ကြောင့် ဗာရာဏသီပြည်၌ အိုးထိန်းသည်၏သမီး ဖြစ်လာ၏။ သိကြားမင်းလည်း ဆင်ခြင်ပြန်သော် ထိုအဖြစ်ကိုသိ၍ လှည်းတွင် ရွှေသခွားသီးအပြည့် တင်ပြီးကာ လူအိုအသွင်ဖြင့် ထိုရွာသို့လာ၍ မိမိသခွားသီးကို အဖိုးဖြင့်မရောင်း၊ သီလစောင့်သူအား ပေးအံ့ဟု ဟစ်လေ၏။ ရွာသူရွာသားတို့လည်း သီလဆိုသည်ကို ငါတို့မသိ၊ သင့်ပစ္စည်းလည်း သခွားသီးလည်း ဟုတ်မည်မထင်ဟု ဆိုကြလေ၏။

အိုးထိန်းသည်သမီးသည်ကား အကျွန်ုပ် သီလစောင့်ပါ၏ဟု ဆို၍ ယူထားလိုက်လေ၏။ ရသောစည်းစိမ်ကို ခံစားလျက် သီလနှင့်ပြည့်စုံစွာ စုတေခဲ့သော် အသုရာမင်း၏သမီး ဖြစ်လာ၏။ သီလ၏အကျိုးဆက်ကြောင့် အလွန်လှပတင့်တယ် ရှုချင်စဖွယ်သော အဆင်းနှင့် ပြည့်စုံ၏။

အသုရာမင်းလည်း မိမိသမီး အရွယ်သို့ရောက်သော် ပန်းကုံးစွပ်ပွဲပြု၍ လင်ရွေးစေ၏။ ထိုပွဲသို့ သိကြားမင်းလည်း လူအိုယောင်ဆောင်၍ လာခဲ့သည်ဖြစ်ရာ သုဇာတာမြင်လျှင် ရှေးက ပေါင်းသင်းဖူးသော မေတ္တာအဟုန်ကြောင့် အလွန်နှစ်သက် စုံမက်သည်နှင့် ထိုလူအိုကို ပန်းကုံးစွပ်လေ၏။

သိကြားမင်းလည်း သုဇာတာကိုယူ၍ နှစ်ကုဋေ ငါးသန်းကုန်သော ကချေသည်တို့၏ အကြီးပြု၍ မိဖုရားကြီးတစ်ပါးအဖြစ်ဖြင့် ချီးမြှောက်ထားလေသတည်း။

ဇာတ်ပေါင်းသော်–
မာတလိသည် အာနန္ဒာ ဖြစ်လာ၏။
သိကြားသည် ဘုရားဖြစ်လာ၏။

❐

**ကေနိပါတ်။**

**၁၈။ နစ္စဇာတ် ၃၂**
**(နစ္စ = ကခြင်း)**

## အရှက်မဲ့၍ အကျိုးယုတ်သော ဥဒေါင်းငှက်အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် များစွာသော ဥစ္စာဘဏ္ဍာစုဆောင်းသော ရဟန်းအား ဆုံးမတော်မူရာ ထိုရဟန်းသည် အမျက်ထွက်၍ သင်းပိုင်ကိုယ်ရုံတို့ကို စွန့်ပြီးလျှင် ဤသို့ အချည်းနီး ကျင့်ရအံ့လောဟု မြတ်စွာဘုရားရှေ့၌ ရပ်၏။

ပရိသတ်တို့က များစွာပြစ်တင်ကဲ့ရဲ့ကြသည်နှင့် ထွက်ပြေးပြီးလျှင် လူထွက်သွားလေ၏။ ဤရဟန်းနှင့်စပ်၍ ရှေးကလည်း အရှက်အကြောက် ကင်းမဲ့သဖြင့် မိန်းမရတနာမှ ဆုံးရှုံးဖူးလေပြီဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ကမ္ဘာဦး၌ အခြေလေးချောင်းသတ္တဝါတို့တွင် ခြင်္သေ့မင်းပြု၏။ ငါးတို့တွင် အာနန္ဒငါးကြီး မင်းပြု၏။ ငှက်တို့တွင် ဟင်္သာမင်း မင်းပြု၏။

ထိုဟင်္သာမင်းသည် မိမိ၏ အလွန်လှပတင့်တယ်သော သမီးဟင်္သာမငယ်အား အလိုရှိသောလင်ကို ရွေးချယ်ယူနိုင်ရန် ငှက်အပေါင်းတို့ကို စည်းဝေးစေ၏။ ဟင်္သာမငယ်လည်း ငှက်အပေါင်းတို့တွင် ကြည့်ရှုစုံစမ်း၍ အလွန်လှပ ဆန်းကြယ်သော ဥဒေါင်းငှက်ငယ်ကို ရွေးချယ်ယူလေ၏။ ဟင်္သာမင်းလည်း သဘောတူလေ၏။

အခြားငှက်အပေါင်းတို့လည်း ဥဒေါင်းငယ်အား အချင်း သင်သည် အလွန်ကံကောင်းအကြောင်းသင့်၍ လှပဆန်းကြယ် တင့်တယ်ခြင်းလည်းရှိပေ၏။ အထောင်အသောင်းမကသော ငှက်အပေါင်းတို့တွင် သင့်ကိုသာလျှင် ဟင်္သာပျိုမ ရွေးချယ်လေသည်တကားဟု အလွန်ဝမ်းမြောက်ဖွယ်ရှိစွတကားဟု ဆိုကြကုန်၏။

ထိုအခါ ဥဒေါင်းငယ်သည် သွေးမြောက်လျက် ထိုငှက်တို့သည် ငါ၏ အလုံးစုံသောအစွမ်းသတ္တိတို့ကို မသိသေးယောင်တကား၊ တိုးတက်တင့်တယ်မိအောင် ငါ က၍ပြဦးအံ့ဟု အမြီးအတောင်တို့ကို ဖြန့်လျက် ကပြလေရာ မဖုံးလွှမ်း မကျစ်လျစ်သောအဖြစ်သို့ ရောက်လေ၏။

ဟင်္သာမင်းလည်း ဤဥဒေါင်းသည် အရှက်အကြောက်ကင်းမဲ့စွာ၏။ ငါ၏သမီးကို မပေးတော့ပြီဟုဆို၍ မိမိတူတော် ဟင်္သာပျိုနှင့် ပေးထိမ်းမြားလိုက်လေ၏။

ဥဒေါင်းငယ်လည်း ဟင်္သာမငယ်မှ ဆုံးရှုံး၍ ရှက်ကြောက်ဝမ်းနည်းစွာနှင့် ပျံပြေးရလေသတည်း။

**အရှက်အကြောက်ကို သိမ်းဆည်းကြရာ၏။**

ဇာတ်ပေါင်းသော်–

ဥဒေါင်းငှက်သည် ထိုရဟန်း ဖြစ်လာ၏။

ဟင်္သာမင်းသည် ဘုရားဖြစ်လာ၏။

❐

**ကောနိပါတ်။**

**၁၉။ သမ္မောဒမာနဇာတ် ၃၃**

**(သမ္မောဒန = ညီညွတ်ဝမ်းမြောက်ခြင်း)**

## အချင်းချင်း မသင့်တင့်ကြ၍ ပျက်စီးသော ငုံးတို့အကြောင်း

မြတ်စွာဘုရားသည် ကပိလဝတ်ပြည်၊ နိဂြောဓာရုံကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဆွေတော်မျိုးတော်တို့ အချင်းချင်း အငြင်းအခုံ ခိုက်ရန်ဖြစ်ကြသည်ကိုစွဲ၍ ဆုံးမစကားအနေဖြင့် အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ မုဆိုးတစ်ယောက်သည် ကွန်ဖြင့် ငုံးများစွာကိုဖမ်း၍ ရောင်းချစားသောက်လေ့ရှိ၏။ ထိုသို့ ငုံးအများပျက်စီးဖန်များသော် ငုံးမင်းသည် ဤသို့ဆို၏။ အချင်းတို့– ငါတို့ငုံး

အများ ပျက်စီးလှလေပြီ။ ညီညွတ်ခြင်းဖြင့် ငါတို့ လွတ်ကြကုန်အံ့။ နောက်တစ်ကြိမ် ကွန်ပစ်သော် ကွန်ပေါက်တစ်ခုစီတစ်ခုစီ၌ ဦးခေါင်းတို့ကို လျှို၍ တညီတညွတ်တည်း ကွန်ကိုချီဆောင်၍ ဆူးရှိသော ချုံထက်သို့ ပုံချပြီးမှ သင်တို့သည် ချုံ၏အောက်အဖို့ဖြင့် ငှ့လျှိုး၍ ပြေးကြကုန်လောဟု သင်ပေးထားလေ၏။

နောက်တစ်ကြိမ် ကွန်တွင်မိကြသော် သင်ထားသည့်နည်းအတိုင်းဖြင့် ငုံးအပေါင်းတို့ လွတ်ပြေးလေ၏။ မုဆိုးမှာ ကွန်ကို ဆူးချုံမှ ထွင်၍ယူနေရသည်နှင့် တစ်နေ့အချိန်ကုန်သည်ဖြစ်၍ အိမ်သို့ လက်ချည်းသာ ပြန်ရလေ၏။

ဤသို့ နှစ်ရက်သုံးရက် လက်ချည်းသာ အိမ်သို့ပြန်ရသော် မုဆိုး၏ မယားသည် အမျက်ထွက်၍ သင်၌ အခြားလုပ်ကျွေးရသော မယားတစ်ယောက် ရှိသေးယောင်တကားဟု ဆိုလေ၏။

မုဆိုးကလည်း ရှင်မ– မရှိပါ။ စင်စစ်သော်ကား ငုံးအပေါင်းတို့ ညီညွတ်စွာ ပြုမူကြသဖြင့် ငုံးမရခြင်း ဖြစ်ပါသည်။ မစိုးရိမ်လင့်၊ အကြင်အခါ ငုံးတို့ မသင့်မတင့် မညီမညွတ် ဖြစ်ကြအံ့။ ထိုအခါ အလုံးစုံသော ငုံးတို့ကိုဖမ်း၍ သင်၏စိတ်ကျေနပ်ဖွယ် ငါ လက်ရောက်ပေးပါအံ့ဟု ဆိုလေ၏။

ထို့နောက် နှစ်ရက်သုံးရက်လွန်သော် ငုံးတစ်ကောင်သည် ကျက်စားရာအရပ်သို့ ထွက်သည်ရှိသော် အခြားသော ငုံးတစ်ကောင်၏ ဦးခေါင်းကို အမှတ်မဲ့နင်းမိ၏။ ထိုကစ၍ အငြင်းအခုံ ခိုက်ရန်ဖြစ်လျက် စိတ်ဝမ်းကွဲကြလေ၏။

ငုံးမင်းလည်း ယခုအခါ ငါတို့အမျိုးသားတို့သည် မသင့်မတင့် မညီမညွတ်ဖြစ်ကြကုန်ပြီ။ နောက်တစ်ကြိမ် ကွန်ကို မချီနိုင်ရှိလတ္တံ့။ မုဆိုး၏ လက်တွင်းသို့ ရောက်ကြရတော့မည် မချွတ်တည်းဟုကြံ၍

မိမိအလိုသို့ပါသော ပရိသတ်ကိုဆောင်၍ အခြားအရပ်သို့ သွားကြလေ၏။

ကျန်ရစ်သောငုံးတို့မှာ နောက်တစ်ကြိမ် ကွန်တွင်မိသော် မညီမညွတ် မသင့်တင့်ကြသည်နှင့် သူချီလော၊ ငါချီလောဟု ငြင်းခုံကြစဉ် မုဆိုး လာရောက်ဖမ်းဆီး ယူဆောင်သွားလေသတည်း။

**မသင့်မတင့် မညီညွတ်ခြင်းသည် ပျက်စီးခြင်း၏အကြောင်းတည်း။**

ဇာတ်ပေါင်းသော်–
မလိမ္မာသော ငုံးသည် ဒေဝဒတ် ဖြစ်လာ၏။
ပညာရှိငုံးမင်းသည် ဘုရား ဖြစ်လာ၏။

□

## ကေနိပါတ်။

## ၂၀။ ဝဋ္ဋကဇာတ် ၃၅
## (ဝဋ္ဋက = ငုံးငှက်)

## ငုံးမင်းဇာတ်

မြတ်စွာဘုရားသည် မာဂဓတိုင်း၌ ရဟန်းများစွာတို့နှင့် ဒေသစာရီ ကြွချီတော်မူစဉ် တောမီးအတွင်းသို့ ကျရောက်လေရာ အချို့သော ပုထုဇဉ် ရဟန်းတို့သည် ထိတ်လန့်ကြောက်ရွံ့ကုန်လျက် မီးကိုငြိမ်းသတ်ရန် အပန်းတကြီး အားထုတ်ကြလေ၏။ အချို့သောရဟန်းတို့ကလည်း ငါ့ရှင်တို့ မြတ်စွာဘုရားရှိလျက် တောမီးကို စိုးရိမ်ရသလော၊ ခြေရင်းတော်သို့ ချဉ်း

ကြကုန်ဟုဆို၍ အလုံးစုံသော ရဟန်းတို့ကို ခြေရင်းတော်၌ စဝေးစေ၏။ တောမီးလည်း ပြင်းစွာတောက်လောင်လျက်လာရာ ခြေရင်းတော်အနီးသို့ ရောက်သော် ရေဖြင့်ငြိမ်းဘိသကဲ့သို့ တစ်မုဟုတ်ချင်း အလုံးစုံငြိမ်းလေ၏။

ရဟန်းတို့လည်း မြတ်စွာဘုရား တန်ခိုးတော်ကို ချီးကျူးကြသည်တွင် ဤမီးမလောင်ရာအရပ်သည် ရှေးငုံးမင်းဖြစ်စဉ်က ပြုအပ်သော သစ္စာတန်ခိုး ကြောင့်ဖြစ်၏ဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဘုရားအလောင်းသည် မာဂဓတိုင်း၊ ထိုတောမီးလောင်ရာအရပ်၌ ဥမှပေါက်စ ငုံးငယ်ဖြစ်လေ၏။

ထိုအခါ ကြီးစွာသောတောမီးသည် နှစ်စဉ်လောင်နေကျ အတိုင်း ပြင်းစွာလောင်လာလေ၏။ ငှက်အပေါင်းတို့လည်း ပြေးကြကုန်၏။ ထိုငုံးငယ်၏ မိဘများလည်း သားငယ်ကို မချီယူနိုင်ဘဲ ပြေးကြလေ၏။

ထိုအခါ ငုံးငယ်မှာ မိဘများလည်းမရှိ၊ အတောင်နှ၍ ပျံခြင်းငှာ လည်းမစွမ်း၊ ခြေများနှ၍ ပြေးခြင်းငှာလည်းမစွမ်း ရှိနေရာ ငါ၌ အားကိုးရာ တစ်စုံတစ်ရာမရှိပြီ၊ အသို့ပြုရအံ့နည်းဟု ကြံ၏။ အကြံတစ်ခု ဖြစ်လာသည်ကား။

လောက၌ သီလ၏ကျေးဇူးသည်ရှိ၏။ သီလ၊ မေတ္တာ၊ ကရုဏာနှင့်ပြည့်စုံသော မြတ်စွာဘုရားတို့သည်လည်း ရှိကုန်၏။ ထိုမြတ်စွာ ဘုရားတို့ကို လည်းကောင်း၊ သီလဂုဏ်ကျေးဇူးတို့ကို လည်းကောင်း ဆင်ခြင်၍ ငါသည် သစ္စာပြုအံ့။ ထိုသစ္စာတန်ခိုးကိုမှီ၍ ငါနှင့်တကွ အခြားငှက်တို့ကိုလည်း ချမ်းသာစေအံ့ဟု ကြံတွေးမိလေ၏။

ပြီးမှ သစ္စာပြုသည်ကား အို- တောမီး၊ ငါ၌ အတောင်ရှိ သော်လည်း မပျံနိုင်ပါ။ ခြေတို့သည် ရှိပါသော်လည်း မသွားနိုင်ပါ။ အမိအဖတို့ ရှိပါသော်လည်း ပြေးကြလေကုန်ပြီ။ ဤငါဆိုသောစကား

တို့ မဖောက်မပြန် မှန်ပါလျှင် ထိုမှန်ခြင်းတည်းဟူသော သစ္စာတန်ခိုးကြောင့် အသင်တောမီးသည် ဖယ်ရှားရှောင်ကွင်းပါလေလော့။

ဤသို့ အသိုက်၌အိပ်လျက်ပင် သစ္စာပြုလေသော် သစ္စာတန်ခိုးကြောင့် တောမီးသည် ဖယ်ရှားရှောင်ကွင်းရုံသာမဟုတ် ရေတွင်နှစ်သကဲ့သို့ တစ်မုဟုတ်ချင်း အလုံးစုံငြိမ်းလေသတည်း။

**သစ္စာတန်ခိုးသည် ကြီးပေစွ။**

ဆက်လက်၍ မြတ်စွာဘုရားက ဤသို့ ရှေးကသစ္စာကြောင့် မီးကွင်းခြင်းတည်းဟု မိန့်တော်မူပြီးမှ။

ဇာတ်ပေါင်းသော်–

ထိုအခါမိဘတို့သည် ယခုမိဘတို့ ဖြစ်လာ၏။

ငုံးမင်းသည် ဘုရားဖြစ်လာ၏။

❐

## ဧကနိပါတ်။

## ၂၁။ သကုဏဇာတ် ၃၆
## (သကုဏ = ငှက်)

## လျှောက်ပတ်သောအရပ်ကိုသိသော ငှက်အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းတစ်ပါး မိမိ၏ကျောင်းကို မီးလောင်သွားပြီးနောက် ဒါယကာတို့က ကျောင်းကို နေ့ဆောက်ပေးမည်၊ ညဥ့်ဆောက်ပေးမည်သာ ဆို၍ မဆောက်ဖြစ်ဘဲ ဝါတွင်းသုံးလလွန်၍ သင့်လျော်သောနေရာကို မရနိုင်သဖြင့် ကမ္မဋ္ဌာန်း

တရား အားမထုတ်ရဘဲရှိနေသည်ကို မြတ်စွာဘုရားက ငှက်တိရစ္ဆာန်များ သော် မိမိအား လျောက်ပတ်သောအရပ်၊ မလျောက်ပတ်သောအရပ်တို့ကို သိသေး၏။ သင်အဘယ်ကြောင့် မသိသနည်းဟု အောက်ပါဇာတ်ဖြင့် ဆုံးမတော်မူသည်။

လွန်လေပြီးသောအခါ ငှက်ကြီးတစ်ကောင်သည် များစွာသော ငှက်တို့ကိုအုပ်ချုပ်လျက် သစ်ပင်တစ်ပင်တွင်နေ၏။ တစ်နေ့၌ ထိုသစ်ပင်၏ အခက်တို့ အချင်းချင်းထိခိုက်သဖြင့် အမှုန့်ကျ၍ အခိုးထသည်ကို ထိုငှက်ကြီးမြင်လေသော် မိမိ၏ငှက်အပေါင်းအား ဤသို့ဆိုလေ၏။

ငှက်အပေါင်းတို့ ဤသစ်ပင်၏အကိုင်းတို့သည် ထိခိုက်ပွတ်တိုက်၍ မီးဖြစ်ပြီးလျှင် အောက်သို့ကျ၍ သစ်ရွက်ခြောက်တို့ကို လောင်လတ္တံ့။ ထိုသစ်ရွက်ခြောက်မီးမှစ၍ ဤသစ်ပင်ကို လောင်လတ္တံ့။ ထို့ကြောင့် ဤသစ်ပင်၌ ငါတို့နေခြင်းငှာ မသင့်၊ ဖဲကြလေကုန်လောဟု ဆိုလေ၏။

ထိုစကားကို ယုံကြည်နားထောင်ကုန်သော အချို့သော ငှက်တို့သည် ငှက်ကြီးနှင့်တကွ ထိုသစ်ပင်မှ ဖဲကြလေကုန်၏။

မယုံမကြည် နားမထောင်ကြသော ငှက်အချို့တို့မှာကား ငှက်ကြီးမြင်သည့်အတိုင်း မီးတွင် သေကြေပျက်စီးကြလေကုန်သတည်း။

**ပညာရှိသော အကြီးအမှူးတို့၏စကားကို လိုက်နာကုန်ရာသည်။**

ဇာတ်ပေါင်းသော်–

နားထောင်သောငှက်တို့သည် ဘုရား၏ပရိသတ် ဖြစ်လာ၏။

ငှက်ကြီးသည် ဘုရားဖြစ်လာ၏။

❐

# ကေနိပါတ်။

## ၂၂။ တိတ္တိရဇာတ် ၃၇
## (တိတ္တိရ = ခါငှက်)

## ခါ၊ မျောက်၊ ဆင်တို့အကြောင်း

မြတ်စွာဘုရားသည် ဝေသာလီပြည်မှ သာဝတ္ထိပြည်သို့ ကြွသွားတော်မူရာ လမ်းခရီး၌ မိမိထက် အသက်ဂုဏ်ကြီးသောသူတို့အား ရိုသေထိုက်ကြောင်း အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဟိမဝန္တာတောအရပ်၌ တစ်ခုသော ပညောင်ပင်ကြီးကို အမှီပြု၍ ခါ၊မျောက်၊ ဆင်တို့သည် နေကြကုန်၏။ တစ်နေ့သော် ဤသုံးဦးတို့သည် ငါတို့သုံးဦးမှာ တစ်ဦးကိုတစ်ဦး ရိုသေ ကိုင်းရှိုင်းခြင်းမရှိကြကုန်။ ယနေ့ကစ၍ ငါတို့တွင် အသက်ကြီးသူကို အရိုအသေပြု၍ နေကြရသော်ကောင်း၏။ သို့ကြောင့် အသက်ကို ခန့်မှန်းနိုင်ရန် ဤညောင်ပင်ကိုစွဲ၍ ဆိုကြကုန်အံ့ဟု သဘောတူကြလေ၏။

ထိုအခါ ဆင်က အဆွေတို့– ငါငယ်စဉ်က ဤညောင်ပင်ကို ငါကျော်၍သွားလျှင် ချက်ကို ထိရုံမျှသာ ရှိ၏ဟု ဆို၏။

မျောက်ကလည်း အဆွေတို့– ငါငယ်စဉ်က မြေ၌ထိုင်လျက် လည်ကိုမမော့ဘဲ ဤပညောင်ပင်အဖျားကို ငါစားနိုင်၏ဟု ဆို၏။

ခါကဆက်၍ အဆွေတို့– ဤနေရာ၌ ရှေးက ညောင်ပင်မရှိ။ အခြားအရပ်ရှိ ညောင်ပင်တစ်ပင်မှ အသီးကို ငါစားခဲ့၍ ဤအရပ်၌ ကျင်ကြီးစွန့်ရာ ပါသော ညောင်စေ့ကပေါက်မှ ဤညောင်ပင်ဖြစ်ရ၏။

သို့ဖြစ်သောကြောင့် သင်တို့ထက် ငါက အသက်ကြီးပေသည်ဟု ဆို၏။

ထိုအခါကစ၍ ဆင်နှင့် မျောက်တို့သည် ခါအား အရိုအသေ ပြုခြင်း၊ ပူဇော်ခြင်း စသည်တို့ကိုပြုလျက် ခါကလည်း အဆုံးအမ ပေး၍ ချစ်ကြည်ကောင်းမြတ်စွာနေကြ၍ အသက်၏အဆုံး၌ ကောင်း ရာသို့ သွားကြလေသတည်း။

ဇာတ်ပေါင်းသော်–
ဆင်သည် အရှင်မောဂ္ဂလာန် ဖြစ်လာ၏။
မျောက်သည် အရှင်သာရိပုတ္တရာ ဖြစ်လာ၏။
ခါသည် ဘုရားဖြစ်လာ၏။

❐

## ကေနိပါတ်။

## ၂၃။ ဗကဇာတ် ၃၈
## (ဗက = ဗျိုင်း)

## ဗျိုင်းထက်ပုစွန် ပညာလွန်ဆိုသော စကားအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းတစ်ပါးသည် ဟောင်းနွမ်းရှိရှားသော သင်္ကန်းတို့ကို အသစ်သဖွယ် ဖြစ်အောင် ချုပ်ဆိုးပြုပြင် အရောင်တင်ခြင်း၌ အလွန်လိမ္မာ၏။

ထိုရဟန်းသည် ဟောင်းနွမ်းသော သင်္ကန်းတို့ကို ချုပ်ဆိုးပြုပြင် အရောင်တင်ထား၏။ ထိုသို့မပြုလုပ်တတ်သော အချို့ရဟန်းတို့သည် ထို ရဟန်းထံသို့ မိမိတို့၏ အစာမချေသေးသော သင်္ကန်းလျှာတို့ကို ယူလာ ပြီးလျှင် ငါတို့သည် သင်္ကန်းပြုပြင်မှုကို မသိပါကုန်၊ ငါတို့အား သင်္ကန်းပြုပြင် ပေးပါလောဟု ဆိုကြကုန်၏။

ထိုရဟန်းကလည်း ငါ့ရှင်တို့ သင်္ကန်းပြုပြင်သည်မှာ ကြာမြင့်မှ ပြီး၏။ ငါပြုလုပ်ထားအပ်ပြီးသော သင်္ကန်းတို့ကို ယူသွား၍ သင်တို့၏ သင်္ကန်းလျှာကို ထားခဲ့ကြလောဟု ဆို၏။

ရဟန်းတို့လည်း အကြောင်းကိုမသိကုန်၍ လဲလှယ်ယူသွားကြရာ မကြာမီပင် ထိုသင်္ကန်းတို့ ရိရွှားဟောင်းနွမ်းကြောင်း သိကြလေရကား ရဟန်းတို့မှာ များစွာ စိတ်မချမ်းသာ ဖြစ်ကြရကုန်၏။ ထိုရဟန်းတို့သည် ထိုသို့ လှည့်ပတ်တတ်ကြောင်း သတင်းပျံ့နှံ့၍ သွားလေ၏။

ထိုအခါ ဤသို့ပင် သင်္ကန်းပြုပြင်တတ်သော တောနေရဟန်းတစ်ပါး သည် သာ၍ ကောင်းမွန်အောင်ပင် သင်္ကန်းတို့ကို ပြုပြင်၍ ထိုဇေတဝန် ကျောင်းနေ ရဟန်းထံမှ သင်္ကန်းသစ်တို့ကို အထက်နည်းဖြင့် လှည့်ပတ် လဲလှယ်ယူသွားလေ၏။ ဇေတဝန်ကျောင်းနေ ရဟန်းမှာ မကြာမီပင် ဟောင်း နွမ်းသော သင်္ကန်းဖြစ်ကြောင်း သိရ၍ များစွာအရှက်ရလေ၏။

ထိုအကြောင်းကို ရဟန်းတို့ကြား၍ တောနေရဟန်းသည် လှည့်ပတ် နိုင်ပေ၏ဟု စကားဖြစ်မှ မြတ်စွာဘုရားက ယခုသာမဟုတ် ရှေးကလည်း လှည့်ပတ်ကြလေပြီဟု အောက်ပါအတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ရေအိုင်ကြီးတစ်ခုတွင် ငါးအများရှိနေရာ နွေ ပေါက်လျှင် ရေခန်းခြောက်လာလေ၍ ထိုငါးတို့ကို စားလိုသော ဗျိုင်း တစ်ကောင်သည် ထိုအိုင်နား၌ ကြံမှိုင်ယောင်ပြု၍နေ၏။

ငါးတို့မြင်၍ မေးမြန်းသော် အို– ငါးတို့ အသင်တို့နေသောအိုင် ၌ ရေလည်းနည်းလေပြီ၊ အစာလည်း နည်းလေပြီ၊ နွေကာလသည်

လည်း ရှည်လျား၏။ သို့ကြောင့် သင်တို့အတွက် ငါ စိုးရိမ်ကြောင့်ကြသည်နှင့် အသို့ကယ်ဆယ်ရပါအံ့နည်းဟု ကြံမှိုင်နေခြင်းဖြစ်၏။ ငါ တစ်ခုကြံမိသည်ကား ဤမှ မနီးမဝေးတွင် ကြာမျိုးငါးပါးနှင့် ပြည့်စုံသော အလွန်နက်ကျယ်သော အိုင်ကြီးတစ်ခုရှိ၏။ ထိုအိုင်သို့ သင်တို့အား တစ်ကောင်စီ တစ်ကောင်စီ ငါယူဆောင်၍ ပို့အံ့ဟုဆိုလေ၏။

ငါးတို့ကလည်း အသင်ဗျိုင်း– လောက၌ ငါး၏အကျိုးကို လိုလားသော ဗျိုင်းသည်မရှိ။ အသင်သည် ငါတို့ကို စားလို၍ လှည့်ဖျားသည်သာတည်းဟု ဆိုကြ၏။

ဗျိုင်းကလည်း အသင်တို့မယုံလျှင် ငါးတစ်ကောင်ကို ရှေးဦးစွာကြည့်စေဦးလောဟု ဆို၏။ ဆိုသည့်အတိုင်း ငါးတစ်ကောင်ကို ယူဆောင်၍ အိုင်ကိုပြလေ၏။ ထိုငါးပြန်ရောက်လျှင် အိုင်ကြီး၌ ရေများကြောင်း၊ အစားအစာပေါကြောင်း၊ ပျော်မွေ့ဖွယ်ရာကောင်းကြောင်းတို့ကို ဝမ်းမြောက်စွာ ပြန်ပြောလေ၏။

ထိုအခါမှ ငါးတို့သည်ယုံကြည်၍ တစ်ကောင်စီပို့ရန် သဘောတူကြလေ၏။ ဗျိုင်းသည်ကား ပထမတစ်ကောင်ယူသွား၍ အိုင်အနီးရှိ ခံတက်ပင်ပေါ်၌ သတ်စားပြီးလျှင် အရိုးကို အပင်အောက်၌ကျစေ၏ ။

ဤနည်းဖြင့် စားလေရာ ငါးအလုံးစုံကုန်လေ၍ ပုစွန်တစ်ကောင်သာ ကျန်တော့၏။ ထိုပုစွန်ကိုလည်း စားအံ့ဟု ရှေးနည်းအတိုင်း လှည့်ပတ်ပြောဆိုလေသော် ပုစွန်သည် ဗျိုင်းကို များစွာမယုံသည်နှင့် အသင်– ငါ့ကို ငါးတို့ကဲ့သို့ ချီဆောင်လျှင် လွတ်ကျမည်ကို ငါ စိုးရိမ်၏။ ထို့ကြောင့် အသင်၏လည်ပင်းကို ငါ၏လက်မဖြင့် ညှပ်ဆွဲ၍ လိုက်ရမူကား ငါလိုက်အံ့ဟု ဆို၏။

ဖျိုင်းလည်း ပုစွန်၏အကြံကိုမသိဘဲ ဝန်ခံဆောင်ယူခဲ့၍ အိုင်ကိုပြပြီးမှ ခံတက်ပင်သို့ ပျံလာခဲ့၏။

အသင်ဖျိုင်း– အဘယ်ကြောင့် အိုင်သို့မပို့ဘဲ ဤခံတက်ပင်သို့ ယူဆောင်လာခဲ့သနည်း။

ငါသည် သင်၏ဦးရီးမဟုတ်။ သင်လည်း ငါ၏တူသားမဟုတ်။ သင်သည် ငါ့ကို ကျွန်ထင်မှတ်လေယောင်တကား။ ခံတက်ပင်ရင်းရှိ ငါးရိုးတို့ကို သင်ကြည့်လော။ ထိုငါးတို့ကို စားသကဲ့သို့ သင့်ကိုလည်း ငါစားအံ့သည်သာတည်း။

အို– ဖျိုင်း၊ ငါးတို့ကိုကား သင်းတို့မလိမ္မာသည်ဖြစ်၍ သင်စားရ၏။ ငါ့ကို အသို့ထင်သနည်း။ သင်မိုက်သည်ဖြစ်၍ ငါ၏လှည့်ပတ်ဉာဏ်ကို မသိလေ။ သင်၏လည်ပင်းသည် ငါ၏လက်မကြားတွင် ရောက်နေသည်ကို သတိပြုမိပါ၏လော။ ယခုပင် သိစေအံ့ဟု ဆို၍ လည်ကို ပြင်းစွာညှပ်လေ၏။

ဖျိုင်းသည်လည်း ပါးစပ်ပွင့်၊ မျက်စိပြူးလျက် မျက်ရည်တို့သည် ကျကုန်၏။ ထိုအခါမှ အသင်ပုစွန်– သင့်ကို ငါမစားတော့ပါ။ ငါ့အသက်ကို လွှတ်ပါလောဟု တောင်းပန်လေ၏။

ပုစွန်ကလည်း ကောင်းပြီ– ငါ့ကို အိုင်သို့ပို့လောဟု ဆို၍ ပို့ရလေ၏။ အိုင်သို့ရောက်၍ ရေစပ်၌ချစဉ်ပင် ပုစွန်သည် ဤဖျိုင်းကား ယုတ်မာစွာ၏။ အသက်ရှည်ခြင်းငှာ မထိုက်ဟု ကြာရိုးကို ကတ်ကြေးဖြင့် ဖြတ်သကဲ့သို့ ဖျိုင်း၏လည်ကို လက်မဖြင့်ဖြတ်၍ ရေသို့ဆင်းသွားလေသတည်း။

ထိုအခြင်းအရာ အံ့ဖွယ်သရဲကို ရေခံတက်ပင်စောင့်နတ် မြင်လျှင် တောအလုံးကို ပဲ့တင်ထပ်စေလျက် အချင်းတို့– လှည့်ပတ်သူသည် ချမ်းသာမရနိုင်။ ပုစွန်၏လက်ဖြင့် ဖျိုင်း၏လည် ပြတ်ရသကဲ့

သို့ စဉ်းလဲကောက်ကျစ်သူသည် မိမိ၏မကောင်းမှုအကျိုးကို စင်စစ် ခံစားရလတ္တံ့သည်သာတည်းဟု ကျူးရင့်လေသတည်း။

ဇာတ်ပေါင်းသော်–
ဗျိုင်းသည် ဒေဝဒတ်ကျောင်းနေရဟန်း ဖြစ်လာ၏။
ပုစွန်သည် တောနေရဟန်း ဖြစ်လာ၏။
ခံတက်ပင်စောင့်နတ်သည် ဘုရားဖြစ်လာ၏။

❒

## ဧကနိပါတ်။

## ၂၄။ နန္ဒဇာတ် ၃၉
## (နန္ဒ = နှစ်သက်ခြင်း)

## ဥစ္စာသည် မာန်ကိုကြွစေတတ်ခြင်းအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် အရှင်သာရိပုတ္တရာ၏ တပည့်တစ်ပါးသည် တစ်ရပ်၌နှိမ့်ချသောမာန်ဖြင့် အလွန်ရိုသေစွာ လုပ်ကျွေး၏။ အခြားတစ်ရပ်၌ မာနဖြင့် ဆန့်ကျင်ဘက်ပြု၏။ ထိုအကြောင်းကိုစွဲ၍ အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ သူကြွယ်အိုတစ်ဦးသည် မိန်းမငယ်တစ်ယောက်နှင့် သင့်မြတ်ကြ၍ သားတစ်ယောက်ရ၏။ သူကြွယ်သည် ငါအလျင်သေသော် ငါ့မယား နောက်အိမ်ထောင်ပြု၍ ငါ့ပစ္စည်းတို့ကို ပျက်စီးစေလတ္တံ့။ ထိုအခါ ငါ့သားလည်း ဆင်းရဲလတ္တံ့ဟု

ကြပြီးလျှင် ပစ္စည်းများစွာကို တောဒ္ဓမြှုပ်၍ နန္ဒအမည်ရှိသော ကျွန်ကို ပြထားပြီးလျှင် ငါလွန်သော် ငါ့သားဖို့ စောင့်ရှောက်၍ ကြားရစ်လော ဟု မှာထားခဲ့လေ၏။

သူကြွယ်လွန်သော် မယားသည် မိမိသားအား ထိုသို့ ဥစ္စာမြှုပ်ထားခဲ့ကြောင်းကို ပြောပြ၍ နန္ဒနှင့်အတူသွား၍ ဥစ္စာကို ယူချေလောဟု ဆို၏။

ဆိုသည့်အတိုင်း သွားကြ၍ ဥစ္စာမြှုပ်ရာအရပ်သို့ရောက်သော် သူကြွယ်သားက ဦးရီး– ဥစ္စာ အဘယ်အရပ်၌ မြှုပ်ထားသနည်းဟု မေး၏။ နန္ဒသည် ဥစ္စာထက်၌ရပ်လျက် ဥစ္စာကိုမှီ၍ မာန်တက်ပြီးလျှင် ဟယ်– ကျွန်မသား ဤအရပ်၌ အသင့်ဥစ္စာ အဘယ်မှာရှိသနည်းဟု ဆဲရေး၏။ သူကြွယ်သားလည်း သည်းခံ၍ပြန်ခဲ့၏။ နောက် ၂ ရက် ၃ ရက်ကြာသော် တစ်ဖန်သွားကြပြန်၍ ရှေးနည်းအတိုင်း ဆဲရေး ပြန်၏။

ထိုအခါ သူကြွယ်သားသည် အကြောင်းကို မဆင်ခြင်နိုင်သဖြင့် မိမိအဘ၏ မိတ်ဆွေဖြစ်သော သူကြွယ်ကြီးတစ်ဦးထံသို့သွား၍ ဤအကြောင်းကို ကြားလေ၏။

ထိုအခါ သူကြွယ်ကြီးက ချစ်သား– အကြင်အရပ်၌ နန္ဒသည် ရပ်၏။ သင့်အား ဆဲရေး၏။ ထိုအရပ်၌ ဥစ္စာသည်ရှိ၏။ နောက် တစ်ကြိမ်သွား၍ ဆဲရေးသော် ဟယ်– ကျွန်ယုတ် ဖယ်လောဟု တွန်း ဖယ်၍ ထိုနေရာ၌တူးလေ ဥစ္စာရလတ္တံ့ဟု ဆို၏။

သူကြွယ်သားလည်း ဆိုသည့်အတိုင်းပြုသော် အဖမြှုပ်ထားခဲ့သော ဥစ္စာတို့ကို ရလေ၏။ နန္ဒသည် ခါတိုင်းကဲ့သို့ပင် နူးညံ့ပြန်လေ သတည်း။

ဂါထာပေါင်းသော်-
နန္ဒသည် ရှင်သာရိပုတ္တရာ၏တပည့် ဖြစ်လာ၏။
ပညာရှိသူကြွယ်ကြီးသည် ဘုရားဖြစ်လာ၏။

❐

## ကေနိပါတ်။

## ၂၅။ ကပေါတဇာတ် ၄၂
## (ကပေါတ = ခိုငှက်)

### လောဘကြီးသော ကျီးအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ်။ လျှပ်ပေါ်သော ရဟန်းတစ်ပါးကိုစွဲ၍ အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌နေကုန်သောသူတို့သည်။ ငှက်တို့ချမ်းသာစွာနေရန်ဟု မိမိတို့အိမ်အသီးသီး၌ တောင်းကြီးများကို ဆွဲထားလေ့ရှိကြကုန်၏။ သူဌေးကြီးတစ်ဦး၏ ထမင်းချက်သည်လည်း တောင်းတစ်လုံးဆွဲထားရာ ခိုတစ်ကောင်သည် နေစမှတ်ပြု၏။

တစ်နေ့သော် ကျီးတစ်ကောင်သည် ထိုသူဌေးကြီး၏ စားဖိုရုံတွင် အမဲ သားငါးတို့ကို မြင်လျှင် လောဘဖြစ်၍ မည်သို့စားရအံ့နည်းဟု စုံစမ်းလျှင် ထိုခိုကိုမြင်မှ ထိုခိုအစာရှာထွက်ရာသို့လိုက်၍ အဆွေခင်ပွန်းဖွဲ့ပြီးလျှင် စားဖိုတွင်းသို့ဝင်၍ လိုက်သွားလေ၏။

ထမင်းချက်လည်း ငှက်နှစ်ကောင်ဖြစ်လာ၏ဟု ကျီးအတွက် တောင်းတစ်လုံးထပ်၍ ဆွဲပေး၏။ ထိုအခါကစ၍ ကျီးနှင့်ခိုသည် အတူအစာရှာထွက်၍ အတူပြန်လာလေ့ရှိကြ၏။

တစ်နေ့၌ စားဖိုတွင် ငါးအမဲများစွာ ချက်ပြုတ်သည်ကို ကျီး မြင်သော် လောဘကို မချုပ်တည်းနိုင်ဘဲ တစ်နည်းနည်းဖြင့် စားရအောင် ကြံမည်ဟု ထိုနေ့ အစာရှာထွက်ချိန်ကျသောအခါ အဆွေခို– ယနေ့ သင်ချည်းသာသွားပါတော့ ငါ၏ဝမ်းအနာသည် ရှိ၏ဟုဆိုလေ၏ ။

ခိုကလည်း အဆွေကျီး– ကျီးတို့၌ ဝမ်းအနာသည် တစ်ရံတစ်ဆစ်မျှဖြစ်ဖူးသည်မရှိ။ သင်သည် ငါးအမဲကိုစားလို၍ မာယာဖြင့် ဆိုသည်ဟု ငါထင်၏။ အဆွေလာလော။ လူတို့ အသုံးအဆောင်ကို သင်တို့စားခြင်းငှာ မလွယ်ကူချေ။ လောဘနောက်သို့ မလိုက်သင့်၊ ငါနှင့်သာ လိုက်ခဲ့လောဟု ခေါ်လေ၏။

ကျီးသည်လည်း အကြောင်းအမျိုးမျိုးကိုပြ၍ မလိုက်နိုင်ဟုသာ ဆိုလေသော် ခိုသည် အဆွေ– သင်သည် လောဘ၏ အကျိုးကို မကြာမီ သိလတ္တံ့။ သတိဖြင့်နေရစ်လောဟု ဆုံးမ၍ အစာရှာထွက်သွားလေ၏။

ထမင်းချက်သည် အပသို့ခဏမျှထွက်နေစဉ် ကျီးသည် ထမင်းအိုးအနီးသို့ ပျံဆင်းလာသံကို ကြား၍ ထမင်းချက်ကြည့်သော် မြင်မှ တံခါးအလုံးစုံကိုပိတ်၍ ဖမ်းဆီးပြီးလျှင် ဤကျီးပျက်သည် နေရာအရပ်ပေးသည့်ကျေးဇူးကို မသိတတ်။ လျှပ်ပေါ်လော်လည်၏ဟုဆို၍ တစ်ကောင်လုံး အမွေးနုတ်ပြီးမှ ချင်းစိမ်း၊ ဆား၊ ဇီယာ စသော အချဉ်အစပ်တို့ဖြင့် သုတ်လိမ်း၍ တောင်း၌ ထည့်ထားလေ၏။ ကျီးလည်း ကြီးစွာသော ဝေဒနာကို ခံစားညည်းညူလျက် နေရလေ၏။

ခိုသည် ညအခါ ပြန်လာလတ်၍ ပျက်စီးလေပြီးသော ကျီးကို မြင်သော် လျှပ်ပေါ်လော်လည်သော ကျီးမိုက်- ငါ့စကားကို နား မထောင်၍ ဤသို့ ပျက်စီးရ၏။ ငါလည်း ဤအရပ်တွင် မနေတော့ ပြီဟုဆို၍ အခြားအရပ်သို့ ပြောင်းသွားလေ၏။

ကျီးသည်လည်း မကြာမီပင် အသက်ကုန်၍ ကျီးသေနှင့်တကွ တောင်းကို တံမြက်ချေးစွန့်ရာ၌ ပစ်လေသတည်း။

ဇာတ်ပေါင်းသော်-

ကျီးသည် လျှပ်ပေါ်လော်လည်သောရဟန်း ဖြစ်လာ၏။

ခိုသည် ဘုရားဖြစ်လာ၏။

❒

## ဧကနိပါတ်။

## ၂၆။ ဝေဠုကဇာတ် ၄၃
## (ဝေဠု = ဝါး)

### မြွေကို သားအမှတ်ဖြင့်မွေးသော ရသေ့အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော် မူစဉ် ဆိုနိုင်ခက်သော ရဟန်းတစ်ပါးကိုစွဲ၍ အောက်ပါဇာတ်ကို ဟောတော် မူသည်။

လွန်လေပြီးသောအခါ ဘုရားလောင်းသည် ရသေ့ဖြစ်၍ ရသေ့ ငါးရာကို ကြီးမှူးလျက်နေလေ၏။ တစ်ခါသော် ရသေ့တစ်ပါးသည်

မြွေဟောက်တစ်ကောင်ကို သားအမှတ်ဖြင့် မွေးကျွေး၍ ဝါးလုံးခေါင်း၌ ထား၏။ ထိုသို့ ဝါးလုံးခေါင်းတွင် ထားသည်ကိုစွဲ၍ (ဝေဠုက)ဟု တွင်၏။ ရသေ့ကိုလည်း ဝေဠုကပိတာ (ဝေဠုကအဖ)ဟု တွင်၏။

ထိုအကြောင်းကို ဆရာရသေ့ကြားသော် ငါ့ရှင်- လောက၌ မြွေနှင့် အကျွမ်းဝင်ခြင်းသည် မဖြစ်နိုင်။ မြွေဟောက်ကို မမွေးစားလင့်ဟု ဆုံးမ၏။ သို့ရာတွင် ဆုံးမစကားကို မယူလေ။

နောက်များမကြာမီ ရသေ့တို့ သစ်သီးကြီးငယ်အလို့ငှာ တောသို့ သွားကြရာ ထိုရသေ့လည်း မိမိ၏မြွေကို ဝါးလုံးခေါင်းတွင်သွင်း၍ ပိတ်ထားခဲ့ပြီးမှ ရသေ့တို့နှင့်အတူ လိုက်သွားလေ၏။

နှစ်ရက် သုံးရက်လွန်မှ ပြန်လာကြရာ ရသေ့သည် မြွေကို အစာကျွေးအံ့ဟု ဝါးလုံးခေါင်းကိုဖွင့်၍ ချစ်သား- လာလော၊ သင်ဆာမွတ်သလောဟု လက်ကိုဖြန့်၍ခေါ်၏။

မြွေဟောက်လည်း အစာ ဆာမွတ် အမျက်ထွက်လျက်ရှိသဖြင့် ဖြန့်သောလက်ကို ကိုက်လေရာ ရသေ့လည်း နေရာတွင်ပင် အသက်ကုန်ခြင်းသို့ ရောက်လေသတည်း။

**ပညာရှိစကားကို နားထောင်ရာ၏။**

ဇာတ်ပေါင်းသော်-

ဝေဠုကပိတာသည် ဆိုနိုင်ခက်သောရဟန်း ဖြစ်လာ၏။

ရသေ့ငါးရာသည် ဘုရား၏ပရိသတ် ဖြစ်လာ၏။

ဆရာရသေ့ကြီးသည် ဘုရားဖြစ်လာ၏။

❒

ဧကနိပါတ်။

၂၇။ မကသဇာတ် ၄၄

(မကသ = မှက်)

## မှက်ခြင်တို့ကို တိုက်ခိုက်သော လူမိုက်အကြောင်း

မာဂဓတိုင်း ရွာသစ်ငယ်တစ်ခုရှိ လူတို့သည် တော၌ အလုပ်လုပ်ကြရာ မှက်ခြင်တို့သည် မိမိတို့ကိုယ်တွင် ကိုက်နေကြစဉ် လက်နက်တို့ဖြင့် ပြင်းစွာရိုက်ပုတ် ထိုးခုတ်လေရကား မှက်ခြင်တို့သာမက မိမိတို့ကိုယ်၌လည်း ထိခိုက်၍ ပြင်းစွာသောဝေဒနာကို ခံစားလျက် ဆင်းရဲခြင်းသို့ ရောက်ကုန်၏။ ဤသူမိုက်ကိုစွဲ၍ မြတ်စွာဘုရားသည် အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ကာသိတိုင်း တစ်ခုသောရွာ၌ လက်သမားတစ်ယောက်သည် သစ်ရွေလျက်နေစဉ် မှက်ကြီးတစ်ကောင်သည် ဦးခေါင်း၌နား၍ ပြင်းစွာထိုးလေသည်တွင် အနီးရှိ သားငယ်အား ချစ်သား– ဤမှက်ကို မြစ်လောဟု ဆိုလေ၏။ သားငယ်လည်း မစိုးရိမ်လင့်၊ ငါ့မြစ်အံ့ဟုဆို၍ ထက်စွာသော ပုဆိန်ဖြင့် ခုတ်လိုက်ရာ အဖ၏ဦးခေါင်း ထက်ခြမ်းကွဲ၍ ပွဲချင်းပြီး သေဆုံးရလေသတည်း။

ထိုအခါ အနီး၌ရှိသော ပညာရှိကုန်သည်တစ်ယောက်က ပညာမရှိသော မိတ်ဆွေထက် ပညာရှိသော ရန်သူက မြတ်သေး၏ဟု ကျူးရင့်လေသတည်း။

ဇာတ်ပေါင်းသော်–

သူငယ်သည် မှက်နှင့်တိုက်ခိုက်သောလူမိုက် ဖြစ်လာ၏။

ပညာရှိကုန်သည်သည် ဘုရားဖြစ်လာ၏။

❒

ကေနိပါတ်။

## ၂၈။ အာရာမ ဒူသကဇာတ် ၆၄
(အာရာမ = အရံ = ဥယျာဉ်၊ ဒူသက = ဖျက်ဆီးတတ်သော)

## ဥယျာဉ်ကိုဖျက်သော မျောက်တို့အကြောင်း

ကောသလတိုင်း ရွာသစ်တစ်ခုရှိ ဥယျာဉ်၌ သူငယ်တစ်ယောက်သည် သစ်ပင်များကို ရေလောင်းရာ အမြစ်တို့ကို နုတ်ကြည့်ပြီးမှ အမြစ်အတို အရှည်ကိုလိုက်၍ ရေလောင်းလေသဖြင့် သစ်ပင်အများ ပျက်စီးလေ၏။ ဤသူငယ်ကိုစွဲ၍ အောက်ပါဇာတ်ကို မြတ်စွာဘုရား ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်မင်းတစ်ပါး၏ဥယျာဉ်မှူးသည် နက္ခတ်သဘင်ပွဲသို့ သွားလိုသည်ဖြစ်၍ ဥယျာဉ်၌နေကုန်သော မျောက်တို့၏ အမှူးဖြစ်သော မျောက်ကြီးအား အသင်တို့သည် ဤဥယျာဉ်ကိုမှီ၍ အစားအစာ နေရာထိုင်ခင်းရ၏။ ရေလောင်းရစ်ကြပါကုန်။ ငါ နက္ခတ်သဘင်သို့ သွားဦးအံ့ဟု မှာထား၍ သွားလေ၏။ မျောက်ကြီးလည်း ဝန်ခံလိုက်၏။

ထိုဥယျာဉ်မှူးသွားပြီးနောက် မျောက်ကြီးသည် မျောက်အပေါင်းတို့အား ခေါ်၍ အချင်းတို့ ဤဥယျာဉ်၌ ရေလောင်းကြကုန်လော၊ ရေကို အကျိုးမဲ့မကုန်စေရန် ရှေးဦးစွာ သစ်ပင်တို့ကို နုတ်ကြည့်ပြီးလျှင် နုသော၊ တိမ်သော အမြစ်ရှိသော သစ်ပင်တို့ကို ရေ အတန်ငယ်သာလောင်းလေ။ ရင့်သော၊ နက်သော အမြစ်ရှိသော သစ်ပင်တို့ကို ရေများစွာ လောင်းကြလေဟု အမိန့်ပေးလေ၏။

အမိန့်အတိုင်း လောင်းကြလေသဖြင့် သစ်ပင်အများ ပျက်စီးလေကုန်သတည်း။

ထိုအခါ အနီးရှိ ပညာရှိတစ်ဦးသည် လောက၌ ပညာမရှိသူသည် အကျိုးစီးပွားကို ပြုအံ့ဟု ပြုသော်လည်း အကျိုးယုတ်ခြင်းကိုသာ ဖြစ်စေတတ်၏ဟု ကျူးရင့်လေသတည်း။

ဇာတ်ပေါင်းသော်–
မျောက်ကြီးသည် ရွာသားသူငယ် ဖြစ်လာ၏။
ပညာရှိသည် ဘုရားဖြစ်လာ၏။

❐

## ဧကနိပါတ်။

## ၂၉။ ဝေဒဗ္ဗဇာတ် ၄၈

## ဝေဒဗ္ဗပုဏ္ဏားနှင့် ဝေဒဗ္ဗမန္တန်အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ ဆိုနိုင်ခက်သော ရဟန်းတစ်ပါးကို စွဲ၍ အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ တစ်ခုသောရွာငယ်၌ ပုဏ္ဏားတစ်ယောက်သည် နက္ခတ်ကိုကြည့်၍ရွတ်လျှင် ရတနာ ၇ ပါး မိုးရွာစေတတ်သော ဝေဒဗ္ဗမန္တန်ကို တတ်၏။

ထိုပုဏ္ဏားသည် တစ်နေ့၌ မိမိ၏တပည့်တစ်ယောက်နှင့် တစ်စုံတစ်ခုပြုဖွယ်ရှိ၍ စေတတိုင်းသို့သွားရာ လမ်းတွင် ငါးရာကုန်သော (ပေသနက)မည်သော ခိုးသားငါးရာတို့သည် ဆရာတပည့်နှစ်ယောက်ကို ဖမ်းကုန်၏။

ပေသနက ခိုးသူဆိုသည်မှာ ယခုကာလ 'ပြန်ပေး'ပြုလုပ်သူတို့နှင့် တူ၏။ နှစ်ယောက်ကိုဖမ်း၍ တစ်ယောက်ကို ဥစ္စာယူလွှတ်လေ့ရှိ၏။(ပေသန = စေလွှတ်ခြင်း)။ အဖနှင့်သားဖြစ်လျှင် အဖကို၊ အမိနှင့်သမီးဖြစ်လျှင် အမိကို၊ အစ်ကိုနှင့်ညီဖြစ်လျှင် အစ်ကိုကို၊ ဆရာနှင့်တပည့်ဖြစ်လျှင် တပည့်ကို စသည်ဖြင့် ဥစ္စာယူလွှတ်လေ့ရှိ၏။

ယခု ဆရာနှင့်တပည့်တွင် တပည့်ကို ဥစ္စာယူလွှတ်လေ၏။ တပည့်သည် ဆရာကိုရှိခိုး၍ ဆရာ– ၂ရက်၊ ၃ရက်အတွင်း ဥစ္စာကိုယူ၍ အကျွန်ုပ်လာခဲ့ပါအံ့၊ မစိုးရိမ်လင့်၊ ယနေ့ ဥစ္စာမိုးကိုရွာစေတတ်သော နက္ခတ်သည် ယှဉ်လတ္တံ့။ ဆင်းရဲခြင်းကို သည်းမခံနိုင်ဟု မန္တန်ကိုမန်း၍ ဥစ္စာမိုးကို မရွာစေလင့်။ သို့မဟုတ်လျှင် ဆရာနှင့်တကွ လူအများတို့ ပျက်စီးလတ္တံ့။ အကျွန်ုပ်စကားကို နားထောင်ပါလောဟု တောင်းပန်မှာထားခဲ့ပြီးမှ ဥစ္စာယူ ထွက်သွားလေ၏။

ထိုနေ့ နေဝင်သော် ပုဏ္ဏားသည် ကောင်းကင်၌ ဥစ္စာမိုးရွာစေတတ်သောနက္ခတ်ယှဉ်သည်ကိုမြင်မှ ငါသည် ၂ရက်၊ ၃ရက် ဆင်းရဲခံနေသဖြင့် အဘယ်အကျိုးရှိအံ့နည်း။ ယနေ့ပင် ဥစ္စာမိုးကိုရွာစေ၍ ခိုးသူတို့အား ဥစ္စာတို့ကိုပေးပြီးသော် ငါ ချမ်းသာစွာနေအံ့ဟု ခိုးသူတို့အား ကြားပြော နက္ခတ်ယှဉ်ခိုက်၌ မန္တန်ကိုရွတ်၍ ဥစ္စာမိုးရွာစေ၏။

ခိုးသူတို့လည်း အလိုရှိသမျှဥစ္စာတို့ကို ရသည်နှင့် ပုဏ္ဏားကိုလွှတ်ပြီးလျှင် အလိုရှိရာသို့ သွားကြလေ၏။ ပုဏ္ဏားလည်း တော၌ဖြစ်သဖြင့် ခိုးသူတို့နောက်ကပင်လျှင် လိုက်သွားလေ၏။

အတန်သွားမိကြသော် အခြားခိုးသူငါးရာတို့သည် ဥစ္စာယူလာသော ခိုးသူငါးရာတို့ကို ဖမ်းကုန်၏။ အဖမ်းခံရသူတို့ကလည်း သင်တို့ဥစ္စာကိုလိုလျှင် ငါတို့ကို မဖမ်းလင့်။ ထိုပုဏ္ဏားကိုဖမ်းလော့။ ရတနာမိုးရွာစေတတ်သော မန္တန်ကိုတတ်၏။ ငါတို့ဥစ္စာမှာ ထိုပုဏ္ဏားပေး၍ရသော ဥစ္စာဖြစ်၏ဟု ဆိုကြကုန်၏။

နောက်ခိုးသူတို့လည်း ပုဏ္ဏားကိုဖမ်း၍ ငါတို့အား ဥစ္စာပေးလောဟုဆို၏။ ပုဏ္ဏားကလည်း ငါ ဥစ္စာပေးအံ့။ သို့ရာတွင် ဥစ္စာမိုးရွာစေတတ်သော နက္ခတ်သည် တစ်နှစ်မှတစ်ကြိမ်၊ တစ်ခဏမျှသာယှဉ်၏။ နောင်တစ်နှစ် ဤအချိန်လောက်ကျမှ တစ်ဖန်ယှဉ်လတ္တံ့။ သို့ကြောင့် တစ်နှစ်ငံ့ပါဦးလောဟု ဆို၏။

ခိုးသူတို့လည်း ဟယ်– ပုဏ္ဏားပျက်၊ အခြားခိုးသူတို့အတွက် ယခုပင် ဥစ္စာမိုးရွာစေ၏။ ငါတို့ကိုကား တစ်နှစ်စောင့်စေလိုသလောဟု ဆို၍ သန်လျက်ဖြင့် ပုဏ္ဏားကို နှစ်ပိုင်းဖြတ်၍ သတ်လေ၏။

ပြီးမှ ဥစ္စာယူသွားသော ခိုးသားတို့ကို လိုက်၍သတ်ပြီးလျှင် ဥစ္စာကိုယူကြကုန်၏။ ဥစ္စာရသော ခိုးသားငါးရာတို့သည် တစ်ဖန်နှစ်စုခွဲ၍တိုက်ကြရာ တစ်စုသေလေ၏။ ဤနည်းဖြင့် နှစ်စု နှစ်စုခွဲ၍ သတ်ဖြတ်ကြသည်နှင့် နောက်ဆုံး၌ နှစ်ယောက်မျှ ကျန်လေ၏။

ကျန်သောနှစ်ယောက်အနက် တစ်ယောက်သည် ထမင်းချက်အံ့သောငှာ ရွာသို့ဝင်၏။ တစ်ယောက်ကား ဥစ္စာထုပ်ကို စောင့်လျက်နေရစ်၏။ ထိုအခါ စောင့်သူက ထိုသူပြန်လာသော် နောက်မှနေ၍ အမှတ်မဲ့ သန်လျက်ဖြင့် သတ်ပြီးလျှင် ဥစ္စာအလုံးစုံကို ငါတစ်ယောက်တည်းသာယူအံ့ဟု ကြံနှင့်၏။ ထမင်းချက်သွားသူကလည်း ထမင်းတွင် အဆိပ်ခတ်၍ ထိုသူကို သေစေပြီးမှ ဥစ္စာကို ငါယူအံ့ဟုကြံထားနှင့်၏။

ထမင်းချက်သူပြန်လာသည်ကို နောက်မှနေ၍ သတ်ဖြတ်ပြီးနောက် ထမင်းကိုစားရာ အဆိပ်မိသဖြင့် ထိုနေရာ၌ပင် သေလေ၏။

တပည့်လိမ္မာလည်း ၂ရက် ၃ရက်ကြာမှ ဥစ္စာကိုယူလာလေသော် ရှေးဦးစွာ နှစ်ပိုင်းပြတ်ပြီးသော ဆရာကိုတွေ့မှ ငါ၏ဆရာသည် ငါ့စကားကို နားမထောင်၍ ပျက်စီးရချေပြီဟု အလောင်းကို ကောင်းစွာသင်္ဂြိုဟ်လေ၏။

နောက်ဆက်လက်သွားပြန်သော် ငါးရာသော၊ နှစ်ရာ့ငါးဆယ်သော၊ တစ်ရာ့အစိတ်သော စသည်ဖြင့် နောက်ဆုံး ဥစ္စာထုပ်ကိုဖက်၍ သေနေသော အလောင်းတို့ကို အစဉ်အတိုင်း တွေ့ရလေသတည်း။

ဤတွင် ဆိုနိုင်ခက်သည်၏အဖြစ်ကြောင့် ပုဏ္ဏားနှင့်တကွ တစ်ထောင်သောသူတို့ ပျက်စီးရလေ၏။

ဇာတ်ပေါင်းသော်–
ပုဏ္ဏားသည် ဆိုနိုင်ခက်သောရဟန်း ဖြစ်လာ၏။
တပည့်လိမ္မာသည် ဘုရားဖြစ်လာ၏။

❐

**ဧကနိပါတ်။**

**၃၀။ နက္ခတ္တဇာတ် ၄၆**
**(နက္ခတ္တ = နက္ခ)**

## ရက်ကောင်းရွေးနေသဖြင့် မိန်းမရတနာမှ ယုတ်ခြင်းအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် နေ့ရက်ရွေးနေသဖြင့် မိန်းမရတနာမှ ဆုံးရှုံးရသော ယောကျ်ားတစ်ယောက်ကို အစွဲပြု၍ အောက်ပါဇာတ်ကို ဟောတော်မူသည်။ (ပစ္စုပ္ပန်ဝတ္ထုနှင့် အတိတ်ဝတ္ထု အတူတူသာတည်း။)

လွန်လေပြီးသောအခါ ဗာရာဏသီမြို့နေ ယောကျ်ားပျိုတစ်ယောက်သည် တောနေ မိန်းမပျိုတစ်ယောက်အား တောင်းရမ်း၍

မင်္ဂလာဆောင်ရန် သတ်မှတ်ပြီးမှ မိမိတို့၏ဆရာဖြစ်သော အာဇီဝက အား ထိုနေ့ရက် နက္ခတ်ကောင်းမကောင်း မေးမြန်းလေ၏။

အာဇီဝကလည်း ထိုသူတို့သည် ငါ့ကို အလျှင်မမေးဘဲ မိမိတို့ အလိုအတိုင်း ရွေးပြီးမှ ငါ့ကိုမေးရာသည်လောဟု အမျက်ထွက်သဖြင့် ထိုနေ့ နက္ခတ်သည် မကောင်း။ အကယ်၍ ထိုနေ့၌ မင်္ဂလာပြုအံ့ ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ကြကုန်လတ္တံ့ဟု ဆိုလေ၏။

မြို့သားလည်း အာဇီဝကစကားကို ယုံကြည်သည်နှင့် နေ့လွှဲ၍ သွားအံ့ဟု ထိုနေ့၌မသွားဘဲ နေလေ၏။

ထိုသို့ ချိန်းရက်တွင် မလာသည်ရှိသော် မိန်းမဘက်က လူများ လည်း စောင့်နေ၍ အဘယ်အကျိုးရှိအံ့နည်းဟု အခြားယောကျ်ားပျို တစ်ယောက်နှင့် ပေးစားလိုက်ကြလေ၏။

နောက်တစ်နေ့ မြို့သားသည် မိမိပရိသတ်နှင့်လာ၍ တောင်း လေသော် သင်တို့သည် အရှက်အကြောက်မရှိကြကုန်။ ချိန်းချက်ပြီးမှ ကတိမတည်ဘဲ အဘယ်ကြောင့် ပျက်ကွက်သနည်း။ ငါတို့သမီးကို အခြားသူအား ပေးလိုက်ပြီ၊ သင်တို့ပြန်ကြတော့ဟုဆိုလေ၏။ မြို့သား ဘက်ကလည်း ရွေးထားသောနေ့ရက် မကောင်းဟု ငါတို့ဆရာ ဆို သဖြင့် နေ့လွှဲ၍လာခဲ့ခြင်းဖြစ်၏။ သမီးကိုပေးပါလောဟု တောင်းပြန် လေ၏။

ဤသို့ အငြင်းအခုံဖြစ်နေကြရာ အနီးရှိ ပညာရှိတစ်ဦးက နက္ခတ်သည် အဘယ်အကျိုးရှိသနည်း သတို့သမီးကို ရခြင်းသည်သာ လျှင် နက္ခတ်ကောင်းမဟုတ်လော။ ထိုသူမိုက်သည် နေ့ကောင်းရက် သာ ရွေးနေသည်နှင့် အမျိုးသမီးမှ ယုတ်လေပြီတကားဟု ဆိုလေ သတည်း။

ဇာတ်ပေါင်းသော်–
ရှေးအာဇီဝကသည် ယခုအာဇီဝက ဖြစ်လာ၏။
ရှေးအမျိုးသားသည် ယခုအမျိုးသား ဖြစ်လာ၏။
ဥဒါန်းကျူးသော ပညာရှိသည် ဘုရားဖြစ်လာ၏။

❒

## ဧကနိပါတ်။

## ၃၁။ ဒုမ္မေဓဇာတ် ၅၀
## (ဒုမ္မေဓ = ပညာမဲ့သော)

## ယစ်ပူဇော်ခြင်းကို ဥပါယ်ဖြင့် တားမြစ်သော မင်းအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် လောက၏အကျိုးငှာ အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီမင်းတစ်ပါး၌ ပညာအဆင်အခြင် သီလနှင့်ပြည့်စုံသော သားတော် အိမ်ရှေ့မင်းတစ်ပါးရှိ၏။

ထိုစဉ်အခါက ဗာရာဏသီပြည်ရှိ လူတို့သည် နတ်တို့ကိုကိုးကွယ်ကုန်လျက် ကြက်၊ ဝက်၊ ဆိတ် စသည်တို့ကို သတ်၍ယစ်ပူဇော်လေ့ရှိကြရကား များသောအားဖြင့် တရားပျက်ကြသည်ကို အိမ်ရှေ့မင်းသားမြင်သော် ငါမင်းဖြစ်မှ ဤမကောင်းမှုကို နူးညံ့သော ဥပါယ်ဖြင့် တားမြစ်အံ့ဟု စိတ်တွင်ထား၏။

တစ်နေ့သော် အိမ်ရှေ့မင်းသည် မြို့ပြင်သို့ ရထားစီး၍ ထွက်တော်မူရာ တစ်ခုသော ညောင်ပင်၌ လူအများတို့သည် သားသမီးဆု၊ ဉစ္စာဓနဆု စသည် ဆုအမျိုးမျိုးတောင်းလျက် နေကြသည်ကိုမြင်သော် မိမိကိုယ်တိုင်လည်း နတ်ကိုးကွယ်သော သူတို့ကဲ့သို့ ပညောင်ပင်အား ပူဇော်ခြင်းကိုပြု၏။ နောင်အခါ၌လည်း ရံဖန်ရံခါ သွား၍ နတ်ကိုးကွယ်သောသူတို့ကဲ့သို့ ပြုမူလေသည်။

ခမည်းတော်လွန်၍ မိမိမင်းဖြစ်သော် မှူးမတ်တို့အား စည်းဝေးစေပြီးလျှင် အချင်းအမတ်တို့ အဘယ်အကြောင်းဖြင့် ငါ မင်းအဖြစ်သို့ ရောက်သည်ကို သိကြကုန်၏လော၊ မသိကြပါဘုရား။

ငါ အိမ်ရှေ့မင်းဖြစ်စဉ်က ပြည်သူတို့ဆုတောင်းရာ ညောင်ပင်သို့ မကြာမကြာသွား၍ ညောင်နတ်အား ပူဇော်သည်ကို မြင်ဖူးကြသည်မဟုတ်လော။ မြင်ဖူးကြပါသည်ဘုရား။

ဤကား အခြားမဟုတ်၊ ငါ မင်းအဖြစ်သို့ရောက်ကာလ နတ်မင်းအား ပူဇော်ခြင်းအထူးပြုပါအံ့ဟု ကတိထားခြင်းဖြစ်၏။ ယခု ငါ မင်းအဖြစ်သို့ရောက်ပြီ၊ ပူဇော်ခြင်းအမှုကိုပြုရန် စီမံကြကုန်လော။ အရှင်မင်းကြီး– အသို့စီမံရပါအံ့နည်း။ အချင်းတို့– ငါကတိထားခဲ့သည်ကား ငါ၏နိုင်ငံတွင် သူ့အသက်ကို သတ်ခြင်း၊ သူ့ဉစ္စာကိုခိုးခြင်း၊ သူ့သားမယားကိုပြစ်မှားခြင်း၊ မုသားဆိုခြင်း၊ သေရည်သေရက်သောက်ခြင်း စသောမကောင်းမှုကိုပြုသောသူတို့ကို သတ်၍ အသွေးအသား၊ အူသိန်အူမတို့ဖြင့် ပူဇော်ရန် ငါကတိထားခဲ့၏။ ထားခဲ့သည့်အတိုင်းလည်း ငါပြုအံ့။ သို့ကြောင့် ပြည်သူပြည်သားအပေါင်းတို့အား သိစေကုန်လောဟု ဆိုလေ၏။

မှူးမတ်တို့လည်း ဗာရာဏသီပြည်အလုံးကို စည်လည်စေ၏။ ထိုအခါမှစ၍ လူအပေါင်းတို့လည်း အကျင့်သိက္ခာနှင့် ပြည့်စုံကြကုန်လျက် ကောင်းရာသို့ လားကြလေသတည်း။

ဇာတ်ပေါင်းသော်–
မင်းသည် ဘုရားဖြစ်လာ၏။
မင်း၏ပရိသတ်သည် ဘုရား၏ပရိသတ်ဖြစ်လာ၏။

❒

## ကေနိပါတ်။

## ၃၂။ မဟာသီလဝဇာတ် ၅၁

## မဟာသီလဝမင်းအကြောင်း

လုံ့လဝီရိယလျော့သော ရဟန်းတစ်ပါးကိုအစွဲပြု၍ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ အလှူပေးခြင်း၊ သီလဆောက်တည်ခြင်း၊ ခန္တီ မေတ္တာ ကရုဏာနှင့် ပြည့်စုံသော မဟာသီလဝအမည်ရှိသော မင်းသည် မင်းပြု၏။

တစ်နေ့သော် အပြစ်ရှိသော အမတ်တစ်ယောက်ကို ပြည်မှနှင်ထုတ်လိုက်ရာ ထိုအမတ်သည် ကောသလမင်းထံသို့ ချဉ်းကပ်ခစား၍ အရှင်မင်းကြီး– ဗာရာဏသီပြည်သည် ပျားကောင်မရှိသော ပျားလဘို့နှင့်တူ၏။ မဟာသီလဝမင်းသည် အလွန်နူးညံ့၏။ ဗာရာဏသီပြည်ကို အလွယ်ဖြင့် ရနိုင်ပါသည်။ ချီတက်သိမ်းယူတော်မူပါလောဟု လျှောက်၏။

မင်းကြီးလည်း ဗာရာဏသီပြည်သည် အလွန်ကြီးကျယ်၍ လက်နက်အင်အားနှင့် ပြည့်စုံ၏။ အသို့လျှင် အလွယ်ဖြင့်ရနိုင်အံ့နည်း။ သင်သည် သူလျှိုအမတ်ဖြစ်ယောင်တကားဟု ဆို၏။

အရှင်မင်းကြီး ယုံတော်မမူသော် အရှင်မင်းကြီး၏ မင်းချင်းတို့ကိုစေ၍ ဗာရာဏသီမြို့စွန်အနားရှိ ရွာငယ်တို့ကို ဖျက်ဆီးစေလော။ ထိုသူတို့ကိုဖမ်း၍ သီလဝမင်းထံရောက်သော် ဥစ္စာပေး၍ လွှတ်လိုက်လတ္တံ့ဟု လျှောက်၏။

လျှောက်သည့်အတိုင်း ပြုစေ၍ ခိုးသူတို့ သီလဝမင်းထံရောက်သော် သီလဝမင်းက မောင်မင်းတို့ အဘယ်ကြောင့် ရွာကိုတိုက်ခိုက်ဖျက်ဆီးသနည်းဟု မေး၏။ အရှင်မင်းကြီး- အသက်မွေးခြင်းငှာမတတ်နိုင်ကြ၍ ဖြစ်ပါသည်ဟု လျှောက်ကြ၏။ အမောင်တို့- ဤသို့ဖြစ်လျှင် အဘယ်ကြောင့် ငါ့ထံသို့ ရှေးဦးစွာမလာရောက်ကြသနည်း။ နောင်ကို ဤသို့မပြုကြလင့်ဟု ဆုံးမပြီးလျှင် ဥစ္စာပေး၍ လွှတ်လေ၏ ။

ထိုမင်းချင်းတို့လည်း ပြန်လာ၍ ကောသလမင်းအား ထိုအကြောင်းကို လျှောက်လေ၏။ ကောသလမင်းသည် ဤမျှဖြင့်မသွားဝံ့သေး၍ မြို့ခုလတ်၊ မြို့လယ်အထိ ဖျက်ဆီးစေ၍ သုံးကြိမ်မြောက် မဟာသီလဝ၏ တရားစောင့်ပုံ၊ နူးညံ့ပုံကို သိရမှ ဗာရာဏသီကို သိမ်းရန် ချီတက်လေ၏။

ချီလာ၍ တိုင်းစွန်အနီးသို့ရောက်သော် မဟာသီလဝ၏ သူရဲကြီးတို့က ကောသလမင်း၏စစ်ကို ဖြိုဖျက်ရန်လျှောက်သည်ကို ငါတို့အတွက် သူတစ်ပါးတို့အား ဆင်းရဲမဖြစ်စေလို။ တိုင်းပြည်ကို အလိုရှိသူအား တိုင်းပြည်ကို ယူပါစေလောဟုဆို၍ တားမြစ်တော်မူ၏။

တိုင်းစွန်၊ တိုင်းလယ်၊ မြို့လယ် ဤသုံးဌာနတို့ကို ကောသလမင်း၏ စစ်ရောက်တိုင်း ရှေးနည်းအတိုင်းသာ မြစ်တော်မူ၍ မြို့တံခါးကို ဖွင့်စေပြီးလျှင် အမတ်တစ်ထောင်နှင့်တကွ မြတ်သောပလ္လင်ထက်၌ နေလင့်၏။

ကောသလမင်းသည် တစ်စုံတစ်ရာ ခုခံခြင်းမရှိ၊ အပြစ်ကင်းသော မဟာသီလဝမင်းနှင့်တကွ အမတ်တစ်ထောင်တို့ကို ဖမ်းယူ၍ သုသာန်၌ လည်တိုင်အောင် မြေတွင်မြှုပ်ပြီးလျှင် ညဥ့်အခါ၌ မြေခွေးတို့ လာရောက်စားသောက်ကြစေရန် ထားခဲ့ကြလေ၏။

ဤသို့ပြုလုပ်ကြသည်ကို မဟာသီလဝမင်း၏ ဆုံးမအပ်ပြီးသော အမတ်တို့သည် တစ်စုံတစ်ရာ ခုခံခြင်းမရှိ။ မိမိတို့မင်း၏ အလိုသို့သာ လိုက်ကုန်၏။ မင်းကြီးလည်း အဆွေတို့– ရန်သူတို့အား တစ်စုံတစ်ရာ အမျက်ထွက်ခြင်းကို မပြုကုန်လင့် မေတ္တာတရားကို ပွားစေကုန်လောဟု ဆုံးမထား၏။

ညဥ့်အချိန်ရောက်သော် လူသားစားမြေခွေးတို့သည် လာရောက်ကြကုန်၏။ ထိုအခါ မင်းနှင့်တစ်ကွ အမတ်တစ်ထောင်တို့သည် တစ်ပြိုင်နက် အော်ဟစ်ကြလျှင် မြေခွေးတို့ ကြောက်လန့်၍ ပြေးကြကုန်၏။ ထိုမြေခွေးတို့ ပြန်ကြည့်ရာ တစ်စုံတစ်ယောက်သောသူမျှ မလိုက်လာသည်ကိုသိ၍ တစ်ဖန်ပြန်လာကြကုန်၏။ ဤသို့ သုံးကြိမ် အော်ဟစ်၍ သုံးကြိမ်ပြေးပြီးသည့်နောက်၌ကား။ မြေခွေးတို့သည် ကြောက်လန့်ခြင်းမရှိတော့ဘဲ ကိုက်ခဲခြင်းငှာ ကပ်လာကြကုန်၏။

ထိုအခါ မြေခွေးကြီးသည် မင်းကြီးသို့ကပ်လေရာ ဥပါယ်၌ လိမ္မာသောမင်းသည် လည်ကိုစင်းမော့၍ ပေး၏။ ခဲရန် ဦးခေါင်းဝင်လာသည်နှင့်တစ်ပြိုင်နက် မေးရိုးဖြင့်ငင်၍ လည်၌ ကိုင်ဖမ်းထားလေ၏။ အားအလွန်ကြီးသည်ဖြစ်၍ မြေခွေးကြီး မလွတ်နိုင်ဘဲ ပြင်းစွာ အော်လေသော် အခြားမြေခွေးတို့သည် ကြောက်လန့်တကြား ပြေးကြလေ၏။

ဖမ်းထားအပ်သော မြေခွေးကြီးရန်းသည်နှင့် တဖြည်းဖြည်း မြေချောင်လာသောအခါ မြေခွေးကြီးကို လွှတ်လိုက်ပြီးလျှင် မိမိကိုယ်

ကို ရှေးဦးစွာ မြေတွင်းမှ လွတ်စေပြီးနောက် အမတ်တစ်ထောင်တို့အားလည်း ကယ်ယူရလေ၏။

ထိုသို့ ကျွတ်လွတ်ကြသောအခိုက်၌ ဘီလူးနှစ်ယောက်တို့သည် လူကောင်တစ်ခုကို အဝေမတည့် မဝေတတ်ရှိကြ၍ သီလဝမင်းကြီးကို တောင်းပန်လေလျှင် ခိုးသူမင်းထံမှ နံ့သာအဝတ်အစား၊ သန်လျက်တို့ကို ဆောင်ယူစေ၍ ဝတ်စားပြီး လူကောင်ကိုခြမ်း၍ ဝေပေးရာ ဘီလူးတို့ များစွာဝမ်းမြောက် ကျေးဇူးတင်ကြကုန်၏။

ပြီးမှ ဘီလူးတို့က အရှင်မင်းကြီး အလိုရှိသည်ကို မိန့်တော်မူပါ၊ အကျွန်ုပ်တို့ ဆောင်ရွက်ပေးပါအံ့ဟု ဆိုကြကုန်၏။ မင်းကြီးကလည်း ငါ့ကို ခိုးသူမင်းတည်ရှိရာ ငါ၏ကျက်သရေတိုက်သို့ ပို့လောဟု မိန့်တော်မူ၏။

ဘီလူးတို့လည်း မိမိတို့၏အစွမ်းဖြင့် ကျက်သရေတိုက်သို့ ညဥ့်အခါ ပို့ဆောင်၍ ရောက်သော် မဟာသီလဝမင်းကြီးသည် သန်လျက်ဖျားဖြင့် ခိုးသူမင်း၏ ဝမ်းကိုခတ်နိုးစေ၏။ ကောသလမင်းလည်း ကြောက်လန့်တကြားထ၍ သီလဝမင်းဖြစ်ကြောင်းသိမှ မည်သို့ရောက်လာပုံကို မေးလျှောက်သော် မဟာသီလဝမင်းကြီးလည်း အလုံးစုံကို ပြန်ကြားပေ၏။

ထိုအခါ ကောသလမင်းသည် အရှင်မင်းကြီး– အကျွန်ုပ်သည် လူဖြစ်လျက်နှင့် အရှင်မင်းကြီး၏ သီလကျေးဇူးဂုဏ်တို့ကို မသိပါ။ လူသားစားဘီလူးတို့ကား သိကုန်၏။ အရှင်မင်းကြီး အကျွန်ုပ် မှားချေပြီဟု ရှိခိုးသေစွာ ကန်တော့၏။

နံနက်လင်းသော် မှူးမတ်၊ သူဌေးသူကြွယ်၊ စစ်သည်အပေါင်းတို့အား စည်းဝေးစေ၍ မဟာသီလဝမင်း၏ ကျေးဇူးဂုဏ်တို့ကို ဖော်ပြကာ မိမိကိုယ်တိုင် တောင်းပန်ဝန်ချလျက် တိုင်းပြည်ထီးနန်းကို ပြန်၍ ပူဇော်၏။

မဟာသီလဝမင်းသည်လည်း ငါသည် လုံ့လဝီရိယကြောင့် အမတ်တစ်ထောင်တို့၏ အသက်ကိုလည်း လျှုရလေပြီ။ ငါကိုယ်တိုင်လည်း အသက်ဘေးမှလွတ်၍ ဆုံးလေပြီးသော ထီးနန်းစည်းစိမ်ကို ပြန်၍ရ၏။ သို့ကြောင့် လောက၌ မပြတ်သောအာသာဖြင့် လုံ့လဝီရိယကို ပြုအပ်ကြကုန်၏။

လုံ့လဝီရိယရှိသောသူအား လိုအပ်သောအကျိုးသည် ပြီးနိုင်၏ဟု ဥဒါန်းကျူးတော်မူလေသတည်း။

ဇာတ်ပေါင်းသော်–
ကုန်းချောသောအမတ်သည် ဒေဝဒတ် ဖြစ်လာ၏။
အမတ်တစ်ထောင်တို့သည် ဘုရား၏ပရိသတ်ဖြစ်လာ၏။
မဟာသီလဝသည် ဘုရားဖြစ်လာ၏။

❐

## ဧကနိပါတ်။

## ၃၃။ ကိံဖလဇာတ် ၅၄
## (ကိံဖလ = အဆိပ်ပင်)

## သစ်သီး၌ လိမ္မာသူအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သစ်သီးအကြောင်းကို ကောင်းစွာသိကျွမ်း နားလည်သောသူတစ်ယောက်ကို အစွဲပြု၍ အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ လှည်းကုန်သည်မှူးတစ်ဦးသည် လှည်းသား ငါးရာနှင့် ကုန်သွယ်ရန်သွားလေရာ တောအုပ်ကြီးတစ်ခုအဝင်ဝသို့ ရောက်လာကြလေ၏။ ထိုအခါ လှည်းကုန်သည်မှူးသည် မိမိငယ်သားများအား အချင်းတို့– ဤတော၌ အဆိပ်ရှိသော အပင်၊ အရွက်၊ အပွင့်၊ အသီးတို့သည် ရှိကုန်၏။ သို့ကြောင့် ငါ့အား မပန်ကြားဘဲ တစ်စုံတစ်ရာကိုမျှ မစားကြကုန်လင့်ဟု ဆုံးမထားလေ၏။

ထိုတောအုပ်၏ အဝင်ဝအနီးရှိ ရွာတစ်ခုအနီးတွင် ကိံဖလ မည်သော သစ်ပင်သည်ရှိ၏။ ထိုသစ်ပင်မှာ အပင်၊ အရွက်၊ အသီး၊ အရသာ စသည်ဖြင့် အလုံးစုံ သရက်နှင့်တူ၏။ သို့ရာတွင် အဆိပ်ပင် ဖြစ်၍ အသီးကိုစားမိလျှင် ချက်ချင်းလတ်တလော သေစေတတ်၏။

ရှေ့ကသွားနှင့်သော လှည်းသမားတို့တွင် အချို့ လျှပ်ပေါ်သော သူတို့သည် ထိုအဆိပ်သီးကို သရက်သီးအမှတ်ဖြင့် မမေးမြန်းဘဲ စားကြကုန်၏။ အချို့ လိမ္မာသောသူတို့ကား စုံစမ်း၍စားအံ့ဟု သစ်သီးကို လှည်းမှူးအား ပြလာကြကုန်၏။

လှည်းမှူးလည်း အဆိပ်သီးဖြစ်ကြောင်းကိုသိ၍ မစားသေးသောသူတို့ကို တားမြစ်ပြီးလျှင် စားပြီးသောသူတို့ကို အန်ဆေးကျွေး၍ အန်စေပြီးမှ စတုမဓုကို တိုက်ကျွေး၍ အသက်ရှင်စေ၏။

ယခင်အခါက ဤသို့ လှည်းကုန်သည်များသည် ထိုသစ်ပင်ရင်း၌ တည်းခို အသီးကိုစားမိ သေကျေကြလျှင် နောက်တစ်နေ့၌ အနီးရှိရွာက လူတို့သည် လာရောက်၍ လှည်း နွား ကုန်စည်တို့ကို သိမ်းယူလေ့ရှိကြကုန်၏။

ယခုလည်း ထိုသို့သိမ်းယူရန်ဟု လာကြ၍ လှည်းကုန်သည်တို့ တစ်စုံတစ်ရာ မဖြစ်သည်ကိုမြင်သော် သင်တို့သည် အသို့လျှင် အဆိပ်သီးဖြစ်ကြောင်းကို သိလေသနည်းဟု မေးကြ၏။

လှည်းမှူးကလည်း ငါသည် နှစ်ပါးသောအကြောင်းကိုထောက်၍ အဆိပ်ပင်ဖြစ်ကြောင်းကိုသိ၏။ ၎င်းအကြောင်းနှစ်ပါးသော်ကား

(၁) ဤသစ်ပင်သည် ရွာနှင့်မဝေး နီးကပ်စွာတည်ရှိ၏။

(၂) အသီးကို ဆွတ်ခူးရန်လည်း ခဲယဉ်းသည်မဟုတ်။

ဤအကြောင်းနှစ်ပါး ထင်ရှားလျက်နှင့် လူတို့မဆွတ် မခူးကြဘဲ အသီးအပွင့် စုံလင်စွာရှိသည်ကိုထောက်သော် မစားကောင်းသော အဆိပ်ပင် အဆိပ်သီးဖြစ်ကြောင်း ထင်ရှား၏။ ဤနည်းဖြင့် ငါတို့သိ၏ဟု ပြန်ပြောလေသတည်း။

**အရာရာ၌ ဆင်ခြင်သော် အကျိုးရှိ၏။**

ဇာတ်ပေါင်းသော်–

လှည်းသားတို့သည် ဘုရားပရိသတ် ဖြစ်လာ၏။

လှည်းမှူးသည် ဘုရားဖြစ်လာ၏။

❒

## ဧကနိပါတ်။

## ၃၄။ ပဉ္စာဝုဓဇာတ် ၅၅
## (ပဉ္စ = ငါးခု။ အာဝုဓ = လက်နက်)

## ပဉ္စာဝုဓမင်းသားအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဝီရိယလျှော့သော ရဟန်းတစ်ပါးကိုစွဲ၍ အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီးတွင် သားတစ်ယောက်ဖွားမြင်ရာ လက္ခဏာဖတ် ပုဏ္ဏားတို့က ဘုန်းတန်းကြီး၍ လက်နက်ငါးပါးဖြင့် ထင်ရှားလတ္တံ့ဟု နိမိတ်ဖတ်လေသဖြင့် ပဉ္စာဝုဓမင်းသားဟု အမည်မှည့်ကြကုန်၏။

၁၆ နှစ်အရွယ်ရောက်၍ တက္ကသိုလ်ပြည်သို့ သွားရောက်ပညာသင်ကြား တတ်မြောက်ပြီးနောက် လက်နက်ငါးပါးစွဲ၍ ဗာရာဏသီပြည်သို့ ပြန်ခဲ့ရာ လမ်းခရီးအကြား၌ စေးသောအမွေးရှိသော ဘီလူးစောင့်သည့် တောဝသို့ ရောက်လာလေ၏။ ထိုအခါ လူတို့သည် အသင်– ဤတောတွင်စောင့်သော ဘီလူးသည် လာလာသမျှလူတို့ကို ဖမ်း၍စားတတ်၏။ မသွားလေလင့်ဟု တားမြစ်ကြ၏။ မင်းသားသည်ကား မကြောက်မရွံ့၊ မိမိကိုယ်ကို ကိုးစားလျက် တောအုပ်သို့ ဝင်သည်သာလျှင်တည်း။

တောသို့ဝင်၍ မကြာမီပင် ဘီလူးနှင့်တွေ့လေ၏။ ဘီလူးသည် ထန်းပင်မျှမြင့်သောအရပ်၊ အိမ်ပမာဏရှိသောဦးခေါင်း၊ သပိတ်မျှရှိသော မျက်စိ၊ ငှက်ပျောဖူးမျှရှိသော အစွယ်၊ ဖြူသောမျက်နှာ၊ ပြောက်ကျားသောဝမ်း၊ ညိုသော လက်ခြေတို့ဖြင့် ကိုယ်ကိုပြ၍ အသင်လူသား– အဘယ်သို့သွားမည်နည်း။ ရပ်လော။ သင် ငါ၏အစာဖြစ်ပြီဟု ဆို၏။

မင်းသားလည်း အသင်ဘီလူး– ငါသည် ငါ့ကိုယ်ကို ကိုးစား၍ သတိနှင့်လာခဲ့၏။ အသင်လည်း သတိပြု၍နေတော့။ ယခုပင် အဆိပ်လူးသောမြားဖြင့် ပစ်သတ်အံ့ဟု ခြိမ်းခြောက်လျက် မြားကိုလွှတ်၏။ ထိုမြားသည် ဘီလူး၏အမွေး၌ ကပ်ငြိနေလေ၏။ တစ်ဖန်ထပ်၍လွှတ်ပြန်၏။ ဤနည်းဖြင့် မြားငါးဆယ်လွှတ်ရာ အလုံးစုံသော မြားတို့သည် အမွေး၌သာ ကပ်ငြိ၍နေကြလေကုန်၏။ ဘီလူးလည်း မြားတို့ကို ခါချလျက် မင်းသားသို့ ချဉ်းကပ်လာ၏။

မင်းသားလည်း တစ်ဖန်ခြိမ်းခြောက်၍ သန်လျက်ဖြင့် ခုတ်လေ၏။ သန်လျက်လည်း ကပ်ငြိ၍နေလေ၏။ ဤနည်းဖြင့် မြားတောင့်၊ ဆောက်ပုတ်တို့လည်း ကပ်ငြိ၍သာ နေကြကုန်၏။

ထိုအခါ မင်းသားသည် အို ဘီလူး၊ ဤတောအုပ်သို့ ဝင်လာသည်မှာ လက်နက်တို့ကို အားကိုး၍ ဝင်လာခဲ့သည်မဟုတ်။ ကိုယ်ကို အားကိုး၍ ဝင်လာခဲ့ခြင်းဖြစ်၏။ ယခုပင် သင့်ကိုသတ်၍ မုန့်မုန့်ညက်ညက် ကြေစေအံ့ဟု ကြုံးဝါးကြွေးကြော်လျက် လက်ယာလက်ဖြင့် ရှေးဦးစွာထိုးခတ်၏။ အမွေးတွင် ငြိနေလေ၏။ နောက် လက်ဝဲလက်၊ လက်ယာခြေ၊ လက်ဝဲခြေ၊ ဦးခေါင်းတို့ဖြင့် ခတ်လေရာ အလုံးစုံကပ်ငြိတွဲလျားနေရသော်လည်း ကြောက်လန့်ခြင်းတစ်စုံတစ်ရာ မရှိလေ။

ထိုအခါ ဘီလူးသည် ဤယောကျ်ားကား ယောကျ်ားထူး ယောကျ်ားအာဇာနည်တည်း။ ဤတောအုပ်၌ ငါနေသည်မှာ ကြာပြီ။ ဤသို့ရဲရင့်သောယောကျ်ားကို ငါမတွေ့မမြင်ဖူးချေ။ အဘယ်ကြောင့် မကြောက်မရွံ့သည်ကို ငါမေးအံ့ဟု ကြံ၍။ အသင်လူသား၊ သင်အဘယ်ကြောင့် သေခြင်းကို မကြောက်မရွံ့သနည်းဟု မေးလေ၏။

မင်းသားလည်း အသင်ဘီလူး- လူတို့မှာ တစ်သက်တစ်ခါ သေကြရမည် အမှန်ဖြစ်၏။ အဘယ်ကြောင့် ငါကြောက်ရအံ့နည်း။ ထို့မှတစ်ပါးလည်း ငါ၏ဝမ်း၌ ဝရဇိန်လက်နက်ရှိ၏။ အကယ်၍ ငါ့ကိုစားအံ့၊ ထိုဝရဇိန်လက်နက်ကို ကျေခြင်းငှာ သင်တတ်နိုင်မည်မဟုတ်။ ထိုလက်နက်သည် သင်၏အူတို့ကို အပိုင်းပိုင်းပြတ်စေ၏။ အသင့်အား အသက်ကုန်ခြင်းသို့ ရောက်စေလတ္တံ့။ ဤသို့ နှစ်ဦးစလုံး သေကြရမည်ဖြစ်၍လည်း ငါမကြောက်ဟု ရဲဝံ့စွာဆိုလေ၏။ (ဝရဇိန်လက်နက်ဆိုသည်မှာ မိမိ၏ကိုယ်တွင်းရှိ ဉာဏ်လက်နက်ကိုရည်ဆိုခြင်းဖြစ်၏။)

ထိုစကားကိုကြားလျှင် ဘီလူးသည် ဤယောက်ျားသည် မှန်သောစကားကိုသာ ဆိုရာ၏။ ထိုသူ၏ ဝရဇိန်လက်နက်ကိုထားဘိ။ ပဲနောက်စေ့မျှလောက်သော အသားကိုမျှလည်း ကျေစေနိုင်မည်မဟုတ်ဟု သဘောပေါက်သဖြင့် အသင်လူသား– အသင့်ကို ငါမစားပြီ။ လွတ်လပ်စွာ သွားလေတော့ဟု ဆိုပေ၏။

မင်းသားလည်း အသင်ဘီလူး– ငါကား သွားအံ့။ သို့ရာတွင် သင့်အား ငါတရားဟောလိုသေး၏။ သင်သည် ရှေးဘဝက အကုသိုလ်ပြု၍ ကြမ်းကြုတ်သော အသားစားဘီလူး ဖြစ်လာ၏။ ယခု ဘီလူးဘဝ၌လည်း အကယ်၍ အကုသိုလ်ကိုပင် ထပ်မံပြုအံ့။ အမိုက်မှ အမိုက်သို့သာ လားရလတ္တံ့။ သို့ကြောင့် အကုသိုလ်ကို မပြုလင့်တော့။ ပါဏာတိပါတကံသည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘုံတို့၌ ဖြစ်စေတတ်၏။ လူ့ဘဝကိုရသော်လည်း အသက်တိုရ၏။ သူ့အသက်သတ်ခြင်းကို မပြုနှင့်ဟု ဆို၏။

ဤသို့ ပါဏာတိပါတကံကို အဦးထား၍ ငါးပါးသောကံတို့၏ အကျိုးအပြစ်တို့ကို အကျယ်ပြ၍ ဆုံးမလျက် ဘီလူးအား ငါးပါးသီလ၌ တည်စေပြီးမှ ထွက်လာခဲ့လေ၏။

ဗာရာဏသီပြည်သို့ရောက်သော် တရားသဖြင့် မင်းပြုလေသတည်း။

ဇာတ်ပေါင်းသော်–
ဘီလူးသည် အင်္ဂုလိမာလ ဖြစ်လာ၏။
ပဉ္စာဝုဓမင်းသားသည် ဘုရား ဖြစ်လာ၏။

❒

## ကေနိပါတ်။

## ၃၅။ ဝါနရိန္ဒဇာတ် ၅၇

(ဝါနရ = မျောက်။ ဣန္ဒ = အစိုးရသော။ ဝါနရိန္ဒ = မျောက်မင်း)

## ဝါနရိန္ဒ မျောက်မင်းအကြောင်း

ဒေဝဒတ်သည် မြတ်စွာဘုရားကိုသတ်ရန် အကြိမ်ကြိမ် လုံ့လထုတ်သော်လည်း အထမမြောက်ရှိလေရာ ယခုသာမဟုတ် ရှေးကလည်း ဤသို့ ပင်တည်းဟု အောက်ပါဇာတ်ကို ဝေဠုဝန်ကျောင်းတော်၌ မြတ်စွာဘုရား ဟောတော်မူသည်။

ရှေးသောအခါ မြစ်ကမ်းနားတစ်ခု၌ အားအန်သန်စွမ်းသော မျောက်ကြီးတစ်ကောင်သည် နေစမှတ်ပြု၏။ ထိုမြစ်လယ်၌ သရက်၊ ပိန္နဲ စသော သစ်သီးတို့နှင့်ပြည့်စုံသော ကျွန်းတစ်ခုရှိ၏။ ထိုကျွန်းနှင့် မျောက်ကြီးနေသော မြစ်ကမ်းတို့၏အကြား အလယ်တွင် ကျောက်ဖျာ တစ်ခု ပေါ်လျက်ရှိ၏။

မျောက်ကြီးလည်း နေ့စဉ် နေ့စဉ် နံနက်အခါ မြစ်ကမ်း ကျောက်ဖျာသို့ခုန်၍ ၎င်းကျောက်ဖျာမှတစ်ဆင့် ကျွန်းသို့ ခုန်ရောက်ပြီးလျှင် သစ်သီးကြီးငယ်တို့ကို စားသောက်ပြီးသော် ညချမ်းအခါ၌ ထိုနည်းဖြင့် ကမ်းသို့ပြန်ခဲ့လေ့ရှိ၏။

ထိုမြစ်တွင် မိကျောင်းဖိုမတို့ နေကြရာ တစ်နေ့သော် မိကျောင်းမက မျောက်ကြီး၏ နှလုံးသားကို စားလိုသောအာသာချင်ခြင်း ဖြစ်၍ မိကျောင်းဖိုအား ယူဆောင်ပေးရန် ပူဆာလေ၏။

မိကျောင်းဖိုကလည်း ဝန်ခံခဲ့ပြီးလျှင် မျောက်ကြီးကို ညချမ်းအခါ အပြန်တွင်ဖမ်းအံ့ဟု ကျောက်ဖျာပေါ်၌ ဝပ်လျက် စောင့်နေ၏။

မျောက်မင်းလည်း ပြန်အံ့ဟု ကျွန်းမှရပ်၍ ကျောက်ဖျာသို့ ကြည့်သော် ကျောက်ဖျာကြီး မြင့်လျက်နေသည်ကိုမြင်မှ ဤသို့ကြံ၏။ ရေလည်း အတိုးအလျော့မရှိ ပကတိဖြစ်၏။ သို့လျက်နှင့် ကျောက်ဖျာသည် အဘယ်ကြောင့် ကြီးမြင့်ယောင်ရှိလေသနည်း။ မိကျောင်းသည် ငါ့ကိုဖမ်းလို၍ ဝပ်နေသလောဟု ယုံမှားရှိသဖြင့် ကျောက်ဖျာနှင့် စကားဆိုသကဲ့သို့ အို– ကျောက်ဖျာဟု ခေါ်လေ၏။ စကားတုံ့မရ၍ သုံးကြိမ်တိုင်အောင် ခေါ်ပြန်၏။ စကားတုံ့မရမှ အို– ကျောက်ဖျာ၊ အဘယ်ကြောင့် ယနေ့ ငါ့အား စကားတုံ့မပြန်သနည်းဟု ဆိုလေ၏။

မိကျောင်းလည်း မျောက်စကားကိုကြားသော် မချွတ်လျှင် တစ်ပါးသောနေ့တို့၌ ကျောက်ဖျာသည် စကားတုံ့ပြန်သည်ဖြစ်ရာ၏။ ငါလည်း စကားတုံ့ပြန်မှ ကျောက်ဖျာစင်စစ်ဟု ယုံကြည်လတ္တံ့ဟု ကြံလျက် အို– မျောက်မင်းဟု စကားတုံ့ပြန်လေ၏။

ထိုအခါ မျောက်က အဆွေ– အသင် အသူနည်း။ ငါကား မိကျောင်းဖြစ်၏။

အဘယ်ကိုလို၍ ကျောက်ဖျာ၌ ဝပ်၍နေဘိသနည်း။

အသင်၏နှလုံးသားကိုလို၍ နေ၏။

ထိုအခါ မျောက်မင်းသည် ငါ့အား သွားရာခရီးသည် အခြားမရှိပြီ။ မိကျောင်းကို လှည့်စားအပ်၏ဟုကြံ၍ အဆွေမိကျောင်း– ငါ၏ကိုယ်ကို အသင့်အားပေးအံ့။ သင်၏ခံတွင်းကို ဖွင့်ဟထား၍ ငါခုန်လာသောခဏ၌ ဖမ်းယူလောဟုဆိုလေ၏။

မိကျောင်းတို့မည်သည်မှာ ခံတွင်းဖွင့်ဟထားသောအခါ မျက်စိတို့သည် မှိတ်ကုန်၏။ မိကျောင်းသည် ထိုအကြောင်းကို အမှတ်မပြုမူ၍ ဆိုသည့်အတိုင်း ခံတွင်းကိုဖွင့်ဟ၏။ ထိုအခါ မျက်စိတို့လည်း မှိတ်လေကုန်၏။

မျောက်မင်းလည်း မိုတ်သောခဏာ၌ ကျွန်းငယ်မှခုန်၍မိကျောင်း၏ထိပ်၌ နင်းကာ လျှင်မြန်စွာ ကမ်းတစ်ဖက်သို့ ခုန်တက်၍သွားလေ၏။ မိကျောင်းသည် မျောက်မင်း၏နှလုံးသားကို မရရှာလေ။

ရန်သူကို အောင်ကြောင်းတရား လေးပါးရှိ၏။ ၎င်းတို့ကား တည်ကြည်ဖြောင့်မှန်ခြင်း၊ပညာဉာဏ်ရှိခြင်း၊ လုံ့လဝီရိယရှိခြင်း၊ စွန့်ကြဲပေးကမ်းခြင်းတို့တည်း။ ထို့ကြောင့် ရှေးပညာရှိတို့ အောက်ပါစကားပုံကို ထားခဲ့လေသည်။

"သစ္စံ ဓမ္မ၊ ဝီရိယနှင့်၊ စာဂဟူသည် ရန်သူအောင်မှု ကြောင်းလေးခု"ဟူ၏တည်း။

ဇာတ်ပေါင်းသော်–
မိကျောင်းဖိုသည် ဒေဝဒတ် ဖြစ်လာ၏။
မိကျောင်းမသည် စိဉ္စမာန ဖြစ်လာ၏။
မျောက်မင်းသည် ဘုရား ဖြစ်လာ၏။

❐

## ဧကနိပါတ်။

## ၃၆။ တယောဓမ္မဇာတ် ၈၅
## (တယော = သုံးပါး၊ ဓမ္မာ = (ကျေးဇူး)တရားတို့။)

## ပညာဉာဏ်ကောင်းသော မျောက်အကြောင်း

ဒေဝဒတ်သည် မြတ်စွာဘုရားကိုသတ်ခြင်းငှာ လုံ့လပြုခြင်းနှင့်စပ်လျဉ်း၍ အောက်ပါဇာတ်ကို ဝေဠုဝန်ကျောင်း၌ မြတ်စွာဘုရား ဟောတော်မူသည်။

ရှေးသောအခါ ဟိမဝန္တာအရပ်၌ မျောက်အပေါင်းတို့ကို အုပ်ချုပ်လျက်နေသော မျောက်ကြီးတစ်ကောင်သည် မိမိကိုစွဲ၍ရသော သားငယ်တို့ကို ကြီးလျှင် မိမိ၏မျောက်တို့ကိုဆောင်ကုန်ရာ၏ဟု စိုးရိမ်သဖြင့် ငယ်စဉ်ကပင် ကိုက်သတ်လေ့ရှိ၏။

တစ်ရံခါသော် မျောက်မတစ်ကောင်၌ ထိုမျောက်ကြီးကိုစွဲ၍ သန္ဓေတည်ရာ သားငယ်ကို စောင့်ရှောက်အံ့သောငှာ အခြားလွတ်ရာသို့ သွားရောက်နေထိုင် မွေးဖွား၍ အရွယ်သို့ရောက်သော် အလွန်အားအန်ကြီးမားသော မျောက်ငယ်ဖြစ်လာလေ၏။

တစ်နေ့၌ မျောက်ငယ်က အဖ မည်သည့်အရပ်၌ရှိကြောင်း စသည်ဖြင့် မေးမြန်းရာ အမိက အလုံးစုံပြန်ပြောလေ၏။ မျောက်ငယ်ကလည်း မစိုးရိမ်လင့် ငါ့ကို အဖထံသို့ ပို့ဆောင်လောဟု ဆိုသဖြင့် ပို့ရလေ၏။

မျောက်ကြီးသည် သားငယ်ကိုမြင်သော် ချစ်ခင်ယောင်ဖြင့် ဖက်ပြီးလျှင် ညှစ်နှိပ်လျက် သတ်ပစ်အံ့ဟု အမောင်– လာလော၊ ဤမျှလောက်သော ကာလပတ်လုံး အဘယ်အရပ်၌ ရှိလေသနည်းဟု ဆိုကာ ပွေ့ဖက်၍ ညှစ်လေ၏။ သားငယ်လည်း အားကြီးစွာဖြင့် ပြန်၍ညှစ်နှိပ်ရာ မျောက်ကြီးသည် သေအံ့သကဲ့သို့ နာကျင်လှသည်နှင့် လွှတ်လိုက်ရလေ၏။

ထို့နောက် မျောက်ကြီးသည် အခြားဥပါယ်ဖြင့် သေစေရန်ဟု မိမိရေကန်သို့ သက်ဆင်းသော သတ္တဝါတို့ကို ဖမ်းယူစားသောက်တတ်သော ရက္ခိုသ်စောင့်သည့်ရေကန်သို့ မိမိသားငယ်အား အမောင်– သင့်အား မင်းမြှောက်အံ့။ ထိုရေကန်တွင် ကြာဆယ်ပွင့်ခူးချေလောဟု စေလွှတ်လိုက်လေ၏။

မျောက်ငယ်လည်း ကြာပွင့်ခူးရန် ရေကန်သို့ရောက်ရှိ အဆောတလျင် မဆင်းသက်ဘဲ စုံစမ်းလေသော် သက်ခြေရာတို့ကိုသာမြင်၍

တက်ခြေရာတို့ကို မမြင်လေမှ ရေကန်၏သဘောကိုလည်းကောင်း၊ အဖ၏သဘောကိုလည်းကောင်း သိရလေ၏။

ထို့နောက် မျောက်ငယ်သည် ကန်တွင်းသို့မဆင်းဘဲလျက် ကြာကို ရအောင်ယူအံ့ဟု ကမ်းတစ်ဖက်မှ အားယူကာခုန်၍ အလယ်အကြား ကောင်းကင်၌တည်စဉ် ကြာပန်းတို့ကိုခူးယူပြီးလျှင် တစ်ဖက်ကမ်း၌ကျ၏။ ဤသို့ အပြန်ပြန် အလှန်လှန် ခုန်၍ ခူးယူရာ ကြာဆယ်ပွင့်ပြည့်မှ ခေတ္တနား၍ ကြာပန်းတို့ကို စီလျက်နေလေ၏။

ထိုအခါ ကန်စောင့်ရက္ခိုသ်သည် ငါသည် ဤမျှလောက်သော ကာလပတ်လုံး ဤသို့ အံ့ဖွယ်သရဲဖြစ်သောသူကို မမြင်စဖူး၊ ငါ၏ အာဏာ တည်ရာရေသို့ မသက်ဘဲလျက် ကြာပန်းတို့ကို ရအောင်ခူးယူနိုင်ပေ၏ဟု ရေမှတက်လာပြီးလျှင် အိုမျောက်မင်း- လောကတွင် အကြင်သူ၌ ရဲရင့်ခြင်း၊ ပညာ၊ လုံ့လဝီရိယ ဤကျေးဇူးတရား သုံးပါးနှင့် ပြည့်စုံလျှင် ရန်သူကို အောင်မြင်နိုင်၏ဟု ဥဒါန်းကျူးရင့် ချီးမွမ်းပေ၏။

ပြီးမှ အကြောင်းကို မေးမြန်းသိရသော် ရက္ခိုသ်က ဤသို့ သဘောရှိသော ယောကျ်ားမြတ်သည် ကြာပန်းတို့ကို ကိုယ်တိုင်ဆောင်ခြင်းငှာ မသင့်၊ အကျွန်ုပ် ဆောင်ပါအံ့ဟု ကြာပန်းတို့ကိုချီ၍ မျောက်ငယ်နောက်မှ လိုက်လေ၏။

ထိုသို့လာကြသည်ကို မျောက်ကြီးမြင်လျှင် ငါသည် မျောက်ငယ်ကို ရက္ခိုသ်သတ်စားစေရန် စေလွှတ်လိုက်၏။ ယခုမူကား ရက္ခိုသ်ကို ကြာပန်းထမ်းစေ၍ လာခဲ့၏။ ငါပျက်စီးလေပြီတကားဟု ပူပန်စိုးရိမ်ခြင်းကြီးစွာ ဖြစ်သည်နှင့် နှလုံးကွဲ၍ သေလေ၏။ မျောက်ငယ်လည်း မျောက်အပေါင်းတို့ကို အုပ်ချုပ်၍ မင်းပြုလေသတည်း။

ဇာတ်ပေါင်းသော်–
မျောက်ကြီးသည် ဒေဝဒတ် ဖြစ်လာ၏။
မျောက်ငယ်သည် ဘုရား ဖြစ်လာ၏။

❒

## ကေနိပါတ်။

## ၃၇။ အဏ္ဍဘူတဇာတ် ၆၂
## (အဏ္ဍဘူတ = အမိဝမ်းမှ မဖွားသေးခြင်း)

### မိန်းမကို စောင့်ရှောက်ရန် ခဲယဉ်းခြင်းအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် သာသနာ၌ ငြီးငွေ့သော ရဟန်းတစ်ပါးအား မိန်းမတို့ကို စောင့်ရှောက်ရန် ခဲယဉ်းကြောင်း အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ဗာရာဏသီမင်းတစ်ပါးသည် မိမိ၏ ပုရောဟိတ်နှင့် ကြွေအန်ကစားရာ

မြစ်ဟူသမျှတို့သည် ကောက်ကွေ့ကုန်၏။
တောဟူသမျှတို့သည် ထင်းအတိသာဖြစ်၏။
မိန်းမဟူသမျှတို့သည် ဆိတ်ကွယ်ရာ၌ မကောင်းမှုကို ပြုတတ်၏ ။

ဟူသော ကြွေအန်သီချင်းကို သီဆို၍ ကြွေအန်ပစ်လေ့ရှိ၏။ မင်းကြီးလည်း မှန်သည်ကိုဆိုသဖြင့် အမြဲနိုင်၏။ ပုရောဟိတ် အမြဲရှုံး၏။

ထိုအခါ ပုရောဟိတ်သည် မင်း၏စကားပျက်ရန် မိန်းမငယ်တစ်ယောက်ကို မမွေးမီ အမိဝမ်းတွင်ရှိစဉ်က အမိနှင့်တကွ ခေါ်ထား၍

မိမိမှတစ်ပါး အခြားယောကျ်ားတို့ကို မြင်ခွင့်မပေးဘဲ လုံခြုံစွာ စောင့်ရှောက် မွေးမြူ၍ထားလေ၏။

ထိုမိန်းမငယ် အရွယ်ရောက်သောကာလမှ ပုရောဟိတ်သည် မင်းကြီးနှင့် ကြွေအန်ကစားလေ၏။ မင်းကြီးသည် အထက်သီချင်းကို သီမြဲသီသော် ပုရောဟိတ်က ငါ၏မိန်းမ လွတ်၏ဟု ပြန်၍သီလေ၏။ ထိုအခါမှစ၍ ပုရောဟိတ်သာလျှင် နိုင်လေ၏။

မင်းကြီးလည်း တိတ်တဆိတ်စုံစမ်း၍ အကြောင်းမျိုးစုံကိုသိရသော် သေသောက်ကြူးတစ်ယောက်အား ဥစ္စာပေး၍ ထိုမိန်းမ သီလကို ဖျက်ရန် ခိုင်းလေ၏။ သေသောက်ကြူးသည်လည်း ထိုမိန်းမငယ်၏ အစေခံမိန်းမနှင့် ပူးပေါင်းပြီးလျှင် တစ်နေ့သော် ပန်းထည့်သောတောင်းထဲတွင် ပုန်းကွယ်လိုက်သွား၍ ထိုမိန်းမငယ်၏သီလကို ဖျက်လေ၏။

ထိုသို့ သီလပျက်ပြီးမှ တစ်ဖန် သီဆို၍ကစားကြပြန်ရာ ပုရောဟိတ် ရှုံးလေ၏။ မင်းကြီးကလည်း အသင်ပုရောဟိတ် မိန်းမကို မမွေးမီကစ၍ စောင့်ရှောက်သော်လည်း လုံမည်မဟုတ်၊ အသင်၏ မိန်းမ ပျက်လေပြီတကားဟု ဆိုလေ၏။

ပုရောဟိတ်လည်း အမျက်ထွက်၍ အိမ်သို့ပြန်လာပြီးလျှင် မေးမြန်း၏။ မိန်းမက ငြင်းဆိုပြီးလျှင် အရှင် ငါသည် အရှင်မှတစ်ပါး အခြားယောကျ်ားတို့နှင့် လက်ဖျားမျှပင် မထိရဖူးပါ အရှင်ယုံကြည်လောက်အောင် မီးပုံသို့ဆင်း၍ ပြပါမည်ဟု ဆိုလေ၏။

ပုဏ္ဏားလည်း သဘောတူ၏။ ထိုအခါ မိန်းမသည် မိမိ၏ အစေခံမှတစ်ဆင့် သေသောက်ကြူးအား မိမိမီးပုံသို့ ဆင်းခါနီးတွင် လာရောက်၍ လက်ကိုဆွဲ၍ တားမြစ်ဟန်ပြုပါလေဟု တိတ်တဆိတ် စကားသွင်းထားနှင့်လေ၏။

ထို့နောက် ပရိသတ်အလယ် မီးပုံအနီး၌ ရပ်ပြီးလျှင် အရှင်– ငါသည် သင်မှတစ်ပါး အခြားယောကျ်ားတို့နှင့် လက်ဖျားမျှ မထိဖူး

ပါ။ ဤသစ္စာကြောင့် မီးမလောင်ပါစေသတည်းဟု ဆို၍ မီးပုံတွင်းသို့ ခုန်ဆင်းမည့်ဟန်ပြုနေစဉ် မှာထားသော သေသောက်ကြူးသည်အို– အချင်းတို့၊ ထိုပုဏ္ဏားအား၏ပြုမူခြင်းမသင့်ပါ။ ဤမျှ ပျို့ရွယ်နုနယ်တင့်တယ်သူကို မီးပုံတွင်းသို့ မဆင်းစေထိုက်ပါဟု ဆိုလျက် တားဆီးသည့်အနေနှင့် လက်ကိုဆွဲလေ၏။

ထိုအခါ မိန်းမက အရှင်ပုဏ္ဏား– ယခုသော် ငါ၏သစ္စာ ပျက်လေပြီ။ အခြားယောကျ်ားတစ်ယောက်သည် ငါ့ကိုထိကိုင်လေပြီတကားဟု ဆိုလေ၏။

ပုဏ္ဏားသည်လည်း ဤမိန်းမကား ငါ့ကို လှည့်စားသည်သာတည်းဟု မိန်းမကို ပုတ်ခတ်နှင်ထုတ်လေသတည်း။

ဇာတ်ပေါင်းသော်–
ဗာရာဏသီမင်းသည် ဘုရား ဖြစ်လာ၏။

❐

## ဧကနိပါတ်။

### ၃၈။ တက္ကပဏ္ဍိတဇာတ် ၆၃
### (တက္က = ယက်တက်ရည်၊ ပဏ္ဍိတ = ပညာရှိ။)

### တက္ကပဏ္ဍိတအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် သာသနာ၌ ငြီးငွေ့သော ရဟန်းတစ်ပါးအား မိန်းမတို့ကို စိတ်ပျက်စေခြင်းငှာ အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရေးသောအခါ ဗာရာဏသီပြည် သူဌေးသမီးတစ်ယောက်သည် ယုတ်မာခက်ထန် မျက်မာန်ကြီး၍ အရပ်နှင့်တကွ အစေခံကျေးကျွန်တို့၏ မုန်းထားခြင်းကို ခံရလေ၏။

တစ်ညနေ၌ ထိုသူဌေးသမီးသည် အစေခံတို့နှင့် မြစ်ဆိပ်တွင် ရေချိုးနေကြစဉ် မှောင်၍ မိုးသက်မုန်တိုင်း ပြင်းစွာကျလာသောအခါ အစေခံတို့သည် သူဌေးသမီးကို ပျက်စီးစေလိုကြသည်နှင့် မြစ်တွင် စွန့်ပစ်ထားခဲ့၍ အလျင်အမြန် တက်လာကြလေ၏။

သူဌေးသမီးသည် မိုးသက်မှောင်ထဲတွင် ဟစ်အော်လျက် မျောလေရာ မြစ်၏အကြေ ကမ်းနား၌နေရသော ရသေ့တစ်ပါးသည် အော်သံကိုကြား၍ သနားမေတ္တာဖြင့် မိမိအသက်ကိုမငဲ့ဘဲ ကူး၍ ဆယ်တင်လေ၏။

နှစ်ရက်သုံးရက် ကျွေးမွေးထားပြီးနောက် ရသေ့က ထိုမိန်းမအား အလိုရှိရာသို့သွားရန်ပြောသောအခါ မသွားဘဲ ရသေ့ကို ဖြားယောင်းဖျက်ဆီး ဈာန်မှယုတ်စေပြီးလျှင် လင်မယားအဖြစ်ဖြင့် ရွာတစ်ရွာသို့ သွားရောက်နေထိုင်ကြလေ၏။ ထိုရသေ့လူထွက်သည် ယက်တက်ရည်ရောင်း၍အသက်မွေးရ ကျွေးရသည်ဖြစ်၍ တက္ကပဏ္ဍိတဟု တွင်၏။

တစ်ခါသော် ထိုရွာကို ခိုးသူတို့လုယက်ပြီးလျှင် ရွာသူရွာသားတို့ကိုပင် ဥစ္စာဝန်ရွက်စေ၍ ခေါ်ဆောင်သွားရာ ထိုမိန်းမလည်း ပါ၏။ ခိုးသူကြီးသည် ထိုမိန်းမအဆင်းကို တပ်မက်သည်နှင့် မယားပြုရန် ယူထား၍ အခြားသူတို့ကို ပြန်လွှတ်လိုက်လေ၏။ တက္ကပဏ္ဍိတသည် အကြောင်းကို ကြားသိရသော် ငါ့မယားသည် ငါ့ကိုမပြတ်နိုင်၊ မကြာမီ ပြန်လာလတ္တံ့ဟု ရွာ၀မှာ စောင့်မျှော်၍နေ၏။

မယားသည်ကား ငါသည် ခိုးသူကြီးထံ၌ ချမ်းသာစွာနေရ၏။ အကယ်၍ တက္ကပဏ္ဍိတသည် တစ်နည်းနည်းဖြင့် ငါ့ကို တစ်ဖန်

ဆောင်ယူအံ့၊ ငါ၏ချမ်းသာခြင်း ပျက်စီးလတ္တံ့။ သို့ကြောင့် တက္ကပဏ္ဍိတကို ဖြားယောင်းခေါ်ယူ၍ သတ်ရမှု ကောင်း၏ဟု ကြံ၍။ ခိုးသူကြီးလက်၌ ငါဆင်းရဲ၏၊ လာရောက်ခေါ်ဆောင်ပါလောဟု လူတစ်ယောက်ကို စေလိုက်၏။

တက္ကပဏ္ဍိတ ယုံကြည်၍လိုက်လာသောအခါ မယားက ညဉ့်မှ ပြေးကြအံ့ဟုဆို၍ တဲအုံတစ်ခုတွင် ဖက်ထားလေ၏။

ခိုးသူကြီး ပြန်လာသောအခါ ငါ၏လင်ဟောင်း၊ သင်၏ရန်သူသည် တဲအုံ၌ရှိ၏။ သတ်လေလော့ဟု ဆိုလေ၏။

ခိုးသူကြီးသည်လည်း အမျက်ဖြင့် သွားရောက်ဖမ်းဆီး၍ ပုတ်ခတ်ထောင်းထုလေသော် တက္ကပဏ္ဍိတသည် အခြားတစ်စုံတစ်ရာကို မဆိုမူ၍ အောက်ပါလေးခွန်းသောစကားတို့ကိုသာ ဆိုလေ၏။

၁။ အမျက်လည်းကြီး၏။

၂။ သူ့ကျေးဇူးကိုလည်း မသိတတ်။

၃။ ချောပစ်ခြင်းကိုလည်းပြု၏။

၄။ အဆွေခင်ပွန်းကိုလည်း ပြစ်မှားတတ်၏။

ထောင်းထုပုတ်ခတ်တိုင်း အထက်စကားလေးခွန်းကိုသာ ထပ်တလဲလဲဆိုလေသော် ခိုးသူကြီးက အကြောင်းကိုမေး၏။

တက္ကပဏ္ဍိတကလည်း ရေမှဆယ်ယူသည်ကစ၍ ဖြားယောင်းပြီးလျှင် ရန်သူလက်သို့ရောက်အောင်ပြုမူပုံ အလုံးစုံတို့ကို ပြန်ပြောပြလေ၏။ ခိုးသူကြီးလည်း ဤသို့စင်သော ကျေးဇူးရှင်ကိုပင် ပြစ်မှားသော မိန်းမသည် ငါသို့သောသူအားကား အသို့လျှင် ထောက်ထားအံ့နည်း။ ထိုမိန်းမယုတ်ကို သတ်ပစ်အံ့ဟုကြံ၍ တက္ကပဏ္ဍိတကို နှစ်သိမ့်စေပြီးလျှင် မိန်းမနှင့်အတူ တောသို့ခေါ်သွားလေ၏။

ရောက်လျှင် ခိုးသူကြီးက မိန်းမအား သင်၏လင်ကို ငါသတ်အံ့။ သင်၏လင်လက်ကို ချုပ်ကိုင်ထားလောဟုဆို၍ ကိုင်ထားစဉ်တွင် ယောကျ်ားကို ခုတ်ဟန်ပြု၍ မိန်းမကိုခုတ်သတ်လိုက်လေ၏။

ကျန်ရစ်သော တက္ကပဏ္ဍိတသည်လည်း နောင်တတရားရ၍ ရသေ့ရဟန်းပြုပြန်သောအခါ ခိုးသူလည်းလိုက်၍ ရသေ့ရဟန်းပြုလေ၏။ နှစ်ဦးသောရသေ့တို့လည်း တရားပြင်းစွာ အားထုတ်ကြသည်နှင့် စုတေသော် ကောင်းရာသို့လားကြလေသတည်း။

ဇာတ်ပေါင်းသော်–
ခိုးသူကြီးသည် အရှင်အာနန္ဒာ ဖြစ်လာ၏။
တက္ကပဏ္ဍိတသည် ဘုရား ဖြစ်လာ၏။

❐

## ကောနိပါတ်။

## ၃၉။ မုဒုလက္ခဏဇာတ် ၆၆
(မုဒု = နူးညံ့သော။ လက္ခဏ = ကြန်အင်လက္ခဏာ)

## မုဒုလက္ခဏမိဖုရားကြီးအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် မာတုဂါမ၌ စွဲ၍ သာသနာတွင် မပျော်မွေ့သော ရဟန်းတစ်ပါးကို ဆုံးမရန်အလို့ငှာ အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ဈာန်အဘိညာဉ်သမာပတ်တို့နှင့် ပြည့်စုံသော ရသေ့တစ်ပါးသည် ဗာရာဏသီမင်း၏ မုဒုလက္ခဏမည်သော မိဖုရားကို စွဲလမ်း၍ စိတ်ဆင်းရဲစွာဖြစ်နေသည်ကို မင်းကြီးသိရသော် မင်းကြီးက ရသေ့ကို နှစ်သိမ့်စေ၍ မိဖုရားကြီးကို ပေးလေ၏။ ထိုသို့ ပေးစဉ်အခါ၌ မင်းကြီးသည် ရသေ့ကို မပျက်စီးပါစေလင့်ဟု တိတ်တဆိတ် အမှတ်ပေး၍ မှာထားလိုက်လေ၏။ မိဖုရားလည်း ဝန်ခံခဲ့၏။

ရသေ့နှင့် မိဖုရားတို့ နန်းတော်ပြင်ဘက်သို့ရောက်သော် မိဖုရားကြီးက အရှင်– လူ့ဘောင်၌ အိမ်ထောင်ရသည်ကား မလွယ်ချေ။ ယခု ငါတို့ အိမ်လိုၡ၏။ မင်းကြီးထံ တောင်းချေလော့ဟု စေလိုက်၏။ တောင်းသော် မင်းကြီးက အိမ်သာပျက်ဟောင်းတစ်ခုကို ပေးလေ၏။

မိဖုရားကြီးက အရှင်– ထိုအိမ်သာသည် မစင်ကြယ်၊ သုတ်သင်လော့ဟု ဆိုပြီးလျှင် ပေါက်တူးကို ဆောင်စေ၏။ တောင်းကို ဆောင်စေ၏။ မစင်တို့ကိုလည်းကောင်း၊ အမှိုက်အညစ်အကြေးတို့ကို လည်းကောင်း သယ်ယူစွန့်စေ၏။ အိမ်သာကို ဆေးကြောစေ၏။ ညောင်စောင်းကို ဆောင်စေ၏။ အခင်းကို ဆောင်စေ၏။ သောက်ရေအိုးသုံးရေအိုးတို့ကို ဆောင်စေ၏။ ရေကို ဆောင်စေ၏။ စားအိုးစားခွက်တို့ကို ဆောင်စေ၏။ ဆန် ဆီ ဆား စသည်တို့ကို ဆောင်စေ၏။ နောက်ဆုံး၌ အိပ်ရာကို ခင်းစေ၏။

ထိုအိပ်ရာပေါ်၌ နှစ်ယောက်ထိုင်မိကြလျှင် ဖတ်ဖတ်မောနေသော ရသေ့ကို မိဖုရားကြီးသည် မုတ်ဆိတ်ကျင်စွယ်တို့ကို ဆွဲငင်လျက် အို– မက်မောစွာသော ရသေ့ကြီး၊ ယခုတိုင် သတိမရသေးသလောဟု ဆိုလေ၏။

ထိုအခါမှ ရသေ့ကြီးသည် သတိတရားရ၍ ဩော်– ငါကားမှားလေပြီ၊ ရသေ့ရဟန်း၏အဖြစ်သည်သာ ချမ်းသာတကားဟု မိဖုရားကို မင်းကြီးအား ပြန်အပ်ပြီးလျှင် ဟိမဝန္တာသို့ ပြန်သွား၍ ဘဝအဆုံး၌ ဗြဟ္မာ့ပြည်သို့လားလေ၏။

ဇာတ်ပေါင်းသော်–
မင်းကြီးသည် ရှင်အာနန္ဒာ ဖြစ်လာ၏။
မဒ္ဒလက္ခဏာသည် ဥပ္ပလဝဏ် ဖြစ်လာ၏။
ရသေ့သည် ဘုရား ဖြစ်လာ၏။

❒

## ကေနိပါတ်။

## ၄၀။ ဥစ္ဆင်္ဂဇာတ် ၆၇
## (ဥစ္ဆင်္ဂ = ခါးပိုက်။)

## ပညာရှိသော မိန်းမအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် လိမ္မာသော မိန်းမတစ်ယောက်ကိုစွဲ၍ အောက်ပါဇာတ်ကို ဟောတော်မူသည်။ ပစ္စုပ္ပန်ဝတ္ထုသည် အတိတ်ဝတ္ထုနှင့် ဆင်တူတည်း။

ရှေးသောအခါ တောစပ်တစ်ခု၌ ယောကျ်ားသုံးယောက် လယ်ထွန်နေကြစဉ် တော၌ လုယက်သော ခိုးသူတို့ကို လိုက်ကြသော လူတစ်စုသည် ခိုးသူကိုမတွေ့လျှင် ထိုလယ်ထွန်သမားသုံးယောက်ကို ခိုးသူထင်၍ ဖမ်းဆီး၊ မင်းအား အပ်ကြလေ၏။

ထိုအခါ မိန်းမတစ်ယောက်သည် ငါ့ကို အဝတ်ပေးပါလော၊ အဝတ်ပေးပါလောဟု မင်းကြီးကြားအောင် ဟစ်အော်လေ၏။ မင်းကြီးကခေါ်၍ အဝတ်ပေးသော် အဝတ်ရိုးရိုးမဟုတ်ပါ၊ လင်တည်းဟူသော အဝတ်ကို တောင်းပါသည်။ အဝတ်အဖိုးတစ်သိန်းတန်ကို ဝတ်ထားသော်လည်း လင်မရှိက လူမရှိသေပါ၊ အချည်းနှီးသာ ဖြစ်ပါသည်ဟု လျှောက်လေ၏။

မင်းကြီးလည်း ထိုမိန်းမ၏စကားကို သဘောကျ၍ အသင်မိန်းမ ဤသုံးယောက်သည် အသင်နှင့် အသို့တော်စပ်သနည်းဟု မေး၏။ အရှင်မင်းကြီး– တစ်ယောက်ကား လင်၊ တစ်ယောက်ကား သား၊ တစ်ယောက်ကား မောင် ဖြစ်ပါသည်။

ကောင်းပြီ။ ဤသုံးယောက်မှ သင်အလိုရှိရာတစ်ယောက်ကို သင့်အားပေးအံ့၊ တောင်းလေလော့။

အရှင်မင်းကြီး လင်ကို မည်သည့်အရပ်၌မဆို ရလွယ်ပါ၏။ သားကိုလည်း ခါးပိုက်၍ ဟင်းရွက်နှင့်အတူ ရလွယ်သည်သာတည်း။ မောင်ကိုကား ယခု အကျွန်ုပ်တို့၏ မိဘတို့ သေဆုံးလေပြီဖြစ်၍ မရနိုင်တော့ပါ။ သို့ကြောင့် မောင်ကိုသာ ပေးပါတော့ဟု တောင်းလေ၏ ။

မင်းကြီးလည်း ထိုစကားကို နှစ်သက်၍ သုံးယောက်လုံးကို လွှတ်ပေးလိုက်လေသတည်း။

ဇာတ်ပေါင်းသော်–
ရှေးလေးယောက်သည် ယခုလေးယောက် ဖြစ်လာ၏။
မင်းသည် ဘုရား ဖြစ်လာ၏။

❐

ကေနိပါတ်။

၄၁။ ဝိသဝန္တဇာတ် ဖြ၉
(ဝိသ = အဆိပ်။ ဝန္တ = အန်ထုတ်အပ်သော။)

## အဆိပ်ကို ပြန်၍မစုပ်သော မြွေအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် အရှင်သာရိပုတ္တရာ၏ တပည့်အတွက်ထားသော မုန့်ကို ထိုတပည့် မလာမရောက် အလွန်နေမြင့်သည်နှင့် လူတို့က အရှင်သာရိပုတ္တရာအား လှူလေ၏။ အရှင်

သာရိပုတ္တရာလည်း ဘုဦးပေး၍ပြီးသည်နှင့် တစ်ပြိုင်နက် ထိုပဋ္ဌင်းငယ် ရောက်လာလေ၏။ အရှင်သာရိပုတ္တရာက ပဋ္ဌင်းငယ်အား အကြောင်းကို ကြားသော် အရှင်ဘုရား– ကောင်းမြတ်သောအစားအစာကို မည်သူမနှစ်သက်ဘဲ ရှိအံ့နည်းဟု လျှောက်လေ၏။ ရှင်သာရိပုတ္တရာလည်း သံဝေဂရသဖြင့် ထိုနေ့ကစ၍ မုန့်ခဲဖွယ်ကို မည်သည့်အခါမျှ ဘုဦးပေးတော်မမူလေ။

ထိုအကြောင်းကို မြတ်စွာဘုရားကြားသိရသော် ရှေးကလည်း အရှင်သာရိပုတ္တရာသည် စွန့်ပြီးကို အသက်မငဲ့ဘဲ မယူသည်သာတည်းဟု အောက်ပါ ဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ လူတစ်ယောက်ကို မြွေကိုက်၍ ဆွေမျိုးတို့က ဆရာခေါ်ကုရာ ဆရာက ဆေးဖြင့် ကုသလိုသလော၊ သို့မဟုတ် ကိုက်သောမြွေကိုခေါ်၍ အဆိပ်ကို စုပ်ယူစေအံ့လောဟု မေး၏။ ဆွေမျိုးတို့က နောက်နည်းကိုကြိုက်သည်ဟု ဆို၏။

ဆရာသည် မြွေရောက်၍ အစုပ်ခိုင်းသော် မြွေက ငါသည် စွန့်ထုတ်ပြီးသောအဆိပ်ကို အဘယ်အခါကမျှ တစ်ဖန် ပြန်မစုပ်ယူစဖူး ယခုလည်း ငါမစုပ်ဟု ဆိုလေ၏။

ထိုအခါ ဆရာက မီးဖို၍ အသင်မစုပ်လျှင် မီးဖိုသို့ဝင်ရမည် ဆိုလေ၏။ မြွေလည်း မစုပ်လိုဘဲ မီးဖိုသို့သာ ဝင်အံ့ဟု သွားလေ၏။

ထိုအခါမှ ဆရာက မြွေကိုတား၍ လူနာကို ဆေးဖြင့်သာကုသ ချမ်းသာစေ၏။ မြွေကိုလည်း နောင်အခါ၌ လူတို့ကိုမကိုက်စေရန် ဆုံးမလွှတ်လိုက်လေသတည်း။

ဇာတ်ပေါင်းသော်–

မြွေသည် ရှင်သာရိပုတ္တရာ ဖြစ်လာ၏။

ဆရာသည် ဘုရား ဖြစ်လာ၏။

❐

## ကနိပါတ်။

## ၄၂။ ကုဒ္ဒါလပဏ္ဍိတဇာတ် ၇၀
## (ကုဒ္ဒါလ = ပေါက်တူး၊ ပဏ္ဍိတ = ပညာရှိ)

## ပညာရှိသော ပေါက်တူးသမားအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် လယ်ထွန်သမားတစ်ယောက်သည် ရဟန်းတစ်ပါး၌ မွန်မြတ်သော ဆွမ်းအာဟာရရှိသည်ကိုမြင်၍ လောဘ၏အစွမ်းဖြင့် ရဟန်းပြုလေ၏။ မကြာမီပင် ကိလေသာအလိုသို့လိုက်၍ လူထွက်ပြန်၏။ ဆင်းရဲငတ်မွတ်ပြန်သော် တစ်ဖန် ရဟန်းပြုပြန်၏။ ဤသို့ ထွက်တုံ ဝင်တုံ ခြောက်ကြိမ်လူထွက်ပြီးမှ အဘိဓမ္မာကိုသင်ကြား ဝိပဿနာပွားများ၍ အရဟတ္တဖိုလ်သို့ ရောက်လေ၏။

ဤသို့ နောက်ဆုံး၌ စိတ်ကို နိုင်နင်းခြင်းကို အစွဲပြု၍ ယခုသာ မဟုတ်။ ရှေးကလည်း နိုင်ဖူး၏ဟု အောက်ပါဇာတ်ကို မြတ်စွာဘုရား ဟောတော်မူသည်။

ရှေးသောအခါ ဆင်းရဲသားတစ်ယောက်သည် မိမိ၏ပေါက်တူးတစ်လက်ဖြင့် မြေကိုပေါက်ဆွ အသီးအနှံ စိုက်ပျိုးရောင်းချ၍ အသက်မွေး၏။ ထိုပေါက်တူးမှတစ်ပါး အခြားဥစ္စာ တစိုးတစိမျှ မရှိလေ။ မိမိ၏ အားကိုးဖြစ်သဖြင့်လည်း ထိုပေါက်တူးကို အလွန်နှစ်သက်မြတ်နိုး၏။

တစ်ခါသော် ထိုယောကျ်ားသည် ငါ့အား အိမ်၌နေလို၍ အဘယ်အကျိုးရှိအံ့နည်း။ ရဟန်းပြုအံ့ဟု မိမိ၏ပေါက်တူးကို လုံခြုံရာ၌ ဝှက် ထားခဲ့၍ ရဟန်းပြုလေ၏။ မကြာမီပင် ပေါက်တူးကို တအောက်

မေ့မေ့ဖြစ်လျက် လောဘကို မမြစ်နိုင်ရာကား လူထွက်ပြန်၏။ တစ်ဖန်လည်း ရဟန်းပြုပြန်၏။

ဤသို့ ထွက်တုံဝင်တုံ ခြောက်ကြိမ်ပြုပြီးမှ ခုနစ်ကြိမ်မြောက်၌ ငါသည် ဤပေါက်တူးကို အမှီပြု၍ ထွက်ထွက်ဝင်ဝင် ဖြစ်ရ၏။ ဤပေါက်တူးကို အစပျောက်စွန့်ပစ်မှ သင့်လျော်လိမ့်မည်ဟု ကြီးစွာသော မြစ်ကြီးတစ်ခု၏ အလယ်သို့ ထိုပေါက်တူး၏အရိုးကိုကိုင်လျက် ဦးခေါင်းထက်၌ သုံးကြိမ်လှည့်ပတ်၍ မျက်စိတို့ကိုမှိတ်ကာ တအားကုန် ပစ်လိုက်လေပြီးမှ ငါသည် အောင်အပ်ပြီ၊ ငါသည် အောင်အပ်ပြီ၊ ငါသည် အောင်အပ်ပြီဟု သုံးကြိမ်သုံးဖန် ကြွေးကြော်ဟစ်အော်လေ၏။

ထိုခဏ၌ ပြည့်ရှင်မင်းတစ်ပါးသည် ထကြွသောရွာငယ်ကို နှိမ်နင်းအောင်မြင်ခဲ့၍ ထိုမြစ်၌ ဦးခေါင်းဆေး တန်ဆာဆင်ပြီးလျှင် လာလတ်သည်တွင် ထိုအော်ဟစ်သံကိုကြားလေ၏။ ထိုအခါ ယောကျ်ားအား ခေါ်စေ၍ အသင်ယောကျ်ား ငါသည် စစ်မြေပြင်ကို အောင်မြင်ခဲ့၍ အောင်ခြင်းဖြင့်လာ၏။ အသင်မူကား အဘယ်ကိုအောင်၍ အောင်အပ်ပြီဟု ဆိုလေဘိသနည်းဟု မေးလေ၏။

မြတ်သောမင်းကြီး- စစ်မြေပြင်ကို အထောင်အသောင်း အသိန်းပင် အောင်မြင်စေကာမူ အတွင်းစိတ်ကိလေသာကို အောင်နိုင်ခြင်း မဟုတ်သဖြင့် မြတ်သောအောင်နိုင်ခြင်း မမည်လေ။ ငါတမူကား ပေါက်တူး၌ စွဲလမ်းအပ်သော တွယ်တာခြင်းစိတ်ဓာတ်ကို ရိတ်ဖြတ်ပယ်စွန့်နိုင်ပြီ။

အရှင်မင်းကြီး- ဤသို့ အတွင်းစိတ်ရိုင်းစိတ်မိုက်တို့ကို နှိမ်နင်းခြင်းသည်သာလျှင် စင်စစ် အောင်နိုင်ခြင်း၊ မြတ်သောအောင်နိုင်ခြင်း မည်ပေ၏ဟု ဟောပြောလေ၏။

မင်းကြီးလည်း တရားကျ၍ ပရိသတ်နှင့်တကွ တောထွက်သည်မှတစ်ပါး အနီးအနားရှိ ခုနစ်ပြည်ထောင်မင်းတို့လည်း ထိုအကြောင်းကိုကြား၍ တောထွက်ကြလေကုန်သတည်း။

ဇာတ်ပေါင်းသော်–
ပြည့်ရှင်မင်းသည် ရှင်အာနန္ဒာ ဖြစ်လာ၏။
ကုဒ္ဒါလပဏ္ဍိတသည် ဘုရား ဖြစ်လာ၏။
ကုဒ္ဒါလပဏ္ဍိတ၏ပရိသတ်သည် ဘုရား၏ပရိသတ် ဖြစ်လာ၏။

❒

## ကေနိပါတ်။

### ၄၃။ ဝရဏဇာတ် ၇၁
### (ဝရဏ = သစ်ပင်။ [ ခံတက်ပင် ] )

### လူပျင်းအကြောင်း

သာဝတ္ထိပြည်သား ရဟန်းသုံးကျိပ်တို့သည် တောရွာတစ်ခု၌ ကမ္မဋ္ဌာန်းအားထုတ် အရဟတ္တဖိုလ်သို့ ရောက်ကြပြီးသော် မြတ်စွာဘုရားထံသို့ အဖူးအမြော်လာကြကုန်၏။ မြတ်စွာဘုရားလည်း ထိုသို့ အမြိုက်တရားရကြသည်ကို ချီးမွမ်းတော်မူ၏။ ထိုရဟန်းတို့လည်း နောက်တစ်နေ့၌ပင် မိမိတို့ တောရွာကျောင်းသို့ ပြန်ကြမည့်အကြောင်း ပန်ကြားအခွင့်ရပြီး ဖြစ်ကုန်၏။

ထိုသို့ မြတ်စွာဘုရားသည် အမြိုက်တရားရသည်ကို ချီးမွမ်းသည်ကို ဝီရိယမရှိ ပျင်းရိသဖြင့် ကမ္မဋ္ဌာန်းအားမထုတ် အမြိုက်တရားမရသော ရဟန်းပျင်းတစ်ပါးကြားသော် မိမိလည်း တရားအားထုတ်လိုသည်ဖြစ်၍

အလျင်စလို အလွန်အမင်း ထိုညဥ့်တွင်း၌ တရားအားထုတ်ရာ ညဉ့်ဦးယံ လွန်သော် တံကဲပြင်ကိုမှီ၍ ရပ်လျက် ငိုက်မြည်းသည်နှင့် လည်၍လဲကျ ပေါင်ကျိုးလေ၏။ တောရွာကျောင်းသို့ ပြန်မည့်ရဟန်းတို့မှာ ထိုရဟန်းကို ကြည့်ရှုပြုစုနေရသည်နှင့် မသွားဖြစ်ဘဲ ရှိကြလေ၏။

ဤအကြောင်းကို မြတ်စွာဘုရား ကြားသိတော်မူလျှင် ယခုသာ မဟုတ်။ ရှေးကလည်း ဤသို့ပင် သွားမည့်ခရီးကို နှောင့်ယှက်ဖူးလေပြီဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ တက္ကသိုလ်ပြည်၊ ဒိသာပါမောက္ခဆရာကြီး၏ တပည့်တို့သည် တောသို့ ထင်းခွေသွားကြရာ ပျင်းရိသော တပည့် တစ်ယောက်သည် ခံတက်ပင်တစ်ပင်ကို သစ်ခြောက်ပင်ဟု အယူရှိ လျက် ငါသည် တစ်ရေးမျှအိပ်၍ နိုးမှ ထိုသစ်ပင်အကိုင်းခြောက်တို့ကို ယူ၍သွားအံ့ဟု ပုဆိုးတစ်ထည်ခင်းကာ ဟောက်လျက်အိပ်ပျော်ခြင်းသို့ ရောက်လေ၏။

အခြားသော တပည့်တို့သည် ထင်းတို့ကို ဖွဲ့စည်းယူဆောင်၍ ထိုအိပ်ပျော်နေသူကို ခြေဖြင့် ကျောက်ကန်နှိုးပြီးမှ သွားကြလေ၏။

လူပျင်းကလည်း မျက်စိတို့ကိုပွတ်လျက် အိပ်ချင်ခြင်း မပြေဘဲ ခံတက်ပင်သို့ တက်၍ အကိုင်းချိုးသည်ရှိသော် ကျိုးသောအကိုင်း ပြန်၍ရိုက်သည်နှင့် မျက်စိတစ်ဖက်ပေါက် ပျက်လေ၏။ ထိုပေါက် သော မျက်စိကို လက်တစ်ဖက်ဖြင့်အုပ်လျက် ရသမျှသော ထင်းစိုတို့ ကို ယူဆောင်လာပြီးလျှင် အခြားသူတို့၏ ထင်းစည်းတို့အထက်၌ ချထားလေ၏။ ထိုနေ့၌ပင် ဆရာကြီးအား အလှူတစ်ခုက ဖိတ်သဖြင့် မိမိ၏တပည့်များအား အမောင်တို့– နက်ဖြန်နေ့ နံနက်စောစော၌ ဤမည်သောအလှူသို့ သွားကြကုန်လော။ အဝေးနယ်ဆေးသည်ဖြစ်၍ အစားအစာ ချက်ပြုတ်၍ ယူဆောင်သွားကြလေကုန်ဟု ဆိုသည့်

အတိုင်း တပည့်တို့သည် စောစောထ၍ ကျွန်မတို့အား ယာဂုကျိုစေ၏ ။

ကျွန်မတို့လည်း ချက်ကျိုရန် ထင်းယူသည်ရှိသော် အထက်၌လွယ်လင့်တကူရှိသော ခံတက်ကိုင်းအစိုတို့ကိုသာ ယူမိကုန်သဖြင့် အတန်တန်မီးညှိသော်လည်း မီးမစွဲနိုင်ဘဲ နေထွက်ခြင်းသို့ ရောက်လေ၏ ။

ဆရာကြီးလည်း အချိန်လွန်သည့်တိုင်အောင် မသွားဖြစ်ကြသည်ကိုမေးမြန်း၍ အကြောင်းမျိုးကိုသိရသော် တပည့်တို့ အကြင်သူသည် အလျင်ပြုအပ်သောအမှုတို့ကို နောက်မှပြုခြင်းငှာ စိုးရိမ်ရလတ္တံ့သည်သာတည်းဟု ဆုံးမလေသတည်း။

ဇာတ်ပေါင်းသော်–
မျက်စိပျက်သော လုလင်သည် ပေါင်ကျိုးသောရဟန်း ဖြစ်လာ၏။
ဆရာကြီးသည် ဘုရား ဖြစ်လာ၏။
တပည့်တို့သည် ဘုရား၏ပရိသတ် ဖြစ်လာ၏။

❒

# ဧကနိပါတ်။

## ၄၄။ သီလဝနာဂရာဇဇာတ် ၇၂
## (သီလဝ = သီလနှင့်ပြည့်စုံသော။ နာဂ = ဆင်။ ရာဇ = မင်း။)

## ကျေးဇူးမဲ့သော မုဆိုးအကြောင်း

မြတ်စွာဘုရားသည် ဒေဝဒတ်၏ ကျေးဇူးမသိတတ်ကြောင်းနှင့် စပ်လျဉ်း၍ အောက်ပါဇာတ်ကို ဇေတဝန်၌ ဟောတော်မူသည်။

ရှေးအခါ ဟိမဝန္တာတောင်ဝယ် ကောင်းမြတ်သော ကြန်အင် လက္ခဏာတို့နှင့် ပြည့်စုံ၍ အလွန်တင့်တယ်သော ဆင်ဖြူတော်သည် ရှိ၏။ ကောင်းမြတ်သောစိတ်ထား၊ အကျင့်သီလနှင့် ပြည့်စုံသဖြင့် လည်း သီလဝ နာဂရာဇာဟု အမည်တွင်၏။

တစ်ရံခါသော် မုဆိုးတစ်ယောက်သည် ထိုဟိမဝန္တာတော၌ မျက်စိလည်လမ်းမှား၍ မသွားတတ်မလာတတ် ဖြစ်သည်နှင့် ပြင်းစွာ ဟစ်ကြွေး၍ ငိုနေသည်ကို ဆင်မင်းကြားသော် ကရုဏာဖြင့် ကယ် ဆယ်ရန် မုဆိုးအနီးသို့ ချဉ်းကပ်လာလေ၏။

မုဆိုးလည်း ကြောက်၍ပြေးသော် ဆင်မင်းရပ်၏။ ထိုအခါ မုဆိုးလည်းရပ်၏။ မုဆိုးရပ်လျှင် ဆင်မင်းလာပြန်၏။ ထိုအခါ မုဆိုး စဉ်းစားသည်ကား ဤဆင်ဖြူတော်သည် ငါရပ်လျှင်လာ၏။ ငါပြေး လျှင်ရပ်၏။ တစ်စုံတစ်ရာ ဘေးပြုမည်မထင်၊ ငါ့ကို ကယ်ဆယ်လို ဟန်ရှိ၏ဟု တွေးထင်မိ၍ အချဉ်းကပ်ခံလေ၏။

ထိုအခါမှ ဆင်မင်းမေးမြန်း၊ အကြောင်းကိုသိရသော် မိမိ၏ နေရာအရပ်သို့ မုဆိုးကိုခေါ်သွားပြီးလျှင် နှစ်ရက်သုံးရက် သစ်သီး ကြီးငယ်တို့ဖြင့် ကျွေးမွေး၍ထား၏။

ထို့နောက် ဆင်မင်းသည် မုဆိုးကို မိမိ၏ကျောက်ကုန်းထက် ၌ စီးစေ၍ လူတို့လမ်းခရီးသို့ ပို့လိုက်လေ၏။ ထိုသို့ ကျောက်ကုန်း ထက်၌ရှိစဉ် မုဆိုးသည် မကောင်းသောစိတ်ထားဖြင့် နောင် ဤဆင်ဖြူ ကို တွေ့လိုသော် တွေ့နိုင်ရန်ဟု လမ်းကို အမှတ်ပြု၍ လိုက်ခဲ့၏။

လူတို့လမ်းခရီးသို့ရောက်သော် ဆင်မင်းက အဆွေ– အသင်၌ တစ်စုံတစ်ရာ စိုးရိမ်ရန်မရှိပြီ။ ဤလမ်းမဖြင့် သွားလေလော့။ ငါ၏ အရပ်ကို မေးသော်လည်းကောင်း၊ မမေးသော်လည်းကောင်း မည်သူ အားမျှ မပြောပါလင့်ဟုဆို၍ ဆင်မင်းပြန်သွားလေ၏။

မုဆိုးသည် မိမိ၏ဌာနသို့ရောက်သော် ဆင်စွယ်ပွတ်သမားတို့ ထံမှ သေသောဆင်စွယ်ထက်၊ ရှင်သောဆင်၏အစွယ်က ပိုမို အဖိုး ထိုက်တန်ကြောင်းကို မေးမြန်းကြားသိရလျှင် လွှကိုယူ၍ မှတ်ခဲ့သော လမ်းဖြင့် ဆင်မင်းထံသို့ သွားရောက်လေ၏။

ဆင်မင်းထံရောက်သော် အရှင် အကျွန်ုပ်မှာ အလွန်ဆင်းရဲလှ ပါ၏။ အရှင်၏ အစွယ်အဖျားပိုင်းများကို ရောင်းချ အသက်မွေးနိုင် ရန် ပေးသနားတော်မူပါဟု တောင်းလေ၏။ ဆင်လည်း အဆွေ- မစိုးရိမ်လင့်ရစေမည်ဟု ဦးခေါင်းကို ညွှတ်ပေး၍ ဆယ်စွယ်ဖျားတို့ကို ဖြတ်စေပြီးမှ သဗ္ဗညုတဉာဏ်ကို ရည်လျက် သဒ္ဓါကြည်ဖြူလှူပေ၏။

မုဆိုးရောင်းချစားသောက်၍ ကုန်သော် တစ်ဖန်လာရောက်၍ ဆင်စွယ်အလယ်ပိုင်းများကို တောင်းယူပြန်လေ၏။

သုံးကြိမ်မြောက်လည်း လာရောက်၍ အာပေါင်အသားများကို ဖွင့်၍ ဆင်စွယ်ရင်းတို့ကို ဖြတ်တောက်ယူပြန်လေ၏။

ယုတ်မာစွာသော ယောကျ်ားကို ဆင်မင်း၏ မြင်ကောင်းရာ အရပ်ကလွန်လျှင် မြေမျိုလေ၏။

ထိုအခါ ထိုတောကိုစောင့်သော ရုက္ခစိုးနတ်သည် သူ့ကျေးဇူး ကို မသိတတ်၊ အဆွေခင်ပွန်းကို ပြစ်မှားတတ်သော ယောကျ်ားယုတ် အား မြေပြင်ကို အစိုးရသော စကြဝတေးမင်းအဖြစ်ကို ပေးငြားသော် လည်း ရောင့်ရဲနှစ်သက်ခြင်းကို မဖြစ်စေနိုင်ရာဟုကျူးရင့်လေသတည်း။

ဇာတ်ပေါင်းသော်–

မုဆိုးသည် ဒေဝဒတ် ဖြစ်လာ၏။

ရုက္ခစိုးသည် ရှင်သာရိပုတ္တရာ ဖြစ်လာ၏။

သီလဝ နာဂရာဇာဆင်မင်းသည် ဘုရား ဖြစ်လာ၏။

❒

## ဧကနိပါတ်။

## ၄၅။ သစ္စံ ကိရဇာတ် ၇၃
## (သစ္စံ = မှန်သောစကားကို၊ [အဟံသု] ကိရ = ဆိုကုန်သတတ်)

## ကျေးဇူးမဲ့သော ဒုဋ္ဌကုမာရအကြောင်း

ဒေဝဒတ်သည် မြတ်စွာဘုရားကို သတ်ခြင်းငှာ အားထုတ်သည်နှင့် စပ်လျဉ်း၍ မြတ်စွာဘုရားသည် အောက်ပါဇာတ်ကို ဝေဠုဝန်ကျောင်း၌ ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၌ ဒုဋ္ဌကုမာရမည်သော သားတော်တစ်ပါးရှိ၏။ ထိုမင်းသားသည် ရုန့်ရင်းကြမ်းတမ်း ခက်ထန်၏။ မဆဲရေး မတိုင်းထွာဘဲ သူတစ်ပါးတို့နှင့် စကားမဆိုတတ်။ ယုတ်မာသောသဘောလည်း ရှိ၏။ လူအပေါင်းတို့၏ များစွာမုန်းထားခြင်းကို ခံရ၏။

တစ်နေ့သော် ထိုမင်းသားသည် မြစ်လယ်၌ ရေချိုးစဉ် မိုးလေကျလာသည်တွင် အခြွေအရံ ကျေးကျွန်တို့သည် ထိုမင်းသားကို ဖျက်ဆီးရန် ညီညွတ်ကြ၍ တွန်းထုတ်လျက် ရေတွင်မျောစေ၏။ ထိုသို့မျောရာတွင် တုံးတိုတစ်ခုကို တွယ်မိ၍ ၎င်းတုံးတိုကို စီးပြီးလျှင် ငိုကြွေးလျက် မျောရလေ၏။

ထိုအခါ ဗာရာဏသီပြည်၌ သူဌေးနှစ်ယောက်တို့သည် မြစ်နား၌ များစွာသောဥစ္စာတို့ကို မြှုပ်၍ သေလွန်ကြသည်ရှိသော် တပ်စွန်းကြသည်နှင့် ဥစ္စာထက်၌ တစ်ယောက်သည် မြွေဖြစ်၏။ တစ်ယောက်သည် ကြွက်ဖြစ်၏။ မိမိနေရာတွင်းသို့ ကြီးသောမြစ်ရေရောက်သည်နှင့် ရေတွင်မျောကြလေရာ မင်းသားစီးလာသောတုံးကိုပင် တွယ်၍ လိုက်ကြရလေ၏။

ကျေးသားငယ်တစ်ကောင်လည်း မိုးလေမိ၍ မပျံနိုင်သည်နှင့် ထိုတုံးတိုတွင် နား၍လိုက်ရလေ၏။

ဤသို့ မင်း၊ မြွေ၊ ကြွက်၊ ကျေးသား လေးဦးသားတို့ မျော ကြလေရာ မြစ်ကမ်းအနီးရှိ ရသေ့ကြီးတစ်ဦးသည် မင်းသား၏ ငို ကြွေးသံကို ကြားလေလျှင် လေးဦးသားတို့ကို ရေမှ ကူးယူဆယ်တင် ပြီးသော် မြွေ၊ ကြွက်၊ ကျေးသားတို့မှာ အလွန်ပင်ပန်းအားနည်း သေအံ့ ဆဲဆဲ နေကြသည်နှင့် ၎င်းတို့ကို ပထမအလျှင် မီးကင်ခြင်း၊ အစာ ကျွေးခြင်းတို့ကိုပြုပြီးမှ မင်းသားအားလည်း နည်းတူပြုပြန်၏။ ထိုအခါ မင်းသားသည် ဤရသေ့ကား ငါမင်းသားဖြစ်လျက် တိရစ္ဆာန်တို့ကို အလျှင်ပြုစုကျွေးမွေးလေသည်ဟု အငြိုးထားလိုက်၏။

သုံးရက်ခန့်ကြာသော် မြစ်ရေလည်းကျ၊ လေးဦးသားလည်း အားအန်ပြည့်စွမ်းခြင်းသို့ ရောက်ကြပြီဖြစ်၍ မိမိတို့နေရာဌာနဟောင်း သို့ ပြန်ကြမည်ရှိရာတွင် မြွေ၊ ကြွက်၊ ကျေးသားတို့က ကျေးဇူး အလွန် တင်ကြောင်း၊ ဥစ္စာဘဏ္ဍာ အလိုရှိက ဤမည် ဤမည်သောအရပ်တို့ သို့ လာရောက်၍ ယူပါလောဟု မှာထား၍ သွားကြကုန်၏။

မင်းသားသည်ကား အငြိုးရှိသည်ဖြစ်၍ ဤရသေ့ကို ငါ့ထံသို့ ခေါ်၍ သတ်အံ့ဟု အရှင်ရသေ့– အကျွန်ုပ် မင်းဖြစ်သောအခါ ကြွ လာတော်မူပါ၊ ပစ္စည်းလေးပါးဖြင့် ထောက်ပံ့ပါအံ့ဟု ဆို၍ ပြန်သွား လေ၏။

ထို့နောက် ကာလအတန်ကြာသော် ရသေ့ကြီးသည် မြွေ၊ ကြွက်၊ ကျေးသားတို့ထံ သွားရောက်စုံစမ်းရာ ၎င်းသုံးဦးသားလုံးကပင် ကျေးဇူးသိစွာဖြင့် မြွေနှင့် ကြွက်တို့က မိမိတို့တွင်ရှိသော များစွာသော ဥစ္စာတို့ကိုလည်းကောင်း၊ ကျေးသားလည်း သလေးစပါးတို့ကိုလည်း ကောင်း ပေးကမ်းပူဇော်ကြလျှင် နောင် ငါအလိုရှိမှ ယူမည်ဟုသာ မှာထားပြောကြား၍ မင်းသားထံသို့ ဆက်လက်သွားလေ၏။

မင်းသားလည်း ရသေ့အဝေးမှလာသည်ကိုမြင်လျှင် ရသေ့ယုတ် လာချေပြီ၊ ငါ့အားပြုဖူးသောကျေးဇူးကို ထင်ရှားမပြုမီ ထိုရသေ့ကို သေစေအံ့ဟုကြံ၍ မင်းချင်းတစ်ယောက်အား ယခုလာသော ရသေ့သည် ငါ့ထံတစ်စုံတစ်ရာ တောင်းခံရန် လာဟန်ရှိ၏။ ငါ့ထံသို့ မရောက်မီ ဖမ်းဆီးလက်ပြန်ဖွဲ့ လမ်းလေးခွတို့၌ ပုတ်ခတ် မြို့မှထုတ် သုသာန်၌ဦးခေါင်းကိုဖြတ် ကိုယ်ကို တံကျင်လျှိုလေလောဟု အမိန့်ပေးလေ၏။ အမိန့်အတိုင်း လမ်းလေးခွတို့၌ ပုတ်ခတ်သောအခါ တစ်စုံတစ်ရာ တုန်လှုပ်ချောက်ချား ဖောက်ပြန်ခြင်းမရှိဘဲ အောက်ပါစကားတို့ကို ဆိုလေသည်။

ရေ၌မျောဆုံး ထင်းတုံးကယ်တင်၊
များမြတ်အကျိုး ဖွံ့ဖြိုးသည်ပင်၊
ကျေးဇူးထိမ်ဝှက် သူပျက်ဆယ်လျှင်၊
မမြတ်ကြောင်း အပေါင်းဆိုကြအင်။

ဤသို့ ပုတ်ခတ်တိုင်းဆိုသည်ကို လူတို့ကြား၍ ပညာရှိသောသူတစ်ယောက်က ရှင်ရသေ့ အသင်သည် ငါတို့မင်းကြီးအား ပြုဖူးသော ကျေးဇူးရှိလေသလောဟု မေးလေ၏။ ရှင်ရသေ့လည်း အလုံးစုံကို ပြန်ကြားပြီးမှ ငါသည် ရှေးသူဟောင်းတို့ဆိုသော (ရေ၌မျောသော ထင်းတုံးကိုဆယ်ခြင်းက မြတ်၏။ ကျေးဇူးမဲ့တတ်သော အဆွေခင်ပွန်း ပြစ်မှားတတ်သောလူကို ကယ်တင်ခြင်းသည် မမြတ်လေ)ဟူသော စကားကို ငါမလိုက်နာမိ၍ ဤသို့ဖြစ်ရ၏။ စင်စစ်သော်ကား ငါ၏ အပြစ်ပင်တည်းဟု ဆိုလေ၏။

ထိုအခါ မင်းပုဏ္ဏားစသော တိုင်းသူပြည်သားတို့သည် ဤသို့ ကျေးဇူးမဲ့သော မင်းယုတ်ကိုမှီ၍ အဘယ်မှာ ငါတို့၌ အကျိုးစီးပွားရှိအံ့နည်းဟု ပြင်းစွာ အမျက်ထွက်ကြလျက် ထိုမင်းယုတ်ကို ဝိုင်းဝန်းသတ်ဖြတ်စွန့်ပစ်၍ ရသေ့ကို မင်းပြုစေလေ၏။

ရသေ့ကြီး မင်းဖြစ်သော် မြွေ၊ ကြွက်၊ ကျေးသားတို့ကို လည်းကောင်း၊ ၎င်းတို့ထံမှ များစွာသော ဥစ္စာ သလေးစပါးတို့ကိုလည်းကောင်း ဆောင်ယူပြီးလျှင် မြွေအား ရွှေကျည်၌၊ ကြွက်အား ပန်းလိုဏ်၌၊ ကျေးသားအား ရွှေချိုင့်၌ အသီးသီးထား၍ ကောင်းစွာ ကျွေးမွေးလေသတည်း။

ကျေးဇူးမဲ့တတ်သူ၊ အဆွေခင်ပွန်းကို ပြစ်မှားတတ်သောသူတို့သည် စင်စစ် ပျက်စီးတတ်၏။

ဇာတ်ပေါင်းသော်–
ဒုဋ္ဌကုမာရမင်းသားသည် ဒေဝဒတ် ဖြစ်လာ၏။
မြွေသည် ရှင်သာရိပုတ္တရာ ဖြစ်လာ၏။
ကြွက်သည် ရှင်မောဂ္ဂလာန် ဖြစ်လာ၏။
ကျေးသားသည် ရှင်အာနန္ဒာ ဖြစ်လာ၏။
ရသေ့သည် ဘုရား ဖြစ်လာ၏။

❐

## ဧကနိပါတ်။

## ၇၆။ ရက္ခဓမ္မဇာတ် ၇၄
## (ရက္ခ = သစ်ပင်၊ ဓမ္မ = တရား)

## ညီညွတ်စွာ ပေါင်းသင်းခြင်း၏ အကျိုးကျေးဇူးအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဆွေတော်မျိုးတော်တို့ မညီညွတ်၊ ခိုက်ရန်ဖြစ်ကြရာတွင် ဆုံးမသောအနေနှင့် အောက်ပါဇာတ်ကို ဟောတော်မူသည်။

တစ်ရံခါ၌ ရက္ခစိုးတို့သည် နေရာဗိမာန် ရွေးကြသောအခါ အင်ကြင်းတော၌ နေစမှတ်ပြုသော ရက္ခစိုးနတ်ကြီးက မိမိ၏ အဆွေအမျိုးနတ်တို့အား အချင်းတို့– သင်တို့ ဗိမာန်ယူသည်ရှိသော် လွင်ပြင်၌ရှိသော သစ်ပင်တို့ကို မယူကြကုန်လင့်။ ဤအင်ကြင်းတော၌ ငါနေသော သစ်ပင်ကို ခြံရံ၍ တည်ကုန်သော သစ်ပင်တို့ကိုသာ ယူကုန်လောဟု ဆို၏။

ပညာရှိသော နတ်တို့သည် ရက္ခစိုးကြီး၏အလိုအတိုင်း ယူကြကုန်၏။ ပညာမဲ့သော နတ်တို့ကား တောဗိမာန်တို့ဖြင့် အဘယ်အကျိုးရှိအံ့နည်း။ လူတို့မြို့ရွာနှင့်နီးသော လာဘ်လာဘရလွယ်သော သစ်ပင်တို့ကိုသာ ယူကုန်အံ့ဟု လူ့ပြည်အနီး လွင်ပြင်အရပ်၌ရှိသော သစ်ပင်တို့ကို ယူကြလေ၏။

တစ်နေ့၌ အလွန်ပြင်းထန်သော မိုးသက်မုန်တိုင်း ကျလေရာ အင်ကြင်းတောရှိ သစ်ပင်တို့မှာ အစုအပေါင်းနှင့် အချင်းချင်းစပ်လျက် တည်ကြသည်ဖြစ်၍ တစ်စုံတစ်ရာ လဲပြိုပျက်စီးခြင်း မရှိလေ။

လွင်ပြင်၌ရောက်သော သစ်ပင်တို့ကား အမှီသဟဲ အပေါင်းအစု မရှိကြ၍ အမြစ်နှင့်တကွ လဲပြီးလျှင် ကျိုးပဲ့ပျက်စီးကြလေကုန်၏။

ဗိမာန်မဲ့လေပြီးသော နတ်တို့သည် ကိုးကွယ်ရာမရှိဘဲ သူငယ်တို့ကို လက်ဆွဲကုန်လျက် အင်ကြင်းတောနတ်တို့ထံသို့ ညှိုးငယ်စွာဖြင့် လာရောက်ပြောကြားကြကုန်၏။

ထိုအခါ ရက္ခစိုးကြီးသည် အချင်းတို့– တော၌ သစ်ပင်တို့သည် များပြားကုန်မှုကား အမှီသဟဲရသည်ဖြစ်၍ ကောင်း၏။ တစ်ပင်တည်းရှိမှုကား မည်မျှပင် ကြီးမားသန်မာသော်လည်း လေသည် လှဲဖြိုနိုင်၏။ ထို့အတူလည်းကောင်း လောက၌ အဆွေအမျိုး များပြား ညီညွတ်ခြင်းသည် စင်စစ် ကောင်းလှပေ၏ဟု ဆုံးမလေသတည်း။

ဇာတ်ပေါင်းသော်–
နတ်ပရိသတ်သည် ဘုရား၏ပရိသတ် ဖြစ်လာ၏။
ရက္ခစိုးကြီးသည် ဘုရား ဖြစ်လာ၏။

❒

## ဧကနိပါတ်။

## ၄၇။ မစ္ဆဇာတ် ၇၅
## (မစ္ဆ = ငါး)

### ငါးမင်း၏တန်ခိုးဖြင့် မိုးရွာစေခြင်းအကြောင်း

တစ်ရံသောအခါ မြတ်စွာဘုရားသည် ကောသလတိုင်း၊ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ကောသလတိုင်းတစ်တိုင်းလုံး မိုးခေါင်၍ ကောက်ပဲသီးနှံတို့သည် ညှိုးနွမ်း ခြောက်သွေ့ကုန်၏။ ချောင်း၊ မြောင်း၊ ရေကန်ရေအိုင်တို့၌လည်း ရေခန်းခြောက်၍ ငါး၊ လိပ်စသော ရေသတ္တဝါတို့ကို ကျီးစွန်တို့ ထိုးသတ်စားကြသဖြင့် ပျက်စီးကြကုန်၏။ ထိုသို့ပျက်စီးကြသည်ကို မြတ်စွာဘုရား မြင်တော်မူလျှင် မဟာကရုဏာတော် တိုက်တွန်းအပ်သည်ဖြစ်၍ ငါသည် မိုးကို ရွာစေခြင်းငှာ သင့်၏ဟု ဇေတဝန်ရေကန်စောင်း၌ ရပ်တော်မူလျက် အာနန္ဒာအား ငါရေချိုးအံ့၊ ရေသနုပ်ယူခဲ့လောဟု မိန့်တော်မူ၏။

အရှင်ဘုရား– ဇေတဝန်ရေကန်၌ ရေပြတ်၍ ညွန်မျှသာ ကြွင်းသည် မဟုတ်ပါလောဟု လျှောက်၏။

အာနန္ဒာ– ဘုရားတို့၏တန်ခိုးမည်သည်ကား အလွန်ကြီးစွာ၏။ ရေသနုပ်ကိုသာ ယူခဲ့လောဟု မိန့်တော်မူ၏။

ရေသနပ်ကပ်၍ရသော် ရေချိုးအံ့ဟု စောင်းတန်းဦး၌ ရပ်တော်မူ၏။ ထိုခဏ၌ သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ ကျောက်ဖျာ တင်းမာပူပြင်း၍ အကြောင်းကိုသိရသော် မိုးနတ်သားအား ခေါ်ပြီးလျှင် မြတ်စွာဘုရား ရေသုံးသပ်တော်မူလိုသည် ကောသလတိုင်းအလုံးတွင် မိုးရွာစေလောဟု အမိန့်ပေးလေ၏။

မိုးနတ်သားလည်း တစ်ထည်သော တိမ်ရောင်ပုဆိုးကို ဝတ်၍ တစ်ထည်ကို ရုံပြီးလျှင် မိုးသီချင်းကိုသီလျက် အရှေ့လောကဓာတ်သို့ ရှေးရှု ပြေး၏။ ထိုအခါ အရှေ့မျက်နှာအရပ်အဖို့၌ ကောက်နယ်တလင်းခန့်မျှ လောက်သော တိမ်အဝန်းသည် ထလတ်၍ အထပ်တစ်ရာ၊ အထပ်တစ်ထောင်ဖြစ်ပြီးလျှင် ထစ်ကြိုးလျက် ကောသလတိုင်းအလုံး မိုးကြီး သည်းထန်စွာ ရွာလေ၏။

ဇေတဝန်ကန် ရေပြည့်လျှံ၍ မြတ်စွာဘုရားသည် ရေသုံးသပ်တော်မူ၏။ ရေသတ္တဝါတို့ ချမ်းသာကြသည့်အပြင် ကောက်ပဲသီးနှံတို့ ဖွံ့ဖြိုးစိမ်းလန်းကြကုန်၏။

ဤသို့ အံ့ဖွယ်သရဲကို မြင်ရကုန်သော် ရဟန်းတို့သည် မြတ်စွာဘုရား၏ ကရုဏာတော်၊ တန်ခိုးတော်တို့ကို ချီးကျူးလျှောက်ကြသည်တွင် ယခုသာမဟုတ် ရှေးကလည်း အကျိုးကျေးဇူးကို ဖြစ်စေလေပြီဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဇေတဝန်ရေကန်နေရာ၌ အိုင်ကြီးတစ်ခုသည် ဖြစ်၏။ ထိုရေကန်တွင် ငါးအပေါင်းခြံရံလျက် ငါးမင်းတစ်ခုသည် နေ၏။

တစ်ရံသော် မိုးခေါင် ရေခန်းခြောက်သည်နှင့် ငါးတို့ကို ကျီး၊ စွန် စသည်တို့ ထိုးသတ်စားသောက်ကြသဖြင့် ငါးအများ ပျက်စီးကြလေ၏။ ထိုအခါ ငါးမင်းသည် ငါ၏အမျိုးတို့သည် ငါမှတစ်ပါးအခြားကိုးကွယ်ရာမရှိပြီ။ သစ္စာတန်ခိုးဖြင့် ချမ်းသာစေအံ့ဟု ညွှန်မှခွဲထွက် အထက်ကောင်းကင်သို့ မျှော်ကြည့်လျက် ဤသို့သစ္စာပြု၏။

အို– မိုးနတ်မင်း၊ ငါသည် ဆွေမျိုးအပေါင်းတို့အတွက် ဆင်းရဲပင်ပန်းလှ၏။ သီလရှိသောငါသည် ပင်ပန်းဆင်းရဲနေပါလျက် အဘယ်ကြောင့် မိုးကို မရွာစေသနည်း။ ငါသည် ဇာတ်တူဖြစ်သော သတ္တဝါတို့ကို စားတတ်သောအမျိုးဖြစ်လျက် နှမ်းစေ့မျှရှိသော ငါးကို အစပြု၍ စားဖူးသောမည်သည်မရှိ၊ မည်သည့်သတ္တဝါကိုမျှလည်း ငါသည် မသတ်စဖူး။ ဤ ငါဆိုအပ်သော မှန်ကန်သောသစ္စာစကားကြောင့် မိုးကိုရွာစေ၍ ဆွေမျိုးအပေါင်းနှင့်တကွ ငါ့ကို ဆင်းရဲမှ လွတ်စေလောဟု သစ္စာပြု၍ မိဋ္ဌာန်လေ၏။

ထိုခဏ၌ မိုးကြီး သည်းထန်စွာရွာ၍ သတ္တဝါတို့ ချမ်းသာခြင်းသို့ ရောက်ကြလေကုန်သတည်း။

ဇာတ်ပေါင်းသော်–
ငါးအပေါင်းသည် ဘုရားပရိသတ် ဖြစ်လာ၏။
မိုးနတ်သားသည် ရှင်အာနန္ဒာ ဖြစ်လာ၏။
ငါးမင်းသည် ဘုရား ဖြစ်လာ၏။

❒

## ကေနိပါတ်။

### ၄၈။ မဟာသုပိနဇာတ် ၇၇
### (မဟာ = ကြီးသော။ သုပိန = အိပ်မက်)

### ကောသလမင်း၏ တစ်ဆယ့်ခြောက်ချက်သော အိပ်မက်များအကြောင်း

မြတ်စွာဘုရားသည် ကောသလတိုင်း၊ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ကောသလမင်းကြီးသည် တစ်ညဉ့်

သောအခါ၌ ၁၆ ချက်သော အိပ်မက်တို့ကို မက်တော်မူ၏။

နီးလျှင် အလွန်ကြောက်လန့်တုန်လှုပ်လျက် ပုရောဟိတ်ပုဏ္ဏားတို့အား ကြားလေလျှင် အလွန်ဆိုးယုတ် ကြောက်မက်ဖွယ်သော အိပ်မက်များဖြစ်ပါသည်။ မကုစားလျှင် တိုင်းပြည်၏အန္တရာယ်၊ မိဖုရားကြီး၏ အသက်အန္တရာယ်၊ အရှင်မင်းကြီး၏ အသက်အန္တရာယ် ဤသုံးပါးတွင် တစ်ပါးပါးသော အန္တရာယ်ဖြစ်လတ္တံ့။ သို့ကြောင့် ဤအိပ်မက်တို့ကို လေးခုအပေါင်းဖြစ်သော ယဇ်ပူဇော်ခြင်းဖြင့် ကုစားအပ်ပါသည်ဟု လျှောက်ကြလေ၏။

မင်းကြီးလည်း စိုးရိမ်တုန်လှုပ်လျက် ငါ၏အသက်သာလျှင် လွတ်စေ။ သင်တို့အလိုရှိတိုင်း ကုစားလေဟု မိန့်တော်မူလျှင် ပုဏ္ဏားတို့သည် များစွာသော ဥစ္စာ၊ လာဘ်သပ်ပကာတို့ကို ရကုန်လတ္တံ့ဟု ဝမ်းမြောက်လျက် မြို့ပြင်၌ ယဇ်တွင်းကိုတူးပြီးလျှင် အခြေလေးချောင်းရှိသော သတ္တဝါတို့ကို ယဇ်တွင်းအနီးသို့ဆောင်၍ ထားကြကုန်၏။

ဤသို့ ယဇ်အတွက် သတ္တဝါတို့ကို စုဆောင်းရန်ဟု အဖန်တလဲလဲ သွားကြလာကြသည်ကို မလ္လိကာမိဖုရားကြီး မြင်တော်မူလျှင် မင်းကြီးအား အကြောင်းကို မေးတော်မူ၏။

မင်းကြီးလည်း အရှင်မိဖုရား သင်သည်ကား ချမ်းသာပေ၏။ ငါတို့နားရင်း၌ သွားနေသော မြွေဟောက်ကို မသိသလောဟု ဆို၏။

အရှင်မင်းကြီး ထိုသို့သွားနေသော မြွေဟောက်ဟူသည်ကား အဘယ်ပါနည်းဟု မေးလျှောက်၏။

မင်းကြီးကပြောပြ၍အလုံးစုံသိရသော် အရှင်မင်းကြီး– သတ္တဝါတို့အသက်ကို အကျိုးမဲ့ မပျက်စီးပါစေလင့်။ လောက၌ အတတ်ဆုံး အမြတ်ဆုံးသော ပုဏ္ဏားကို မေးတော်မူဦးလော။ ဤပုဂ္ဂိုလ်ကား အခြားမဟုတ်၊ ဘုရားတည်းဟူသော အရှင်ဂေါတမတည်း။ ဤမြတ်

စွာဘုရားသည် အကောင်းဆုံးသော ကုစားနည်းကို ညွှန်ကြားလတ္တံ့။ အရှင်မင်းကြီးလည်း သက်သာရာရလတ္တံ့၊ မြတ်စွာဘုရားအား လျှောက်ဦးလောဟု ဆိုတော်မူ၏။

မိဖုရားကြီးတိုက်တွန်းချက်အရ မင်းကြီးသွားရောက် အောက်ပါအတိုင်း လျှောက်ထား၍ မြတ်စွာဘုရားလည်း အစဉ်အတိုင်း ဖြေကြားနှစ်သိမ့်စေတော်မူ၏။

(၁) အရပ်လေးမျက်နှာမှ လေးခုသော နွားလားဥသဘတို့သည် လာလတ်၍ မင်းရင်ပြင်၌ ဇေ့မည်ဟု တွန်မြည်ကြုံးဝါးလျက် မဇေ့ဘဲသာလျှင် ဖဲလေကုန်သည်ဟု မြင်မက်ပါသည်။

မြတ်သောမင်းကြီး ဤအိပ်မက်အကျိုးသည် အသင်မင်းကြီး၏လက်ထက်၌ မဖြစ်။ နောင်အခါ တရားမစောင့်ကုန်သော မင်းတို့လက်ထက်၌သာ ဖြစ်လတ္တံ့။ အိပ်မက်၏အကျိုးကား အရပ်လေးမျက်နှာမှ မိုးတို့သည် ရွာအံ့သကဲ့သို့ ထစ်ကြုံးလျက် မရွာဘဲသာလျှင် ပျောက်ပျက်ကုန်လတ္တံ့။ ထိုအခါ ကောက်ပဲသီးနှံတို့ ပျက်စီး၍ လူတို့၌ အစာရေစာ ရှားပါးငတ်မွတ်ခြင်း ဖြစ်လတ္တံ့။ အသင်မင်းကြီး၌ တစ်စုံတစ်ရာ အန္တရာယ်ဖြစ်မည်မဟုတ်။ ပုဏ္ဏားတို့သည် လာဘ်ကိုလို၍ လျှောက်ထားစီမံခြင်းသာဖြစ်၏။ နှစ်သိမ့်စေလောဟု မိန့်တော်မူ၏။

(၂) နုနယ်သေးငယ်စွာသော အပင်တို့သည် ပွင့်ကြသီးကြသည်ကို မြင်မက်ပါသည်။

နောင်အခါ ဆုတ်ယုတ်သောကာလ လူတို့အသက်တန်းတိုသော ကာလ၌ ယောကျာ်း မိန်းမတို့သည်

ထက်သန်ထန်ပြင်းသော ရာဂရှိကုန်သည်ဖြစ်၍ ငယ်ရွယ်စဉ်အခါ၌ပင် အိမ်ထောင်ခြင်း၊ သားမွေးခြင်းတို့ကို ပြုကုန်လတ္တံ့။

(၃) နွားမကြီးတို့သည် မိမိတို့မွေးစဖြစ်သော နွားမငယ်တို့၏ နို့ကို စို့သည်ဟု မြင်မက်ပါသည်။

နောင်အခါ ကြီးသောသူတို့အား အရိုအသေပြုခြင်း၊ ပျောက်ကွယ်သောကာလ၌ အမိအဖ ယောက္ခမ စသူတို့သည် ကိုးကွယ်ရာမရှိကုန်သည်ဖြစ်သဖြင့် မိမိတို့၏ သားသမီး၊ သမက်၊ ချွေးမ စသူတို့ထံ၌ ကပ်ရပ်၍ ငြိုငြင်ညှိုးငယ်စွာ အသက်မွေးရကုန်လတ္တံ့။

(၄) လှည်းတို့၌ ဝန်ကိုဆောင်နိုင်သော နွားကြီးတို့ကိုမကမူ၍ နွားငယ်တို့ကိုသာ က စေကုန်၏။ နွားငယ်တို့လည်း ဝန်ကိုမနိုင်၍ လှည်းတို့ကိုလည်း ဆွဲခြင်းငှာ မတတ်နိုင်သည်ကို မြင်မက်ပါသည်။

နောင် တရားမစောင့်သောမင်းတို့ လက်ထက်၌ အသက်ကြီး ဝါကြီး ပညာရှိကုန်သော သူတို့အား အမတ်၊ တရားသူကြီး စသော ရာထူးစည်းစိမ်တို့၌ မခန့်ထားမူ၍ အသက်၊ ဝါ၊ ပညာ ငယ်ကုန်သော လူငယ်တို့အားသာ ခန့်ထားကြလတ္တံ့။ ထိုအခါ အခွင့်အရေးမသိ၊ မတော်မမှန်ဖြစ်၍ အမှုမပြီး အကျိုးမပြီး ရှိသောအခါ လူငယ်တို့သည် မိမိတို့၏ ရာထူးစည်းစိမ်ကို စွန့်ကြလတ္တံ့။ လူကြီးတို့သည်လည်း ငါတို့မှာပြင်ပကသာဖြစ်၏ဟု လျစ်လျူရှု၍ နေကြကုန်လတ္တံ့။ သို့ဖြစ်၍ တရားမစောင့် အမှုပြီးကြသည်နှင့် မင်းနှင့်တကွ တိုင်းပြည်ပါ ဆုတ်ယုတ်ပျက်စီးကြလတ္တံ့။

(၅) ခံတွင်းနှစ်ခုရှိသောမြင်းသည် ကျွေးလာသော မုယော စပါး စသည်တို့ကို ခံတွင်းနှစ်ခုဖြင့်ပင် စားသည်ဟု မြင်မက်ပါသည်။

နောင် တရားမစောင့်သော မင်းတို့လက်ထက်၌ တရားမစောင့်သော တရားသူကြီးတို့သည် နှစ်ဖက်သော အမှုသည်တို့မှ ပေးသော တံစိုးလက်ဆောင်တို့ကိုစား၍ အမှုတို့ကို မမှန်မကန် ဆုံးဖြတ်ကြကုန်လတ္တံ့။

(၆) အဖိုးတစ်သိန်းထိုက်သော ရွှေခွက်ကို မြေခွေးဖိုအား ကျင်ငယ်စွန့်ရန်ပေး၏။ မြေခွေးလည်း ထိုရွှေခွက်၌ ကျင်ငယ်စွန့်သည်ဟု မြင်မက်ပါသည်။

နောင် တရားမစောင့်သောမင်းတို့ လက်ထက်၌ အမျိုးမြတ်သောသူတို့သည် အချီးအမြှောက်မခံရ ဆင်းရဲကြ၍ အမျိုးယုတ်သောသူတို့ အစိုးတရ ကြွယ်ဝ ချမ်းသာကြလတ္တံ့။ ထိုအခါ အမျိုးမြတ်တို့ အသက်မွေး ခြင်းငှာ မတတ်နိုင်ကုန်သည်ဖြစ်၍ မိမိတို့သမီးတို့ကို အမျိုးယုတ်တို့အားပေး၍ အသက်မွေးကြကုန်လတ္တံ့။

(၇) တစ်ယောက်သောယောကျ်ားသည် အင်းပျဉ်၌ထိုင်လျက် လွန်ကိုကျစ်၍ ခြေရင်း၌ထား၏။ ထိုအင်းပျဉ်အောက်၌ ရှိသော ဆာမွတ်သောမြေခွေးမသည် ထိုယောကျ်ား မသိစဉ်လျှင် ထိုလွန်ကိုစား၏ဟု မြင်မက်ပါသည်။

နောက်အခါ၌ မိန်းမတို့သည် အစားအသောက်၊ အဝတ်၊ အနေအထိုင် စသည်တို့၌ လော်လည်ခြင်းရှိ၍ မိမိတို့လင်ယောကျ်ားသည် ဆင်းရဲငြိုငြင်စွာ ရှာဖွေ စုဆောင်းအပ်သော ဥစ္စာပစ္စည်းတို့ကို အဝတ်အစား

အသောက်တို့၌လည်းကောင်း၊ သောက်စား ကစားခြင်း တို့၌လည်းကောင်း၊ အပျော်အပါးတို့၌လည်းကောင်း၊ သယောက် လင်ငယ်ထားခြင်းတို့၌ လည်းကောင်း၊ အရမ်းမဲ့လျှင် ဖြုန်းတီးလေလတ္တံ့။ ခွေးမသည် မသိ စဉ်းစားသကဲ့သို့ အိမ်သူမိန်းမတို့သည် ဤသို့ တိတ် တဆိတ် ဖြုန်းတီးခိုးစားကြလတ္တံ့။

(၈) ရေမရှိသောအိုးတို့ဖြင့် ခြံရံအပ်သော ရေပြည့်အိုးကြီး တစ်လုံးကို မြင်ရ၏။ လူတို့သည် အရပ်ရှစ်မျက်နှာမှ ရေကို ယူလာကြ၍ ထိုရေပြည့်သောအိုးကြီးအတွင်းသို့ သာလျှင် လောင်းထည့်ကြ၏။ လောင်းထည့်သော ရေတို့သည် ပြည့်လျှံ၍ကျကုန်၏။ ဤသို့လျှင် အဖန် တလဲလဲ ရေပြည့်အိုးသို့သာလောင်းလျက် ရေမရှိသော အခြံအရံအိုးတို့အတွင်းသို့ကား မည်သူမျှ မလောင်း မထည့်ဘဲ နေကြသည်ကို မြင်မက်ပါသည်။

နောင်အခါ မကောင်းသောမင်းတို့လက်ထက်၌ မင်းနှင့်တကွ လူတို့ တရားပျက်ကွက်၊ ဩဇာညံ့ဖျင်း၊ ဆင်းရဲခြင်းသို့ ရောက်ကြကုန်လတ္တံ့။ ထိုအခါ မင်း အစိုးရတို့သည် ဆင်းရဲသားတို့အား မင်း၏ အမှုစီးပွား အတွက်ကိုသာ လုပ်ကိုင်စေအံ့။ ဆောင်ရွက်စေအံ့။ ထမ်းရွက်စေအံ့။ သို့ဖြစ်ရကား မင်းတို့၌သာ ပြည့်စုံ အကျိုးခံစားကြရ၍ ဆင်းရဲသားတို့မှာ ရေမရှိသောအိုး တို့ပမာ တစ်စုံတစ်ရာမရှိ ငတ်မွတ်ခေါင်းပါးခြင်းသို့ ရောက်ကြကုန်လတ္တံ့။

(၉) နက်ရှိုင်းကျယ်ဝန်းသော ရေကန်ကြီးတစ်ခုတွင် သတ္တဝါ တို့ ဆင်း၍ရေသောက်ကြ၏။ ကန်၏အလယ် ရေနက်

ရာ၌ ရေသည်နောက်၍ ကမ်းနားဝန်းကျင် ရေတိမ်ရာ သတ္တဝါတို့နှင့်ရာ၌ ရေသည် ကြည်လင်၏ဟု မြင်မက်ပါသည်။

နောင်အခါ တရားမစောင့်သော မင်းတို့သည် မတရားအုပ်စိုးခြင်း၊ တံစိုးစားခြင်း၊ လော်လည်ခြင်း၊ သနားညှာတာ ကရုဏာမဲ့ခြင်း၊ ကြမ်းကြုတ်ရက်စက်ခြင်းတို့ရှိလျက် လူတို့အပေါ်၌ အထူးထူး အပြားပြားသော အခြင်းအရာဖြင့် အခွန်အတုတ်တို့ကို ခွဲခန့်ကောက်ယူလတ္တံ့။ ထိုအခါ လူတို့မှာ တစ်စုံတစ်ရာ မပေးဆောင်နိုင် ပင်ပန်းဆင်းရဲလျက် မြို့ကြီးရပ်ကြီးတို့၌ မနေနိုင်ဘဲ ရပ်စွန်ပြည်နားသို့ သွားရောက်နေကြရသည်ဖြစ်လတ္တံ့။ ကန်လယ်တွင်နောက်၍ ကန်ဘေးတွင် ကြည်သကဲ့သို့ မြို့လယ်ရွာလယ်၌ တိတ်ဆိတ်၍ ရပ်စွန်ပြည်နား၌ လူစည်ကားလတ္တံ့။

(၁၀) တစ်လုံးတည်းသောအိုးဖြင့် တစ်ချိန်တည်းချက်သော ထမင်းသည် အချို့ပျော့၏၊ အချို့မနပ်၊ အချို့နပ်၏၊ ဤသို့ မြင်မက်ပါသည်။

နောင် တရားမစောင့်သော မင်းတို့လက်ထက်၌ မင်းတို့ တရားမစောင့်သည်ဖြစ်၍ မိုးကွက်ကြားရွာလတ္တံ့။ ထိုအခါ အချို့နေရာ၌ မိုးရွာလွန်း၍ ကောက်ပဲသီးနှံပျက်အံ့။ အချို့နေရာ၌ မရွာ၍ ပျက်အံ့။ အချို့နေရာ၌ကား မိုးမှန်၍ ကောင်းအံ့။ ဤသို့လျှင် ထမင်းအိုးတွင်မြင်သော ထမင်းကဲ့သို့ ကောက်ပဲသီးနှံ သုံးထွေပြားလတ္တံ့။

(၁၁) အဖိုးတစ်သိန်းထိုက်သော စန္ဒကူးနှစ်ကို ယက်တက်ပုပ်ရည်ဖြင့် ရောင်းစားသည်ကို မြင်မက်ပါသည်။

နောင်အခါ ငါဘုရား၏သာသနာတော် ဆုတ်ယုတ်သောကာလတွင် လော်လည်၍ လာဘ်လာဘကို မက်မောကုန်သော ရဟန်းအလဇ္ဇီ လူအလဇ္ဇီတို့သည် ဆွမ်း၊ ဆေး၊ ကျောင်း၊ သင်္ကန်း ဥစ္စာပစ္စည်း စသည်တို့ကို အလိုရှိသည်ဖြစ်၍ လမ်းခရီးဆုံ၊ အိမ်ဝ၊ အိမ်ကြိုအိမ်ကြားတို့၌ ငါဘုရား၏တရားတော်ကို ဟောကြားလတ္တံ့။ နိဗ္ဗာန်အလို့ငှာ ဟောတော်မူအပ်သော အလွန်မွန်မြတ်သော တရားတော်ကို တစ်ပဲ၊ တစ်မူး၊ တစ်ကျပ် စသည်တို့အကျိုးငှာ ရောင်းစားဟောပြောကြသည်ဖြစ်၍ တစ်သိန်းထိုက်သော စန္ဒကူးနှစ်ကို ယက်တက်ပုပ်ရည်ဖြင့် ရောင်းစားသကဲ့သို့ ဖြစ်ကုန်လတ္တံ့။

(၁၂) ဘူးတောင်းတို့သည် ရေ၌နစ်သည်ဟု မြင်မက်ပါသည်။

နောင်အခါ တရားမစောင့်သောမင်းတို့လက်ထက်၌ အမျိုးယုတ်သောသူတို့ကိုသာ ရာထူးစည်းစိမ်ပေးသည်ဖြစ်၍ အမျိုးယုတ်တို့ တန်ခိုးအာဏာ ကြီးမားထင်ပေါ် အရာရာ၌ တွင်ကျယ်လျက် ၎င်းတို့စကားသည်သာလျှင် ဘူးတောင်းနစ်သကဲ့သို့ နစ်၍တည်ကုန်လတ္တံ့။

(၁၃) ကျောက်ဖျာကြီး ရေ၌ပေါ်သည်ဟု မြင်မက်ပါသည်။

နောင်အခါ မတရားမင်းတို့လက်ထက်၌ တော်မှန်လိမ္မာ ပညာရှိသောသူတို့၏စကားသည် မည်သည့်

အရာဌာနဌမဆို လေးသောကျောက်ဖျာ ရေတွင်ပေါ်
သကဲ့သို့ နစ်တည်ခြင်းမရှိ၊ မခိုင်မမြဲ ရှိကြကုန်လတ္တံ့။

(၁၄) ဖားမငယ်တို့သည် ကြီးစွာသော မြွေဟောက်ကြီးများကို စားမျိုသည်ဟု မြင်မက်ပါသည်။

နောင်အခါ လူတို့သည် ပြောသောပြင်းသော ရာဂ ရှိကုန်သည်ဖြစ်၍ ကိလေသာအလိုသို့လိုက်လျက် ငယ်ရွယ်ကုန်သော မယားတို့၏အလိုသို့ လုံးဝလိုက်ကြကုန်လတ္တံ့။ အလုပ်အကိုင်မှု၊ ဥစ္စာပစ္စည်းမှု၊ ကျေးကျွန်မှု၊ စီမံခန့်ခွဲမှု စသောအရပ်ရပ်တို့၌ လင်ပေါ်တွင် လွှမ်းမိုးအုပ်စိုးခြင်းကို ပြုကြမည်ဖြစ်ရကား ဖားမငယ်သည် အဆိပ်လျင်သောမြွေကို စားမျိုသကဲ့သို့ ဖြစ်ကုန်လတ္တံ့။

(၁၅) မည်းနက်ရုပ်သွင်၊ အဆင်းဆိုးဝါးသော ကျီးတို့ကို ရွှေ၏အဆင်းနှင့်တူသော ရွှေဟင်္သာတို့က ခြံရံနေကြသည်ကို မြင်မက်ပါသည်။

နောင်အခါ အားနည်းသော မင်းတို့လက်ထက်၌ ထိုမင်းတို့သည် ဆင်စီးမြင်းစီး စသောအတတ်တို့၌ မလိမ္မာ၍ စစ်ထိုးခြင်း၌ မရဲရင့်ဘဲ ဖြစ်ကြကုန်လတ္တံ့။ ထိုအခါ တိုင်းပြည်နိုင်ငံ ဆုံးရှုံးမည်ကိုစိုး၍ တူသော ဇာတ်ရှိသော သူကောင်းသားတို့အား အစိုးရခြင်းကို မပေးမူ၍ မိမိတို့ထံ၌ ခစားကုန်သော အမျိုးယုတ်သော ကျေးကျွန်တို့အားသာ ပေးကုန်လတ္တံ့။ သို့ဖြစ်၍ အမျိုးကောင်းသားတို့ ကိုးကွယ်ရာမရှိဘဲ အစိုးရခြင်း၌ တည်ကုန်သော အမျိုးယုတ်တို့ထံ၌ ခစားကြကုန်လတ္တံ့။

(၁၆) ဆိတ်တို့သည် သစ်တို့ကို သတ်စားကြသဖြင့် သစ်တို့သည် ကြောက်လန့်လျက် ဆိတ်တို့ကို အဝေးမှမြင်

လျှင်ပင် တောချုံရှိရာသို့ ပြေးကြသည်ကို မြင်မက်ပါသည်။

နောင်အခါ တရားမစောင့်သောမင်းတို့လက်ထက်၌ အမျိုးယုတ်သူတို့သည် အစိုးရကုန်သည်ဖြစ်၍ အမျိုးမြတ်သူတို့ မထင်ရှားဖြစ်လတ္တံ့။ အမျိုးယုတ်သူတို့မှာ မင်းကျွမ်းဝင်သည်ဖြစ်၍ တရားရုံးတို့၌ ဩဇာအာဏာလွှမ်းမိုးလျက် အမျိုးမြတ်သူတို့၏ ဘိုးဘပိုင် လယ်မြေဥစ္စာအရပ်ရပ်တို့ကို ငါတို့လယ်မြေဥစ္စာ ဖြစ်သည်ဟု သိမ်းယူကြ၍ တရားတပေါင်ဖြစ်ကြလျှင် တန်ခိုးမဲ့သူတို့အား ဖိနှိပ်ပုတ်ခတ် ခြိမ်းခြောက် နှင်ထုတ်လျက် အနိုင်ကျင့်ကြကုန်လတ္တံ့။ ထိုအခါ အမျိုးမြတ်သူတို့ကြောက်လန့် စက်ဆုပ်ကုန်သည်ဖြစ်၍ လယ်ယာဥစ္စာတို့ကို ပေးအပ်ကုန်လျက် အိမ်သို့ပြန်၍ အိပ်နေကြကုန်အံ့။ ထိုမှတစ်ပါးလည်း အကျင့်သီလရှိသော ရဟန်းတို့သည် အကျင့်သီလမဲ့သော ရဟန်းတို့က ချုပ်ချယ်ဖိနှိပ်ကြလေသဖြင့် တောသို့ပြေးဝင်ပုန်းအောင်းကြကုန်လတ္တံ့။ ဤသို့လျှင် အမျိုးကောင်း သူတော်ကောင်းတို့လည်း လွတ်ရာကျွတ်ရာ တောတောတောင်တောင်တို့ကို ပြေးပုန်းကြကုန်လတ္တံ့။

ဤသို့လျှင် မြတ်စွာဘုရားသည် တစ်ဆယ့်ခြောက်ချက်သော အိပ်မက်တို့၏ အဓိပ္ပာယ်ကို ရှင်းလင်းပြပြီးမှ အသင်မင်းကြီး တစ်စုံတစ်ရာ စိုးရိမ်ခြင်းမရှိလင့်။ နောက်အနာဂတ် တရားမစောင့်သောမင်းတို့လက်ထက်၌သာ ဖြစ်လတ္တံ့။ ပုဏ္ဏားတို့သည် လာဘ်သပ်ပကာကို လို၍ ယဇ်ပူဇော်ခြင်းဖြင့် ကုစားအပ်၏ဟု ဆိုခြင်းဖြစ်

ဏ်။ ယဇ်ပူဇော်ခြင်း၌ အကျိုးမမြင်၊ အသင်မင်းကြီး၌သာ မကောင်းမှုပွားလတ္တံ့ဟု မိန့်တော်မူလေသတည်း။

ထို့နောက် ဆက်လက်၍ ယခုသာမဟုတ် ရှေးကလည်း ဤသို့ပင် အသင်မင်းကြီးအား နှစ်သိမ့်အေးချမ်းဖူးစေပြီဟု အလားတူအတိတ်ဇာတ်ကို ဆောင်တော်မူ၏။

ထိုအတိတ်ဇာတ်၌ ဗာရာဏသီမင်းသည် အိပ်မက်တို့ကို မြင်မက်၏။ ယဇ်ပူဇော်ရန်ပြောသော ပုဏ္ဏားတို့၏ တပည့်ငယ်တစ်ယောက်သည် ယဇ်ပူဇော်ခြင်းကို မနှစ်သက်၍ မင်းကြီးကို ရသေ့တစ်ပါးထံသို့ ခေါ်ဆောင်သွားပြီးလျှင် အိပ်မက်၏အကျိုးသာ ပြဂုဏ်ကို ဟောပြောစေ၏။

ဇာတ်ပေါင်းသော်-
ဗာရာဏသီမင်းသည် အရှင်အာနန္ဒာ ဖြစ်လာ၏။
တပည့်လုလင်သည် ရှင်သာရိပုတ္တရာ ဖြစ်လာ၏။
ရသေ့သည် ဘုရား ဖြစ်လာ၏။

❒

## ကေနိပါတ်။

## ၄၉။ ဗွာလ္လိသဇာတ် ၇၈

## စေးနှဲသော ဣလ္လိသသူဌေးအကြောင်း

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ရာဇဂြိုဟ်မြို့အနီး သက္ကာရမည်သော နိဂုံးတစ်ခု၌ မစ္ဆရိယမည်သော ကုဋေရှစ်ဆယ်ကြွယ်ဝသော သူဌေးသည် နေ၏။

ထိုသူဌေးသည် အလွန်စေးနဲလေသဖြင့် အခြားသူတို့အား လှူဒါန်း ပေးကမ်းမည်ကိုထားဘိ မိမိကိုယ်တိုင်မှသော်လည်း မသုံးရက် မစားရက် ရှိလေ၏။

တစ်နေ့သော် ထိုမစ္ဆရိယသူဌေးသည် ရွာသားတစ်ယောက် မုယော မုန့် အိုးကင်းမုန့်တို့ကို မြိန်ယှက်စွာ စားနေသည်ကို မြင်လေလျှင် ထိုမုန့်မျိုး ကို အလွန်စားချင်သော အာသာဖြစ်လာလေ၏။ သို့ပါသော်လည်း ပစ္စည်း ကုန်ကျမည်စိုး၍ တစ်စုံတစ်ရာမဆိုဘဲ အောင့်အည်း၍နေလေ၏။

အတန်ကြာသော် ထိုစွဲလမ်းမှုကြောင့် အလွန်ပိန်ချုံး နွမ်းနယ်ခြင်း ရောက်သည်နှင့် အိပ်ရာတွင် မသက်မသာ အိပ်လေ၏။

ထိုအခါ သူဌေးကတော်သည် အကြောင်းကို အကြိမ်များစွာမေး သော်လည်း ဥစ္စာကုန်မည်ကို စိုးရိမ်သဖြင့် တစ်စုံတစ်ရာမဆိုဘဲနေလေ၏။ တစ်ဖန် အကြိမ်ကြိမ် တိုက်တွန်းလေမှ နောက်ဆုံး၌ ငါသည် အိုးကင်းမုန့် ကို စားလိုသော အာသာချင်ခြင်း ဖြစ်ပေသည်ဟု ဆိုလေ၏။

ထိုအခါ သူဌေးကတော်သည် အရှင်သူဌေး– ထိုသို့စားလိုလျက် အဘယ့်ကြောင့် မဆွက မဆိုသနည်း။ သင်သည် ဆင်းရဲသလော၊ ယခု ပင်လျှင် သက္ကာရနိဂုံးရှိ လူအပေါင်းတို့ စားလောက်အောင် မုန့်ကြော်အံ့ဟု ဆို၏။

ထိုသို့ တစ်ရွာလုံးစားလောက်အောင်ဆိုသည်ကို သဘောမကျလေ။ ထို့နောက် တစ်လမ်းလုံးစားလောက်အောင်၊ အိမ်နီးနားချင်းတို့စားလောက် အောင်၊ လင်မယားနှစ်ယောက် စားလောက်အောင် ဆိုသည်တို့ကိုပင် သဘော မတူ ပယ်ခဲ့၍ နောက်ဆုံး သူဌေးကြီးတစ်ယောက်စာသာ ကြော်ပါအံ့ဟု ဆိုမှ သဘောတူလေ၏။ သို့ရာတွင် ဤအရပ်၌ကြော်လျှင် လူအပေါင်းတို့ မြင်၍ စားချင်ကြလိမ့်မည်။ ဘုံ ၇ ဆင့်အထက်၌ ငါတို့တက်၍ကြော်ပြီး လျှင် ထိုနေရာ၌ ငါတစ်ယောက်တည်းစားအံ့ဟု ဆိုလေ၏။

ဆိုသည့်အတိုင်း ဘုံ ၇ ဆင့်အထက်၌ တံခါးကြီးငယ် အကုန်ပိတ်၍ မုန့်ကြော်ကြလေ၏။

ထိုအခါ မြတ်စွာဘုရားသည် လောကဓာတ်ကို ကြည့်တော်မူလေသော် မစ္ဆရိယ သူဌေးလင်မယားတို့ အကျွတ်တရားရထိုက်သည်ကို မြင်တော်မူမှ အရှင်မောဂ္ဂလာန်အား ခေါ်တော်မူ၍ မစ္ဆရိယသူဌေးအား ဆုံးမလျက် သူဌေးလင်မယားနှင့်တကွ မုန့်တို့ကို အသင်၏တန်ခိုးဖြင့် ဆောင်ခဲ့လော့။ ယနေ့ ငါသည် ရဟန်းငါးရာနှင့်တကွ မုန့်ဆွမ်းကိုသာ ဘုဉ်းပေးတော်မူမည်ဟု မိန့်တော်မူ၏။

ရှင်မောဂ္ဂလာန်လည်း ဝန်ခံပြီးမှ ဈာန်ဖြင့်ကြွခဲ့၍ ထိုဘုံ ၇ ဆင့်ပြာသာဒ်တံခါးဝ၌ ကောင်းကင်၌ ပတ္တမြားညှိဆင်းတုကဲ့သို့ ရပ်တော်မူ၏။

သူဌေးမြင်လျှင် တုန်လှုပ်အမျက်ထွက်လျက် ရဟန်း– ကောင်းကင်၌ ရပ်ခြင်းဖြင့် အသင် အဘယ်ကိုရလိမ့်အံ့နည်း။ ကောင်းကင်၌ ရပ်ရုံမက ထိုမှဤမှ စင်္ကြံသွားငြားသော်လည်း ရမည်မဟုတ်ဟု ဆိုလေ၏။

ထိုအခါ ရှင်မောဂ္ဂလာန်သည် စင်္ကြံကြွတော်မူ၏။

စင်္ကြံကြွရုံမျှမက ထက်ဝယ်ဖွဲ့လျက်နေသော်လည်း ရမည်မဟုတ်။

ထိုအခါ ထက်ဝယ်ဖွဲ့၍ နေတော်မူပြန်၏။

ထက်ဝယ်ဖွဲ့ရုံမျှမက တံခါးခုံ၌ရပ်သော်လည်း ရမည်မဟုတ်။

ထိုအခါ တံခါးခုံ၌ ရပ်တော်မူ၏။

ရပ်တော်မူရုံမျှမက အခိုးလွှတ်သော်လည်း ရမည်မဟုတ်။

ထိုအခါ အခိုးလွှတ်တော်မူ၏။

ထိုသို့ အခိုးလွှတ်တော်မူသောအခါ ပြာသာဒ်အလုံး အခိုးဖြင့်ပြည့်လျက် သူဌေး၏မျက်စိတို့သည် ကျိန်းစပ်ခြင်းသို့ ရောက်လေ၏။ အိမ်ကို မီးလောင်မည်စိုး၍ကား အခိုးမျှမက အလျှံကိုလွှတ်သော်လည်း ရမည်မဟုတ်ဟု မဆိုဝံ့တော့ဘဲ ဤရဟန်းသည် အလွန်အစွဲအလမ်းကြီး၏။ မရဘဲကို သွားမည်မဟုတ်ဟု ရှင်မ– ထိုရဟန်းအား သေးငယ်သော မုန့်တစ်ယက်ကို ပေးလှူ၍ လွှတ်လိုက်လောဟု ဆိုလေ၏။

သူဌေးကတော်လည်း အတန်ငယ်သော မုန့်ညက်ကိုထည့်၍ကြော်ရာ မုန့်ကြီးဖြစ်၍နေလေ၏။ သူဌေး မကျေနပ်သဖြင့် မိမိကိုယ်တိုင် အလွန်

အနည်းငယ်သော မုန့်ညက်ကိုထည့်၍ ကြော်ပြန်ရာ သာ၍ကြီးသောမုန့်ကြီး ဖြစ်လာ၏။ ထိုနည်းဖြင့် အကြိမ်ကြိမ် ကြော်ပါသော်လည်း မုန့်ကြီးတို့သာ ဖြစ်လာ၍ သူဌေးစိတ်ပျက်သည်နှင့် ရှင်မ– ရဟန်းအား မုန့်တစ်ယှက်ကို လှူပေတော့ဟု ဆိုလေ၏။

သူဌေးကတော်လည်း တောင်းမှ မုန့်တစ်ယှက်ကိုယူရာ အလုံးစုံသော မုန့်တို့သည် ကပ်ငြိ၍ တစ်စပ်တည်းဖြစ်နေလေသဖြင့် မုန့်တို့ကို ခွဲ၍မရ ရှိလေ၏။

သူဌေး မကျေနပ်၍ မိမိကိုယ်တိုင်ယူရာ တစ်စပ်တည်းပင်ဖြစ်၍နေလေ၏။ ပြီးမှ လင်မယားနှစ်ယောက် နှစ်ဖက်အစွန်းတို့ကို ကိုင်၍ခွဲသော်လည်း မရချေ။ သူဌေး၏ကိုယ်မှ ချွေးတို့သည် ဖြိုင်ဖြိုင်ထွက်ကုန်၏။ အလွန်မောပန်းပြီဖြစ်၍ စားလိုသောချင်ခြင်းလည်း ပြတ်လေ၏။

ထိုအခါ သူဌေးသည် ရှင်မ– သင်၏မုန့်ကို မစားလိုတော့ပြီ၊ တစ်တောင်းလုံးသာ လှူလိုက်တော့ဟု စိတ်ပျက်စွာနှင့် ဆိုလေ၏။ သူဌေးကတော်လည်း တစ်တောင်းလုံးသောမုန့်ကို လှူပေ၏။

ထိုအခါ ရှင်မောဂ္ဂလာန်သည် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကိုလည်းကောင်း၊ အလှူ၏အကျိုးကျေးဇူးကို လည်းကောင်း ထင်ရှားစွာ ဟောပြောလေသော် သူဌေးကြီးသည် ကြည်ညိုသောစိတ် ဖြစ်ပေါ်လာသည်နှင့် အရှင်ဘုရား– မုန့်ကို ဤတွင်ဘုဉ်းပေးပါလောဟု လျှောက်လေ၏။

ဒါယကာ မြတ်စွာဘုရားသည် အသင်၏မုန့်ကို ရဟန္တာငါးရာနှင့် ဘုဉ်းပေးမည်ဟု စောင့်၍နေတော်မူ၏။ သို့ကြောင့် မုန့်တို့ကို ဆောင်ယူသွားအံ့။ သင်တို့လည်း အလိုရှိလျှင် လိုက်ခဲ့လောဟု မိန့်တော်မူ၏။ သူဌေးလင်မယားလည်း သဘောတူ၏။

မိမိ၏တန်ခိုးအစွမ်းဖြင့် သူဌေးလင်မယားကို ဆောင်ယူသွား၍ ဇေတဝန်ကျောင်းသို့ရောက်သော် မြတ်စွာဘုရားနှင့်တကွ ကျောင်းရှိသံဃာအလုံးစုံတို့သည်လည်းကောင်း၊ သူဌေးလင်မယားတို့သည်လည်းကောင်း၊

စားကြွင်းစားတို့သည်လည်းကောင်း သုံးဆောင်စားသောက်ကြ၍ မကုန်နိုင်သည်နှင့် ကျောင်းတံခါး၀၌ စွန့်ပစ်ရသေး၏။

ထို့နောက် မြတ်စွာဘုရားကိုယ်တော်တိုင် တရားဟောသဖြင့် သူဌေးလင်မယား သောတာပတ္တိဖိုလ်၌ တည်၏။ ထိုနေ့ကစ၍ ရတနာသုံးပါး၌ ကြည်ညိုလျက် အလှူအတန်း ရက်ရောစွာလှူလေ၏။

ထိုအခါ ရဟန်းတို့သည် ရှင်မောဂ္ဂလာန်သည်ကား အလွန်စေးနဲသော မစ္ဆရိယသူဌေးကြီးကို တစ်ခဏချင်းဖြင့် ဆုံးမ၍ ဘုရားမျက်မှောက်တော်အထိ ဆောင်ခဲ့၍ သောတာပတ္တိဖိုလ်၌ တည်စေ၏။ အလွန်အံ့ဖွယ်ရှိစွာ့တကားဟု စကားဖြစ်ကြသည်ဘွင် မြတ်စွာဘုရားသည် ထိုအရှင်၏ ဂုဏ်ကျေးဇူးကို ထပ်လောင်းအမွှန်းတင်လိုသည်နှင့် ယခုသာမဟုတ်သေးရှေးကလည်း ဤသို့ပင် ဆုံးမဖူးလေပြီဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

## ဣလ္လိသသူဌေး၀တ္ထု

လွန်လေပြီးသောအခါ ရာဇဂြိုဟ်ပြည် ဗြဟ္မဒတ်မင်းလက်ထက်၌ ကုဋေရှစ်ဆယ် ကြွယ်၀သော ဣလ္လိသမည်သော သူဌေးသည် ယောကျ်ားယုတ်တို့အင်္ဂါလက္ခဏာနှင့် ပြည့်စုံ၍ ခွင်သောခြေ၊ ကောက်သောလက်၊ စွေစောင်းသော မျက်စိရှိ၏။ သဒ္ဓါကြည်ညိုမရှိ၊ ၀န်တို၏။ သူတစ်ပါးအား ပေးကမ်းမည်ဝေးစွ၊ မိမိကိုယ်တိုင်မှလည်း မစားမသုံးရက်ဖြစ်၏။

ထိုဣလ္လိသသူဌေး၏ အမိအဖတို့သည်ကား အမျိုး ၇ ဆက်တိုင်အောင် အလှူရှင်ဖြစ်ကုန်၏။ ဣလ္လိသလက်ထက်ရောက်မှ အမျိုးအနွယ်ကို ဖျက်၍ အလှူတင်းကုပ်တို့ကို မီးတိုက်ပြီးလျှင် အလှူခံတို့အား ရိုက်ပုတ်၍လွှတ်လေ၏။

တစ်နေ့သော် ထိုကုလ္လိသသူဌေးသည် မင်းထံ၌ ခစား၍ ပြန်လာရာ လမ်းတွင် လူတစ်ယောက်သည် သုရာနှင့် ငါးပုပ်ခြောက်တို့ကို သောက်စားနေသည်ကို မြင်လေလျှင် အလွန် သောက်ချင်စားချင်သောစိတ် ဖြစ်၏။ သို့ရာတွင် ပစ္စည်းကုန်အံ့သည်ကိုစိုး၍ တစ်စုံတစ်ရာမဆိုဘဲ အောင့်အည်းနေ၏။

ကာလကြာသော် ထိုစွဲလမ်းခြင်းဖြင့် ညှိုးလျော်ပိန်ချုံး လဲလျောင်းရှိလေ၍ မယားက အတန်တန်မေးမှ နောက်ဆုံး၌ အကြောင်းမျိုးကို သိရလေ၏။

မယား၏တိုက်တွန်းချက်ဖြင့် ဈေးမှ တစ်ပဲဖိုးမျှသော သုရာကို ဝယ်၍ လူသူလေးပါးမြင်သော် ဝိုင်းအုံသောက်ကြမည်ကိုစိုးသည်နှင့် တစ်ယောက်တည်း သောက်စားရန်ဟု မြို့မှထွက်ပြီးလျှင် လမ်းတစ်ခုအနီး ချုံထဲတွင် သောက်စား၍နေလေ၏။

ထိုခဏ၌ ကုလ္လိသသူဌေး၏အဖသည် ဒါန စသည်ကိုပြုသည်အဖြစ်ကြောင့် သိကြားမင်းဖြစ်၍နေ၏။ ထိုသိကြားသည် ငါ၏အလှူတင်းကုပ်ရှိသေး၏လောဟု ကြည့်ရှုရာ အလုံးစုံသော အဖြစ်အပျက်တို့ကို မြင်လေလျှင် ကုလ္လိသကို ဆုံးမခြင်းငှာ·ထိုက်၏ဟု မိမိကိုယ်ကို ကုလ္လိသနှင့်တူစွာ ဖန်ဆင်းလျက် မင်းထံသို့ ဝင်ခဲ့၏။

မင်းကြီးမေးသော် အရှင်မင်းကြီး– အကျွန်ုပ်၏ ကုဋေရှစ်ဆယ်သော ဥစ္စာတို့ကို သိမ်းယူတော်မူပါဟု လျှောက်လေ၏။

မင်းကြီးလည်း သူဌေးကြီး– ငါ့အလိုမရှိ ငါ့၌ များစွာသော ဥစ္စာတို့သည် ရှိကုန်၏ဟုဆို၏။

ထိုသို့ဖြစ်လျှင် အကျွန်ုပ်အလိုရှိတိုင်း ဥစ္စာတို့ကို အလှူပေးလိုပါသည်ဟု အခွင့်တောင်း အခွင့်ရခဲ့ပြီးမှ ကုလ္လိသအိမ်သို့ လာခဲ့၏။

သားမယား ကျေးကျွန်အခြွေအရံတို့မှာ ကုလ္လိသအစစ်ပင် ထင်မှတ်ကြ၏။ တံခါးစောင့်အား မိမိနှင့်တူသောသူ တစ်စုံတစ်ယောက်

ဝင်လာလျှင် မဝင်စေဘဲ ရိုက်နှက်၍လွှတ်ရန် မှာထားခဲ့ပြီးမှ သူဌေး ကတော်ထံသွား၍ ပြုံးရွှင်သောမျက်နှာဖြင့် ရှင်မ- ငါတို့အလှူပေး ကြကုန်အံ့ဟု ဆိုလေ၏။

မယားနှင့်တကွ ခြွေရံသင်းပင်းတို့သည် မကြားဖူးသောစကား ကို ကြားရ၍ အံ့သြဝမ်းမြောက်စွာဖြင့် အလိုရှိတိုင်း ပေးလှူတော်မူပါဟု ဆိုကြလေ၏။

ထိုအခါ ဥစ္စာပစ္စည်း အလိုရှိသူတို့သည် ဣလ္လိသသူဌေး၏ အလှူတော်ကြီးသို့ လာရောက်ကြစေလောဟု မြို့တွင်းမြို့ပြင် စည် လည်စေပြီးလျှင် တိုက်တာကျီကျ အလုံးစုံတို့ကို ဖွင့်လှစ်လျက် ဥစ္စာ ရွှေငွေ ပစ္စည်းအရပ်ရပ်တို့ကို စွန့်ကြဲပေးလှူလေ၏။

လူအပေါင်းတို့လည်း အားရွှင်ကြည်စွာ သောင်းသောင်းဖြဖြ လာရောက်ကြ၍ အလိုရှိသမျှ ယူဆောင်သွားကြလေ၏။

တစ်ယောက်သော ရွာသားသည်ကား အလိုရှိသော ရွှေငွေ ပစ္စည်းတို့ကိုယူ၍ ဣလ္လိသ၏ လှည်းနွားတို့တွင် တင်ပြီးလျှင် မိမိ အရပ်သို့ ဣလ္လိသ အရက်သောက်နေသောချုံအနီး လမ်းမဖြင့် မောင်း နှင်၍လာလေ၏။ ထိုသို့မောင်းနှင်လာစဉ် အလွန်ဝမ်းမြောက်သည် ဖြစ်၍ ဣလ္လိသသူဌေးကြီး သက်တော်ရာကျော်ရှည်ပါစေ၊ သူဌေး ကြီးပေးလှူသဖြင့် မြင်ရုံထား၍ ကြားမျှမကြားဖူးသော ပစ္စည်းဥစ္စာ တို့ကို ရပါပေသည်။ သူဌေးကြီး ကျန်းမာချမ်းသာပါစေသော်ဟု ဆုတောင်းဆုယူ ဟစ်အော်လျက် လာလေ၏။

ချုံထဲ၌ အရက်သောက်စားနေသော ဣလ္လိသအစစ်ကြား သော် တုန်လှုပ်လျက် ထွက်၍ကြည့်လေလျှင် မိမိ၏လှည်းနွားပစ္စည်း တို့ကိုမြင်လေရာ ဟယ်- ကျွန်ယုတ်၊ ငါ့လှည်း ငါ့နွားတို့ကို အသို့ ဆောင်လာသနည်းဟုဆို၍ နဖားကြိုး၌ ကိုင်ဆွဲလေ၏။

ရှာသားလည်း လှည်းမှဆင်း၍ ဟယ်– ကျွန်ယုတ်၊ နင် အသူ နည်း။ ဇ္ဇာလ္လိသသူဌေးကြီးသည် လူအပေါင်းတို့အား အလှူတော် ကြီး ပေးနေသည်ကို နင်မသိသလော။ နင်သည် မဆိုင်ဘဲနှင့် ကိုင်ရာ သည်လောဟုဆို၍ လည်ကိုကိုင်ညှစ် တွန်းထိုး မြေ၌လဲစေပြီးမှ လှည်းကို မောင်းနှင်သွားလေ၏။

ဇ္ဇာလ္လိသလည်း ပြင်းစွာတုန်လှုပ်ခြောက်ခြားလျက် တစ်ဖန် လိုက်၍ လှည်းကိုဆွဲပြန်၏။ ရှာသားလည်း ဆံပင်ကိုဆွဲ နာကျင်စွာ ထောင်းခဲ့ပြီးမှ လှည်းကို နှင်သွားလေ၏။

ဇ္ဇာလ္လိသလည်း ခံရသည့်ဝေဒနာကြောင့် အရက်မူးပျောက် လျက် ပြင်းစွာသော ပူပန်ခြင်းဖြင့် မိမိ၏အိမ်သို့ ပြေးသွားပြီးလျှင် ပစ္စည်းဥစ္စာတို့ကို ယူငင်၍ ထွက်လာကြသောသူတို့အား အချင်းတို့– အသို့နည်း။ မင်းကြီးသည် ငါ၏ဥစ္စာတို့ကို လုယက်စေသလောဟု ဆိုကာ ကိုင်၍ကိုင်၍ မေး၏။ အကိုင်ခံရသောသူတိုင်းလည်း တစ်စုံ တစ်ရာကို မဆိုမူ၍ တွန်းထိုးကျောက်ကန်လျက် မြေ၌သာလျှင် လဲစေ ၏။

ထိုအခါ ဇ္ဇာလ္လိသလည်း ဝေဒနာပြင်းစွာရောက်လျက် အိမ် တွင်းသို့ဝင်ရန်သွားလေလျှင် တံခါးစောင့်သည်လည်း ဟယ်– သူယုတ် သူပျက် နင်အဘယ်သို့ ဝင်မည်နည်းဟုဆို၍ ဝါးခြမ်းစိတ်ဖြင့် ကျော ကို နာကျင်စွာ ရိုက်နှက်ထုတ်လေ၏။

ဇ္ဇာလ္လိသလည်း ယခုအခါ ငါ့၌ မင်းကြီးကိုထား၍ ကိုးကွယ် ရာသည် မရှိပြီဟု မင်းကြီးထံသို့ ပြေးသွားငိုယိုလျက် အရှင်မင်း ကြီး အကျွန်ုပ်ပျက်စီးခဲ့ပြီ၊ အကျွန်ုပ်ပျက်စီးခဲ့ပြီ၊ အရှင်မင်းကြီးသည် အကျွန်ုပ်၏ ပစ္စည်းတို့ကို လုယက်စေပါသလောဟု မေးလျှောက်လေ ၏။

မင်းကြီးကလည်း ဏ္ဍလ္လိသ– အသို့နည်း၊ ငါ မလုယက်စေ၊ သင်သည်ပင် ကိုယ်တိုင်လာ၍ ဥစ္စာပစ္စည်းတို့ သိမ်းယူတော်မူပါ။ သို့မဟုတ်လျှင် အလှူပေးပါအံ့ဟု မြို့၌ စည်လည်၍ အလှူပေးသည် မဟုတ်လော၊ အသင်ရှူးတော့သလောဟု မိန့်တော်မူ၏။

အရှင်မင်းကြီး– အရှင်မင်းကြီးထံသို့ အကျွန်ုပ် မလာရပါ။ အကျွန်ုပ်၏ ဝန်တိုစေးနှဲသောအဖြစ်ကို သိတော်မူသည် မဟုတ်ပါလော။ အရှင်မင်းကြီး တစ်စုံတစ်ရာ မှားယွင်းခြင်း ရှိပါလိမ့်မည်။ ယခု အလှူပေးနေသူကို ခေါ်၍ စုံစမ်းတော်မူပါဟု လျှောက်လေ၏။

မင်းကြီးခေါ်၍ ရောက်လျှင် ဏ္ဍလ္လိသနှစ်ယောက်တို့မှာ အလွန် တူသည်ဖြစ်၍ အစစ်၊ အတု မည်သူမျှ မခွဲခြားနိုင်။ အံ့သြ၍နေကြရကုန်၏။

ဏ္ဍလ္လိသအစစ်သည် အံ့သြလျက် မိမိမယားကို သက်သေတည်လေ၏။ မယားလည်း သိကြား၏တန်ခိုးကြောင့် သိကြားဏ္ဍလ္လိသကို အစစ်ဟုပြလေ၏။ သားမြေးကျေးကျွန်တို့လည်း သိကြားဏ္ဍလ္လိသကိုသာ ပြကြလေ၏။

ထိုအခါ ဏ္ဍလ္လိသအစစ်သည် ငါ၏ဦးခေါင်း၌ ဆံတို့ဖြင့် ဖုံးလွှမ်းအပ်သော မှဲ့တစ်ခုကို ငါ၏ဆတ္တာသည်တစ်ယောက်သာ သိ၏ဟု ဆတ္တာသည်ကို သက်သေတည်ပြန်၏။

ထိုခဏ၌ သိကြားဏ္ဍလ္လိသလည်း အလုံးစုံကိုသိသည်နှင့် မိမိ ဦးခေါင်း၌ မှဲ့ဖန်ဆင်း၍ထားနှင့်သည်ဖြစ်၍ ဆတ္တာသည်လည်း မဆုံးဖြတ်နိုင်ကြောင်း လျှောက်လေ၏။

ထိုအခါ ဏ္ဍလ္လိသအစစ်မှာ အကြံကုန်ပြီဖြစ်၍ ပြင်းစွာပူဆွေး စိုးရိမ်ခြင်းဖြစ်လျက် သတိကိုဆောင်ခြင်းငှာ မတတ်နိုင်ရကား ထိုအရပ်၌သာလျှင် လဲလေ၏။

ထိုအခါမှ သိကြားမင်းသည် မိမိကိုယ်ကိုပြလျက် အလုံးစုံ ပြန်ကြား ဣလ္လိသအစစ်အားလည်း ရေစင်ဖြန်းခြင်းဖြင့် သတိရစေပြီးမှ။

ဣလ္လိသ ငါသည် သင်၏အဖတည်း။ ဥစ္စာတို့သည် ငါ၏ ဥစ္စာတို့တည်း။ ငါတို့ အမျိုးအစဉ်မပျက် အလှူအတန်းပေးကမ်းစွန့်ကြဲပါလျက် သင်သည် အမျိုးအနွယ်ကိုဖျက်၍ အလှူတင်းကုပ်တို့ကို ဖျက်ဆီးပြီးလျှင် မပေးကမ်းရက်၊ မစားသောက်ရက် ပြုဘိ၏။ ငါ၏ အလှူတင်းကုပ်ကို ပြန်ဆောက်ပြီးလျှင် အလှူကိုပြုလော။ အကယ်၍ မပြုလျှင် အလုံးစုံသောဥစ္စာတို့ကို ကွယ်စေ၍ သင်၏ဦးခေါင်းကို ဝရဇိန်လက်နက်ဖြင့် ခွဲအံ့ဟုဆုံးမ၍ နတ်ပြည်သို့ ပြန်လေ၏။

ဣလ္လိသလည်း ကြောက်လန့် သံဝေဂရလျက် လှူဒါန်းပေးကမ်းခြင်းပြု၍ စုတေသော် ကောင်းရာသို့ ရောက်လေသတည်း။

ဇာတ်ပေါင်းသော်–

ဣလ္လိသသည် မစ္ဆရိယသူဌေး ဖြစ်လာ၏။

သိကြားသည် ရှင်မောဂ္ဂလာန် ဖြစ်လာ၏။

မင်းသည် ရှင်အာနန္ဒာ ဖြစ်လာ၏။

ဆတ္တာသည်သည် ဘုရား ဖြစ်လာ၏။

❒

## ကေနိပါတ်။

## ၅၀။ ဘီမသေနဇာတ် ၈၀
(ဘီမ = ကြောက်မက်ဖွယ်သောအာရုံ။ သေန = စစ်သည်)

## ဘီမသေနအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းတစ်ပါးသည် ငါတို့လူဖြစ်စဉ်က အမျိုးအနွယ်အားဖြင့် မြတ်ကုန်၏။ ဥစ္စာပစ္စည်း ခြွေရံသင်းပင်းပေါ၏။ အဝတ်အထည်ကောင်းကို ဝတ်ရ၏။ ယခု ရဟန်းဖြစ်မှသော်ကား အခြွေအရံ အစားအသောက် ချို့တဲ့၍ ကြမ်းတမ်းသော အဝတ်တို့ကိုသာ ဝတ်ရ၏ စသည်ဖြင့် ရွှတ်ချသောစကားကို ဆိုလေ့ရှိသည်ကို အစွဲပြု၍ အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီမင်းတစ်ပါးလက်ထက်၌ လုလင်ပျိုတစ်ယောက်သည် တက္ကသိုလ်ပြည်တွင် ၁၈ ပါးသောအတတ်တို့ကို သင်ကြားတတ်မြောက်ပြီးလျှင် မဟိံသကတိုင်းသို့ သွားလေ၏။

ထိုလုလင်မှာ လေးအတတ်ကို အထူးတတ်သည်ဖြစ်၍ စူဠဓနုဂ္ဂဟဟုအမည်တွင်၏။ ၎င်း၏ကိုယ်မှာ ပုလည်းပု၏။ ကုန်းလည်းကုန်း၏။ သို့ကြောင့် တစ်စုံတစ်ယောက်သော မင်းထံ၌ ခစားသော် ညံ့သောရုပ်ကိုမြင်လျှင် အစွမ်းကို အထင်အမြင်သေးမည်စိုး၍ အလုံးအရပ် အဆင်းနှင့်ပြည့်စုံသော ဘီမသေနမည်သည့် ယက်ကန်းသည် တစ်ယောက်နှင့် တိုင်ပင်ပြီးလျှင် ဘီမသေနက လေးသမားအသွင် စူဠဓနုဂ္ဂဟက ဘီမသေန၏ အလုပ်အကျွေးငယ်အသွင် တစ်လလျှင် လစာနှစ်ထောင်နှင့် မင်းကြီးထံ၌ ခစားကြလေ၏။

ထိုအခါမှစ၍ ဘီမသေနပြုရမည့်ကိစ္စတို့ကို စူဠဓနုဂ္ဂဟကသာ အခြားသူတို့မသိအောင် ဆောင်ရွက်ပေးရ၏။

တစ်ရံခါသော် တစ်ခုသောတောသို့ ကျားထ၍ လမ်းသွားလမ်းလာတို့ကို ဖမ်းစားကြောင်း မင်းကြီးအားလျှောက်ကြလေသော် မင်းကြီးသည် ဘီမသေနအား ကျားကိုဖမ်းဆီးရန် စေလွှတ်လေ၏။

ထိုအခါ ဗူဋ္ဌမနေဂ္ဂဟာက ဘီမသေနအား ကျားဖမ်းရန် သင်သာသွားလေ ငါမလိုက်တော့အံ့။ သို့ရာတွင် မည်သို့ပြုရန် ငါသင်ကြားလိုက်အံ့ဆို၍ အောက်ပါတိုင်း သင်ကြားလိုက်၏။

သင်သည် ကျားရှိရာသို့ ရွာသားလေးသမားများစွာနှင့် သွား၍ ကျားကိုမြင်လျှင် သင်သည် ချုံတစ်ခုတွင် အမှတ်မဲ့ ပုန်းဝပ်၍နေလော့။ ရွာသားတို့ ကျားကို ဖမ်းဆီးသတ်ဖြတ်ပြီး ရှိသောအခါမှ နွယ်တစ်ခုကို ကိုင်၍ ထွက်လာပြီးလျှင် အချင်းတို့ အဘယ်သူသည် ဤကျားကို သတ်ပစ်လေသနည်း၊ ငါသည် နွယ်ဖြင့် အရှင်ဖမ်း၍ မင်းကြီးအား ဆက်ရန် နွယ်ကိုယူနေစဉ် အဘယ်သူသည် ငါ့အား မတိုင်ကြားဘဲ ကျားကို သတ်လေသနည်းဟု ခြိမ်းခြောက်လော့။ ထိုအခါ ရွာသားတို့ ကြောက်လန့်၍ အရှင်– မင်းအား မကြားပါလင့်။ သင်သည်သာလျှင် ကျားကိုသတ်သောသူ ဖြစ်ပါသည်ဟု လျှောက်၍ ဆုလာဘ်တို့ကို သိမ်းယူပါတော့ဟုတောင်းပန်ကြလိမ့်မည်။ ထိုအခါ သင်သည် နာမည်ကောင်းရ၍ ဆုလာဘ်များစွာ ရလတ္တံ့ဟု သင်ကြာပေးလိုက်၏။

ဘီမသေနလည်း သင်ပေးသည့်အတိုင်း ပြုလုပ်၍ ကျားသေနှင့်တကွ မင်းကြီးရှေ့သို့ရောက်သော် မင်းကြီး အလွန်နှစ်သက်၍ ဆုလာဘ်များစွာ ပေးလေ၏။ ထို့နောက် ကျွဲဆိုးတစ်ကောင် သောင်းကျန်းနေသည်ကိုလည်း ယခင်နည်းအတိုင်း ဖမ်းဆီးဆက်သ ဆုလာဘ်များစွာ ရပြန်လေ၏။

ဘီမသေနသည် ထိုသို့သော စည်းစိမ်ဥစ္စာများစွာရလေသော် စည်းစိမ်ဖြင့် ယစ်သည်ဖြစ်၍ ဗူဋ္ဌမနေဂ္ဂဟာအား မထီမဲ့မြင်ပြုကာ ငါသည် သင့်ကိုမှီ၍ အသက်မမွေး၊ သင်သာလျှင် ယောကျ်ားလော၊ ငါလည်း

ယောကျ်ားမဟုတ်တုံလောဟု ကဲ့ရဲ့ကြမ်းကြုတ်သော စကားတို့ကို ဆိုစပြုလာလေ၏။

များမကြာမီပင် ပြည်နီးချင်းမင်းတစ်ပါးသည် ဗာရာဏသီပြည်ကို စစ်ပြုရန် ဝန်းရံလာသော် မင်းကြီးသည် ဘီမသေနအား ဖြိုဖျက်ရန် စေလွှတ်လိုက်၏။

ဘီမသေနသည် စစ်ဝတ်တန်ဆာဆင်၍ မင်းအသွင်ကိုယူပြီးလျှင် ဆင်စီးလျက်ထွက်၏။ စူဠဓနုဂ္ဂဟသည်ကား ဘီမသေနကို ကာကွယ်စောင့်ရှောက်ရန်ဟု ဆင်နောက်ထိုင်အဖြစ်ဖြင့် လိုက်လေ၏။

စစ်မြေပြင်သို့ရောက်၍ စစ်ကိုမြင်သော် ဘီမသေနသည် ကြောက်လန့်တုန်လှုပ်လျက် ကျင်ကြီးကျင်ငယ် ပါလေ၏။

ထိုအခါ စူဠဓနုဂ္ဂဟသည် အချင်းဘီမသေန– ရှေးက အသင်ကြိမ်းဝါးသောစကားနှင့် ယခုဖြစ်သော အမူအရာသည် မညီညွတ်ပါလေတကားဟု ကဲ့ရဲ့ပြီးမှ အသင်မကြောက်လင့်၊ သင့်အား ငါကယ်ဆယ်အံ့ဟု ဆိုပြီးလျှင် ဆင်ထက်မှချ၍ အိမ်တွင်ထားခဲ့၏။

စူဠဓနုဂ္ဂဟသည်ကား ယနေ့ ငါသည် ထင်ရှားခြင်းအဖြစ်သို့ ရောက်လတ္တံ့ဟုဆို၍ သူ၏စစ်တွင်းသို့ဝင်ရောက် ရန်သူမင်းကိုဖမ်းဆီး မင်းကြီးအား ဆက်သလေ၏။ အရင်းကစ၍ မိမိဆောင်ရွက်ခဲ့သမျှတို့ကို အလုံးစုံ ပြန်ကြားလျှောက်ထားလေသော် မင်းကြီး များစွာနှစ်သက်ဝမ်းမြောက်လျက် ကြီးစွာသောစည်းစိမ်ကိုပေးလေ၏။ ထိုအခါမှစ၍ စူဠဓနုဂ္ဂဟပဏ္ဍိတဟူသောအမည်ဖြင့် ဇမ္ဗူဒိပ်ကျွန်းအပြင်၌ ထင်ရှားလေသတည်း။

**မိမိ၏ဂုဏ်အစွမ်းကို အခွင့်အခါကြုံမှသာလျှင် ပြရာ၏။**

ဇာတ်ပေါင်းသော်–

ဘီမသေနသည် ကဲ့ရဲ့တတ်သောရဟန်း ဖြစ်လာ၏။

စူဠဓနုဂ္ဂဟပဏ္ဍိတသည် ဘုရား ဖြစ်လာ၏။

❐

## ကေနိပါတ်။

## ၅၁။ သုရာပါနဇာတ် ၈၁
## (သုရာ = သေရက်။ ပါန = သောက်ခြင်း။)

## သေရည်သေရက်၏ အပြစ်အကြောင်း

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဝါဆိုတော်မူပြီး၍ ကောသမ္ဗီပြည် ဃောသိတာရုံကျောင်းသို့ ကြွတော်မူရာ လမ်းခရီးအကြား ဘဒ္ဒဝတီအမည်ရှိသော နိဂုံးသို့ရောက်သည်ရှိသော် နွားကျောင်းသား၊ လယ်ထွန်သား၊ ခရီးသွား စသောသူတို့သည် မြတ်စွာဘုရားကိုမြင်လျှင် အရှင်ဘုရား... အမ္ဗတိတ္ထသို့ ကြွတော်မမူပါလင့်။ (အမ္ဗ = သရက်ပင်။ တိတ္ထ = ရေဆိပ်။ ။ သရက်ပင်ဆိပ်။) ထိုအရပ်ရှိ အမ္ဗတိတ္ထ ရသေ့ကျောင်း၌ အလွန်ကြမ်းကြုတ်ခက်ထန် အဆိပ်သန်သော နဂါးသည် နေပါသည်။ ထိုနဂါးသည် အရှင်ဘုရားကို ညှဉ်းဆဲပါလိမ့်မည်။ ကြွတော်မမူပါလင့်ဟု သုံးကြိမ်တိုင်အောင် လျှောက်ထားတားမြစ်ကြ၏။

မြတ်စွာဘုရားသည်ကား ထိုသို့တားမြစ်ကြသည်ကို လျစ်လျူရှုတော်မူလျက် အလုပ်အကျွေးဖြစ်သော ပုထုဇဉ်တို့၏ တန်ခိုးနှင့် ပြည့်စုံသော ရှင်သာဂတမထေရ်အား ထိုနဂါးကို ဆုံးမစိမ့်သောငှာ ခွင့်ပြုတော်မူ၏။

ရှင်သာဂတလည်း ထိုရသေ့ကျောင်း နဂါး၏နေရာ၌ မြက်အခင်းကို ခင်း၍ ထက်ဝယ်ဖွဲ့လျက် နေလင့်၏။ နဂါးသည် အမျက်ထွက်၍ အခိုးလွှတ်၏။ မထေရ်လည်း အခိုးလွှတ်၏။ နဂါးသည် အလျှံကို လွှတ်ပြန်၏။ မထေရ်လည်း အလျှံကိုလွှတ်ပြန်၏။

နဂါး၏တန်ခိုးသည် မထေရ်ကိုမနှိပ်စက်နိုင်။ မထေရ်၏ တန်ခိုးသာလျှင် နဂါးကိုနှိပ်စက်၏။ ဤသို့လျှင် တစ်ခဏချင်းဖြင့် နဂါးကို ဆုံးမ၍ သရဏဂုံသီလ၌ တည်စေ၏။

ထို့နောက် မြတ်စွာဘုရားသည် ကောသမ္ဗီပြည်သို့ ဆက်လက်ကြွတော်မူ၏။ ရှင်သာဂတမထေရ်သည် ကြမ်းတမ်းသော နဂါးကို ဆုံးမပြီးကြောင်း သတင်းပျံ့နှံ့လျက်ရှိသည်နှင့် ကောသမ္ဗီပြည်သူပြည်သားတို့သည် မြတ်စွာဘုရားအား ခရီးဦးကြိုဆိုကာ ရှင်သာဂတထံသို့ကပ်၍ အရှင်ဘုရားတို့ အလိုရှိသည်ကို အကျွန်ုပ်တို့ လှူပါအံ့။ ရခဲသောဝတ္ထုကို ဆိုပါကုန်လော။ အကျွန်ုပ်တို့ စီရင်ပါအံ့ဟု လျှောက်လေ၏။

ရှင်သာဂတကိုယ်တော်သော်ကား ဆိတ်ဆိတ်နေ၏။ ဆဗ္ဗဂ္ဂီရဟန်းတို့သည်ကား ဒါယကာတို့ ငါတို့အား အခြားသောဝတ္ထုသည် ရလွယ်၏။ ခိုခြေအဆင်းနှင့်တူသော အလွန်ပြင်းသောသေရည်ကိုကား ရခဲ၏။ ငါတို့လည်း နှစ်သက်၏။ ရှင်သာဂတကို ကြည်ညိုလျှင် ထိုသေရည်မျိုးကိုသာ စီရင်ကြကုန်လောဟု ဆိုကြလေ၏။ (ထိုအခါက ရဟန်းတို့ သေရည်သေရက် မသောက်ရန် ဝိနည်းသိက္ခာပုဒ်သက်သက်ဖြင့် ပညတ်တော်မမူသေးချေ။)

လူတို့လည်း ဆိုသည့်အတိုင်း သေရည်ကို စီရင်ပြီးလျှင် မိမိတို့အိမ်၌ ကပ်လှူ၍ သောက်လေသော် မူးယစ်လာသည်နှင့် မြို့မှထွက်လာရာ တံခါးကြား၌လဲ၍ ယောင်ယမ်းလျက် အိပ်လေ၏။

ရဟန်းတို့လည်း ရှင်သာဂတကို ချီဆောင်ယူခဲ့၍ မြတ်စွာဘုရား၏ ခြေတော်ရင်း၌ထား၏။ မကြာမီပင် ရှင်သာဂတသည် လည်၍ ခြေတို့သည် မြတ်စွာဘုရားဘက်သို့ ရောက်နေလေ၏။

ထိုအခါမှ မြတ်စွာဘုရားက ချစ်သားတို့– ငါ၏သားတော် သာဂတမထေရ်သည် ငါဘုရားအား အလွန်ကြည်ညို၏။ ယခု ရှိသေပါ၏လော။

ရှိသေခြင်း မရှိတော့ပါဘုရား။

မည်သူသည် ငါ့သားတော်၏ ရှိသေခြင်းကို ဖျက်သနည်း။

သေအရက်ဖျက်ပါသည်။

အလွန်ကြမ်းတမ်းခက်ထန် အဆိပ်သန်သော အမ္ဗတိတ္ထနဂါးကို မည်သူဆုံးမသနည်း။

ရှင်သာဂတမထေရ် ဆုံးမပါသည်။

ယခုအခါ သာဂတမထေရ်သည် ရေမြွေကိုမျှသော်လည်း ဆုံးမနိုင်အံ့လော။

ဆုံးမနိုင်မည်မဟုတ်တော့ပါဘုရား။

ငါ့သား၏ လောကီစျာန်တန်ခိုးကို မည်သူဖျက်သနည်း။

သေအရက် ဖျက်ပါသည်။

ကောင်းပြီ၊ ချစ်သားတို့ အရှက်အကြောက် အရှိအသေ ဘုန်းတန်ခိုးတို့ကို ဖျက်ဆီးတတ်သော သေရည်ကို သောက်စားခြင်းငှာ သင့်ပါအံ့လော။

မသင့်လျော်ပါဘုရား။

ထိုအခါမှ မြတ်စွာဘုရားသည် ချစ်သားတို့– ဤမျှဆိုးယုတ်သော သေရည်သေရက်ကို မသောက်စားကြလေနှင့်။ သောက်စားလျှင် ပါစိတ်အာပတ်သင့်စေဟု သိက္ခာပုဒ်ပညတ်တော်မူလေ၏။

ဤသို့ ရှင်သာဂတမထေရ်သည် သေရည်သေရက်ကို သောက်သဖြင့် သညာကင်းသည့်အကြောင်းကို ရဟန်းတို့ဘောင်၌ စကားဖြစ်ကြရာ ယခုသာမဟုတ် ရှေးကလည်း ရဟန်းတို့ သညာကင်းဖူးသည်သာတည်းဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ရသေ့ကြီးတစ်ပါးသည် ရသေ့အခြွေအရံငါးရာနှင့် ဟိမဝန္တာ၌နေ၏။ တစ်ခါသော် တပည့်ငါးရာတို့သည် ချဉ်ဆားမှီဝဲရန်ဟု ရသေ့ကြီးထံမှ ခွင့်တောင်း၍ လူတို့ပြည်သို့ လာခဲ့ရာ ဗာရာဏသီသို့ရောက်ရှိ၊ ဗာရာဏသီမင်းက ကြည်ညိုသဖြင့် နန်းတော်တွင် ဆွမ်းစားလျက် မင်း၏ဥယျာဉ်တွင် နေကြကုန်၏။

တစ်နေ့သော် မြို့၌ သုရာသောက်သော သဘင်နေ့ဖြစ်သည်နှင့် မင်းသည် ရဟန်းတို့အား သုရာကို ရခဲ၏ဟု များစွာသော သုရာတို့ကို လှူစေ၏။

ရသေ့တို့သောက်၍ မူးယစ်ကြလျှင် အချို့ က ၏။ အချို့ သီ၏။ အချို့ ဟစ်အော်သောင်းကျန်းကြ၏။ အချို့ အစာအာဟာရတို့ကို ဖိ၍အိပ်၏။ အယစ်ပြေ၍နိုးကြသော် မိမိတို့ဖောက်ပြန်ခဲ့သည်ကို မြင်မှ ငါတို့သည် ရသေ့ရဟန်းတို့နှင့် မလျော်သောအမှုကို ပြုကျင့်မိကြပြီ။ ဆရာနှင့်ကင်း၍ ဤသို့ဖြစ်ရလေသည်ဟု ဟစ်အော်ငိုကြွေးလျက် ဟိမဝန္တာဆရာထံသို့ ပြန်ကြလေ၏။

ရောက်သော် ဆရာကြီးက ချစ်သားတို့ အသို့နည်း။ လူ့ပြည်၌ ဆွမ်းပန်းရလွယ်ပါ၏လော။ ညီညွတ်ချမ်းသာစွာ နေကြရကုန်ပါ၏လောဟု မေးလေ၏။

တပည့်တို့ကလည်း ချမ်းသာစွာကားနေကြရပါ၏။ သို့ရာတွင် သေရည်သေရက်ကို သောက်စားမူးယစ်ကြသဖြင့် က လည်း ကမိပြီ၊ သီလည်း သီမိခဲ့ပြီ။ သတိတရား လွတ်ကင်းကြလျက် ဒိဋ္ဌမျက်မှောက် မျောက် မဖြစ်ကြသည်ကိုပင် ကျေးဇူးတင်ရပါသည်ဟု ဝမ်းနည်းစွာဖြင့် လျှောက်ကြလေ၏။ ရသေ့ကြီးလည်း နောက်နောင် ဆင်ခြင်သိမ်းဆည်းရန် ဆုံးမတော်မူလေသတည်း။

**ဘေးဖျက် ဝါးမျက်။**

**ရှင်ဖျက် ဓဇက်။**

**လူဖျက် အရက်။**

ဇာတ်ပေါင်းသော်–

ရသေ့အပေါင်းသည် ဘုရား၏ပရိသတ် ဖြစ်လာ၏။

ရသေ့ကြီးသည် ဘုရား ဖြစ်လာ၏။

❑

## ကေနိပါတ်။

## ၅၂။ ကာဠကဏ္ဏိဇာတ် ၈၄
(ကာဠကဏ္ဏိ = ကျက်သရေမရှိသောသူ။ သူယုတ်။)

## အဆွေခင်ပွန်းကောင်းအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် အနာထပိဏ်သူဌေးသည် မိမိနှင့် ကစားဖက်၊ ပညာသင်ဖက်ဖြစ်သော သူဆင်းရဲတစ်ယောက်အား ကယ်မသောအားဖြင့် မိမိ၏ဥစ္စာစောင့်အရာကို ပေးထား၏။

ထိုသူ၏အမည်မှာ ကာဠကဏ္ဏိဖြစ်၍ ကျက်သရေမရှိ နိမိတ်မကောင်းသော သူယုတ်ဟု အဓိပ္ပာယ်ရှိ၏။ သူဌေးကြီးသည် ကာဠကဏ္ဏိ ထိုင်လော။ ကာဠကဏ္ဏိ ရပ်လော။ ကာဠကဏ္ဏိ စားလော။ စသည်ဖြင့် အမည်ကိုခေါ်၍ ပြောလေ့ရှိ၏။

ထိုအခါ သူဌေးကြီး၏အဆွေအမျိုးတို့သည် ထိုကျက်သရေမရှိသော အမည်ကို စက်ဆုပ်ကြသည်နှင့် အိမ်၌မထားရန် တိုက်တွန်းကြ၏။

သူဌေးကြီးသည်ကား အမည်သည် လိုရင်းမဟုတ်။ စိတ်ထားကောင်းခြင်း၊ ပြုဖွယ်ဝတ္တရားတို့ကို ကျေပွန်စွာပြုခြင်းတို့သာ ပဓာနတည်း။ ငါ၏ကစားဖက် အဆွေခင်ပွန်းကို မစွန့်နိုင်ဟုဆို၍ ဆွေမျိုးတို့၏စကားကို မယူဘဲနေလေ၏။

တစ်နေ့သော် သူဌေးကြီးသည် ကာဠကဏ္ဏိအား အိမ်စောင့်ထား၍ အရပ်တစ်ပါးသို့သွားစဉ် ညဉ့်အခါ ခိုးသူတို့သည် ဘိုက်ခိုက်ရန်လာကြသည်ကို ကာဠကဏ္ဏိသည် မအိပ်ဘဲ သတိနှင့်စောင့်နေ

သည် ဖြစ်၍ သိလေရကား လူတို့နိုးစေရန် ခရုသင်းမှုတ်ခြင်း၊ စည်တီးခြင်း စသည်ဖြင့် တစ်အိမ်လုံးဆူညံအောင် ပြုလေသည်။

ခိုးသူတို့လည်း ငါတို့သည် သူဌေးကြီးမရှိထင်၍ လာကြ၏။ ယခု ရှိယောင်တကားဟု လက်နက်တို့ကိုချ၍ ပြေးကြလေ၏။ နောက်တစ်နေ့တွင် သူဌေးကြီးပြန်လာသောအခါ ဆွေမျိုးတို့က ကာဠကဏ္ဏိသည် နာမည်ဆိုးသော်လည်း အဆွေခင်ပွန်းစစ်ဖြစ်ကြောင်း၊ အိမ်ကို သတိဝီရိယနှင့် စောင့်ရှောက်ကြောင်းတို့ကို ဆီး၍ပြောကြ၏။

သူဌေးကြီးလည်း ယခင် သင်တို့ဆိုသောစကားကို နာယူမိအံ့။ ငါ၏ဥစ္စာပျက်စီးရာ၏ဟုဆိုပြီးလျှင် ကာဠကဏ္ဏိအား ထပ်၍ချီးမြှောက်ပြန်၏။

ထို့နောက် သူဌေးကြီးသည် ကျောင်းတော်သို့သွားရောက်၍ ထိုအကြောင်းကိုလျှောက်ရာ မြတ်စွာဘုရားသည် ယခုသာမဟုတ် ရှေးကလည်း စောင့်ရှောက်ဖူးလေပြီဟု အောက်ပါအတိတ်ဇာတ်ကို ဟောတော်မူသည်။

အတိတ်ဇာတ်မှာ အထက်ပါဝတ္ထုသွားအတိုင်း ထပ်တူဖြစ်၏။ သူဌေးကြီးက ဆွေမျိုးတို့အား ပြန်ကြားသောအခန်း၌ပါသော လိုရင်းအချက်တရားကိုယ်ကား အောက်ပါအတိုင်းဖြစ်၏။

(က) အကြင်သူတစ်ယောက်နှင့် ခြေခုနစ်လှမ်းမျှ အတူသွားဖူးအံ့။ ထိုသူကို (မိတ္တ)မည်သော၊ မိတ်ဆွေခင်ပွန်းဟု မှတ်အပ်၏။

(ခ) တစ်ဆယ့်နှစ်ဖဝါး လှမ်း၍သွားဖူးမှုကား (သဟာယ) မည်သော အပေါင်းအဖော်မည်၏။

(ဂ) လခွဲ၊ တစ်လ အတူနေဖူးမှုကား (ဉာတိ)ဟူသော အဆွေအမျိုးဟု မှတ်အပ်၏။

(ဃ) ထို့ထက်လွန်၍နေဖူးမှုကား ကိုယ်နှင့်ထပ်တူဟု မှတ်ရာ၏။

သို့ဖြစ်၍ ရှည်မြင့်စွာ ပေါင်းသင်းဖူးသော ကာဠုကဏ္ဏိအား မစွန့်ပစ်ထိုက်ကြောင်း သူဌေးကြီးက ဆွေမျိုးတို့အား ပြန်ကြားပြောဟောလေသည်။

ဇာတ်ပေါင်းသော်–
ကာဠုကဏ္ဏိသည် ရှင်အာနန္ဒာ ဖြစ်လာ၏။
သူဌေးကြီးသည် ဘုရား ဖြစ်လာ၏။

❐

## ဧကနိပါတ်။

### ၅၃။ သီလဝိမံသဇာတ် ၈၆
### (သီလ = အကျင့်သီလ။ ဝိမံသ = စုံစမ်းခြင်း။)

## အကျင့်သီလသည် မြင့်မြတ်ခြင်းအကြောင်း

ကောသလမင်းကြီး၌ အကျင့်သီလ ပညာနှင့်ပြည့်စုံသော ပုရောဟိတ်ပုဏ္ဏားတစ်ယောက်ရှိရာ မင်းကြီးသည် အထူးနှစ်သက် မြတ်နိုးချီးမြှောက်ထား၏။

တစ်ခါသော် ပုဏ္ဏားကြီးသည်ကား မင်းကြီးသည် ငါ့အား သူတစ်ပါးတို့ထက် ပိုမိုထူးကဲမြတ်နိုးသည်မှာ ငါ၏အမျိုး အတတ်ပညာကြောင့် ဖြစ်လေသလော။ သို့မဟုတ် ငါ၏ အကျင့်သီလပြည့်စုံခြင်းကြောင့် ဖြစ်လေသလော။ ငါစုံစမ်းအံ့ဟု ကြံ၍။

တစ်နေ့၌ မင်းခစားရာမှ အပြန်တွင် ရွှေပန်းထိမ်သည်၏ပျဉ်မှ မပန်ကြားဘဲ အသပြာတို့ကို ယူသွားလေ၏။ ပန်းထိမ်သည်လည်း ပုဏ္ဏားကို ရိုသေသောအားဖြင့် တစ်စုံတစ်ရာ မဆိုဘဲနေ၏။ နောက်တစ်နေ့ နှစ်သပြာယူ၏။ ရွှေပန်းထိမ်သည်လည်း သည်းခံ၏။ သုံးရက်မြောက်သောနေ့၌ တစ်ဆုပ်သောအသပြာကိုယူ၏။ ထိုအခါ၌ကား ပန်းထိမ်သည်သည် သည်းမခံတော့ဘဲ မင်း၏ဥစ္စာကိုခိုးသောသူကို ဖမ်းလေဟု ဟစ်အော် ဖမ်းဆီးပုတ်ခတ်ကြပြီးလျှင် မင်းထံသို့ပို့လေ၏။

မင်းလည်း နှလုံးမသာဘဲ ခိုးသူအမှန်ဖြစ်သော် မင်းဒဏ်သင့်စေဟု မိန့်တော်မူ၏။

ထိုအခါမှ ပုဏ္ဏားသည် အရှင်မင်းကြီး– အကျွန်ုပ် သူခိုးမဟုတ်ပါ။ စုံစမ်းခြင်းမျှသာ ဖြစ်ပါသည်ဟု မိမိကြံရွယ်ခြင်းကို အလုံးစုံလျှောက်ပေ၏။ ပြီးမှ အရှင်မင်းကြီး– အရှင်မင်းကြီးသည် အကျွန်ုပ်အား မြတ်နိုးသည်မှာ သီလနှင့် စင်စစ်ဖြစ်၏။ သီလ၏အကျိုးမြင့်မြတ်ပုံကို ယခု ထင်ရှားစွာ သိရပါသည်။ အကျွန်ုပ်သည် သီလကို တိုးတက်စောင့်ထိန်းလိုသည်ဖြစ်၍ ရဟန်းပြုခွင့်ပေးတော်မူပါဟု အခွင့်တောင်းလေ၏။

မင်းကြီးလည်း ဝမ်းမြောက်စွာ အခွင့်ပေးလျှင် မြတ်စွာဘုရားရှိရာ ဇေတဝန်ကျောင်းတော်၌ ရဟန်းပြု၍ မကြာမီပင် အရဟတ္တဖိုလ်သို့ ရောက်လေသတည်း။

ထိုသို့ သီလစမ်းသည်မှ ရဟန်းဖြစ်၍ အရဟတ္တဖိုလ်သို့ရောက်ကြောင်း ရဟန်းတို့ဘောင်၌ စကားဖြစ်ကြရာ ရှေးကလည်း ရောက်ဖူးလေပြီဟု အောက်ပါဇာတ်ကို မြတ်စွာဘုရားဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဗြဟ္မဒတ်မင်း၌ အကျင့်သီလ အတတ်ပညာနှင့် ပြည့်စုံသော ပုရောဟိတ်ပုဏ္ဏားတစ်ယောက်ရှိ၏။

ဤမှစ၍ အကြောင်းအလုံးစုံသည် ပစ္စုပ္ပန်ဝတ္ထုနှင့် ထပ်တူဖြစ်၏။

နိုးသူအဖြစ်ဖြင့် မင်းထံသို့ ဆောင်ယူသွားရာ လမ်းခရီးတွင် အလမ္ပာယ်သမားတို့သည် မြွေကစားကုန်သည်ရှိသော် မြီးတူး၍ ကိုင်ခြင်း၊ လည်၌ကိုင်ခြင်း၊ ကိုယ်ကိုလည်းကောင်း၊ လည်ကိုလည်းကောင်း၊ ရစ်ပတ်ပြသသည်ကိုမြင်သော် အချင်းတို့– ဤသို့ကိုင်တွယ်ရစ်ပတ်၍ မကစားကြကုန်လင့်။ မြွေကိုက်ခဲ၍ သင်တို့ အသက်ကုန်ခြင်းသို့ ရောက်ကြလတ္တံ့ဟု ဆိုလေ၏။

အလမ္ပာယ်တို့ကလည်း ပုဏ္ဏား– ငါတို့၏မြွေသည် အကျင့်သီလနှင့် ပြည့်စုံ၏။ ကိုက်ခဲခြင်းကို ပြုမည်မဟုတ်။ သင်သည်သာလျှင် အကျင့်သီလမရှိ၍ ခိုးသူအဖြစ်ဖြင့် ဖမ်းဆီးဆောင်ယူခြင်းကို ခံရ၏ဟု ဆိုကြလေ၏။

ပုဏ္ဏားလည်း ဩော်– လောက၌ အလွန်အဆိပ်ပြင်းထန်ကြောက်မက်စက်ဆုပ်ဖွယ်ကောင်းသော မြွေမှသော်လည်း မကိုက်ခဲမညှဉ်းဆဲသော် သီလရှိ၏ဟူသောအဖြစ်သို့ ရောက်ရသေး၏။ လူတို့၌ကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်းဟု ကြံဆတရားရလျက်သွားလေ၏ ။

မင်းထံရောက်သော် အလုံးစုံလျှောက်ကြား သီလတရားကို ဟောပြောပြီးနောက် တောထွက်ရဟန်းပြုလေသတည်း။

**အဆင်းရှိသည်ထက် အချင်းရှိသည်က မြတ်၏။**

ဇာတ်ပေါင်းသော်–

ဗာရာဏသီမင်းသည် ရှင်အာနန္ဒာ ဖြစ်လာ၏။

ပုဏ္ဏားသည် ဘုရား ဖြစ်လာ၏။

မင်း၏ပရိသတ်သည် ဘုရား၏ပရိသတ် ဖြစ်လာ၏။

❐

## ကေနိပါတ်။

## ၅၄။ မင်္ဂလဇာတ် ၈၇

## လောကီမင်္ဂလာ၌ အယူသည်းသောပုဏ္ဏားအကြောင်း

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ် မြင်တိုင်း၊ ကြားတိုင်း၊ တွေ့တိုင်းသော မင်္ဂလာ၊ အမင်္ဂလာတို့၌ စွဲစွဲလမ်းလမ်း ယုံကြည်တတ်သော ပုဏ္ဏားတစ်ယောက်သည် ရှိ၏။ ရတနာသုံးပါး၌ မကြည်ညို မိစ္ဆာအယူလည်းရှိ၏။

တစ်ရံခါသော် ထိုပုဏ္ဏား၏ပုဆိုးကို ကြွက်ကိုက်လေရာ ကြွက်ကိုက်သော ပုဆိုးမည်သည်ကား အလွန်ယုတ်သော အမင်္ဂလာရှိ၏။ အိမ်၌ထားသည်ရှိသော် ကြီးစွာပျက်စီးခြင်းသည် ဖြစ်လတ္တံ့။ သားသမီး အခြွေအရံတို့အားလည်း ပေးခြင်းငှာမသင့်။ အကြောင်းသော်မူကား ထိုပုဆိုးကိုဝတ်သောသူအား ကြီးစွာသောပျက်စီးခြင်းသည် ရောက်လတ္တံ့။ ထို့ကြောင့် အစိမ်းပစ်ရာသုသာန်၌ ပစ်စေအံ့ဟုကြံ၍ ကျေးကျွန်တို့ကိုခိုင်းသော် သို့ဝှက်၍ သုံးစွဲမည်ကိုစိုးသောကြောင့် မိမိသားအရင်းကို လက်ဖြင့်မထိစေဘဲ တုတ်လုံတံတွင် တင်ပြီးလျှင် ပုဆိုးကို သုသာန်တွင်ပစ်၍ ခေါင်းလျှော်ပြီးမှ ပြန်ခဲ့ဟု မှာကြားစေခိုင်းလိုက်၏။

မြတ်စွာဘုရားသည် ထိုနံနက်၌ ထိုပုဏ္ဏား အကျွတ်တရားရအံ့သော အကြောင်းကို မြင်တော်မူ၍ သုသာန်တွင် စောင့်နေတော်မူလင့်၏ ။

ပုဏ္ဏားသားလည်း အဖမှာသည့်အတိုင်း ပုဆိုးကိုစွန့်ပြီးသည်နှင့် တစ်ပြိုင်နက် မြတ်စွာဘုရားသည် ငါတို့အား စွန့်အပ်ပြီးသော ပစ္စည်းသည် အပ်၏ဟု ထိုပုဆိုးကိုကောက်ယူ၍ ကျောင်းတော်သို့ ပြန်ကြွလေ၏။

ထိုပုဏ္ဏားသားလည်း စိုးရိမ်ကြီးစွာနှင့် ပြေးလာ၍ ဖခင်အား အလုံးစုံပြန်ကြားပေ၏။ ပုဏ္ဏားလည်း ထိုမင်္ဂလာမရှိသောပုဆိုးကို သုံးစွဲလျှင် ရဟန်းဂေါတမ ပျက်စီးလတ္တံ့။ ထိုသို့ပျက်စီးသော် လူတို့ ငါ့အား ကဲ့ရဲ့ပြစ်တင်ကြလတ္တံ့။ သို့ကြောင့် ပုဆိုးသစ်ဖြင့် လဲလှယ်ပေးလျှု၍ ထိုပုဆိုးယုတ်ကို စွန့်စေအံ့ဟုကြံ၍ ကျောင်းတော်သို့ မိမိ၏ သားနှင့်တကွ လိုက်သွားလေ၏။

ရှေ့တော်သို့ရောက်သော် အို- အရှင်ဂေါတမ ကြွက်ကိုက်သဖြင့် စွန့်အပ်သောပုဆိုးကို ကောက်ယူသွားသည်ဟု ကြားသိရ၏။ ထိုပုဆိုးသည် မင်္ဂလာမရှိ၊ ယုတ်၏။ သုံးစွဲလျှင် ပျက်စီးခြင်းသို့ရောက်လတ္တံ့။ နေသောကျောင်းလည်း ပျက်စီးလတ္တံ့။ သို့ကြောင့် ဤပုဆိုးသစ်ကိုယူ၍ ထိုပုဆိုးကို စွန့်ပစ်ပါလောဟု လျှောက်လေ၏။

မြတ်စွာဘုရားလည်း ပုဏ္ဏား- ငါတို့ရဟန်းအား သုသာန်ခရီးလမ်းကြား၊ တံမြက်ချေးစွန့်ရာ၊ ရေချိုးဆိပ်၊ ခရီးမ စသောအရပ်တို့၌ စွန့်အပ် ပစ်အပ်သော ပစ္စည်းဝတ္ထုတို့သည် အပ်သည်သာတည်း။ ပုဏ္ဏား- သင်သည် ယခုသာမဟုတ် ရှေးကလည်း ဤလောကီမင်္ဂလာ၌ အယူသည်းလှလေပြီဟု ပုဏ္ဏားတောင်းပန်သည့်အတိုင်း သားအဖနှင့် ရသေ့တို့ပါဝင်သော အလားတူအတိတ်ဇာတ်ကို ဟောတော်မူသည်။

ပြီးမှ ဆက်လက်၍ ပုဏ္ဏား- ရဟန်းတို့မည်သည်မှာ အကြားအမြင် အတွေ့မင်္ဂလာတို့ကိုလည်းကောင်း၊ နေကြတ်လကြတ် နက္ခတ်ကြတ် စသည်တို့ကိုလည်းကောင်း။ အထူးထူး အပြားပြားသော အိပ်မက်တို့ကိုလည်းကောင်း ဖြတ်အပ် လွန်အပ်ကုန်ပြီ။ စင်စစ်သော်ကား ထိုသို့ဖြတ်ပြီးလွန်ပြီးသော ရဟန္တာတို့သည် လောကကို လွန်မြောက်ကြလေပြီဟု ဟောတော်မူသောအဆုံး၌ ပုဏ္ဏားသည် အကျွတ်တရားကို ရလေသတည်း။

ဇာတ်ပေါင်းသော်–
ရှေးသားအဖသည် ယခုသားအဖ ဖြစ်လာ၏။
ရသေ့သည် ဘုရား ဖြစ်လာ၏။
ငှင်း၏ပရိသတ်သည် ဘုရား၏ပရိသတ် ဖြစ်လာ၏။

□

## ဧကနိပါတ်။

## ၅၅။ ကုဟာကဇာတ် ၈၉
## (ကုဟာက = လူလိမ်၊ သီလရှိဟန်ဆောင်သောသူ)

### ကောက်ကျစ်သောရသေ့အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် အံ့ဖွယ်သရဲကို ဖြစ်စေ၍ အသက်မွေးသော ရဟန်းတစ်ပါးအား စွဲပြီးလျှင် အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ သူကြွယ်တစ်ဦးသည် ကောက်ကျစ်တတ်သော ဆံကျစ်ရသေ့တစ်ယောက်အား သူတော်ကောင်းထင်၍ တောကျောင်းတစ်ခု ဆောက်လုပ်ကိုးကွယ်၍ တစ်နေ့သော် သူကြွယ်သည် ခိုးသူဘေးမှကြောက်သဖြင့် မိမိ၏ ရွှေစင်နိက္ခတစ်ရာကို (နိက္ခတစ်ရာသည် ရွှေလေးသိန်းရှိ၏။) ထိုရသေ့ကျောင်းသို့ဆောင်၍ မြေ၌မြှုပ်ထားပြီးမှ ရသေ့အား စောင့်ရှောက်ကြည့်ရှုရစ်ပါဟု လျှောက်လေ၏ ။

ရသေ့ကလည်း ဒါယကာ– ငါတို့ရသေ့ရဟန်းအား ဤသို့သောစကားမျိုးကို သိခြင်းသည် မအပ်။ ငါတို့သည် သူတစ်ပါးတို့၏

ဥစ္စာ၌ တပ်မက်ခြင်းမရှိဟု ဆို၏။ သူကြွယ်လည်း ပိုမိုယုံကြည်စိတ်ချ၍ ဖဲခဲ့၏။

ရသေ့ပျက်သည်ကား ဤမျှသောဥစ္စာဖြင့် အသက်မွေးလောက်ပြီဟု ရွှေကိုယူ၍ အခြားတစ်နေရာ၌ ကဲ့ဝှက်ထားပြီးနောက် သုံးလေးရက်လွန်သော် သူကြွယ့်အိမ်သို့ သွားရောက်ဆွမ်းစားပြီးလျှင် ဒါယကာ– ငါသည် သင့်ကိုမှီ၍နေသည်မှာ ကြာပြီ။ ငါတို့ ရသေ့ရဟန်းမည်သည်ကား တစ်စုံတစ်ခုသော အရပ်တွင် ကြာမြင့်စွာနေလျှင် လူတို့နှင့် ရောနှောအပ်သည်ဖြစ်၍ သီလ၏ ညစ်ကြေးခြင်းသည် ဖြစ်၏။ သို့ကြောင့် အရပ်တစ်ပါးသို့ ငါသွားတော့အံ့ဟု ဆိုလေ၏။

သူကြွယ်လည်း အတန်တန်တောင်းပန်တားမြစ်၍ မရသော် ရွာတံခါးတိုင်အောင် လိုက်၍ပို့လိုက်၏။

ရသေ့ပျက်သည် အံ့ဖွယ်သရဲဖြင့် လှည့်ပတ်အံ့သောငှာ အတန်ငယ်သွားပြီးမှ ဆံကျစ်ကြား၌ မြက်တစ်ရွက်ကိုထည့်၍ သူကြွယ်အိမ်သို့ ပြန်လာခဲ့၏။

မေးသော် ဒါယကာ– ငါသည် သင်၏အိမ်မှ ထွက်စဉ်က အိမ်အမိုးနှင့် တိုက်မိ၍ မြက်တစ်ရွက်သည် ငါ၏ဆံကျစ်ကြား၌ ကပ်၍ ပါလာခဲ့၏။ အရှင်မပေးသောဥစ္စာသည် ငါတို့ရသေ့ရဟန်း၌ မအပ်။ အလွန်ဝန်လေး၏။ သို့ကြောင့် မြက်ရွက်ကို ပြန်၍ပေးရန် ငါပြန်ခဲ့ပေ၏ဟု ဆိုလေ၏။

သူကြွယ်သည်လည်း ငါ၏အရှင်သည် အရှင်မသိသော မြက်ရွက်မျှကိုပင် ရွံရှာလှ၏။ သြော်– အံ့ဖွယ်သရဲ ကြည်ညိုဖွယ်ရှိပါပေ၏ဟု ရှိခိုး၍လွှတ်လိုက်၏။

ထိုခဏ၌ သူကြွယ်အိမ်တွင် တည်းခိုနေသော ပညာရှိတစ်ယောက်သည် ဤရသေ့၏ အမူအရာ၊ အပြောအဆိုတို့ကိုထောက်၍ ဤရသေ့သည် ရိုးဖြောင့်မည်မဟုတ်ချေ။ သူကြွယ်ထံမှ တစ်စုံတစ်ခု

သောဥစ္စာကို ခိုးယူသည်ဖြစ်လတ္တံ့ဟု သူကြွယ်အား အဆွေ- သင်သည် ထိုရသေ့ထံ၌ တစ်စုံတစ်ရာဥစ္စာကို အပ်ထားသလောဟုမေး၏။ အပ်ထား၏ဟုဆိုသော်။ အဆွေ- သို့ဖြစ်လျှင် ထိုဥစ္စာကို စုံစမ်းကြည့်ရှုလောဟုဆို၏။

သွားရောက်စုံစမ်း၍ ရွှေကိုမတွေ့တော့ကြောင်း ပြန်ပြောလျှင် ထိုရသေ့ကောက်ပင် ယူရာသည်ဟု နှစ်ယောက်သား လိုက်လံဖမ်းဆီးပုတ်ခတ်၍ ရွှေကိုပေးစေ၏။

ရွှေကိုရလျှင် ပညာရှိသည် ရသေ့အား သင်သည် မြက်တစ်ပင်ကိုပင် တပ်စွန်းသောစိတ်မရှိဟုဆို၏။ ယခု ရွှေနိက္ခတစ်ရာကိုပင် တပ်စွန်းသောစိတ်ရှိသလောဟု ကဲ့ရဲ့ဆုံးမ၍ လွှတ်လိုက်လေသတည်း။

ဇာတ်ပေါင်းသော်-
ရသေ့သည် အံ့ဖွယ်သရဲပြုတတ်သောရဟန်း ဖြစ်လာ၏။
ပညာရှိသည် ဘုရား ဖြစ်လာ၏။

❐

## ဧကနိပါတ်။

### ၅၆။ အကတညုဇာတ် ၉၀
### (အကတညု = သူတစ်ပါးကျေးဇူးကို မသိတတ်သော။)

### ကျေးဇူးမဲ့သော သူဌေးအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် အနာထပိဏ်သူဌေး၌ အရပ်တစ်ပါးတွင်နေသော မမြင်ဖူးသော အဆွေခင်ပွန်း သူဌေးတစ်ယောက်သည် ရှိ၏။

တစ်ရံခါသော် ရပ်ဝေးနေသူဌေးငယ်သည် မိမိ၏ငယ်သား လှည်းသားငါးရာတို့ကို သာဝတ္ထိပြည်သို့ ကုန်ရောင်းလွှတ်ရာ ငါ၏ အဆွေ အနာထပိဏ်သူဌေးကြီးအား အမှီပြု၍ ရောင်းချပြီးလျှင် ဥစ္စာကို ယူခဲ့လောဟု မှာထားလိုက်၏။

လှည်းသားငါးရာတို့သည် အနာထပိဏ်သူဌေးထံသို့ ရောက်ရှိ လက်ဆောင်ဆက်ပြီးမှ အကြောင်းမျိုးကို လျှောက်သော် သူဌေးကြီးသည် ဝမ်းမြောက်ဝမ်းသာ သူဌေးငယ်၏ ကျန်းမာကြောင်းများကို မေးမြန်း၍ လှည်းသားတို့အားလည်း ကောင်းစွာစောင့်ရှောက်ကြည့်ရှု နေရာထိုင်ခင်း အစားအသောက်ပေးလျက် ပါလာသောကုန်များကိုလည်း လျင်စွာ ငွေဖြစ်စေ၍ ချမ်းသာစွာ ပြန်ကြစေ၏။

လှည်းသမားတို့လည်း ရောက်ရှိကာလ သူဌေးငယ်အား သူဌေးကြီး၏ စောင်မကြည့်ရှုဆောင်ရွက်ပုံများကို ဝမ်းမြောက်စွာ ပြန်ကြားကြကုန်၏။

နောက်အဖို့၌ အနာထပိဏ်သူဌေးကြီးလည်း ထိုနည်းအတူ မိမိ၏လှည်းသားငါးရာတို့ကို သူဌေးငယ်အထံသို့ လွှတ်လိုက်လေ၏။

ရောက်ရှိ လက်ဆောင်ဆက် အကြောင်းမျိုးကို ကြားလေသော် သူဌေးငယ်က အနာထပိဏ်ဆိုသောသူဌေးကို ငါမသိ။ တစ်ယောက်ယောက်သောသူ၏အမည် ဖြစ်တန်ရာ၏ဟု ပြက်ရယ်ပြုလျက် လက်ဆောင်တို့ကိုသာ ယူပြီးလျှင် လှည်းသားတို့ကို နှင်လိုက်၏။

လှည်းသားတို့လည်း နေရာထိုင်ခင်း အစားအသောက်မှစ၍ တစ်စုံတစ်ရာ အကူအညီမရဘဲ ညှိုးငယ်စွာဖြင့် မိမိတို့ကုန်ကို မိမိတို့ ကိုယ်တိုင်ရသမျှဖြင့် ရောင်း၍ပြန်ခဲ့ကြကုန်၏။ သူဌေးအား ထိုအကြောင်းကို အလုံးစုံပြန်ကြားထားပေ၏။

နောက် များမကြာမီ သူဌေးငယ်ထံမှ ယခင်နည်းအတိုင်း လှည်းသားငါးရာတို့ ရောက်လာကြပြန်ကုန်၏။ ထိုအခါ အနာထပိဏ်

သူဌေး၏ငယ်သား လှည်းသားတို့သည် အရှင်– ကြောင့်ကြမဲ့နေတော်မူပါ။ ထိုသူတို့အား ပြုအပ်သောဝတ္တရားကို အကျွန်ုပ်တို့ ပြုပါကုန်အံ့ဟု ခွင့်တောင်းပြီးလျှင် သူဌေးငယ်၏ လှည်းသားတို့အား မြို့ပြင်၌ လှည်းချွတ်စေ၍ သင်တို့ ဤအရပ်၌နေကုန်ဦးလော့။ သင်တို့အတွက် အစာအာဟာရ စီရင်ချေဦးမည်ဟုဆို၍ ထားခဲ့ကြ၏။

ညဉ့်အခါကျသော် လှည်းငါးရာတို့ကို တိုက်ခိုက်၍ လှည်း၊ နွား၊ ကုန်စည်၊ အဝတ်အစားတို့ကို ယူပြီးလျှင် လှည်းသားတို့ကို၊ ခါးဝတ်မျှဖြင့်သာ ကြောက်လန့်တကြား ဦးတည်ရာသို့ပြေးစေလေသတည်း။

ဤအကြောင်းကို အနာထပိဏ်သူဌေးကြီးကြားသော် ငါ့အား စကားလက်ဆောင်ရှိ၏ဟု မြတ်စွာဘုရားထံသို့ သွားရောက်၍ အလုံးစုံကို လျှောက်ပေ၏။

မြတ်စွာဘုရားသခင်သည်လည်း ဤပစ္စန္တရာဇ်သားတို့သည် ယခုသာမဟုတ် ရှေးကလည်း ဤသို့သောအလေ့ရှိသည်သာတည်းဟု အလားတူ အတိတ်ဇာတ်ကို ဟောတော်မူသည်။

ထိုအတိတ်ဇာတ်၌ (ဗာရာဏသီ) သူဌေးကြီးသည် သူဌေးငယ်၏ လှည်းသားများ ပြေးရသည်ကို ကြားကာလ အချင်းတို့– အကြင်သူသည် သူတစ်ပါးက ပြုအပ်သော ကျေးဇူးကို မသိတတ်။ ထိုသူသည် နောင်အခါ မိမိ၌ ကိစ္စအမှုတစ်စုံတစ်ခုရှိခဲ့လျှင် ကူညီဆောင်ရွက်ပေးမည့်သူ မရနိုင်သည်သာတည်းဟုမြွက်ဆိုလေသတည်း။

ဇာတ်ပေါင်းသော်–

ရှေးသူဌေးငယ်သည် ယခုသူဌေးငယ် ဖြစ်လာ၏။

ဗာရာဏသီသူဌေးသည် ဘုရား ဖြစ်လာ၏။

❒

## ဧကနိပါတ်။

## ၅၇။ လိတ္တဇာတ် ၉၁
(လိတ္တ = လိမ်းကျံအပ်သော။ အဆိပ်ဖြင့် လိမ်းကျံအပ်သော)

## ကောက်ကျစ်သော ကြွေအန်သမားအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ ရှိစဉ်။ ရဟန်းတို့သည် ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေး တည်းဟူသော ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ သုံးဆောင်လျှင် အဆိပ်သို့ သုံးဆောင်သည်နှင့် တူကြောင်း။ အဆိပ်သည် ကြီးစွာသော ဆင်းရဲဝေဒနာကို ပေးတတ်ကြောင်းများနှင့် စပ်၍ အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ပညာရှိသော ကြွေအန်သမားနှင့် ကောက်ကျစ်သော ကြွေအန်သမားတို့သည် ကြွေအန်ကစားကြသည်ရှိသော် နောက်လူသည် မိမိနိုင်လျှင် ကစားပွဲကို မဖျက်၊ ရှုံးလျှင် ကြွေအန်ကို ခံတွင်းမှာ အမှတ်မဲ့ငုံ၍ ကြွေအန်ပျောက်သည်ဟု ဆိုကာ ကစားပွဲကို ဖျက်လေ့ရှိ၏။

ထိုအကြောင်းကိုသိသော ပညာရှိကြွေအန်သမားသည် သိစေအံ့ဟု တစ်နေ့သော် ကြွေအန်ကို ပြင်းသောအဆိပ် သုတ်လူးထားပြီးမှ ကစားကြ၏။ မကြာမီ ကောက်ကျစ်သူရှုံးသောကာလ၌ ကြွေအန်ကို ငုံလေ၏။ ထိုအခါ ပညာရှိကြွေအန်သမားက ဟယ်–လူပျက် ကြွေအန်ကို အဆိပ်လူးထားကြောင်းကို နင်မသိ၍ ငုံလေသည်။ မကြာမီ သိလတ္တံ့ဟု ဆိုလေ၏။ ထိုသို့ဆိုစဉ်ပင် အဆိပ်တက်၍ မိန်းမော မျက်စိလည်လျက် လည်ကုပ်ညွတ်ပြီးလျှင် လဲလေ၏။ သေအံ့ဆဲဆဲရှိမှ ပညာရှိကြွေအန်သမားသည် အသက်ကိုပေးလှူအံ့ဟု အန်ဆေးတိုက်ကျွေးကုမှ ချမ်းသာစေ၏။

ပြီးမှ နောင်အခါ ကောက်ကျစ်စဉ်းလဲခြင်းကို မပြုလင့်ဟု ဆုံးမ၍ လွှတ်လိုက်၏။ ကောက်ကျစ်သူလည်း နောင်တ တရား ကောင်းစွာရလေ၏။

ဓာတ်ပေါင်းသော်–
ပညာရှိ ကြွေအန်သမားသည် ဘုရား ဖြစ်လာ၏။

❐

## ကေနိပါတ်။

### ၅၈။ မဟာသာရဇာတ် ၉၂
### (မဟာ = ကြီးမြတ်သော။ သာရ = ဥစ္စာပစ္စည်း။ ဤနေရာတွင်ကား... မွန်မြတ်သောတန်ဆာဟု အဓိပ္ပာယ်ယူရ၏။)

### ပျောက်သောဥစ္စာကို ဥပါယ်ဖြင့် ရအောင်ကြံစည်ခြင်းအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ပသေနဒီ ကောသလမင်းကြီး၏ မင်းမိန်းမတို့သည် အရှင်အာနန္ဒာအား နန်းတော်သို့ နေ့စဉ်ပင့်၍ တရားတော်ကို နာယူသင်ကြားလေ့ရှိကြကုန်၏။

တစ်နေ့သော် မင်းကြီး၏ ပတ္တမြားဦးသျှောင်ကျင် ပျောက်သဖြင့် နန်းတွင်းရှိ ယောကျ်ားမိန်းမ အားလုံးအား ဖမ်းဆီးရှာဖွေခြင်း ပြုကုန်သည်နှင့် နန်းတွင်းသူ နန်းတွင်းသားတို့ ပင်ပန်းဆင်းရဲ နှလုံးမသာ ရှိကြသည်ကို အရှင်အာနန္ဒာကြွလာ၍ တွေ့မြင်မေးမြန်း အကြောင်းကိုသိရမှ မင်းကြီးထံသို့ကြွရောက်ပြီးလျှင် လူအပေါင်းတို့ မပင်ပန်းဘဲနှင့် ပတ္တမြားဦးသျှောင်ကျင်ကို ပြန်၍ရအောင် မိမိစီမံအံ့ဟု ပြောကြား၍ ဤသို့စီမံစေ၏။

ယုံမှားရှိသော သူတို့ကိုခေါ်၍ တစ်ခုစီသော ဖွဲဆုပ်ကိုလည်းကောင်း၊ မြေဆုပ်ကိုလည်းကောင်း ပေးပြီးလျှင် ထိုအဆုပ်တို့ကို နက်ဖြန်မိုးသောက်သော် ဤမည်သောနေရာ၌ လာရောက်ထားကြကုန်လော့။ ခိုးသူသည် မင်းဒဏ်ကို မကြောက်ရဘဲ ပတ္တမြားဦးသျှောင်ကျင်ကို ထိုအဆုပ်၌ ဝှက်ထည့်၍ ထားခဲ့လတ္တံ့။ ဤနည်းကို သုံးကြိမ် သုံးရက်အထိပြုလော့ဟု ဆိုပေ၏။

မင်းကြီးလည်း ဆိုသည့်အတိုင်း သုံးကြိမ် သုံးရက်တိုင်တိုင် ပြုစေသော်လည်း ဦးသျှောင်ကျင်ကို မရဘဲရှိလေ၏။

ထိုအခါ အရှင်အာနန္ဒာသည် အခြားတစ်နည်းကို စီမံစေပြန်၏။

မင်းရင်ပြင်ဝယ် အိုးစရည်းတစ်လုံးကို ရေအပြည့်ထည့်၍ တင်းတိမ်ကာရံပြီးမှ အလုံးစုံသော နန်းတွင်းသူ နန်းတွင်းသားတို့သည် အပေါ်ရုံကို ရုံ၍ တစ်ယောက်စီ တစ်ယောက်စီ တင်းတိမ်တွင်းသို့ ဝင်ပြီးလျှင် လက်ကို ဖြန့်၍ ထွက်လာစေလောဟု မင်းကြီးအား ဆိုလေ၏။

မင်းကြီးလည်း ဆိုသည့်အတိုင်း ပြုစေ၏။ ထိုအခါ ခိုးသူသည် အရှင်အာနန္ဒာကား ဦးသျှောင်ကျင်ကို မရမချင်း ဤအမှုကိုလွှတ်မည်မဟုတ်၊ ယခုအခါသော် ဦးသျှောင်ကျင်ကို စွန့်ခြင်းငှာ သင့်၏ဟု ကြံလျက် ဝှက်၍ ယူခဲ့ပြီးလျှင် အိုးစရည်း၌ချ၍ ထွက်ခဲ့၏။

အလုံးစုံသောသူတို့ ထွက်ပြီးသောအခါ ရေကိုသွန်၍ကြည့်ရာ အိုးတွင် ပတ္တမြားဦးသျှောင်ကျင်ကို ရလေ၏။

မင်းကြီးနှင့်တကွ နန်းတွင်းနန်းပြင် လူအပေါင်းတို့သည်လည်းကောင်း၊ ရဟန်းတို့သည်လည်းကောင်း အရှင်အာနန္ဒာ၏ ဉာဏ်ကျေးဇူးကို နှုတ်တက်ရွရွ ပြောကြကုန်၏။

မြတ်စွာဘုရား ကြားတော်မူသော် ယခုသာ အာနန္ဒာသည် ဤသို့ ရစေသည်မဟုတ်။ ရှေးကလည်း ပညာရှိတို့သည် လူတို့အား မပင်ပန်းစေဘဲ တိရစ္ဆာန်လက်သို့ ရောက်ပြီးသော ဥစ္စာကို ရဖူးစေပြီဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၊ ဗြဟ္မဒတ်မင်း၌ ဉာဏ်ပညာနှင့် ပြည့်စုံသော အမတ်တစ်ယောက်ရှိ၏။

တစ်နေ့သော် မင်းကြီးနှင့်တကွ မိဖုရားကြီး အမှူးရှိသော မောင်းမတို့သည် မင်းဥယျာဉ်ရှိ မင်္ဂလာရေကန်၌ ရေကစားကြရာ မိဖုရားကြီးသည် မိမိ၏မဟာသာရမည်သော လည်ဆွဲတန်ဆာ ပုလဲသွယ်ကို ချွတ်၍ ကျွန်မတစ်ယောက်အား စောင့်ကြည့်နေစေ၏။

ထိုအခါ အနီးရှိသစ်ပင်ခွမှ ချောင်းမြောင်းကြည့်နေသော မျောက်မတစ်ကောင်သည် ထိုပုလဲသွယ်ကို ဆင်လိုသည်ဖြစ်၍ ကျွန်မ မေ့လျော့အိပ်မျဉ်းခိုက်တွင် လျင်စွာဆင်းယူ တက်သွား သစ်ခေါင်း၌ ဝှက်ထားပြီးမှ ငြိမ်သက်စွာနေလေ၏။

ကျွန်မနိုး၍ ပုလဲသွယ်ကို မမြင်သော် ကြောက်လန့်တုန်လှုပ်လျက် တစ်ပါးသောအကြောင်းကို မမြင်၍ ယောကျ်ားတစ်ယောက်သည် ပုလဲသွယ်ကို ခိုးယူထွက်ပြေးသွားလေပြီဟု ဟစ်အော်လေ၏။

မင်းချင်း အစောင့်အရှောက်တို့ကြားလျှင် ဥယျာဉ်မှထွက်၍ လိုက်လံရှာဖွေ ထိုမှဤမှ ကြည့်သည်ရှိသော် ဟစ်အော်သံကိုကြား၍ ကြောက်လန့်လျက် ပြေးလေသော ရွာသားတစ်ယောက်ကိုမြင်လျှင် ခိုးသူဖြစ်သည်ဟု ဖမ်းဆီးပုတ်ခတ်လျက် ပုလဲသွယ်ကို တောင်းလေ၏ ။

ထိုအခါ ယောကျ်ားသည် အကယ်၍ ငါမခိုးယူဟုဆိုသော် ငါ့ကို ပုတ်ခတ်၍သာလျှင် သတ်ကြလတ္တံ့ဟု တွေး၍ အရှင်တို့ အကျွန်ုပ် ခိုးယူသည်မှန်ပါ၏ဟု ဆိုလေ၏။

မင်းရှေ့ရောက်၍ စစ်မေးသော် အရှင်မင်းကြီး ယူမိပါသည်၊ သို့ရာတွင် ထိုပုလဲသွယ်ကို သူဌေးကြီးက အလိုရှိ၍ ခိုးသဖြင့် ခိုးယူပြီးလျှင် သူဌေးကြီးအား ပေးလိုက်ရပါသည်ဟု ဆိုလေ၏။

သူဌေးကြီးကို စစ်မေးသော် ယူသည်မှန်၏။ သို့ရာတွင် ပုရောဟိတ်အား ပေးလိုက်ပါသည်ဟု ဆိုလေ၏။

ပုရောဟိတ်က ယူ၏။ စောင်းသမားကို ပေးလိုက်ရပါသည်။

စောင်းသမားက ယူ၏။ ပြည့်တန်ဆာမသို့ ပေးလိုက်ရပါသည်။

ပြည့်တန်ဆာမသည်ကား အရှင်မင်းကြီး အကျွန်ုပ်မယူပါဟု ဆိုလေ၏။

ထိုအခါ မင်းကြီးက ယနေ့နေနည်းပြီဖြစ်၍ နောက်နေ့မှ ဆက်လက်စစ်ဆေးမည်။ ငါးယောက်လုံးကို အမတ်တို့က စောင့်ကြပ်နေလေဟု ဆို၍ မြို့တွင်းသို့ ဝင်လေ၏။

ထိုအခါ မင်းကြီး၏ ပညာရှိအမတ်သည် ဤသို့တွေး၏။ ပုလဲသွယ်သည် အတွင်းသားတို့လက်၌ပျောက်၏။ ထိုရွာသားသည် အပသားဖြစ်၏။ အထွက်အဝင်တံခါးတို့၌လည်း လုံခြုံစွာစောင့်ရှောက်လျက်ရှိ၏။ သို့ကြောင့် ထိုရွာသား ခိုးယူနိုင်မည်မဟုတ်ချေ။ မင်းခယောကျ်ားတို့ ယူခြင်းအကြောင်းလည်း မထင်ချေ။

ရွာသားက သူဌေးကြီးအား ပေးလိုက်သည်ဆိုရာ၌ မိမိလွတ်လို၍သာ ဆိုသောစကား ဖြစ်တန်ရာသည်။

သူဌေးက ပုရောဟိတ်အား ပေးလိုက်သည်ဆိုရာ၌ ၎င်းတို့နှစ်ယောက်ပူးပေါင်း၍ အမှုမှ လွတ်မြောက်ရန် ကြံလို၍ ဆိုသောစကား ဖြစ်တန်ရာသည်။

ပုရောဟိတ်က စောင်းသမားအား ပေးလိုက်သည်ဆိုရာ၌ လှောင်အိမ်တွင် စောင်းသမားကိုမှီ၍ စိတ်သက်သာ ချမ်းသာအောင်နေလို၍ ဆိုတန်ရာ၏။

စောင်းသမားက ပြည့်တန်ဆာမအား ပေးလိုက်၏ဆိုရာ၌ နှောင်အိမ်တွင် မငြီးမငွေ့ ရွှင်ကြည်စွာ နေနိုင်ရန် ဆိုတန်ရာ၏။

ဤသို့လျှင် ငါးယောက်လုံးသည် ခိုးသူမဟုတ်လေရာ။ ထိုသူများ မဟုတ်သော် ဥယျာဉ်၌ များစွာသောမျောက်တို့သည်ရှိ၏ လည်ဆွဲတန်ဆာကို မျောက်မများ နှစ်သက်တတ်၏။ သို့ဖြစ်လျှင် တစ်ခုသောမျောက်မသည် ယူတန်ရာ၏ဟု အလုံးစုံကို တွေးတောကြံဆပြီးမှ အရှင်မင်းကြီး– ဤအမှုကို အကျွန်ုပ်အား အပ်တော်မူပါ၊ အကျွန်ုပ်စီရင်ပါအံ့ဟု လျှောက်၏။ မင်းကြီးလည်း ခွင့်ပြုတော်မူ၏။

ထိုအခါ ပညာရှိအမတ်သည် မိမိ၏လူတစ်ယောက်ကို ထိုငါးယောက်ထားရာ အနီး၌ နေစေ၍ ၎င်းတို့အချင်းချင်းပြောကြသော စကားကို နားထောင်စေ၏။

ထိုသူငါးယောက်တို့ချည်း ရှိသည့်အခါ ပညာရှိအမတ် တွေးထင်ခဲ့သည့်အတိုင်း အချင်းချင်း အမှန်ကိုပြောဆိုကြသည်ကို နားထောင်သူကြား၍ ပညာရှိအမတ်အား ပြန်ကြားလေ၏။

ထိုအခါ ပညာရှိအမတ်သည် မိမိတွေးထင်သည့်အတိုင်း မျောက်မထံမှ ပုလဲသွယ်ကိုရအောင် အောက်ပါအတိုင်း စီမံလေ၏။

ဥယျာဉ်တော်ရှိ မျောက်မအများတို့ကို ဖမ်းပြီးလျှင် လက်၊ ခြေ၊ လည်တို့၌ ချည်ထုံးဖြင့်ပြီးသော တန်ဆာတို့ကိုဆင်၍ လွှတ်လိုက်လေ၏။ထိုမျောက်မတို့လည်း ရွှင်လန်းဝမ်းမြောက်စွာ ကခုန်ကြလျက်။ ပုလဲသွယ်ကိုခိုးသော မျောက်မရှေ့တွင်ပြလျက် ငါတို့တန်ဆာကို ကြည့်လောဟု ဆိုကုန်၏။

ပုလဲသွယ်ရှင် မျောက်မသည်လည်း သည်းမခံနိုင်ဘဲ အသင်တို့၏ ချည်ထုံးဖြင့်ပြီးအပ်သော တန်ဆာဖြင့် အဘယ်မူအံ့နည်း။ ကြည့်လော့– ပုလဲအစစ်ဖြင့်ပြီးသော တန်ဆာကိုမှသာ ငါဆင်မြန်းအံ့ဟု ဆို၍ ပုလဲသွယ်ကို ဝှက်ထားရာ ယူငင်ဆင်မြန်းပြီးသော် မော့သောမျက်နှာနှင့် ဟန်ပန်ယူကာ ထွက်လာလေ၏။

ထိုခဏ၌ စောင့်ကြည့်နေသောသူတို့မြင်၍ ဟစ်အော်လေသော် မျောက်မသည် ပုလဲသွယ်ကိုချ၍ ပြေးလေ၏။

ပညာရှိအမတ်သည်လည်း မင်းကြီးထံသွားရောက်၍ အလုံးစုံကို လျှောက်ပြီးလျှင် ပုလဲသွယ်ကို ဆက်ပေ၏။

ထိုအခါ မင်းကြီးသည် အံ့ဩချီးမွမ်းဝမ်းမြောက်လျက် ပညာရှိအမတ်ကြီးအား ကြီးစွာပူဇော်ပြီးမှ

အချင်းတို့– နှစ်ဖက်မှ တက်အပ်သော စစ်ထိုးခြင်းဖြစ်လတ်သော် ရဲရင့်သောသူကို အလိုရှိကုန်၏။

တိုင်ပင်လတ်သော် နူတ်စောင့်သူကို အလိုရှိကုန်၏။

ထမင်းအဖျော် စသော စားကောင်းသောက်ဖွယ်ရှိလတ်သော် ချစ်သူကို အလိုရှိကုန်၏။

နက်နဲသော ပြဿနာဖြစ်လတ်သော် ပညာရှိကို အလိုရှိကုန်၏ ဟု ဥဒါန်းကျူးလေသတည်း။

ဇာတ်ပေါင်းသော်–

ဗာရာဏသီမင်းသည် ရှင်အာနန္ဒာ ဖြစ်လာ၏။

ပညာရှိအမတ်သည် ဘုရား ဖြစ်လာ၏။

❒

ကေနိပါတ်။

## ၅၉။ တေလပတ္တဇာတ် ၉၆
## (တေလ = ဆီ။ ပတ္တ = ခွက်။ ဆီခွက်)

## စိတ်ကိုထိန်းသိမ်းသဖြင့် ထီးနန်းကိုရသော မင်းကြီးအကြောင်း

မြတ်စွာဘုရားသည် ကောသမ္ဗိတိုင်း၊ သေဒကမည်သော နိဂုံးကို အမှီပြု၍ တစ်ခုသောတောအုပ်၌ နေတော်မူစဉ် ရဟန်းတို့အား ဇနပဒကို စောင့်စည်းအပ်ကြောင်းနှင့် အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီမင်းတွင် သားတစ်ထောင် ရှိသည့်အနက် အငယ်ဆုံးသောမင်းသားသည် ငါကား အငယ်ဆုံး ဖြစ်၍ ဤပြည်၌ မင်းဖြစ်နိုင်ပါအံ့လောဟု ယုံမှားရှိသည်နှင့် နန်းတော်သို့ ဆွမ်းစားကြွလာသော ပစ္စေကဗုဒ္ဓါတို့အား မေးလျှောက်လေ၏။

ထိုအခါ ပစ္စေကဗုဒ္ဓါတို့သည် မင်းသား– ဤပြည်တွင် မင်း မဖြစ်နိုင် ဤမှ ယူဇနာ ၁၂၀ ဆေးသော ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်သို့ ၇ ရက်ဖြင့် အရောက်သွားနိုင်သော် ထိုပြည်၌ မင်းအဖြစ်ကို ရလတ္တံ့။ သို့ရာတွင် ခရီးအကြား၌ တောအုပ်တစ်ခုကို ဖြတ်သန်းသွားရမည် ရှိရာ ထိုတောအုပ်၌ ဘီလူးတို့၏ဘေးရန်သည် ရှိ၏။ ရှိဟန်ကား

ဘီလူးမတို့သည် ရွာကိုလည်းကောင်း၊ ဇရပ်ကိုလည်းကောင်း ဖန်ဆင်း၍ မိမိတို့ကိုယ်တိုင်လည်း လှပသော မိန်းမပျိုတို့အဟန် ဖန်ဆင်းလျက် ခရီးသွားယောကျ်ားတို့အား အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ ကောင်းသောအိပ်ရာနေရာ။ ဤအာရုံငါးပါးဖြင့် အကြောင်း အားလျော်စွာ ဖြားယောင်းသွေးဆောင်တတ်၏။ သွေးဆောင်၍ပါသည်

နှင့်တစ်ပြိုင်နက် အစိမ်းလတ်လတ် ကိုက်ဖြတ်စားတတ်ကြ၏။ သင် မင်းသားသည် မိမိ၏ ဣန္ဒြေငါးပါးကို စောင့်စည်း၍ ထိုဘီလူးမတို့ ရန်ကို လွန်နိုင်အံ့။ ၇ ရက်မြောက်သောနေ့၌ ထိုတက္ကသိုလ်ပြည်တွင် မင်းဖြစ်လတ္တံ့ဟု မိန့်တော်မူကြ၏။

မင်းသားလည်း ထိုသို့ဖြစ်လျှင် ဣန္ဒြေကိုစောင့်စည်းနိုင်ပါကြောင်း လျှောက်၍ လိုက်လိုသောအဖော်ငါးယောက်နှင့်တကွ တက္ကသိုလ်ပြည် သို့ ရှေးရှုသွားကြရာ အဆိုပါတောအုပ်သို့ဝင်မိလျှင်ပင် ရွာအစရှိသည် တို့ကို ဖန်ဆင်း၍ နေကုန်သော ဘီလူးမတို့ကို တွေ့ကြလေ၏။

ထိုအခါ အဆင်းရူပါရုံကို နှစ်သက်သော အဖော်တစ်ယောက် သည် ထိုဘီလူးမ ဖန်ဆင်းထားအပ်သောအဆင်း၌ တပ်စွန်းသည်နှင့် အတန်ငယ် နောက်ချန်၍ နေရစ်၏။ မင်းသားက မေးသော် ခြေနာ သည်ဖြစ်၍ ဇရပ်၌ အတန်ငယ်နားနေပြီးမှ လိုက်ခဲ့ပါအံ့ဟု ဆို၏၊ အချင်း– ဘီလူးမတို့ကို မတပ်စွန်းလင့်ဆိုရာ ထိုအဖော်က အရှင်– ဖြစ်လိုရာဖြစ်စေ မတပ်စွန်းဘဲ မနေနိုင်ပါဟု ဆိုလေ၏။ ထိုအခါ မင်းသားက ထိုသို့တပြီးကား သင်မကြာမီ သိလတ္တံ့ဟု ဆို၍ အဖော် လေးယောက်နှင့် သွားလေ၏။ ထိုအဆင်းကို နှစ်သက်သောသူသည် မကြာမီပင် ဘီလူးမတို့အလိုသို့ လိုက်ပါ၍ အစားခံရလေ၏။

ဤသို့လျှင် သဒ္ဒါရုံဖြင့်လည်းကောင်း၊ ဂန္ဓာရုံဖြင့်လည်းကောင်း၊ ရသာရုံဖြင့်လည်းကောင်း၊ ဖောဋ္ဌဗ္ဗာရုံဖြင့်လည်းကောင်း ကျန်သော အဖော်လေးယောက်တို့ကို အစဉ်အတိုင်း ဖြားယောင်း၍ စားလေသည် နှင့် မင်းသားတစ်ဦးတည်းသာ ကျန်လေ၏။

ထိုအခါ တစ်ယောက်သောဘီလူးမသည် ဤယောကျ်ားကား အလွန်လျှင် ပညာသတိရှိ၏။ သို့ရာတွင် ဤသူအားလည်း ရအောင် စားပြီးမှ ငါပြန်အံ့ဟု မင်းသားနောက်မှ မိန်းမပျိုယောင်ဆောင်၍ လိုက်သွားလေ၏။

တောအုပ်၌ တောအမှုလုပ် အစရှိသောသူတို့ ဘီလူးမကိုမြင်လျှင် ရှေ့မှသွားသော ယောကျ်ားသည် သင်နှင့် မည်သို့တော်စပ်သနည်းဟု မေးကြ၏။

အမောင်တို့- ဤယောကျ်ားကား ကျွန်ုပ်၏လင်တည်း။

အချင်းယောကျ်ား- ဤသူငယ်မသည် အဆင်းလှပ နူးညံ့စွာ၏။ မိဘကိုစွန့်၍ လင်နောက်သို့ လိုက်ခဲ့၏။ အဘယ်ကြောင့် ဤမိန်းမငယ်ကို မပင်ပန်းစေဘဲ ယူ၍မသွားသနည်း။

အချင်းတို့- ဤမိန်းမသည် ငါ၏မယားမဟုတ်၊ ဘီလူးမတည်း။ ငါ၏အဖော်ငါးယောက်တို့ကို စားအပ်လေပြီ။

အမောင်တို့ ယောကျ်ားမည်သည်ကား အမျက်ထွက်သောအခါ မိမိ၏မယားကိုပင် ဘီလူးမ၊ ပြိတ္တာမ စသည်ဖြင့် ဆိုတတ်ကုန်သည်သာတည်းဟု ဆိုလေ၏။

ဤသို့လျှင် ဘီလူးမသည် အစဉ်အတိုင်း လိုက်သွားရာ ကိုယ်ဝန်ဆောင်မိန်းမအသွင်၊ သားဖွားစသော မိန်းမအသွင်တို့ဖြင့် သားငယ်ကို ရင်ခွင်၌ပိုက်၍ လိုက်၏။ မြင်တိုင်းမြင်တိုင်းသော သူတို့သည် ရှေးနည်းဖြင့်သာလျှင် မေး၏။ မင်းသားလည်း ရှေးနည်းအတိုင်းသာ ဆို၍ သွားလေရာ တက္ကသိုလ်ပြည်သို့ရောက်လာလေ၏။

မင်းသားသည် မြို့တံခါးအနီး ဇရပ်တစ်ခု၌နားနေ၏။ ဘီလူးမကား မင်းသားတန်ခိုးကြောင့် အတွင်းသို့ မဝင်နိုင်ဘဲ ဇရပ်တံခါး၌သာ နေရလေ၏။

ထိုအခါ တက္ကသိုလ်ပြည်မင်းသည် ဥယျာဉ်သို့ ထွက်တော်မူလာရာ ထိုဘီလူးမကိုမြင်လျှင် တပ်စွန်းသည်နှင့် လင်ရှိ လင်မဲ့မေးရာ မင်းသားသည် မိမိ၏လင်ဖြစ်ကြောင်း၊ မင်းသားကလည်း မိမိ၏မယားမဟုတ် ဘီလူးမဖြစ်ကြောင်းတို့ကို လျှောက်လေ၏။ မင်းကြီးကား လင်မဲ့သာတည်းဟုယူ၍ မိဖုရားကြီးအရာ၌ ထား၏။

ညဥ့်အခါ ဘီလူးမသည် ထ၍ငို၏။ မင်းကြီးကမေးသော် အရှင်မင်းကြီး– အကျွန်ုပ်မှာ များစွာသော မိဖုရားတို့အလယ်တွင် နေရ၏။ မိဘဆွေမျိုး အခြေအမြစ်မရှိ၊ လမ်းမှရသော မိန်းမဖြစ်၏ဟု ဆိုကြသော် အကျွန်ုပ် မျက်နှာမဖော်ဝံ့ဘဲ ရှိရပါတော့မည်။ သို့ကြောင့် အကျွန်ုပ်အား တစ်ပြည်လုံး၌ အစိုးရခြင်းကိုလည်းကောင်း၊ အာဏာကို လည်းကောင်း ပေးပါလောဟု ဆိုလေ၏။

မင်းကြီးက မဖြစ်နိုင်ကြောင်း အတန်တန်ဆိုသော် ဘီလူးမက ထိုသို့တပြီးကား နန်းတော်အတွင်း၌သာ အာဏာကို ပေးပါလောဟု ဆို၏။မင်းကြီးလည်း ဘီလူးမ၌ တပ်မက်စွဲလမ်းသည်ဖြစ်၍ ငြင်းဆန်ခြင်းငှာ မတတ်နိုင်ရကား အာဏာကိုပေးရလေ၏။

မင်းကြီးအိပ်ပျော်လျှင်ပင် ဘီလူးမြို့သို့ သွားရောက် ဘီလူးမတို့ကို ခေါ်ခဲ့ပြီးလျှင် မင်းကြီးနှင့်တကွ ယောကျ်ား၊ မိန်းမ၊ ခွေး၊ ကြက် စသည်တို့ပါမကျန် အလုံးစုံကိုစား၍ အရိုးမျှသာ ကြွင်းခဲ့စေ၏။

နံနက်မိုးသောက်သော် အရိုးဖြင့်ပြည့်သော နန်းတော်ကို လူတို့ မြင်ကြရကုန်၏။ ထိုအခါမှ မိမိမယားမဟုတ်။ ဘီလူးမဖြစ်သည်ဟု ပြောဖူးသောယောကျ်ားသည် မှန်သောစကားကိုဆို၏။ ထိုယောကျ်ားသည် သတိပညာနှင့် ပြည့်စုံ၍ အလွန်မြတ်သောသူဖြစ်ရာ၏။ ထိုသူကို မင်းမြှောက်ရသော် ငါတို့တိုင်းပြည် ချမ်းသာလတ္တံ့ဟု မင်းမြှောက်ကြလေ၏။

မင်းသားလည်း တရားသဖြင့်မင်းပြုလျက် သတ္တဝါတို့အကျိုးကို ဆောင်လေသတည်း။

ဆီအပြည့်ရှိသောခွက်ကို ဆီမဖိတ်ရအောင် သတိကြီးစွာဖြင့် ဆောင်သကဲ့သို့ အာရုံငါးပါး၌ တွေ့နေ့တို့ကို သတိကြီးစွာစောင့်ထိန်းရာ၏။

ဇာတ်ပေါင်းသော်–
မင်းသားသည် ဘုရား ဖြစ်လာ၏။
တက္ကသိုလ် မင်း၏ပရိသတ်သည် ဘုရား၏ပရိသတ် ဖြစ်လာ၏။

❒

## ဧကနိပါတ်။

## ၆၀။ ကူဋဝါဏိဇဇာတ် ၆၈
## (ကူဋ = စဉ်းလဲကောက်ကျစ်သော၊ ဝါဏိဇ = ကုန်သည်။)

## ကောက်ကျစ်သော ကုန်သည်အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ ရှိတော်မူစဉ် ကုန်သည်နှစ်ယောက်သည် အတူကုန်သွယ်၍ ဥစ္စာအတန်ရကြ၏။ ထိုအခါ တစ်ယောက်သောကုန်သည်ကား ကောက်ကျစ်သည်ဖြစ်၍ ငါ၏အဖော်သည် ကုန်သွယ်စဉ်က အစားကောင်းမစားရ ပင်ပန်း၏။ ယခုမူကား အေးချမ်းစွာဖြင့် အစားကောင်းအသောက်ကောင်းတို့ကို စားရသည်ဖြစ်ရကား အစာမကြေဘဲ မကြာမီ သေလတ္တံ့။ ထိုအခါက ဥစ္စာပစ္စည်းတို့ကို မရဘဲ ငါချည်းသာ ရလတ္တံ့ဟု ကြံ၍ ဥစ္စာပစ္စည်းတို့ကို နက်ဖြန် ခွဲဝေမည်၊ သန်ဘက်ခွဲဝေမည်ဟု လှည့်ပတ်ကာနေလေ၏။

ကြာမြင့်သော် ၎င်း၏အဖော်သည် သည်းမခံနိုင်ဘဲ အတင်းအကျပ်နှိပ်၍ အဝေခိုင်းပြီးမှ ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်လေ၏။

ထိုအခါ မြတ်စွာဘုရားက ယခုသာမဟုတ် ရှေးကလည်း ကောက်ကျစ်ဖူးလေပြီဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ဗာရာဏသီပြည်၌ ပဏ္ဍိတမည်သောကုန်သည် တစ်ယောက်နှင့် အတိပဏ္ဍိတအမည်ရှိသော ကုန်သည်တို့သည် စပ်တူ ပြု၍ ကုန်သွယ်ရာ ဥစ္စာအတန်ပင်ရကြ၏။ ထိုရသောဥစ္စာကို ခွဲသော အခါ အတိပဏ္ဍိတက ဥစ္စာကို သုံးစုစု၍ မိမိသည် နှစ်စုရထိုက်သည် ဟု ဆိုလေ၏။ ထိုအခါ ပဏ္ဍိတက ငါတို့သည် ငွေရင်း၊ ဘဏ္ဍာ၊ လှည်း၊ နွား စသည်တို့၌ အညီအမျှပါဝင်ကြလျက် အဘယ်ကြောင့် သင်ကနှစ်စုရထိုက်သနည်း မေးသော်။ သင့်အမည်မှာ ပဏ္ဍိတ(ပညာရှိ သူ)မျှသာ ဖြစ်သည်။ ငါ့အမည်ကား အတိပဏ္ဍိတ (အလွန်ပညာရှိသူ) ဖြစ်လေရာကား အသင့်ထက်ပိုလွန်သည်ဖြစ်၍ ငါ နှစ်စုရထိုက်ပေ သည်ဟု ပြန်ပြောလေ၏။

ဤသို့ အငြင်းအခုံဖြစ်ပွားကြပြီးသော် အတိပဏ္ဍိတသည် အမှု ကို ဥပါယ်ဖြင့် နိုင်အံ့ဟု မိမိ၏အဖကို စကားထည့်၍ သစ်ခေါင်း တစ်ခုတွင် ထည့်သွင်းထားလေ၏။

ထို့နောက် အတိပဏ္ဍိတက အဆွေပဏ္ဍိတ– ငါတို့၏ အငြင်း အခုံကို ရက္ခစိုးနတ်မင်းအား ဆုံးဖြတ်စေအံ့၊ လာလောဟုဆို၍ ထို သစ်ပင်သို့ သွားကြပြီးလျှင် အရှင်ရက္ခစိုး– အကျွန်ုပ်တို့သည် ဤသို့ ဤသို့ အငြင်းအခုံဖြစ်ကြပါသည်။ ဆုံးဖြတ်တော်မူပါလောဆိုလေ၏။

အဖကလည်း အသံကိုဖျက်၍ ထိုသို့ဖြစ်လျှင် အတိ(အလွန်) ဟူသော နာမည်ပိုသူ အတိပဏ္ဍိတ နှစ်စုရသင့်သည်ဟု ဆုံးဖြတ်လေ ၏။

ပဏ္ဍိတလည်း မသင်္ကာသည်ဖြစ်၍ နတ်ဟုတ်သည် မဟုတ် သည်ကို သိရအံ့ဟု သစ်ခေါင်းတွင်းသို့ ကောက်ရိုးသွင်း၍ မီးတိုက် လေ၏။ အတိပဏ္ဍိတ၏အဖသည် ကိုယ်ထက်ဝက်ကို မီးမြိုက်လေ သည်နှင့် အထက်သို့ အလုအယက်တက်၍ သစ်ကိုင်းမှ တွဲလျားဆွဲ လျက် မြေသို့ဆင်းသက်ပြီးလျှင်

လောကဌ် ပညာရှိသောသူ မည်သည်ကား ကောင်းပါ၏။ အမည်မျှဖြင့် အလွန်ပညာရှိသောသူဟု တွင်၍ စဉ်းလဲကောက်ကျစ်သူကား မကောင်းလေ။ အကြောင်းမူကား အလွန်ပညာရှိသူဟု အမည်တွင်သော သားကြောင့် ငါအဖမှာ မီးအလောင်ခံရလေပြီတကားဟု ဆို၍ ပြေးလေ၏။

ပြီးမှ ညီတူညီမျှ ခွဲဝေယူကြလေသတည်း။
ဇာတ်ပေါင်းသော်–
အတိပဏ္ဍိတသည် စဉ်းလဲသောကုန်သည် ဖြစ်လာ၏။
ပဏ္ဍိတသည် ဘုရား ဖြစ်လာ၏။

❒

## ကေနိပါတ်။

### ၆၁။ အသာတရူပဇာတ် ၁၀၀

## ရှင်သီဝလိအကြောင်း

မြတ်စွာဘုရားသည် ကုဏ္ဍိယမြို့၊ ကုဏ္ဍိယ ဥယျာဉ်၌ နေတော်မူစဉ် သုပ္ပဝါသာမည်သော သီတင်းသည် ကောဠိယမင်းသမီးသည် ကိုယ်ဝန် ၇ နှစ်ပတ်လုံးဆောင်၍ ၇ ရက်ပတ်လုံး ဖွားရ၏။ ဤဆင်းရဲတို့မှာ အလွန်ပြင်းထန်သဖြင့် မိန်းမောခြင်းသို့ပင် မကြာမကြာ ရောက်ရ၏။

ထိုဒုက္ခတို့ကို ခံရစဉ်၌ ရတနာသုံးပါးကိုသာ စွဲစွဲမြဲမြဲ အားထားကာ ကြည်း၍ခံ၏။ ဤသို့ ရတနာသုံးပါးကို စွဲမြဲကြောင်း၊ မြတ်စွာဘုရားအား ရှိခိုးလိုက်ပါကြောင်းများကို မိမိ၏လင်ကိုစေ၍ မြတ်စွာဘုရားအား

လျှောက်စေ၏။ မြတ်စွာဘုရားကလည်း သုပ္ပဝါသာ ချမ်းသာစေသတည်း။ ရောဂါကင်းသောသားကို ဖွားစေသတည်းဟု မိန့်တော်မူ၏။

လင်ပြန်လာသောအခါ ချမ်းသာစွာ ဖွားမြင်ပြီးကြောင်း တွေ့ရလေသော် မြတ်စွာဘုရား၏ တန်ခိုးတော်၌ အံ့သြကြည်ညိုခြင်း ဖြစ်၏။

သုပ္ပဝါသာလည်း ခုနစ်ရက်ရပြီးသော သားငယ် သီဝလိ ကုမာရကို တန်ဆာဆင်၍ ဘုရားအစရှိသော သံဃာတော်တို့ကို ရှိခိုးစေ၏။

အစဉ်အတိုင်း ရှိခိုးစေ၍ အရှင်သာရိပုတ္တရာအလှည့်ရောက်သော် ထိုအရှင်က သီဝလိ- အသင်ချမ်းသာပါ၏လောဟု နှုတ်ဆက်တော်မူ၏။ အရှင်ဘုရား- အကျွန်ုပ် အဘယ်မှာ ချမ်းသာပါအံ့နည်း။ ငရဲပြည်၌ကဲ့သို့ အမိဝမ်းတွင် ခုနစ်နှစ်နေရ၏တကားဟု ပြန်၍လျှောက်ပေ၏။

အမိသည်လည်း မိမိ၏ ခုနစ်ရက်မျှရှိသေးသောသားက ဘုရားငယ် ဖြစ်သော အရှင်သာရိပုတ္တရာနှင့် စကားပြောနိုင်သည်ကို အထူးဝမ်းမြောက်မိလေ၏။

သီဝလိသည် ခုနစ်နှစ်အရွယ်ရောက်သော် သာမဏေပြု၍ အသက်နှစ်ဆယ်၌ ရဟန်းပြုလေ၏။ အလွန်တန်ခိုးကြီး၏။ မြတ်သော လာဘ်လာဘနှင့် ပြည့်စုံ၏။ ဘုန်းတန်ခိုးကြီးသော တပည့်သားသံဃာတို့တွင် ဧတဒဂ် ရတော်မူ၏။

သီဝလိထေရ်၏ သန္ဓေတည်ရ ဖွားရပုံ၊ တန်ခိုးကြီးပုံ၊ လာဘ်လာဘ ပေါများပုံများကို ရဟန်းတို့ကမေးလျှောက်သဖြင့် မြတ်စွာဘုရားက အောက်ပါအတိုင်း ရှေးကံရင်းကို ဟောတော်မူသည်။

ရှေးသောအခါ ကောသလမင်းသည် ဗာရာဏသီမင်းကို တိုက်ခိုက်သတ်ဖြတ်၍ ဗာရာဏသီပြည်ကို ယူပြီးလျှင် ဗာရာဏသီမင်း၏ မိဖုရားကြီးကိုလည်း မိမိ၏မိဖုရားပြုလေ၏။

ဗာရာဏသီမင်း၏ သားတော်သည်ကား လက်လွတ်ထွက်ပြေးပြီးနောက် လူစု၍ ကောသလမင်းကို စစ်ထိုးအံ့ဟု စေသည်ကို အမိ

မိဖုရားကြီးကြားသော် စစ်မတိုက်လင့် အစာရေစာပြတ်အောင် ဗာရာဏသီမြို့ကို ရံထားလော။ လူတို့ အစာရေစာပြတ်သော် မြို့ကို အလွယ်နှင့် ရလတ္တံ့ဟု တိတ်တဆိတ် စေလိုက်၏။

မင်းသားလည်း ဆိုတိုင်းပြုသော် ခုနစ်ရက်မျှနှင့်ပင် မြို့တွင်းသားတို့ အသွားအလာပြတ်၍ အစာရေစာ ငတ်ကြကုန်သဖြင့် ကောသလမင်း၏ ခေါင်းကိုဖြတ်၍ မင်းသားအား ပေးကြလေ၏။ မင်းသားလည်း ဗာရာဏသီတွင် မင်းပြုလေ၏။

ထိုမင်းသားသည် ဤသို့ မြို့ကို ခုနစ်ရက် ဆို့ပိတ်ဝန်းရံခဲ့ဖူးသည့်ကံကြောင့် ခုနစ်နှစ် အမိဝမ်းတွင်နေရ၍ ခုနစ်ရက်ဖွားရ၏။ ထိုမှတစ်ပါး ရှေးဘဝက ပဒုမုတ္တိုရ် မြတ်စွာဘုရားထံ၌ ကြီးစွာသော အလှူကိုလှူ၍ လာဘ်လာဘများသော သာဝကတို့တွင် မြတ်သော သာဝကဖြစ်စေသတည်းဟု ဆုတောင်းခဲ့ဖူး၏။ ဝိပဿီ မြတ်စွာဘုရား လက်ထက်တော်၌လည်း မြို့သူတို့နှင့်တကွ အဖိုးတစ်သိန်းထိုက်သော နို့ဓမ်းခဲကိုလှူ၍ ဆုတောင်းခဲ့၏။ ထိုဆုတောင်းတို့ကြောင့် လာဘ်အများဆုံးရသော သာဝကဖြစ်လာခဲ့၏။

မယ်တော် သုပ္ပဝါသာသည်လည်း ဗာရာဏသီပြည်ကို ဝန်းရံစေရန် သားကိုစေဖူးသည့်ကံကြောင့် ကိုယ်ဝန်ခုနစ်နှစ်လွယ်၍ ခုနစ်ရက် ဖွားရခြင်းတည်းဟူသော ဝေဒနာဆင်းရဲခြင်းကို ခံရလေသတည်း။

ဇာတ်ပေါင်းသော်–
မင်းသားသည် သီဝလိ ဖြစ်လာ၏။
မယ်တော်သည် သုပ္ပဝါသာ ဖြစ်လာ၏။
ခမည်းတော်သည် ဘုရား ဖြစ်လာ၏။

❒

ကောနိပါတ်။

၆၂။ သာလိတ္တကဇာတ် ၁၀၇

## ကျောက်စရစ်ပစ်တတ်သော 'ခွေ့'အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ ရှိတော်မူစဉ် ကျောက်စရစ်ပစ်သောအတတ်၌ အပြီးသို့ရောက်သော ရဟန်းတစ်ပါးသည် အဖော် ပဋ္ဌင်းငယ်တစ်ပါးနှင့် အစိရဝတီမြစ်နားသို့ ရေချိုးသွားကြ၏။ ထိုအခါ ဟင်္သာနှစ်ကောင်ပျံလာရာ ထိုကျောက်စရစ်ပစ်တတ်သော ရဟန်းက ပဋ္ဌင်းငယ်အား နောက်ဟင်္သာကို ကျောက်စရစ်ဖြင့် မျက်စိကိုပစ်၍ ခြေရင်း၌ ကျစေအံ့ဟု ဆို၏။ ပဋ္ဌင်းငယ်က မယုံဟုဆိုလေလျှင် ဤဘက်မျက်စိကိုထားဘိဦး ထိုဘက်မျက်စိကို ထွင်း၍သွားအောင်ပစ်အံ့ဟု ဆိုပြီးလျှင်...

ရှေးဦးစွာ ထက်စွာသောကျောက်စရစ်ကို ဟင်္သာ၏နောက်သို့ ပစ်လိုက်ရာ ရန်းဟူသော အသံကို ဖြစ်စေ၏။ ဟင်္သာလည်း ရန်လာသည်ဖြစ်ရာ၏ဟု ပြန်၍အကြည့်တွင် လုံးသောကျောက်စရစ်ဖြင့် ဤဘက်သို့ရောက်လာသော မျက်စိကို ပစ်လိုက်၏။ ထိုဘက်သို့ရောက်သော မျက်စိကိုပါ ထွင်း၍သွားလေ၏။ ဟင်္သာလည်း ပြင်းစွာအော်မြည်လျက် ခြေရင်း၌ ကျလေ၏။

ဤအကြောင်းကို ရဟန်းတို့သိမြင်လေလျှင် သင်သည် ရဟန်းတို့အား မလျောက်ပတ်သောအမှုကို ပြုလေသည်ဟု ကဲ့ရဲ့၍ မြတ်စွာဘုရားထံသို့ ပို့လေ၏။ မြတ်စွာဘုရားလည်း ထိုရဟန်းကို ကဲ့ရဲ့တော်မူ၍ ဤရဟန်းသည် ဤအတတ်၌ ရှေးကလည်း လိမ္မာဖူးသည်သာတည်းဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီမင်း၌ အလွန်စကားများသော ပုရောဟိတ်ပုဏ္ဏားသည် ရှိ၏။ ထိုပုဏ္ဏားပြောသည်ရှိသော်

အခြားသောသူတို့ ပြောခွင့်ကို မရနိုင်ကုန်။ မင်းကြီးလည်း ထိုပုဏ္ဏား စကားနည်းအောင် မည်သို့ပြုရအံ့နည်းဟု ကြံလျက်နေ၏။

ထိုအခါ ကျောက်စရစ်ပစ်သောအတတ်၌ အပြီးသို့ရောက်သော ငဆွံ့ကို ရွာသားသူငယ်တို့သည် ရွှေငွေပေးကမ်းလျက် မြို့တံခါးရှိ ပညောင်ပင်တစ်ပင် အရွက်တို့၌ ဆင်ရုပ်၊ မြင်းရုပ် စသောသဏ္ဌာန်တို့ ကိုပစ်စေ၏။ ဤသို့လျှင် ခပ်သိမ်းသောအရွက်တို့၌ အပေါက်ကြီး အပေါက်ငယ်တို့သည် ဖြစ်ကုန်၏။

တစ်နေ့သော် မင်းကြီးသည် ထိုညောင်ပင်အောက်သို့ရောက်ရှိ၊ အရွက်တို့၌ အထူးထူးသော အရုပ်သဏ္ဌာန်တို့ကိုမြင်၍ မေးမြန်းရာ ငဆွံ့၏အကြောင်းကို သိရသည်နှင့် ငဆွံ့၏ပညာဖြင့် ထိုပုဏ္ဏားကို စကားနည်းအောင်ပြုအံ့ဟု၊ ငဆွံ့ကို နန်းတော်သို့ ခေါ်ဆောင်ခဲ့ပြီးလျှင် ငဆွံ့အား ငါ၏စကားများသော ပုဏ္ဏားတစ်ယောက်ရှိ၏။ စကား နည်းအောင်ပြုလောဟု ဆိုလေ၏။

ထိုအခါ ငဆွံ့သည် ပုဏ္ဏားနေရာ၏ ရှေ့တူရူ မနီးမဝေးတွင် တင်းတိမ်တွင်း၌ ဆိတ်ချေးချောက်တစ်ကွမ်းစား (တစ်စလယ်)လောက် နှင့် နေ၏။ တင်းတိမ်တွင်လည်း အပေါက်ငယ်တစ်ခု ဖောက်ထား၏။

ပုဏ္ဏားနှင့်တကွ မှူးမတ်စုံညီတို့ ခစားလတ်သော် ပုဏ္ဏားသည် ခါတိုင်းကဲ့သို့ပင် သူတစ်ပါးတို့အား အခွင့်မပေးဘဲ မိမိသာလျှင် အစဉ်မပြတ် စကားဆိုလေ၏။

ထိုအခါ ငဆွံ့သည် တင်းတိမ်ပေါက်မှ ပါးစပ်ဟလေတိုင်း တစ်လုံးတစ်လုံးသော ဆိတ်ချေးတို့ကို ပုဏ္ဏား၏ခံတွင်းသို့ ပစ်သွင်း လိုက်၏။ ပုဏ္ဏားသည် ဝင်တိုင်းဝင်တိုင်းသော ဆိတ်ချေးတို့ကို အပြော လောဘကြီးသောကြောင့်လည်းကောင်း၊ ပရိသတ်ရှေ့တွင် ထွေးပစ်ရန် ရှက်သောကြောင့်လည်းကောင်း မျို၍ မျို၍ ချရလေ၏။

ဤနည်းဖြင့် ဆိတ်ချေးကုန်သော် မင်းကြီးက ဆရာပုရောဟိတ်သင်သည် အလွန်စကားများသည်ဖြစ်၍ အသင့်ဝမ်းတွင်းသို့ ဆိတ်ချေးတစ်ကွမ်းစား ရောက်လေပြီးသည်ကို မသိယောင်တကား။ အိမ်သို့ပြန်၍ ဝမ်းနုတ်လေလောဟု ဆိုလေ၏။

ပုဏ္ဏားသည် ထိုနေ့မှစ၍ စကားအလျဉ်းမပြောတော့ချေ။ ခံတွင်းမရှိသကဲ့သို့ ဖြစ်လေ၏။

မင်းကြီးလည်း ငဆွံ့အား နားချမ်းသာအောင် ပြုပေသည်ဟု အခွန်တစ်သိန်းထွက်သော ရွာလေးရွာကို ပေးလေ၏။

ထိုအခါ မင်းကြီး၏ ပညာရှိအမတ်တစ်ပါးက မြတ်သောမင်းကြီး အမှတ်မထင်သောအတတ်သည်လည်း ကောင်းသည်သာလျှင်တည်း။ ငဆွံ့သည် ဆိတ်ချေးပစ်ခြင်းဖြင့် အခွန်တစ်သိန်းထွက်သော ရွာလေးရွာကို ရလေသည်ကို အရှင်မင်းကြီး ရှုတော်မူပါလောဟု လျှောက်လေသတည်း။

(က) စကားများလျှင် အမှားပါသည်။

(ခ) မည်သည့်အတတ်မဆို အထိုက်အလျောက် အသုံးကျ၏ ။

ဇာတ်ပေါင်းသော်–

ငဆွံ့သည် ထိုရဟန်း ဖြစ်လာ၏။

မင်းကြီးသည် ရှင်အာနန္ဒာ ဖြစ်လာ၏။

ပညာရှိအမတ်သည် ဘုရား ဖြစ်လာ၏။

❒

## ဧကနိပါတ်။

## ၆၃။ သိင်္ဂါလဇာတ် ၁၁၃
## (သိင်္ဂါလ = မြေခွေး)

## လှည့်စားတတ်သော မြေခွေးအကြောင်း

မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် တစ်နေ့၌ ရဟန်းတို့သည် ငါ့ရှင်တို့ ဒေဝဒတ်သည် မြတ်စွာဘုရားမှ သင်းခွဲလျက် ရဟန်းငါးရာကိုယူ၍ ဂယာသီသသို့ သွားပြီးလျှင် ဘုရားအကျင့်သည် တရားမဟုတ်၊ မိမိအကျင့်သာ တရားဟုတ်၏ဟု မမှန်ကန် လှည့်ဖျားကာ ပြောဟော၏ဟု ဒေဝဒတ်၏ ကျေးဇူးမဲ့စကားကို ဆိုကြကုန်၏။ မြတ်စွာဘုရား ကြားသော် ယခုသာမဟုတ်၊ ရှေးကလည်း လှည့်စားတတ်သည်သာ တည်းဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ နက္ခတ်ပွဲသဘင်ကျ၍ လူတို့သည် နက္ခတ်ပူဇော်ရန်ဟု လမ်းဆုံလမ်းမ စသည်တို့၌ ငါးအမဲ စသော စားဖွယ်သောက်ဖွယ်တို့ကိုလည်းကောင်း အိုးကင်းငယ်တွင်ထည့်၍ သေတို့ကိုလည်းကောင်း ထားကြကုန်၏။

ထိုအခါ မြေခွေးတစ်ကောင်သည် ညဥ့်အခါ ပြွန်ပေါက်ဖြင့် မြို့တွင်းသို့ဝင်၍ ထိုငါးအမဲ သေတို့ကို စားသောက်ပြီးလျှင် ချုံတစ်ခုတွင် အိပ်နေလေ၏။ နိုးသော် မိုးအတန်လင်းနေပြီဖြစ်၍ မြို့မှ မထွက်ဝံ့ဘဲ မည်သို့ထွက်ရမည်ကို အကြံယူလျက်နေလေ၏။

ထိုခဏ၌ ပုဏ္ဏားတစ်ယောက်သည် မျက်နှာသစ်အံ့သောငှာ ထွက်လာသည်ကိုမြင်သော် ပုဏ္ဏားတို့သည် ဥစ္စာကို တပ်မက်တတ်၏။ ဥစ္စာဖြင့်လှည့်စား၍ ငါ့အား မြို့မှထုတ်စေအံ့ဟု ကြံပြီးလျှင်

ပုဏ္ဏား- ငါ့၌ ငွေအသပြာနှစ်ရာရှိ၏။ ငါ့ကို သင် လက်ကတီး ကြား၌ထားကာ အဝတ်ဖြင့်ဖုံးလွှမ်းလျက် လူသူမမြင်အောင် ငါ့ကို မြို့မှထုတ်နိုင်သော် သင့်အား ထိုအသပြာနှစ်ရာပေးအံ့ဟု ဆိုလေ၏။

ပုဏ္ဏားလည်း ဥစ္စာ၌ တပ်မက်သည်ဖြစ်၍ ဆိုသည့်အတိုင်း မြို့မှ ထုတ်ယူသွား၍ မြို့နှင့်အတန်ဝေးသော သုသာန်၌ မြေခွေးကို ချလေ၏။

မြေခွေးကလည်း အသင်ပုဏ္ဏား- ဥစ္စာထည့်ရန် သင်၏ကိုယ်ရုံ ပုဆိုးဖြူကို ဤနေရာတွင် ဖြန့်ခင်းထားခဲ့၍ ထိုသစ်ပင်ရင်းတွင် အသပြာ ကို သွားရောက်တူးယူလေလောဟု ဆို၏။

ပုဏ္ဏားသည် ဖြန့်ခင်းပြီး၍ သွားတူးနေစဉ် မြေခွေးသည် ပုဆိုး ဖြူထက်သို့တက်၍ ကျင်ကြီးကျင်ငယ်အနံ့စွန့်လျက် လိမ်းကျံစွတ်စို ပေရေစေပြီးမှ တောသို့ဝင်ပြေးလေ၏။

ထိုအခါ သုသာန်တောရှိ ရုက္ခစိုးသည် ထိုအဖြစ်အပျက်တို့ကို မြင်သော် ပုဏ္ဏား- သင်သည် သေသောက်သောမြေခွေး၏စကားကို ယုံကြည်သလော။ ယောက်သွားတစ်ရာမျှမရှိဘဲလျက်နှင့် အသို့လျှင် အသပြာနှစ်ရာ ရရှိနိုင်အံ့နည်း။ သွားလေ ပုဆိုးကိုလျှော် ကိုယ်ကို ရေချိုးပြီးလျှင် ကိုယ့်အမှုကိုသာ ပြုလေလောဟု ဆို၍ ကွယ်လေ၏။ ပုဏ္ဏားလည်း နှလုံးမသာဘဲ ပြန်ရလေသတည်း။

ဇာတ်ပေါင်းသော်-
မြေခွေးသည် ဒေဝဒတ် ဖြစ်လာ၏။
ရုက္ခစိုးသည် ဘုရား ဖြစ်လာ၏။

❐

ဧကနိပါတ်။

၆၄။ မိတစိန္တိဇာတ် ၁၁၄
(မိတ = သိနားလည်သော။ စိန္တိ = ကြံခြင်း)

## ပျင်းရိသော ငါးတို့အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းကြီးနှစ်ပါးသည် ဇနပုဒ်တောကျောင်း၌ ဝါဆိုပြီး၍ မြတ်စွာဘုရားထံ အဖူးအမြော် သွားအံ့ဟု ရိက္ခာတို့ကို စီရင်ပြီးမှ နက်ဖြန်သွားမည် သန်ဘက် သွားမည် စသည်ဖြင့် မသွားဖြစ်ဘဲ သုံးလကျော်လွန်မှ မြတ်စွာဘုရားထံသို့ သွားဖြစ်ကြလေ၏။

ဇေတဝန်ကျောင်းတော်ရှိ ရဟန်းတို့သည် ထိုရဟန်းကြီးတို့၏ အရောက်နောက်ကျ ပျင်းရိဖင့်နွှဲကြသည်ကို ကဲ့ရဲ့ပြစ်တင်ကြသောအခါ မြတ်စွာဘုရားက ယခုသာမဟုတ် ရှေးကလည်း ပျင်းရိတပ်စွန်းခြင်း ရှိကြသည်သာတည်းဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီမြစ်၌ မိတစိန္တိ (သိနားလည်သော)၊ ဗဟုစိန္တိ(အကြံများသော)၊ အပ္ပစိန္တိ (အကြံနည်းသော)ဟူသော ငါးသုံးကောင်ရှိ၏။ ထိုငါးတို့သည် လူ့ပြည်သို့လာ၍ ကျက်စားကြရာ အတန်ကြာသော် မိတစိန္တိက အချင်းတို့- လူ့ပြည်မည်သည်ကား ဘေးရန်များ၏။ တံငါတို့ရန်လည်းကြီး၏။ သို့ကြောင့် တောသို့ပြန်ကြကုန်အံ့ဟုဆို၏။

အခြားနှစ်ကောင်သည်ကား ပျင်းရိသည်ဖြစ်၍လည်းကောင်း၊ နေရာ၌ တပ်စွန်းသည်ဖြစ်၍လည်းကောင်း ယနေ့ပြန်မည်၊ နက်ဖြန် ပြန်မည်နှင့်သာ သုံးလကို လွန်စေ၏။

ထိုအခါ တံငါတို့ကွန်ပစ်ရာတွင် ထိုပျင်းသော ငါးနှစ်ကောင်သည် ရှေ့မှသွားရာ ကွန်နံ့ကို အမှတ်မထားဘဲ ကွန်ဝမ်းတွင်းသို့ ဝင်ရောက်သွားလေ၏။

မိတစိန္တိသည်ကား နောက်မှသွားသည်ရှိသော် ကွန်နံ့ကိုသိ၍ ထိုငါးနှစ်ကောင် ကွန်ဝမ်းသို့ ဝင်မိကြောင်းကို သိလေ၏။ ထိုအခါမှ ထိုငါးမိုက်နှစ်ကောင်ကို ကယ်ဆယ်အံ့ဟုကြံ၍ ကွန်၏အပြင်အပြစ်သော နံပါးအနီးဖြင့် ကွန်ဝမ်းတည်ရာအရပ်သို့သွားပြီးလျှင် ကွန်ဝမ်းကို ခွဲထွက်သည့်အဟန် ရေကိုနှောက်နယ်၍ ကွန်ရှေ့၌ ကျစေ၏။ တစ်ဖန် ကွန်ဝမ်းသို့ဝင်၍ နောက်အဖို့ဖြင့် ခွဲထွက်သည်အဟန် ရေကိုနှောက်နယ်၍ နောက်အဖို့၌ကျစေ၏။

ထိုအခါ တံငါတို့သည် ကွန်ကိုခွဲ၍ ထွက်ကုန်ပြီထင်မှတ်သည်နှင့် ကွန်စွန်း၌ကိုင်၍ ချီကုန်၏။ ထိုအခါမှ ပျင်းသောငါးနှစ်ကောင်သည် ကွန်မှလွတ်၍ ရေ၌ကျလေကုန်သဖြင့် အသက်ချမ်းသာကြလေသတည်း။

**ယနေ့ပြီးနိုင်သောအမှုကို နက်ဖြန်သို့ မရွှေ့ဆိုင်းရာ။**

ဇာတ်ပေါင်းသော်–

ပျင်းသောငါးနှစ်ကောင်သည် ရဟန်းကြီးနှစ်ပါး ဖြစ်လာ၏။

မိတစိန္တိသည် ဘုရား ဖြစ်လာ၏။

ဧကနိပါတ်။

၆၅။ အနုသာသိကဇာတ်  ၁၁၅

## သူတစ်ပါးကိုသာ ဆုံးမ၍ မိမိမကျင့်သောငှက်အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းမိန်းမတစ်ယောက်သည် အခြားရဟန်းမိန်းမတို့ အရောက်အပေါက်နည်းသော အရပ်တစ်ခုသို့ ဆွမ်းအလို့ငှာ သွားလေ့ရှိ၏။ ထိုအရပ်ရှိလူတို့သည် စေတနာဖြော့စွာနှင့် မွန်မြတ်သော ဆွမ်းသောဇဉ်တို့ကို လှူကုန်၏။

ထိုရဟန်းမိန်းမသည် ရသာတဏှာ၌ တပ်မက်မောသည်ဖြစ်၍ အခြားရဟန်းမိန်းမတို့ ထိုအရပ်သို့ မသွားရောက်စေလိုသောကြောင့် ထိုအရပ်၌ ကြမ်းသော ဆင်၊ မြင်း၊ ဆိတ်၊ ခွေး စသည်တို့သည် ရှိ၏။ ဘေးအပေါင်းနှင့် ပြည့်၏။ ထိုအရပ်သို့ မသွားကြကုန်လင့်ဟု ခြောက်လှန့်ထားလေ၏။ ရဟန်းမိန်းမတို့လည်း အကယ်ထင်၍ ထိုအရပ်သို့ မသွားမလာ နေကြကုန်၏။

ထို့နောက် များမကြာမီ ထိုရဟန်းမိန်းမသည် ထိုအရပ်သို့သွားရာ အိမ်တစ်အိမ်သို့ လျင်မြန်စွာဝင်လေသော် ကြမ်းသော ဆိတ်တစ်ကောင်သည် ထိုမိန်းမ၏ပေါင်ကို ခတ်၍ ကျိုးစေ၏။

ဤအကြောင်းကို လူတို့ဘောင်တွင်လည်းကောင်း၊ ရဟန်းတို့ဘောင်တွင်လည်းကောင်း ပြောဆိုကြရာ မြတ်စွာဘုရားက ရှေးကလည်း ဤသို့ပင် မိမိပြောတိုင်းမကျင့်၍ ဆင်းရဲကြီးစွာ ရောက်ဖူးလေပြီဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ငှက်တစ်အုပ်တွင် ငှက်မတစ်ကောင်သည် လှည်းလမ်းတို့၌ကျသော စပါးစေ့၊ ပဲစေ့ စသည်တို့ကို ကောက်ယူစားသောက်၍ ဝဖြိုးခြင်းရှိလေ၏။ အခြားငှက်တို့ လာရောက်စား

သောက်မည်စိုး၍ ထိုအရပ်၌ တောသားတိရစ္ဆာန် လှည်းယာဉ်စသည် ဖြင့် ထိခိုက်တတ်သော ဘေးရန်များ၏။ မသွားကြလင့်ဟု အခြားငှက် တို့ကို ဆုံးမလေ့ရှိ၏။ သို့ကြောင့်လည်း အနုသာသိကာဟူသော အမည် တွင်၏။

ထို့နောက် မကြာမီပင် ထိုလမ်းမ၌ သွားရောက်ကျက်စားရာ အလွန်လျင်မြန်သော လှည်းယာဉ်တစ်ခုသည် နင်းဖြတ်သွားသည်နှင့် သေလေ၏။

ထိုအကြောင်းကို ငှက်အုပ်တွင် အုပ်ချုပ်သော ငှက်မင်းကြီး ကြားသော် ငှက်အပေါင်းတို့အား ထိုငှက်မသည် မိမိကိုယ်တိုင်မကျင့် ဘဲလျက် သူတစ်ပါးတို့ကို ဆုံးမတတ်၏။ သို့ကြောင့်လည်း လှည်းဘီး နင်း၍ သေရချေသည်ဟု ပြောဆိုဆုံးမလေသတည်း။

ဇာတ်ပေါင်းသော်–
ငှက်မသည် ရဟန်းမိန်းမ ဖြစ်လာ၏။
ငှက်မင်းသည် ဘုရား ဖြစ်လာ၏။

❐

## ကောနိပါတ်။

## ၆၆။ ဒုဗ္ဗစဇာတ် ၁၁၆
## (ဒုဗ္ဗစ = ပြောဆိုရန်ခက်သည်၊ အပြောခက်သည်။)

## မနိုင်သည်ကိုပြု၍ ပျက်စီးခြင်းအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဆိုဆုံးမသည်ကို မနာယူ ဆိုနိုင်ခက်သော ရဟန်းတစ်ပါးကိုစွဲ၍ အောက်ပါ ဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ လုံခုန်တတ်သော ဆရာတပည့်နှစ်ယောက်တို့သည် အတတ်ကိုပြလျက် သွားကြ၏။ ဆရာသည် လုံလေးစင်းက ပို၍မခုန်တတ်လေ။

တစ်နေ့၌ ရွာငယ်တစ်ခုတွင် အတတ်ကိုပြသည်ရှိသော် ဆရာသည် သုရာယစ်သည်ဖြစ်၍ လုံငါးစင်းကို ခုန်မည်ဟု အားထုတ်ရာ တပည့်က ဆရာ– လုံငါးစင်းခုန်သောအတတ်ကို ဆရာတတ်သည် မဟုတ်၊ မပြလေလင့်၊ ပြလျှင် ငါးစင်းမြောက်သောလုံသည် စူး၍သေလတ္တံ့ဟု ဆို၏။

ဆရာကား ယစ်သည်နှင့် တပည့်စကားမယူဘဲ ပြသလေရာ လုံလေးစင်းအလွန် ငါးစင်းမြောက်လုံတွင် သီလျက် သေဆုံးရလေ၏။

ထိုအခါ တပည့်သည် ငါ့ဆရာကား မနိုင်သည်ကို ပြုသဖြင့် ပျက်စီးရလေသည်ဟု ဆိုမည်လေသတည်း။

ဇာတ်ပေါင်းသော်–

ဆရာသည် ဆိုနိုင်ခက်သောရဟန်း ဖြစ်လာ၏။

တပည့်သည် ဘုရား ဖြစ်လာ၏။

❐

## ဧကနိပါတ်။

## ၆၇။ တိတ္တိရဇာတ် ၁၁၇
## (တိတ္တိရ = ခါ)

## နှုတ်ကြောင့် ပျက်စီးရခြင်းအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကောကာလိကမည်သော ရဟန်းတစ်ပါးသည် အရှင်သာရိပုတ္တရာ၊

အရှင်မောဂ္ဂလာန် အဂ္ဂသာဝကနှစ်ပါးတို့ကို မကောင်းစွပ်စွဲ၊ ဆဲရေးနှုတ်ဖြင့် ပြစ်မှားသည်နှင့် အိုင်းအမာပေါက်၍ သေသည်၏အခြားမဲ့၌ ပဒုမငရဲတွင် ဖြစ်လေ၏။

ဤအကြောင်းကို ရဟန်းဘောင်၌ စကားဖြစ်ကြရာ မြတ်စွာဘုရားက ယခုသာမဟုတ် ရှေးကလည်း နှုတ်ကိုမှီ၍ ပျက်စီးဖူးလေပြီဟု အောက်ပါ ဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ဟိမဝန္တာ၌ ရသေ့ငါးရာတို့ ရှိကြရာ တစ်နေ့၌ ကောင်းဖွာ မမာကျန်းသော ရသေ့တစ်ပါးသည် ပုဆိန်ဖြင့် ထင်းခွဲလျက် နေသည်တွင် နှုတ်ဆော့နှုတ်ကြမ်းသော ရသေ့တစ်ပါးသည် လာရောက်၍ ဤ၌ပေါက်လော၊ ထို၌ပေါက်လောဟု ဆိုလေ၏။

ထင်းခွဲနေသောရသေ့သည် အမျက်ထွက်လာ၍ သင်သည် ငါ့အား ထင်းပေါက်ခြင်း သင်ပြလာသလောဟုဆိုပြီးလျှင် ပုဆိန်ဖြင့် ပေါက်သတ်လိုက်လေ၏။

ထိုအခါနှင့် မရှေးမနှောင်း ကျောင်းအနီး တောင်ပို့ခြေရင်း၌ နေသော ခါတစ်ကောင်သည် နံနက်တိုင်း တောင်ပို့ထက်၌ တွန်လေ့ ရှိရာ ထိုတွန်သံကို မုဆိုးတစ်ယောက်ကြားသော် လာရောက် ဖမ်းဆီး သတ်ဖြတ်၍ ယူဆောင်သွားလေ၏။

ထိုအခါ ရသေ့ငါးရာတို့၏အမှူး ရသေ့ကြီးသည် ခါတွန်သံ မကြား၍ မေးမြန်းသော် ရသေ့တို့က ခါအကြောင်းကိုလည်းကောင်း၊ ပုဆိန်ပေါက်ခံရသော ရသေ့အကြောင်းကိုလည်းကောင်း တွဲ၍လျှောက် ကြကုန်၏။

ထိုအခါမှ ရသေ့ကြီးက အို– ရသေ့တို့ အခါကိုလွန်၍တွန်ခြင်းသည် ခါကိုသတ်သကဲ့သို့ ထို့အတူ အတိုင်းအရှည်မသိ အလွန် ဆိုအပ်သောစကားသည် ပညာမရှိသူကို သတ်တတ်၏ဟု ဆိုဆုံးမ လေသတည်း။

**စကားပြောရာ၌ ကာလ၊ ဌာန၊ ပမာဏကို သိအပ်၏။**

ဇာတ်ပေါင်းသော်–

နှုတ်ကြမ်းသောရသေ့သည် ကောကာလိက ဖြစ်လာ၏။

ရသေ့ကြီးသည် ဘုရား ဖြစ်လာ၏။

ရသေ့ပရိသတ်သည် ဘုရားပရိသတ် ဖြစ်လာ၏။

❐

## ဧကနိပါတ်။

## ၆၈။ ဝဋ္ဋကဇာတ် ၁၁၈ (ဝဋ္ဋက = ငုံး)

## အကြံကောင်းဖြင့် ဘေးမှလွတ်သော ငုံးအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ ရှိတော်မူစဉ် ဥတ္တရမည်သော သူဌေးသားတစ်ယောက်သည် မိန်းမနှင့်ပတ်သက်၍ ရာဇဝတ်ရောက်ရာ ဤသို့သော ဆင်းရဲသည် ငါလူ့ဘောင်၌နေ၍ ဖြစ်ရ၏။ အကယ်၍ ဤဆင်းရဲမှလွတ်သော် မြတ်စွာဘုရားထံ၌ ရဟန်းပြုအံ့ဟု ကြံ၏။ ထိုကြံသောခဏ၌ ကယ်မည့်သူပေါ်လာ၍ ရာဇဝတ်မှုမှ လွတ်ကင်းလေ၏။ ထို့နောက် မိဘတို့ထံ၌ ခွင့်တောင်း မြတ်စွာဘုရားထံ၌ ရဟန်းပြု၍ မကြာမီပင် အရဟတ္တဖိုလ်သို့ ရောက်လေ၏။

ထိုအကြောင်းကို ရဟန်းတို့ဘောင်၌ စကားဖြစ်ကြရာ မြတ်စွာဘုရားက ယခုသာ အကြံကောင်းဖြင့် သူဌေးသားလွတ်ဖူးသည်မဟုတ် ရှေးကလည်း အကြံကောင်းဖြင့် ပညာရှိတို့ လွတ်ဖူးလေ၏ဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ မုဆိုးတစ်ယောက်သည် ငှုံးအများတို့ကိုဖမ်း၍ ရောင်းချလေရာ တစ်ကောင်သောငုံးပညာရှိသည် ဤသို့ကြံ၏။ ဤမုဆိုးကျွေးမွေးသော အစာရေစာတို့ကို ငါစားသောက်လျှင် ဝဖြိုးလာ၍ လူတို့ဝယ်ယူလိမ့်မည်။ မစားဘဲနေမှ ညှိုးပိန်၍ လူတို့ဝယ်ယူလိမ့်မည် မဟုတ်ဟု ကြံ၍ မစားမသောက်နေလေ၏။ မကြာမီပင် ညှိုးပိန်လေသည်နှင့် လူတို့မဝယ်မယူ ရှိလေသည်။

အခြားသောငုံးတို့ကို ရောင်း၍ကုန်လေသော် ထိုငုံးပညာရှိကို နောင်အိမ်မှထုတ်ယူ လက်ဝါးပြင်၌ထားပြီးလျှင် မည်သို့ဖြစ်လေသနည်းဟု ကြည့်ရှုနေစဉ် မုဆိုးလစ်ခိုက်၌ ရုတ်တရက် ပျံတက်၍ တောသို့ဝင်လေသတည်း။

**ကြံစည်အားထုတ်ခြင်းသည် ဘေးရန်အခက်အခဲမှ လွတ်နိုင်၏။**
ဇာတ်ပေါင်းသော်–
ငုံးပညာရှိသည် ဘုရား ဖြစ်လာ၏။

❒

## ဧကနိပါတ်။

### ၆၉။ အကာလရာဝိဇာတ် ၁၁၉
### (အကာလ = အချိန်အခါမဟုတ်သော။ ရာဝ = အသံ။)

## အခါကိုမသိသော ကြက်အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းတစ်ပါးသည် ဝတ်ပြုခြင်း၊ ကျမ်းဂန်သင်ခြင်း စသည်တို့၌

အချိန်ကာလကိုမသိဘဲ ညဦးယံ၌ဖြစ်စေ၊ သန်းခေါင်ယံ၌ဖြစ်စေ၊ မိုးသောက်ယံ၌ဖြစ်စေ နိုးတိုင်းနိုးတိုင်းသော ကာလ၌ ကျယ်စွာသော အသံကိုပြုဘိ၏။ သီတင်းသုံးဖော် ရဟန်းတို့မှာ ကောင်းစွာ မအိပ်ကြရဘဲ အနှောင့်အယှက်သည် ဖြစ်၏။

ဤအကြောင်းကို မြတ်စွာဘုရား ကြားသိတော်မူရာ ယခုသာမဟုတ် ရှေးကလည်း အချိန်ကာလကို မသိသည်ဖြစ်၍ လည်လိမ်ခံရဖူးလေပြီဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ဆရာကြီးတစ်ပါးထံ၌ ငါးရာသော တပည့်တို့သည် ကျောင်း၌ အချိန်မှန်မှန် တွန်တတ်သော ကြက်၏တွန်သံဖြင့် တ၍ အတတ်ကို သရဇ္ဈာယ်လေ့ ရှိကြကုန်၏။

တစ်နေ့သော် ထိုကြက်သေသည်နှင့် သုသာန်တွင် တွေ့ရှိသော အခြားကြက်တစ်ကောင်ကို ဖမ်းဆီး၍ ကျောင်း၌ မွေးထားကြ၏။ ထိုကြက်သည်ကား သုသာန်၌ ကြီးရသည်ဖြစ်၍ တွန်အပ်သည့်အချိန်အခါကို မသိဘဲ ရံခါ စော၍တွန်၏။ ရံခါ နောက်ကျ၍ တွန်၏။

ထိုအခါ တပည့်တို့မှာ ကြက်တွန်သံကိုလိုက်၍ စောလွန်းသည့်အခါ အချိန်ရှည်ကြာခြင်း၊ အိပ်ချင်ခြင်းတို့ကြောင့် အတတ်ကို မထင်မမြင်ကုန်။ နောက်ကျလွန်းသည့်အခါ အတတ်သရဇ္ဈာယ်ရန် အချိန်လုံလောက်စွာ မရကုန်။ ထိုအခါ တပည့်တို့သည် ထိုကြက်ကိုမှီ၍ ငါတို့ အတတ်ရနိုင်မည်မဟုတ်ဟု ကြက်ကို လည်လိမ်၍ သတ်ကြလေ၏။

ထိုအကြောင်းကို ဆရာကြီးကြားသော် အိုတပည့်တို့ ဤကြက်သည် မိဘထံ၌လည်းကောင်း၊ ဆရာသမားထံ၌လည်းကောင်း ကြီးပြင်းရသည်မဟုတ်ရကား အသို့လျှင် အခါဟုတ်သည် မဟုတ်သည်ကို သိနိုင်အံ့နည်းဟု ဆိုလေသတည်း။

ဇာတ်ပေါင်းသော်–
သုသာန်ကြက်သည် ကာလကိုမသိသောရဟန်း ဖြစ်လာ၏။
ဆရာကြီးသည် ဘုရား ဖြစ်လာ၏။
တပည့်တို့သည် ဘုရား၏ပရိသတ် ဖြစ်လာ၏။

❐

## ကေနိပါတ်။

### ၇၀။ ကုသနာဠိဇာတ် ၁၂၁
### (ကုသ = သမန်းမြက်။ နာဠိ = ကျူပင်)

### အယုတ်အလတ် အမြတ်မရွေး အဆွေခင်ပွန်း ဖွဲ့အပ်အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အနာထပိဏ်သူဌေးသည် အဆွေခင်ပွန်းကို အယုတ်အလတ် အမြတ်မရွေး ဖွဲ့၏။ (နံပါတ် ၅၂– ကာလကဏ္ဏိဇာတ်ကိုကြည့်)။ ဤအကြောင်းကို မြတ်စွာဘုရား ကြားသိတော်မူရာ ဤသို့ အယုတ်အလတ် အမြတ်မရွေး မိတ်ဖွဲ့ခြင်းသည် အကျိုးရှိသည်သာတည်း။ ယခုသာမဟုတ်၊ ရှေးကလည်း ပညာရှိတို့သည် မိမိအောက်ယုတ်သော အဆွေခင်ပွန်းကိုမှီ၍ အကျိုးရှိဖူးလေသည်ဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ဗာရာဏသီမင်း၏ ဥယျာဉ်အတွင်းရှိ မင်းပူဇော်အပ်သော လုပတင့်တယ် ကြီးကျယ်စည်ပင်သော မင်္ဂလာသစ်ပင်သည် ရှိ၏။ ထိုသစ်ပင်၌စောင့်သော တန်ခိုးကြီးမားသည့်နတ်သည် တစ်ခုသော ကျူပင်စောင့်နတ်ငယ်နှင့် အဆွေခင်ပွန်းဖွဲ့ထား၏။

တစ်ရံခါသော် မင်းကြီး၌ နန်းတော်တိုင်တစ်တိုင်လိုသည်ဖြစ်၍ သစ်အရှာခိုင်းရာ ထိုမင်္ဂလာသစ်ပင်မှတစ်ပါး အခြားသင့်လျော်သော သစ်ပင်ကို မတွေ့မရနိုင်သည်နှင့် ထိုမင်္ဂလာသစ်ပင်ကိုပင် ခုတ်ယူရန် အမိန့်ပေးရလေ၏။

ထိုအခါ လက်သမားတို့သည် ဥယျာဉ်သို့ သွားရောက်၍ နက်ဖြန်ခုတ်ယူပါအံ့ဟု ပူဇော်အကြောင်းကြားလျက်ထားလေ၏။

ရုက္ခစိုးနတ်မင်းသည် မိမိ၏ဗိမာန်ပျက်စီးတော့မည်ကို သိရှိ၍ များစွာသော သားငယ်တို့နှင့်တကွ ပြောင်းရွှေ့ရန်အရပ်ကို ကြည့်သော် မမြင်သည်နှင့် ပူပန်ဆင်းရဲလျက် သားငယ်တို့ကို ဖက်၍ငို၏။ ထို ရုက္ခစိုးနှင့်တန်းတူဖြစ်သော ရုက္ခစိုးနတ်ကြီးတို့သည်လည်း ကယ်ဆယ် ခြင်းငှာ မတတ်နိုင်ကုန်။

ထိုခဏ၌ ကျူပင်စောင့်နတ်ငယ်သည် ထိုနတ်ကြီးထံသို့ အဖူး အမြင်ရောက်လာရာ အကြောင်းအလုံးစုံကို ကြားသိလေမှ အရှင်– မစိုးရိမ်လင့်။ ဗိမာန်မပျက်စီးရအောင် အကျွန်ုပ် ကြံပါမည်ဟုဆို၍ နှစ်သိမ့်စေ၏။

နောက်နေ့နံနက်ကျကာလ လက်သမားတို့လာသည်ရှိသော် နတ်ငယ်သည် ပုတ်သင်သဏ္ဌာန် ဖန်ဆင်းပြီးလျှင် လက်သမားတို့ရှေ့ တွင်ပင် မင်္ဂလာသစ်ပင်၏ အမြစ်ကြားသို့ဝင်၍ သစ်ပင်၌အခေါင်းရှိ သကဲ့သို့ အတွင်းမှတက်ယောင်ပြု၏။ ပင်စည်၏ထိပ်မှ ထွက်ပြီးကာ ဦးခေါင်းကိုလှုပ်လျက် ဝပ်နေလေ၏။ လက်သမားတို့မြင်သော် ဤ သစ်ပင်ကားအခေါင်းရှိ၏။ ယမန်နေ့က ငါတို့သေချာစွာ မကြည့်မိ၍ သာ ခုတ်ယူမည် ကြံမိလေသည်ဟုဆို၍ ဖဲကြလေ၏။

ရုက္ခစိုးနတ်မင်းကြီးသည် အလွန်နှစ်သက်ဝမ်းမြောက်လျက် အလုံးစုံသော မိတ်သင်္ဂဟတို့အလယ်၌ ရုက္ခစိုးငယ်၏ ဂုဏ်ကျေးဇူးကို

ထင်ရှားစေလိုသည်ဖြစ်၍ အရှင်နတ်မင်းတို့ အကျွန်ုပ်တို့သည် တန်ခိုးကြီးကုန်လျက်လည်း ဉာဏ်နည်းသည်ဖြစ်၍ ဤသို့သောအကြံကို မကြံမိကြချေ။ ကျူရုံနတ်ငယ်သည်ကား ဉာဏ်ကြီးသည်ဖြစ်၍ အကျွန်ုပ်တို့အား ဗိမာန်ကိုပေးနိုင်၏။ သို့ကြောင့် မိတ်မည်သည် ယုတ်သည် မြတ်သည်မရွေး ဖွဲ့သင့်၏။ အကြောင်းမူကား အဆွေခင်ပွန်းတို့သည် အထိုက်အလျောက် အကျိုးဆောင်ရွက်နိုင်သည်သာတည်းဟု ဆိုလေသတည်း။

ဂါထာပေါင်းသော်–
မင်္ဂလာသစ်ပင်စောင့်နတ်သည် ရှင်အာနန္ဒာ ဖြစ်လာ၏။
ကျူပင်စောင့်နတ်သည် ဘုရား ဖြစ်လာ၏။

❐

## ကေနိပါတ်။

### ၇၁။ ဒုမ္မေဓဇာတ် ၁၂၂
### (ဒုမ္မေဓ = ပညာမဲ့သောသူ။)

## ဆင်ဖြူတော်နှင့် မထိုက်သောမင်းအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဒေဝဒတ်၏ ငြူစူတတ်ခြင်းအကြောင်းနှင့် စပ်လျဉ်း၍ ယခုသာမဟုတ် ရှေးကလည်း ငြူစူဖူးသည်သာတည်းဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ မဂဓတိုင်း ရာဇဂြိုဟ်ပြည့်ရှင် မဂဓ မည်သောမင်း၌ အဆင်းအင်္ဂါ လက္ခဏာနှင့်ပြည့်စုံ၍ ဘုန်းတန်ခိုး ကြီးသော ဆင်ဖြူတော်တစ်စီးရှိ၏။

တစ်ရံခါသော် ပွဲသဘင်ကျသောနေ့၌ မင်းသည် ဆင်ဖြူတော် ကို တန်ဆာဆင်ယင်၍ စီးပြီးလျှင် မြို့ကို လှည့်လည်၏။ လူအပေါင်း တို့သည် ဆင်ကိုမြင်သော် အံ့ဖွယ်ရှိစွ လှပတင့်တယ်ပေ၏။ ဆင်၏ လက္ခဏာနှင့် ပြည့်စုံပေ၏ စသည်ဖြင့် ဆင်ဖြူတော်ကိုသာ ချီးမွမ်း ကြ၏။

မင်းလည်း ထိုသို့ ဆင်ဖြူတော်ကိုသာ ချီးမွမ်းကြသည်ကို သည်းမခံနိုင်။ ငြူစူခြင်းရှိ၍ ယနေ့ပင် ဤဆင်ကို တောင်မှကျ၍ သေစေအံ့ဟု ကြံပြီးလျှင် ဆင်ဆရာကိုခေါ်၍ အသင်သည် ဆင်ကို ကောင်းစွာသင်ကြား၏လောဟု မေး၏။ သင်ပါ၏ဟုဆိုသော် သို့ဖြစ် လျှင် ဝေပုလ္လတောင်သို့ အသင်စီး၍တက်လောဟု ဆို၏။

တောင်ထိပ်သို့ရောက်သော် မင်းသည် ဆင်ကို တောင်ကမ်းပါး ပြတ်သို့ ရှေ့ရှုရပ်စေ၊ ဆင်ဆရာအား ခြေသုံးချောင်းဖြင့်သာ ရပ်စေ လောဟု ဆို၏။ ဆိုတိုင်းရပ်စေ၏။ တစ်ဖန် ရှေ့လက်နှစ်ချောင်းဖြင့် သာ ရပ်စေလော။ နောက်ခြေနှစ်ချောင်းဖြင့်သာ ရပ်စေလော။ ခြေ တစ်ဖက်ဖြင့်သာ ရပ်စေလောဟု အစဉ်အတိုင်းဆိုရာ အစဉ်အတိုင်းပင် ရပ်၏။ ထိုမျှဖြင့်ပင် ဆင်မကျသော် မင်းက အကယ်၍ သင်၏ဆင် စွမ်းနိုင်အံ့ မြေကိုမထိဘဲ ကောင်းကင်၌တည်စေလောဟု ဆိုပြန်၏။

ထိုအခါ ဆင်ဆရာသည် ဤမင်းကား တုဖက်မရှိသော ဆင် ဖြူတော်ကိုပင် တောင်ကမ်းပါး၌ကျ၍ သေစေလိုသည် ဖြစ်သတတ် ဟု ဆင်၏နား၌ကပ်၍ အမောင်– ဤမင်းသည် အမောင့်ကို သေစေ လို၏။ အမောင်သည် ဤမင်းယုတ်နှင့်မထိုက်။ အကယ်၍ အမောင်

သည် ကောင်းကင်ဖြင့်သွားနိုင်အံ့ ငါ့ကိုယူ၍ ဗာရာဏသီပြည်သို့ သွားလေလောဟု ဆိုလေ၏။

ဘုန်းတန်ခိုးနှင့်ပြည့်စုံသော ဆင်ဖြူတော်သည် ထိုခဏ၌လျှင် ကောင်းကင်၌ တည်လေ၏။ ထိုအခါမှ ဆင်ဆရာသည် အရှင်မင်းကြီး ဤဆင်သည် ဆင်မြတ်တည်း။ အရှင်မင်းကြီးကဲ့သို့သော ဘုန်းပညာနည်းသောမင်းနှင့် မထိုက်လေ။ နေရစ်တော့ဟုဆို၍ ကောင်းကင်ဖြင့် ဗာရာဏသီပြည်သို့ ရှေ့ရှုသွားကြလေ၏။

ဗာရာဏသီပြည်သို့ရောက်၍ မင်းရင်ပြင်ကောင်းကင်၌ ရပ်သော် ဗာရာဏသီမြို့အလုံး ချောက်ချားလျက် မင်းကြီးလည်း ငါ့အဖို့ ဖြစ်လျှင် မြေ၌တည်ပါလောဟု ဆိုလေ၏။

ဆင်သည်လည်း မြေ၌တည်၍ ဆင်ဆရာ့ထံမှ အလုံးစုံကို ကြားသိရသော် မင်းကြီးသည် မြို့ကိုသုံးစုပြု၍ ဆင်ကိုတစ်စု ဆင်ဆရာကိုတစ်စု ပေးပြီးမှ မိမိအတွက် တစ်စုသာထား၍ ကြီးစွာချီးမြှောက်ပေ၏။

ဆင်၏တန်ခိုးကြောင့် ဇမ္ဗူဒိပ်အလုံးကို ဗာရာဏသီမင်း အပိုင်ရလေသတည်း။

ဇာတ်ပေါင်းသော်–

မဂဓမင်းသည် ဒေဝဒတ် ဖြစ်လာ၏။

ဗာရာဏသီမင်းသည် ရှင်သာရိပုတ္တရာ ဖြစ်လာ၏။

ဆင်ဆရာသည် ရှင်အာနန္ဒာ ဖြစ်လာ၏။

ဆင်မင်းသည် ဘုရား ဖြစ်လာ၏။

□

ကောနိပါတ်။

## ၇၂။ နင်္ဂလီသဇာတ် ၁၂၃
(နင်္ဂလ = ထွန်တုံး။ ဤသာ = ထွန်ကိုင်း၊ ဝင်ရိုး။)

## ထုံသောသူအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် လာလူဒါယီမည်သော မထေရ်တစ်ပါးသည် သင့်မသင့် ရာမရာကို မသိတတ်။ မင်္ဂလာအရာ၌ အမင်္ဂလာတရားကို ဟော၏။ အမင်္ဂလာအရာ၌ မင်္ဂလာတရားကို ဟော၏။ ဤသို့ အလွဲလွဲ အချော်ချော် မသင့်မလျော်သည့် အကြောင်းကို ရဟန်းတို့ဘောင်၌ ပြောကြရာ မြတ်စွာဘုရား ကြားသိတော်မူသဖြင့် ယခုသာမဟုတ် ရှေးကလည်း ဤသို့ပင်တည်းဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဆရာကြီးတစ်ပါးသည် တပည့်ငါးရာတို့အား အတတ်သင်၍နေ၏။ ထိုတပည့်တို့တွင် လာဠုကမည်သောတပည့်သည် အလွန်ထိုင်းမှိုင်းတွေဝေသည်အဖြစ် ကြောင့် အတတ်ကိုသင်၍ တစ်လုံးတစ်ပါဒမျှ မတတ်နိုင်လေ။ သို့ရာတွင် ဆရာ၏ ဝတ္တရားကိုကား အလွန်ကျေပွန်ထူးကဲစွာ ဆောင်ရွက်ပေ၏။

တစ်ညဥ့်၌ လာဠုကသည် ဆရာအား နှိပ်နင်းပေးပြီးသော် ဆရာက အမောင် ငါ၏ညောင်စောင်းခြေတို့ကို ထောက်ပေးခဲ့၍ သွားလေတော့ဟု ဆို၏။ လာဠုကသည်လည်း ညောင်စောင်းခြေ ထောက်တစ်ချောင်းကို ထောက်၍ တစ်ချောင်းကိုကား မရလေသည်နှင့် မိမိ၏ပေါင်ပေါ်၌ ညောင်စောင်းကိုထား၍ ညဥ့်ကိုကုန်စေ၏။

မိုးသောက်သောအခါ ဆရာသည် လာဠုကာ၏ အပြုအမူကို မြင်သိရသော် များစွာအံ့သြလျက် လာဠုကာသည် ငါ့အား ကျေးဇူးပြုလှ၏။ ဉာဏ်ထိုင်းလွန်း၍ အတတ်ကိုလည်း မသင်နိုင် အသို့လျှင် ပညာရှိအောင် ပြုရပါအံ့နည်းဟု ကြံလျက်နေ၏။

တစ်နေ့သော် ဆရာသည် ဤသို့ကြံ၏။ လာဠုကာသည် ထင်းခွေ ဟင်းရွက်ရှူး စသည်ဖြင့် သွားသောအခါ မြင်ခဲ့ပြုခဲ့သော ဝတ္ထုအမူတို့ကို ဥပမာဖြင့်လည်းကောင်း၊ အကြောင်းဖြင့်လည်းကောင်း ဆိုစေ၍ ပညာရှိအောင် သင်ကြားအံ့ဟု အကြံရလေ၏။ ရသည့်အတိုင်း လာဠုကာအား အမောင် ဤနေ့မှစ၍ သင် ထင်းခွေ စသည် သွားသောအခါ မြင်ခဲ့၊ ကြားခဲ့၊ ပြုခဲ့သည်တို့ကို ငါ့အား ပြန်ကြားလေလောဟု ဆိုလေ၏။

လာဠုကာလည်း ဝန်ခံ၍ တစ်နေ့၌ အခြားတပည့်တို့နှင့်အတူ ထင်းခွေသွားရာ မြွေကို မြင်ခဲ့သည်နှင့် ဆရာအား ကြားလျှောက်ပေ၏။ ဆရာကလည်း အမောင် မြွေသည် အဘယ်နှင့်တူသနည်းဟု မေးလျှင် ထွန်းတုံးထွန်သန်နှင့် တူပါသည်ဟု ဆိုလေ၏။

ဆရာကလည်း အမောင် ကောင်းစွ၊ ကောင်းစွ၊ သင့်လျော်သော ဥပမာကို အမောင်ဆောင်နိုင်ပေ၏။ မြွေမည်သည်ကား ထွန်တုံးထွန်သန်နှင့် တူသည်သာတည်းဟု ဆို၏။ ဆရာသည်လည်း ငါ့တပည့်သည် သင့်လျော်သောဥပမာကို ဆောင်နိုင်ပေ၏ဟု များစွာ အားတက်လေ၏။

နောက်တစ်နေ့၌ ဆင်ကိုမြင်ခဲ့ပါသည်ဟု လျှောက်၏။ ဆရာက အဘယ်နှင့်တူသနည်းမေးသော် ထွန်တုံးထွန်သန်နှင့် တူပါသည်ဟု ဆိုလေ၏။ ထိုအခါ ဆရာသည် ဆင်၏နှာမောင်းသည်လည်းကောင်း၊ အစွယ်သည်လည်းကောင်း ထွန်တုံးထွန်သန်နှင့် တူပါ၏။ လာဠုကာသည်ကား မိုက်သည်ဖြစ်သောကြောင့် ခွဲခြမ်း၍မပြောနိုင်

သည်နှင့် နှာမောင်းကိုရည်၍ ဆိုသည်ဖြစ်လိမ့်မည်ဟု ဆိတ်ဆိတ်နေလိုက်၏။

နောက်တစ်နေ့ ကြံစုပ်ခဲ့ရ၏ဟု လျှောက်၏။ အဘယ်နှင့်တူသနည်းမေးသော် ထွန်တုံးထွန်သန်နှင့် တူပါသည်ဟုဆို၏။ ထိုအခါဆရာသည် လာဠုကသည် အတန်ငယ်လျော်သော ဥပမာကို ဆိုပေသည်ဟု ဆိတ်ဆိတ်နေလိုက်၏။

နောက်တစ်နေ့၌ နို့ဓမ်းနို့ရည် စားသောက်ခဲ့ရပါသည်ဟု လျှောက်၏။ အဘယ်နှင့်တူသနည်းမေးသော် ထွန်တုံးထွန်သန်နှင့်ပင် တူပါသည်ဟု ဆိုလေ၏။

ထိုအခါမှ ဆရာသည် ဤလုလင်ကား မြွေသည် ထွန်တုံးထွန်သန်နှင့်တူသည်ဟု ဆိုရာ၌ များစွာသင့်လျော်၏။ ဆင်သည် ထွန်တုံးထွန်သန်နှင့်တူ၏ဆိုရာ၌လည်း နှာမောင်းကိုရည်၍ ဆိုသင့်ပါသေး၏။ ကြံသည် ထွန်တုံးထွန်သန်နှင့်တူ၏ဆိုရာ၌လည်း အတန်ငယ် ယုတ္တိရှိပါသေး၏။ သို့ရာတွင် နို့ဓမ်းနို့ရည်ကို ထွန်တုံးထွန်သန်နှင့် နှိုင်းရာ၌ကား နို့ရည်သည် ဖြူသောအဆင်းရှိ၏။ အရည်ဖြစ်၍ ထည့်သော အိုးခွက်သဏ္ဌာန်ကိုလိုက်၍ဖြစ်၏။ သို့ကြောင့် ထွန်တုံးထွန်သန်နှင့် နှိုင်းခြင်းသည် အလွန်မသင့်လျော်လေ။ နေရာတကာတိုင်း၌ ဥပမာတစ်ခုတည်းဖြင့်သာ ဆိုလေသော ဤသူမိုက်အား ပညာသင်၍ တတ်နိုင်တော့မည်မဟုတ်ဟု ဆရာကြီး စိတ်ပျက်သည်နှင့် လာဠုကအား စရိတ်ပေး၍ လွှတ်လိုက်ရလေသတည်း။

ဇာတ်ပေါင်းသော်–

လာဠုကသည် လာဠုဒါယီ ဖြစ်လာ၏။

ဆရာသည် ဘုရား ဖြစ်လာ၏။

❒

ကေနိပါတ်။

၇၃။ အမ္ဗဇာတ် ၁၂၄
(အမ္ဗ = သရက်)

## တစ်ယောက်ကောင်းက
## အပေါင်းချမ်းသာဟူသောအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းတစ်ပါးသည် ဝတ္တရားနှင့် များစွာပြည့်စုံသည်ဖြစ်၏။ မိမိ၏ဆရာမှ စ၍ ရဟန်းရှင်လူတို့အား အစားအသောက်တို့ကိုပေးခြင်း၊ တံမြက်လှည်းခြင်း၊ ရေခပ်ခြင်း စသောအမှုတို့ကို သဒ္ဓါစေတနာနှင့် ရက်ရက်ရောရော ပြုလေ့ရှိ၏။

လူတို့သည် ထိုရဟန်းအား ကြည်ညိုသည်ဖြစ်၍ များစွာပေးလှူကြသည် ဖြစ်ရကား ထိုရဟန်းတစ်ပါးကိုမှီ၍ အခြားများစွာသော ရဟန်းတို့မှာလည်း ပေါများချမ်းသာခြင်းသို့ ရောက်ကြကုန်၏။

ထိုအကြောင်းကို ရဟန်းတို့ဆောင်၍စကားဖြစ်ကြရာ မြတ်စွာဘုရားက ယခုသာမဟုတ် ရှေးကလည်း ဤသို့ပင်တည်းဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ရသေ့ကြီးတစ်ပါးသည် ငါးရာသော ရသေ့အခြွေအရံနှင့် ဟိမဝန္တာတောင်ခြေတွင်နေ၏။ တစ်ရံခါသော် အလွန်ပူပြင်းသောရာသီ၌ ရေတို့သည် ခန်းခြောက်၍ တိရစ္ဆာန်အပေါင်းတို့မှာ သောက်ရေမရ အလွန်ပင်ပန်းဆင်းရဲကြကုန်၏။

ထိုသို့ ပင်ပန်းဆင်းရဲကြသည်ကို ရသေ့တို့တွင် တစ်ပါးသော ရသေ့သည် အလွန်သနားသဖြင့် တစ်ခုသော သစ်ပင်ကို ဖြတ်၍ စားကျင်းပြုပြီးမှ သောက်ရေထည့်၍ တိရစ္ဆာန်တို့အား ပေးလေ၏။

ထိုနေရာသို့ များစွာသော တိရစ္ဆာန်တို့ လာရောက်သောက်သုံးကြသဖြင့် မပြတ်ရေခပ်ထည့်ရသည် ဖြစ်ရကား။ ထိုရသေ့မှာ သစ်သီးရှာသွားရန် အချိန်မရရှိလေ။

ထိုအခါ တိရစ္ဆာန်တို့သည် ဤရသေ့ကား ငါတို့အတွက် အာဟာရမဲ့၍ အလွန်ပင်ပန်းဆင်းရဲ၏။ ငါတို့ ကျေးဇူးတုံ့ပြန်အပ်ပေ၏ဟု လာရောက်သမျှသော တိရစ္ဆာန်အပေါင်းတို့သည် မိမိတို့အစွမ်းအားလျော်စွာ သစ်သီး၊ သစ်ဥ၊ သစ်ဖုတို့ကို ဆောင်၍ ရသေ့အားပေးလှူသော ဝတ်ပြုကြရန် သဘောညီညွတ်ကြပြီးလျှင် နေ့စဉ် ဆောင်ယူလာကြသည်မှာ လှည်းတစ်ဆယ့်နှစ်စီးတိုက်မျှ ရှိ၏။

ထိုအခါ အဖော်ရသေ့တို့မှာလည်း သစ်သီးကြီးငယ် ရှာဖွေခြင်းမပြုရဘဲ ထိုဝတ်နှင့်ပြည့်စုံသော ရသေ့ကိုမှီ၍ ချမ်းသာစွာ နေကြရကုန်၏။

ထိုအကြောင်းကို ရသေ့ကြီးမြင်လျှင် တပည့်တို့ ပညာရှိယောကျ်ားသည် မပျင်းမရိ ကြိုးစားအားထုတ်ရာ၏။ ယခု ငါတို့သည် လုံ့လရှိသော ရသေ့တစ်ပါးကိုမှီ၍ ချမ်းသာကြရသည်ကို မြင်ရပြီမဟုတ်လောဟု ဆုံးမစကား ဟောကြားလေသတည်း။

ဇာတ်ပေါင်းသော်–

ဝတ်နှင့်ပြည့်စုံသော ရသေ့သည် ထိုရဟန်း ဖြစ်လာ၏။

ဆရာရသေ့ကြီးသည် ဘုရား ဖြစ်လာ၏။

❐

ကေနိပါတ်။

၇၄။ ကဋ္ဌာဟကဇာတ်　၁၂၅

## အယောင်ဆောင်လျက် သူတစ်ပါးကို ကဲ့ရဲ့တတ်သော ကဋ္ဌာဟကအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် သူတစ်ပါးတို့အား ရှုတ်ချကဲ့ရဲ့တတ်သော ရဟန်းတစ်ပါးကိုစွဲ၍ အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ သူဌေးတစ်ယောက်သည် ကျွန်မမှမွေးသော သူငယ်နှင့် မိမိ၏သားရင်းတို့ကို တန်းတူပြု၍ မွေးကျွေးထား၏။ ကျွန်မ၏သားမှာ ကဋ္ဌာဟကဟု အမည်တွင်၍ လိမ္မာရေးခြား ရုပ်ဆင်းအင်္ဂါနှင့် ပြည့်စုံ၏။

တစ်ရံခါသော် ကဋ္ဌာဟကသည် ငါ ဤအိမ်၌နေသော် ကျွန်အဖြစ်မှ လွတ်နိုင်မည်မဟုတ်။ အရပ်တစ်ပါးသို့ သွားရောက်နေတော့အံ့ဟု ကြံပြီးလျှင် ယခုလွှတ်လိုက်သော ငါ၏သားကို သင်၏သမီးနှင့် ထိမ်းမြား၍ သင်၏အိမ်၌ နေပါစေလော့ဟူသောစာကို မိမိကိုယ်တိုင် ရေး၍ အရပ်တစ်ပါးရှိ မိမိသူဌေးကြီး၏ မိတ်ဆွေ အခြားသူဌေးငယ် တစ်ဦးထံ သွားရောက် စာကိုပေးလေ၏။

သူဌေးငယ်လည်း ယုံကြည်၍ မိမိ၏သမီးနှင့် ထိမ်းမြားချီးမြှင့်၍ ထားလေ၏။ များမြတ်သော အခြွေအရံနှင့် ပြည့်စုံသည်ဖြစ်၍ အစာအာဟာရတို့ကို ဆက်လာသည်ရှိသော် ဤတောဇနပုဒ်၌ ချက်ပြုတ်သော အစားအစာတို့သည် အလွန်ညံ့ဖျင်းလေသည်ဟု ကဲ့ရဲ့လေ့ရှိ၏။

သူဌေးကြီးသည် ကဋ္ဌာဟာကကိုမမြင်၍ မေးမြန်းစုံစမ်း အလုံးစုံကို သိရသော် ကဋ္ဌာဟာကသည် မသင့်သည်ကို ပြု၏။ ငါသွား၍ဆောင်ခဲ့အံ့ဟု သူဌေးငယ်ထံသို့ လာခဲ့၏။

သူဌေးကြီးရောက်လျှင် ကဋ္ဌာဟာကသည် မိမိ၏ဇာတိပေါ်မည်စိုး၍ သူဌေးကြီးအား တောင်းပန်တိုးလျှိုးပြီးလျှင် ဝတ္တရားတို့ကို အလွန်ကျေပွန်စွာ ပြုလေ၏။ သူဌေးကြီးလည်း ကျေနပ်သည်နှင့် အသင် မစိုးရိမ်လင့်၊ အသင့်အား ငါမဖျက်ဆီးပြီဟု ဆို၏။

တစ်နေ့တွင် သူဌေးကြီးသည် မိမိချွေးမအားခေါ်၍ ချစ်သမီး ငါ့သားနှင့် သင်တို့သည် ချမ်းသာစွာ နေကြရပါ၏လောဟု မေး၏။ ချွေးမသည်လည်း ဖခင်၊ ဖခင်၏သား၌ အခြားသောအပြစ်မရှိပါ။ အစားအစာတို့ကို ကဲ့ရဲ့တတ်သော အပြစ်တစ်ခုသာ ရှိပါသည်ဟု ဆိုပေ၏။

ထိုအခါ သူဌေးကြီးက ချစ်သမီး ဤအတွက် မစိုးရိမ်လင့်။ ငါ့သား၏ နှုတ်ပိတ်မန္တန်ကို သင်ခဲ့အံ့။ ငါ့သားသည် အစားအစာတို့၌ ကဲ့ရဲ့သောအခါ ရှေ့မှနေ၍ ဤမန္တန်ကို ရွတ်ဆိုလောဟု သင်ကြားမှာခဲ့၍ ပြန်လေ၏။

တစ်နေ့တွင် ကဋ္ဌာဟာကသည် အာဟာရကို စားသောက်စဉ် ထမင်းကို ကဲ့ရဲ့မည်ပြုသောခဏ၌ သူဌေးသမီးသည် အောက်ပါ အဓိပ္ပာယ်ရှိသော ဂါထာကို ရွတ်လေ၏။

> ကဋ္ဌာဟာက တစ်ပါးသောဇနပုဒ်သို့ရောက်၍ များစွာ ကဲ့ရဲ့ရှုတ်ချလျှင် တစ်ဖန်လာ၍ ဖျက်ဆီးလိမ့်မည်၊ စည်းစိမ်ကိုသာ အေးအေးခံစားလေလော။

သူဌေးသမီးသည် ဂါထာ၏ အဓိပ္ပာယ်ကို သိသည်မဟုတ်။ သင်ခဲ့သည့်အတိုင်းသာ ရွတ်ခြင်းဖြစ်၍ ကဋ္ဌာဟာကသည်ကား ငါ့

အကြောင်းကို သူဌေးကြီး ပြောသွားယောင်တကားဟု ထိုနေ့မှစ၍ အစားအစာတို့ကို မကဲ့ရဲ့ဝံ့ဘဲ ခေါင်းငုံ့၍သာ စားလေသတည်း။

ဇာတ်ပေါင်းသော်-
ကဋ္ဌာဟကသည် ရှုတ်ချသောရဟန်း ဖြစ်လာ၏။
သူဌေးကြီးသည် ဘုရား ဖြစ်လာ၏။

❒

## ကေနိပါတ်။

### ၇၅။ အသိလက္ခဏဇာတ် ၁၂၆
### (အသိ = သန်လျက်။ လက္ခဏ = အခြင်းအရာလက္ခဏာ။)

### သန်လျက်လက္ခဏာဖတ် ပုဏ္ဏားအကြောင်း

သာဝတ္ထိပြည် ကောသလမင်း၌ သန်လျက်လက္ခဏာကို ဖတ်သော ပုဏ္ဏားတစ်ယောက်ရှိ၏။ ပန်းပဲတို့သည် မင်းအား သန်လျက်ဆက်သောအခါ ထိုပုဏ္ဏားသည် သန်လျက်ကိုနမ်း၍ လက္ခဏာကိုဖတ်၏။ တံစိုးလက်ဆောင် ရသောသန်လျက်ကိုမူ ကောင်း၏ မင်္ဂလာရှိ၏ဟူ၍လည်းကောင်း၊ တံစိုး လက်ဆောင်မရလျှင် မကောင်း မင်္ဂလာမရှိဟူ၍လည်းကောင်း ဖတ်လေ့ရှိ၏။

ထိုအမှုကို စက်ဆုပ်သော ပန်းပဲတစ်ယောက်သည် မိမိ၏ သန်လျက် ကို ငရုတ်မှုန့်ထည့်သော အအိမ်၌ထည့်လျက် မင်းအား ဆက်၏။ ပုဏ္ဏား သည်လည်း ခါတိုင်းကဲ့သို့ပင် နမ်းလေသော် ပြင်းစွာ ချေဆတ်သည်နှင့် နှာခေါင်းသည် သန်လျက်သွားကို ခတ်မိသည်ဖြစ်သောကြောင့် နှာခေါင်း နစ်ပိုင်းပြတ်လေ၏။

ဤအကြောင်းကို ရဟန်းတို့ပြောဆိုနေကြရာ မြတ်စွာဘုရားက ယခု သာမဟုတ် ရှေးကလည်း ဤသို့ပင်တည်းဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီမင်းတစ်ပါး၌ သန်လျက်လက္ခဏာ ဖတ်တတ်သော ပုဏ္ဏားတစ်ယောက်ရှိ၏။ ပစ္စုပ္ပန်ဝတ္ထုတွင် ပါသည့်အတိုင်း နှာခေါင်းပြတ်သဖြင့် မင်းကြီးက ကုစား၍ နှာခေါင်းတု ပြုပြီးလျှင် ခစားမြဲ ခစားနေစေလေ၏။

ထိုမင်းကြီး၏ သမီးတော်တစ်ယောက်နှင့် တူတစ်ယောက်ရှိရာ မိမိပင်လျှင် ငယ်စဉ်က ကျွေးမွေး၍ အတူထား၏။ ၎င်းတို့နှစ်ယောက် အရွယ်ရောက်သော် အချင်းချင်း အလွန်ချစ်ခင် တပ်စွန်းခြင်း ရှိကြကုန်၏။

တစ်နေ့သော် မင်းကြီးက အမတ်တို့အား အမတ်တို့- ငါ၏ တူတော်ကို အခြားတစ်ပြည်ထောင်သော မင်းသမီးနှင့်လည်းကောင်း၊ ငါ၏သမီးတော်ကို အခြားတစ်ပြည်ထောင်သော မင်းသားနှင့်လည်းကောင်း ထိမ်းမြားရသည်ရှိသော် ငါတို့သည် နှစ်ပြည်ထောင်သော အရှင် ဖြစ်ကြကုန်လတ္တံ့ဟုဆိုပြီးလျှင် တူတော်နှင့် သမီးတော်တို့ကို ခွဲ၍ တစ်အိမ်စီ အစောင့်အရှောက်နှင့် ထားစေ၏။

တူတော်သည် အလွန်တပ်စွန်းသည်နှင့် မင်းသမီးကို နန်းတွင်းမှ ထုတ်ယူရန် နတ်ဝင်သည်မတစ်ယောက်အား အသပြာပေး၍ အောက်ပါအတိုင်း စီမံကြလေ၏။

နတ်ဝင်သည်မသည် မင်းကြီးအား အရှင်မင်းကြီး သမီးတော်၌ အစွဲရှိ၏။ အကျွန်ုပ် ကုမ ပါအံ့။ သမီးတော်ကို သုသာန်သို့ ယူသွား၍ ညောင်စောင်းပေါ်တွင် တင်ထားပြီးလျှင် သူသေတစ်ခုကို ညောင်စောင်းအောက်မှာထားပြီးမှ နံ့သာရေ ၁၀၈ လုံးဖြင့် သမီးတော်အထက်

၌ သွန်လောင်းပါက အစွဲကျွတ်ပါလိမ့်မည်ဟု လျှောက်လေ၏။ မင်းကြီးနှင့် သမီးတော်တို့သည်လည်း သဘောတူကုန်၏။

ထိုအခါမှ မင်းသားအား သုသာန်ရှိ ညောင်စောင်းအောက်၌ သူသေဟန် မှောက်ခုံပြု၍ အိပ်နေလော့။ မင်းသမီး ညောင်စောင်းအထက်သို့ ရောက်သောအခါ ငရုတ်မှုန့်ကိုရှူ၍ ချေလေလော။ ငါကြောက်ဟန်ပြု၍ ပြေးသောအခါ မင်းသမီးကို ဦးခေါင်းဆေးပြီးလျှင် သင့်အိမ်သို့ ယူသွားလေလောဟု ပြောထားလေ၏။

ပြောထားသည့်အတိုင်း မင်းသမီး ညောင်စောင်းထက်သို့ ရောက်သော် အမှတ်ပေး၍ မကြောက်လင့်ဟု ဆို၏။

ပြီးမှ နတ်ဝင်သည်မသည် မင်းသမီး၏ အစောင့်အရှောက်တို့ကို အသင်တို့ လူသေသည် ချေ၍ထပြီးလျှင် ပထမမြင်သူကို နမ်းလိမ့်မည်။ သင်တို့ သတိနှင့်နေကြလောဟု ခြောက်၍ထားလေ၏။

မကြာမီပင် သူသေယောင်ဆောင်နေသော မင်းသားသည် ငရုတ်မှုန့်ကိုရှူ၍ ချေလေသောအခါ နတ်ဝင်သည်မသည် ကြောက်ဟန်ပြု၍ ပြေးလေလျှင် အစောင့်အရှောက်တို့ မနေဝံ့ဘဲ ကြောက်လန့်တကြား ပြေးကြလေကုန်၏။ မင်းသားလည်း မှာထားသည့်အတိုင်း မင်းသမီးကို ယူ၍သွားလေ၏။

မင်းကြီးကြားသော် ၎င်းတို့နှစ်ယောက်အား ပေးစားအံ့ဟု ငါကြံထားရင်းလည်းရှိ၏ဟု သဘောတူလျက် ထီးနန်းကို လွှဲပေး၏။

ထိုမင်းငယ်လက်ထက်၌လည်း ထိုနှာခေါင်းတုနှင့် ပုဏ္ဏားသည် ခစားအပ်၏။ တစ်နေ့သော် ထိုပုဏ္ဏားသည် မင်းထံ၌ နေကိုရှေ့ရှုပြု၍ ခစားသည်နှင့် ချိပ်ပျော်၍ မြေ၌ကျ၏။ ပုဏ္ဏားလည်း ရှက်သည်နှင့် မျက်နှာအောက်ပြု၍ နေလေ၏။

ထိုအခါ မင်းငယ်သည် ပြက်ရယ်ပြု၍ ဆရာပုဏ္ဏား မရှက်လင့်၊ အချို့သူအား မကောင်း၊ အချို့သူအားကောင်း၏။ အကြောင်း

သော်ကား ဆရာ့မှာ ချေသဖြင့် နှာခေါင်းပြတ်ရ၏။ ငါ့မှာကား ချေခြင်းဖြင့် ဦးရီး၏သမီးကိုရ၍ မင်းအဖြစ်သို့ ရောက်ရ၏ဟု ဆိုလေသတည်း။

ဇာတ်ပေါင်းသော်–
ထိုပုဏ္ဏားသည် ဤပုဏ္ဏား ဖြစ်လာ၏။
မင်းငယ်သည် ဘုရား ဖြစ်လာ၏။

❐

## ကေနိပါတ်။

### ၇၆။ ဗိဠာရဝတဇာတ် ၁၂၈
### (ဗိဠာရ = စဉ်းလဲသော။ ဝတ = အကျင့်။)

## အံ့ဖွယ်သရဲဖြင့် လှည့်စားတတ်သော မြေခွေးအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် အံ့ဖွယ်သရဲဖြင့် လှည့်စားတတ်သော ရဟန်းတစ်ပါးကိုစွဲ၍ အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ဝက်ငယ်ပမာဏရှိသော ကြွက်ကြီးတစ်ကောင်သည် များစွာသော ကြွက်တို့ဖြင့် ခြံရံလျက် တောတစ်ခု၌နေ၏။

ထိုအခါ မြေခွေးတစ်ကောင်သည် ထိုကြွက်အပေါင်းတို့ကိုမြင်သော် လှည့်ဖြား၍စားအံ့ဟု ကြွက်တို့နှင့် မနီးမဝေးအရပ်၌ နေသို့ ရှေ့ရှု ခံတွင်းဟပြီးလျှင် ခြေတစ်ချောင်းဖြင့်သာ ရပ်၍နေလေ၏။

ကြွက်ကြီးသည် မြေခွေး၏အမူအရာကိုမြင်သော် သီလရှိသည် ဖြစ်လတ္တံ့ဟု အနီးသို့ချဉ်း၍ အရှင် အဘယ်အမည်ရှိသနည်းဟု မေး၏။ ဓမ္မိက (တရားရှိသူ) အမည်ရှိ၏ဟု ဆို၏။

အဘယ့်ကြောင့် ခြေလေးချောင်းဖြင့်မဟုတ်ဘဲ တစ်ချောင်းဖြင့်သာ ရပ်သနည်း။

ခြေလေးချောင်းလုံး မြေ၌ထောက်သည်ရှိသော် မြေခံနိုင်မည် မဟုတ်။ သို့ကြောင့် ပေါ့စေလို၍ တစ်ချောင်းဖြင့်သာ ရပ်ပေသည်။

အဘယ်ကြောင့် ခံတွင်းကိုဖွင့်၍ ရပ်သနည်း။

ငါသည် အခြားအစာကို မစား၊ လေကိုသာလျှင် စား၏။

အဘယ့်ကြောင့် နေသို့ ရှေ့ရှုရပ်သနည်း။

ငါသည် နေကို ရှိခိုး၏။

ထိုအခါ ကြွက်ကြီးသည် ဤမြေခွေးကား သီလရှိပေသည်ဟု ထိုအခါမှစ၍ ညနံနက် ကြွက်အပေါင်းနှင့်တကွ မြေခွေးအား ခစားပေ၏။ ထိုသို့ခစားပြီး အပြန်တွင် နောက်ဆုံးကျသော ကြွက်ကို မြေခွေးသည် ဖမ်းယူစားသော်က် ခံတွင်းကို သုတ်သင်လျက် ရပ်မြဲတိုင်း ရပ်ပြန်၏။

ဤသို့လျှင် နေ့စဉ် ဖမ်းစားလေရာ ကြွက်နည်း၍နည်း၍လာသည်နှင့် ကြွက်တို့သည် ရှေးက ငါတို့အား ဤနေရာသည် မဆန့်။ ယခုမူ ချောင်၏။ များစွာသောကြွက်တို့ ပျောက်လေသည်ဟု ကြွက်ကြီးအား ကြားကုန်၏။

ကြွက်ကြီးသည် မြေခွေးအပေါ်၌ ယုံမှားရှိ၏။ စုံစမ်းအံ့ဟု တစ်နေ့၌ ခစားရာ အပြန်တွင် မိမိနောက်ဆုံးကနေလေ၏။ ထိုအခါ မြေခွေးသည် ခါတိုင်းကဲ့သို့ ဖမ်းရန်ပြေးလာသော် ကြွက်ကြီးသည် ပြန်လှည့်ပြီးလျှင် အိုး– မြေခွေး သင်၏အကျင့်သည် သူတစ်ပါးတို့အား

လှည့်စား ညှဉ်းဆဲရန်သာ ဖြစ်သတည်းဟု လည်မျိုကို ခုန်ကိုက်၍ အသက်ကုန်ခြင်းသို့ ရောက်စေ၏။ ကြွက်အပေါင်းတို့လည်း မြေခွေး တစ်ကောင်လုံးကို စပ်စပ်မြည်အောင်စားသောက်၍ ဖဲကြလေသတည်း။

**လောက၌ အကျင့်ရှိယောင်ပြ၍ မကောင်းမှုကိုပြုလျက်ရှိကုန်သော သူတို့သည် များလှစွာ၏။**

ဇာတ်ပေါင်းသော်–

မြေခွေးသည် အံ့ဖွယ်သရဲကို ပြုတတ်သောရဟန်း ဖြစ်လာ၏။

ကြွက်ကြီးသည် ဘုရား ဖြစ်လာ၏။

❒

**ဧကနိပါတ်။**

**၇၇။ အသမ္ပဒါဇာတ် ၁၃၁**
**(အသမ္ပဒါန = မပံ့ယူခြင်း)**

## ကျေးဇူးမဲ့သော သူဌေးအကြောင်း

မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ် ဒေဝဒတ်သည် မြတ်စွာဘုရား၏ ကျေးဇူးကို မသိတတ်သော အကြောင်းနှင့်စပ်၍ အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ရာဇဂြိုဟ်ပြည် သင်္ခမည်သောသူဌေးနှင့် ဗာရာဏသီပြည် ပီဠိယမည်သော သူဌေးတို့သည် ကုဋေရှစ်ဆယ် ကြွယ်ဝကြလျက် အချင်းချင်း အဆွေခင်ပွန်း ဖြစ်ကြကုန်၏။

တစ်ခါသော် ပီဋ္ဌိယသူဌေးသည် ဥစ္စာပစ္စည်း ဆုံးပါးပျက်စီး ဆင်းရဲခြင်းသို့ ရောက်၍ ကိုးကွယ်ရာမရှိသည်နှင့် မယားကိုခေါ်လျက် သခ်သူဌေးထံသို့ ခြေဖြင့်လာခဲ့ကြ၏။

သခ်သူဌေးသည် လောကွတ်ပျူငှာ စေတနာနှင့် ကောင်းစွာ ပြုစုကျွေးမွေးထား၍ သုံးရက်မျှရှိသော် အဘယ်ကြောင့် လာခဲ့ကြောင်း မေး၏။ ပီဋ္ဌိယသူဌေးလည်း ပျက်စီးဆင်းရဲ၍ လာခဲ့ကြောင်းကြည့်ရှု ထောက်ပံ့ပါမည့်အကြောင်းများကို ပြောလေသော် သခ်သူဌေးလည်း အဆွေ- မစိုးရိမ်လင့်ဟုဆို၍ မိမိ၏ဥစ္စာပစ္စည်းကို တစ်ဝက်ခွဲ၍ပေးပေ ၏။ ပီဋ္ဌိယသူဌေးလည်း ဥစ္စာကိုယူ၍ ဗာရာဏသီသို့ ပြန်ခဲ့၏။

ထို့နောက် များမကြာမီ သခ်သူဌေး ဆင်းရဲ၍ အားထားသော စိတ်နှင့် ပီဋ္ဌိယသူဌေးထံသို့ ခြေဖြင့်လာခဲ့ရာ ဗာရာဏသီမြို့အနီးသို့ ရောက်သော် မိမိမယားအား ရှင်မ- ငါ့မိတ်ဆွေထံသို့ ငါအလျင်သွား အံ့။ သင်စီး၍လာရန် ရထားကို လွှတ်လိုက်စေအံ့။ ရထားရောက်သည့် တိုင်အောင် စောင့်နေလောဟု ဇရပ်တစ်ခု၌ ထားခဲ့ပြီးမှ ပီဋ္ဌိယသူဌေး အိမ်သို့ သွား၏။

ရောက်၍မြင်သော်လည်း ပီဋ္ဌိယသည် နေရာမှမထ၊ လောကွတ် မပြုဘဲ အဘယ်ကိစ္စရှိ၍ လာခဲ့သနည်းဟု မေး၏။

သင်တို့ကို တွေ့မြင်လို၍ လာခဲ့ပါသည်။

အဘယ်အရပ်၌ တည်းခိုသနည်း။

တည်းခိုရန်အရပ် မရှိသေးပါ။ ငါ၏မယားကို မြို့ပြင်ဇရပ်၌ ထားခဲ့ရပါသည်။

ဤအရပ်၌ သင်တို့တည်းခိုရန် အရပ်မရှိ။ ရိက္ခာကို ယူသွား၍ အခြားတော်ရာ၌ ချက်ပြုတ်စားကြလေ။ ငါ့အိမ်သို့ တစ်ဖန်မလာလင့် ဟု ဆို၍ မိမိကျွန်အား တတုမ္ဗမျှသော(တစ်ပြည်မျှသော)ဖွဲကို ပေးလိုက် စေ၏။

ထိုအခါ သခ်သူဌေးသည် ဤသို့ကြံ၏။ ပီဋ္ဌိယသည် ငါ့ကျေးဇူးကိုချေ၍ မိတ်ဆွေအဖြစ်ကိုလည်းကောင်း၊ ချစ်ခြင်းကိုလည်းကောင်း ဖျက်လေပြီ။ ဤပေးသော ဖွဲတစ်ပြည်ကို အကယ်၍ ငါ မယူအံ့။ ငါတို့ချစ်ခြင်း ပြတ်စဲလတ္တံ့။ ပညာရှိသောသူတို့သည် မိတ်ကို မဖျက်ကုန်။ သို့ကြောင့် ပေးသောဖွဲတို့ကိုယူ၍ ငါ၏အစွမ်းဖြင့် ချစ်ခြင်းကို တည်စေအံ့ဟု ဖွဲကိုယူ၍ ဇရပ်သို့ပြန်ခဲ့၏။

အကြောင်းကို ပြန်ပြောသော် သခ်သူဌေးမယားသည် ဝမ်းပန်းနည်း၍ ငိုလေ၏။

ထိုခဏ၌ ယခင် ပစ္စည်းကို တစ်ဝက်ခွဲပေးစဉ်က ပါသွားသော ကျွန်တစ်ယောက်သည် ဇရပ်အနီးဖြင့်သွားရာ ငိုသံကြားသဖြင့် စုံစမ်းလျှင် မိမိသခင်ဟောင်း၏အဖြစ်ကို အလုံးစုံသိရမှ မိမိအိမ်သို့ဆောင်၍ ကောင်းမွန်ရိုသေလေးမြတ်စွာ ပြုစုထား၏။ အခြားကျွန်ဟောင်းတို့အားလည်း ပြောကြား၍ လာရောက်ခစားကြစေ၏။

နှစ်ရက်သုံးရက်လွန်သော် ကျွန်ဟောင်းတို့သည် စုဝေး၍ မင်းရင်ပြင်၌ ဟစ်ကြွေးကြကုန်၏။ မင်းကြီးမေး၍ အလုံးစုံကြားသိသော် သူဌေးနှစ်ဦးလုံးကို ခေါ်ယူစစ်မေးရာ သူ၏ယုတ်မာသော အပြုအမူတို့ ပေါ်လေ၏။ ထိုအခါ မင်းကြီးက ပီဋ္ဌိယ၏ သက်ရှိသက်မဲ့အလုံးစုံသော ဥစ္စာပစ္စည်းတို့ကို သခ်သူဌေးအား ပေးစေဟု စီရင်လေ၏။

သခ်သူဌေးလည်း အရှင်မင်းကြီး သူတစ်ပါး၏ ဥစ္စာကို အကျွန်ုပ် မယူလိုပါ။ အကျွန်ုပ်ပေးဖူးသော ဥစ္စာမျှကိုသာ ယူပါအံ့ဟု လျှောက်ရာ မင်းကြီးက ပေးစေ၏။

သခ်သူဌေးလည်း ဥစ္စာနှင့်တကွ ကျွန်အပေါင်း ခြံရံလျက် ရာဇဂြိုဟ်ပြည်သို့ ပြန်လေသတည်း။

သူတစ်ပါး၏ကျေးဇူးကို သိရာသည်။
ဇာတ်ပေါင်းသော်–
ဝိဋ္ဌိယသူဌေးသည် ဒေဝဒတ် ဖြစ်လာ၏။
သခ်ံသူဌေးသည် ဘုရား ဖြစ်လာ၏။

❑

## ကောနိပါတ်။

### ၇၈။ ဃတာသနဇာတ် ၁၃၃
(ဃတာသန = မီး။)

### စွန့်သင့်သောအရပ်ကို စွန့်အပ်ခြင်းအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းတစ်ပါးသည် တောရွာတစ်ခုသို့သွား၍ ဝါကပ်၏။ တစ်ခါသော် ကျောင်းကို မီးလောင်သည်နှင့် ဒါယကာတို့အားကြားရာ အသစ်ဆောက်၍ လှူပါမည်။ သို့ရာတွင် လယ်ယာကို ထွန်ပါဦးအံ့၊ ကြဲပါဦးအံ့၊ ဖျိုးပါဦးအံ့ စသည်ဖြင့် ဆိုလျက်သာ ဝါတွင်းသုံးလကို ကုန်လွန်စေ၏။

ထိုရဟန်းမှာ ထိုသို့နေရာထိုင်ခင်း မပြည့်စုံသည်နှင့် ကမ္မဋ္ဌာန်းအပြီးသို့မရောက်ဘဲ ဝါကျွတ်လျှင် မြတ်စွာဘုရားထံသို့ သွား၍ဖူးမြော်၏။

မြတ်စွာဘုရားသည်လည်း နေရာထိုင်ခင်း မပြည့်စုံသဖြင့် ကမ္မဋ္ဌာန်းတရား မရနိုင်ကြောင်း ကြားသိတော်မူသော် ချစ်သား– သင်သည် အဘယ်ကြောင့် မိမိအား မလျောက်ပတ်သော အရပ်ကို မစွန့်သနည်း၊ ရှေးက တိရစ္ဆာန်တို့ပင် မိမိတို့အား လျော်သော မလျော်သော အရပ်တို့ကို သိသည်သာတည်းဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ အိုင်ကြီးတစ်ခုအနီးရှိ သစ်ပင်ထက်၌ ငှက်အပေါင်းတို့ နေကြရာ ၎င်းတို့ကိုယ်မှ အညစ်အကြေးတို့ အိုင်တွင်းသို့ ကျသည်တွင် အိုင်တွင်းရှိနဂါးသည် အမျက်ထွက်၍ ၎င်းတို့ကို ပြေးစေအံ့ဟု ညဉ့်အခါ ရှေးဦးစွာ ရေကိုဆူစေ၍ နောက် အခိုးထစေပြီးလျှင် သုံးကြိမ်မြောက်၌ ထန်းလုံးပမာဏရှိသော မီးလျှံကို ထစေ၏။

ထိုအခါ ငှက်အပေါင်းကို အုပ်စိုးသော ငှက်မင်းက အို-အချင်းတို့ မီးလောင်ခြင်းကို ရေဖြင့်ငြိမ်းရမြဲတည်း။ ယခုမူကား ရေကိုပင်လျှင် မီးလောင်၏။ သို့ကြောင့် ဤသစ်ပင်၌ ငါတို့နေခြင်းငှာ မသင့်၊ ပြောင်းရွှေ့ကြကုန်အံ့ဟု ဆို၏။

ထိုအခါ ငှက်မင်းစကားကို လိုက်နာသော ငှက်တို့သည် ငှက်မင်းနှင့်တကွ ပြောင်းရွှေ့ကြလေ၏။ မလိုက်နာသောငှက်တို့ကား မီးလျှံသင့်၍ သေကျေပျက်စီးကြလေသတည်း။

ဇာတ်ပေါင်းသော်-
ငှက်မင်းသည် ဘုရား ဖြစ်လာ၏။
စကားကိုနာသော ငှက်တို့သည် ဘုရားပရိသတ် ဖြစ်လာ၏။

❒

## ဧကနိပါတ်။

### ၇၉။ သုဝဏ္ဏဟံသဇာတ် ၁၃၆
### (သုဝဏ္ဏ = ရွှေ။ ဟံသ = ဟင်္သာ။)

### အလိုကြီး၍ ပျက်စီးရခြင်းအကြောင်း

သာဝတ္ထိပြည် သီတင်းသည်တစ်ယောက်သည် ရဟန်းမိန်းမတို့အား ကြက်သွန်ဖြင့်ဖိတ်၍ မိမိ၏ ယာခင်းစောင့်အား ရဟန်းမိန်းမတို့လာလျှင် အတန်ငယ်သော ကြက်သွန်တို့ကို လှူလေလောဟု ပြောကြားထားနှင့်၏။

တစ်နေ့သ၌ ထုလ္လနန္ဒာမည်သော ရဟန်းမိန်းမသည် အခြွေအရံနှင့် တကွ ယာခင်းသို့သွား၍ အတိုင်းအရှည်မသိ များစွာသော ကြက်သွန်တို့ကို နုတ်ယူကြလေ၏။ ထိုသို့ပြုသည်ကို ယာခင်းစောင့်သည်လည်းကောင်း၊ ၎င်းမှတစ်ဆင့် အလိုနည်းသော ရဟန်းမိန်းမတို့လည်းကောင်း၊ နောက်တစ်ဆင့် ရဟန်းယောကျ်ားတို့လည်းကောင်း ကဲ့ရဲ့ကြပြီးလျှင် မြတ်စွာဘုရားအား လျှောက်လေ၏။

ထိုအခါ မြတ်စွာဘုရားက ထုလ္လနန္ဒာကို ကဲ့ရဲ့တော်မူပြီးမှ ချစ်သားတို့ အလိုလောဘကြီးသောသူသည် မိမိအား မကြည်ညိုသေးသောသူကို ကြည်ညိုအောင် မတတ်နိုင်။ ကြည်ညိုပြီးသောသူကိုလည်း တိုး၍ကြည်ညိုအောင် မတတ်နိုင်။ မဖြစ်သေးသောလာဘ်ကို ဖြစ်အောင်မတတ်နိုင်။ ဖြစ်ပြီးသော လာဘ်ကိုလည်း တည်အောင်မတတ်နိုင်လေ။ ဤထုလ္လနန္ဒာသည် ယခုသာမဟုတ်၊ ရှေးကလည်း ဤသို့ပင်တည်းဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ယောကျ်ားတစ်ယောက်သည် အိမ်ထောင်ပြု၍ သမီးသုံးယောက်ရမှ သေဆုံးရာ ရွှေဟင်္သာအမျိုး၌ ဖြစ်လာ၏။ အရွယ်သို့ရောက်သော် ရွှေဖြင့်ပြီးသော အမွေးအတောင်တို့ရှိ၍ အလွန်လှပ တင့်တယ်၏။

တစ်နေ့၌ မိမိ၏ရှေးဘဝကို ဆင်ခြင်သော် မိမိ၏မယားမုဆိုးမနှင့် သမီးသုံးယောက်တို့ ဆင်းရဲ ငြိုငြင်စွာနေကြရသည်ကို မြင်လေမှ ငါ၏ရွှေတောင်တို့ကို ပေး၍ ချမ်းသာစေအံ့ဟု အိမ်သို့သွားရောက် ရှေးက အဖဖြစ်ခဲ့ဖူးကြောင်း ပြောဆိုပြီးလျှင် ရွှေတောင်တစ်ချောင်းစီ ပေး၍ ပျံသွားလေ၏။

သားအမိလေးယောက်တို့သည် ထိုရွှေတောင်တို့ကို ရောင်းချ၍ ချမ်းသာစွာနေကြလေ၏။ ဤသို့လျှင် ရွှေဟင်္သာသည် ရံခါရံခါ လာ၍ တစ်တောင်စီ တစ်တောင်စီ ပေးလေ့ရှိ၏။

တစ်နေ့သော် အမိသည် အလိုလောဘကြီးသည်ဖြစ်၍ သမီးတို့ တိရစ္ဆာန်တို့၏စိတ်ကို သိနိုင်ခဲ၏။ အကယ်၍ မလာသော် အသို့ပြုအံ့နည်း။ သို့ကြောင့် နောက်တစ်ကြိမ်လာသောအခါ အလုံးစုံသော အတောင်တို့ကို နုတ်ယူကြကုန်လောဟု ဆို၏။

သမီးတို့သည်ကား အဖ နဂကျင်ဆင်းရဲမည်စိုး၍ သဘောမတူ ကန့်ကွက်ကြကုန်၏။ သို့သော်လည်း မရဘဲ နောက်တစ်ကြိမ် ရွှေဟင်္သာလာသောအခါ အမိသည် အနီးသို့ခေါ်၍ ချုပ်ကိုင်ပြီးလျှင် ခပ်သိမ်းသော အတောင်တို့ကို နုတ်ယူကြလေ၏။ ရွှေဟင်္သာ သဘောမတူဘဲ နုတ်ယူသည်ဖြစ်၍ အလုံးစုံသော အတောင်တို့သည် ဗျိုင်းတောင်နှင့်အတူ အဖြူချည်း ဖြစ်လေကုန်၏။

ရွှေဟင်္သာသည် မပျံနိုင်တော့ပြီဖြစ်၍ ထိုမိန်းမသည် အိုး၌ လှောင်၍ မွေးထား၏။ အမွေးနောက်ထပ် ပြန်၍ပေါက်သော်လည်း ရွှေရောင်မဟုတ်ဘဲ အဖြူရောင်သာ ဖြစ်ကုန်၏။ ထိုသို့အတောင်ပေါက်သော် မိမိ၏နေရင်းအရပ်သို့ ပျံသွား၍ တစ်ဖန်မလာတော့ချေ။

ထိုမိန်းမသည် အလိုကြီး၍ ရွှေမှဆုံးရှုံးရလေသတည်း။

မြတ်စွာဘုရားသည် ဤဝတ္ထုကို ဟောပြီးနောက် ရဟန်းမိန်းမတို့သည် ကြက်သွန်ကိုစားလျှင် ပါစိတ်အာပတ်သင့်စေဟု သိက္ခာပုဒ်ကို ပညတ်လေသည်။

ဇာတ်ပေါင်းသော်–
မယားသည် ထုလ္လနန္ဒာ ဖြစ်လာ၏။
သမီးသုံးယောက်သည် ညီအစ်မသုံးယောက် ဖြစ်လာ၏။
ရွှေဟင်္သာသည် ဘုရား ဖြစ်လာ၏။

(ညီအစ်သုံးယောက်အကြောင်း ဝတ္ထုတို့၌ မထင်လေ။)

❐

## ဧကနိပါတ်။

## ၈၀။ ဗဗ္ဗုဇာတ် ၁၃၇
## (ဗဗ္ဗု = ကြောင်)

## ဥစ္စာစောင့် ကြွက်မကြီးအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ကာဏမာတာမည်သော သီတင်းသည်မသည် ရှိ၏။ ၎င်း၏သမီးကာဏာ သည် အိမ်ထောင်ကျပြီးနောက် အတန်ကြာသော် မိမိ၏အိမ်သို့ လာရောက် နေ၍ ၂ ရက်၊ ၃ ရက်လွန်လျှင် လင်ဖြစ်သူက ကာဏာ ပြန်လာစေလို ကြောင်း တမန်စေလိုက်၏။ ပြန်ခါနီးတွင် အမိ လက်ဆောင်ပေးလိုသည်ဖြစ်၍ မုန့်ကြော်၏။

ထိုခဏ၌ ရဟန်းတစ်ပါး ဆွမ်းခံလာသည်နှင့် မုန့်ကို လှူလိုက်ရ လေ၏။ ထိုရဟန်းထွက်သွား၍ အခြားရဟန်းတစ်ပါးအား ပြောကြားရာ ဒုတိယရဟန်း လာရောက်၍ အထက်နည်း လှူလိုက်ရပြန်၏။ ဤနည်းဖြင့် တတိယ၊ စတုတ္ထတိုင်အောင် ရဟန်းလေးပါးအား မုန့်လှူရသည်နှင့် မုန့်ကုန် ၍ ကာဏာမသွားဖြစ်ဘဲ ရှိရလေ၏။

လင်ဖြစ်သူကလည်း နှစ်ကြိမ်မြောက်စေပြီး သုံးကြိမ်မြောက်စေသော အခါ၌ကား မလာလျှင် အခြားမယားတစ်ယောက်ကို ယူတော့မည်ဟု မှာ လိုက်၏။ သုံးကြိမ်တိုင်တိုင် ယခင်နည်းအတိုင်း ကာဏာ မသွားဖြစ်၍ လင်သည် အခြားမယားတစ်ယောက်ကို ယူလေ၏။ ကာဏာကြားသော် ငို၍နေလေ၏။

ထိုသို့ ရဟန်းလေးပါးသည် ကာဏာ၏အမိဥစ္စာကိုစား၍ ၎င်း ကာဏာနှင့်တကွ အမိကို စိတ်မချမ်းသာအောင် ဖြစ်စေ၏ဟူသော စကား ကိုစွဲ၍ ရှေးကလည်း ဤသို့ပင်ဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ရွာပျက်ကုန်းတစ်ခု၌ ဥစ္စာစောင့် ကြွက်မ တစ်ကောင်သည်နေ၏။ ထိုအနီးသို့ ကျောက်သွေးသမားတစ်ယောက် သည် လာရောက်တူးဖော်သည်ကို ထိုကြွက်မသည် ကြိမ်ဖန်များစွာမြင် သော် ချစ်ခင်ယုံကြည်ခြင်းရှိသည်နှင့် ထိုသူအား ဥစ္စာပေး၍ ငါစားရန် အတွက် အသားဝယ်စေအံ့ဟု တစ်နေ့၌ နှုတ်သီးဖြင့် တစ်သပြာကို ဆောင်၍ ကျောက်သွေးသမားအား ပေးပြီးလျှင် သင့်အတွက်လည်း သုံး၍ ငါ့အတွက် အသားတစ်စုံတစ်ရာ ဝယ်ပေးပါဟု ဆိုလေ၏။

ဤနည်းဖြင့် စားသောက်နေရာ တစ်နေ့သော် ထိုကြွက်မကို ကြောင်တစ်ကောင် ဖမ်းမိလေ၏။ ထိုအခါ ကြွက်မက အသင် ငါ့အား မစားပါလင့်။ ငါ့ကို ယခုစားသော် ယနေ့တစ်နေ့သာ စားရအံ့။ အကယ်၍ ငါ့ကိုလွှတ်သော် သင်နေ့တိုင်းစားရန် ငါ အသားပေးပါအံ့ ဟု ဆိုလေ၏။ ထိုကြောင်သည်လည်း သဘောတူ၍ ကြွက်မကို လွှတ်လိုက်လေ၏။

ထိုနေ့မှစ၍ ကြွက်မသည် မိမိအတွက်ရသောအသားကို နှစ်စု ပြု၍ တစ်စုကို ကြောင်အားပေးရ၏။ တစ်စုကိုသာ မိမိစားရ၏။ ထို့နောက် ဒုတိယ၊ တတိယ၊ စတုတ္ထကြောင်တိုင်အောင် အဖမ်းခံရ၍ နောက်ဆုံး၌ အသား၏ငါးပုံတစ်ပုံသာ စားရတော့၏။

ဤသို့ အစာနည်းစွာစားရ၍ ပိန်ကြုံခြင်းသို့ရောက်သည်ကို ကျောက်သွေးသမားမြင်၍ မေးမှ အကြောင်းမျိုးကိုသိရသော် ရှေးက အဘယ်ကြောင့် ငါ့ကိုမပြောသနည်း၊ ဤဘေးမှလွတ်အောင် ငါ ကြံဆောင်အံ့ဟုဆို၍ ကြွက်မကြီးကို နှစ်သိမ့်စေ၏။

ကျောက်သွေးသမားသည် ထူသော ဖန်အုပ်ဆောင်းတစ်ခု အောက်တွင် ကြွက်မကိုနေစေပြီးမှ ကြောင်တို့လာသောအခါ ကြမ်း ကြုတ်သောစကားကို ဆိုလောဟု သင်ထားနှင့်၏။

ပထမကြောင်သည် လာရောက်၍ အသားကိုတောင်းသော အခါ ကြွက်မက ဟယ်– ကြောင်ပျက်၊ ငါသည် သင်၏ အမဲဆောင် လော၊ သင့်သားသမီးတို့၏အသားကို ပြန်၍စားချေလောဟု ခြိမ်းခြောက် လေ၏။

ထိုအခါ ကြောင်သည် ပြင်းစွာမျက်ထွက်လျက် ဖန်အုပ်ရှိ ကြောင်းမသိဘဲ ကြွက်မကို ဖမ်းယူရန် အပြင်းပြေး၍ ခုတ်လေသော် ရင်ဖြင့် ဖန်အုပ်ကို ဆောင့်မိသဖြင့် ရင်ကွဲ၍သေလေ၏။ ကျန်သော ကြောင်သုံးကောင်တို့သည်လည်း ဤသို့ဖြင့်သာ သေကျေပျက်စီးလေ ၍ ကြွက်မ ချမ်းသာရာရလေ၏။

ကြွက်မသည် ကျောက်သွေးသမားအား နေ့တိုင်း နေ့တိုင်း နှစ်သပြာ သုံးသပြာပေးသည်နှင့် အလုံးစုံသောဥစ္စာတို့သည် နောက်ဆုံး ၌ ကျောက်သွေးသမားလက်တွင်းသို့ ရောက်လေ၏။ ထိုနှစ်ဦးတို့ သည်လည်း ချစ်ခင်ချမ်းသာစွာ အသက်ထက်ဆုံးနေကြလေသတည်း။

ဇာတ်ပေါင်းသော်–

ကြောင်လေးကောင်သည် ရဟန်းလေးပါး ဖြစ်လာ၏။

ကြွက်မသည် ကာဏာမာတာ ဖြစ်လာ၏။

ကျောက်သွေးသမားသည် ဘုရား ဖြစ်လာ၏။

❐

ဧကနိပါတ်။

## ၈၁။ ဓါမဇာတ် ၁၃၈
## (ဓါမ = ဖွတ်သတ္တဝါ)

## ကောက်ကျစ်သော ရသေ့အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် အံ့ဖွယ်သရဲတို့ဖြင့် ကောက်ကျစ်တတ်သော ရဟန်းတစ်ပါးကိုစွဲ၍ အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ အကျင့်သီလနှင့် ပြည့်စုံသော ရသေ့တစ်ပါးသည် ရွာတစ်ရွာကို မှီ၍နေရာ ကျောင်းအနီးတွင်နေသော ဖွတ်ကြီးတစ်ကောင်သည် ထိုရသေ့ထံသို့ နေ့တိုင်းလာ၍ ဆည်းကပ် တရားနာယူလေ့ရှိ၏။

တစ်ရံသော် ထိုသီလရှိသော ရသေ့ ထွက်သွားသည်တွင် ကောက်ကျစ်သောရသေ့တစ်ပါး ထိုကျောင်း၌နေ၏။ ဖွတ်ကြီးလည်း ယခင်ကသို့ပင် နေ့စဉ် ဆည်းကပ်လာ၏။

တစ်နေ့သော် ရွာသားတို့သည် ဖွတ်သား ချက်ပြုတ်ပြီးလျှင် ရသေ့အား ကပ်လှူလာ၏။ အလွန်အရသာရှိသည်ဖြစ်၍ ရသေ့က မေးမြန်းရာ ဖွတ်သားဖြစ်ကြောင်းကို သိရလေ၏။ ထိုအခါ ရသေ့သည် ငါ့ထံသို့ လာနေကျဖြစ်သော ဖွတ်ကြီးကိုလည်း သတ်စားအံ့ဟု ကြံလေ၏။

ကြံပြီး၍ လက်ရိုက်ကို သင်္ကန်းကြား၌ဝှက်ပြီးလျှင် ကျောင်းတံခါးအကွယ်မှနေ၍ ဖွတ်ကြီးအလာကို စောင့်နေလေ၏။ ဖွတ်ကြီးလာသော် ရသေ့၏အမူအရာထူးသည်ကို မြင်၍ မသင်္ကာသည်နှင့်

ရသေ့၏ လေအောက်ဘက်မှ လှည့်သွားရာ ဖွတ်သားနံ့ နံ့လေမှ ဤရသေ့ကောက်သည် ယနေ့ ဖွတ်သားစားရသည်ဖြစ်၍ အရသာကို တပ်မက်သဖြင့် ငါ့ကိုသတ်စားရန် ကြံသည် ဖြစ်လတ္တံ့ဟု ရသေ့ထံမှ ထွက်သွားလေ၏။ ထိုအခါ ရသေ့သည် ဤဖွတ်ကား ငါ၏အကြံ အစည်ကို ရိပ်မိသဖြင့် ထွက်ခွာသွားလေသည်။ ထိုသို့သွားလေသော် လည်း လွတ်ရမည်မဟုတ်ဟု လိုက်၍ လက်ရိုက်ဖြင့်ပစ်ရာ အမြီးဖျား ကိုသာ ထိလေ၏။

ဖွတ်ကြီးလည်း တောင်ပို့တွင်းသို့ဝင်၍ အခြားအပေါက်တစ် ပေါက်မှ ဦးခေါင်းကို ဖော်ထုတ်ပြီးလျှင် အို– ကောက်ကျစ်သော ရသေ့ သင့်အား သီလရှိသည်ထင်၍ ငါဆည်းကပ်၏။ ယခု ကောက်ကျစ် သော အဖြစ်ကို သိရပြီ။ သင်သည် အပေါ်ယံဖြစ်သော ဆံကျစ် သစ်နက်ရေတို့ဖြင့် ရသေ့ပြုနေ၍ အဘယ်အကျိုးရှိအံ့နည်း။ သင်၏ ကိုယ်တွင်း၌ရှိသော မကောင်းသောစိတ်ယုတ်၏ အရောင်သည် အပြင် ၌ ထင်လာလေပြီတကား။ သင်သည် ဤအရပ်မှ ပြေးလေလော့။ မပြေးလျှင် သင့်အကြောင်း ရွာသားတို့အား ပြောကြား၍ ရိုက်ပုတ် နှင်ထုတ်စေအံ့ဟု ခြိမ်းခြောက်ပြီးလျှင် တောင်ပို့တွင်းသို့ ဝင်သွား လေ၏။

ရသေ့လည်း မနေဝံ့တော့ဘဲ အရပ်တစ်ပါးသို့ ပြေးရလေ သတည်း။

ဇာတ်ပေါင်းသော်–

ကောက်ကျစ်သောရသေ့သည် ထိုရဟန်း ဖြစ်လာ၏။

သီလရှိသောရသေ့သည် ရှင်သာရိပုတ္တရာ ဖြစ်လာ၏။

ဖွတ်ကြီးသည် ဘုရား ဖြစ်လာ၏။

❐

# ကေနိပါတ်။

## ၈၂။ ဉဘတောဘဋ္ဌဇာတ် ၁၃၉
## (ဉဘတော = နှစ်ပါးစုံမှ။ ဘဋ္ဌ = လျှောကျသော။)

## နှစ်ဖက်ရှုံး တံငါသည်အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် တစ်နေ့သော် ရဟန်းတို့သည် ငါ့ရှင်တို့ ဒေဝဒတ်သည် ရဟန်းပြုသဖြင့် အကျိုးနှစ်ပါးမှ ဆုံးရှုံး၏။ ဆုံးရှုံးဟန်ကား ရဟန်းပြုသဖြင့် လူစည်းစိမ်မှ လည်း ဆုံးရှုံး၏။ ရဟန်းပြုလျက် ရဟန်း၏အကျိုးကို မပြီးစေနိုင်သဖြင့် ရဟန်းအကျိုးမှလည်း ဆုံးရှုံး၏ဟု ပြောဆိုကြ၏။ ထိုစကားကို မြတ်စွာ ဘုရား ကြားတော်မူသော် ယခုသာမဟုတ် ရှေးကလည်း ဤသို့ပင် ဆုံးရှုံးဖူး သည်သာတည်းဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ တံငါရွာငယ်တစ်ရွာမှ တံငါသားအဖနှစ်ယောက် သည် ငါးမျှားကြရာ ငါးမျှားချိတ်သည် ရေအောက်တွင်ရှိသော သစ်ငုတ်တစ်ခု၌ ငြိနေသဖြင့် ဆွဲငင်၍မရနိုင် ရှိလေ၏။ ထိုတံငါ တွေးသည်ကား ငါးမျှားချိတ်သည် အလွန်ကြီးသော ငါးကြီးတစ် ကောင်၌ ငြိ၍နေသည်ဖြစ်လိမ့်မည်။ ငါးကြီးကိုရသော် အိမ်နီးနားချင်း တို့က ဝေစုတောင်းကြလိမ့်မည်၊ မတောင်းကြအောင် အိမ်နီးချင်းတို့နှင့် ခိုက်ရန်ဖြစ်ထားမှ သင့်လျော်လိမ့်မည်ဟု ကြံတွေး၍ မိမိသားငယ်အား အမောင်– ငါတို့ ငါးကြီးရလိမ့်မည်။ သင့်အမိထံသို့ပြေး၍ အိမ်နီးချင်း တို့နှင့် ရန်ဖြစ်ထားနှင့် ပြောချေလောဟု စေလွှတ်လိုက်၏။

သားငယ်ကို စေလိုက်ပြီးနောက် ထိုတံငါသည် ငါးမျှားချိတ်ကို ဆွဲငင်မရသည်နှင့် ကြိုးပြတ်မည်စိုးသောကြောင့် အပေါ်ရုံပုဆိုးကို

ကုန်းပေါ်၌ထားပြီးလျှင် ရေထဲသို့ငုပ်၍ ငါးကို စမ်းသည်တွင် သစ်ငုတ်ထိုးမိသဖြင့် မျက်စိနှစ်လုံး ပေါက်လေ၏။ ကုန်းပေါ်၌ရှိသော ပုဆိုးကိုလည်း ခိုးသူတို့ ယူသွားလေ၏။ တံငါသည်လည်း ပြင်းစွာနာကျင်သည်နှင့် လက်တို့ဖြင့် မျက်စိတို့ကိုပိတ်လျက် ရေမှတက်၍ ပုဆိုးကိုရှာနေလေ၏။

အိမ်တွင်ရှိ တံငါ၏ မယားသည်လည်း ငါးဆေစုမပေးရအောင် ခိုက်ရန်ဖြစ်ထားအံ့ဟု နားတစ်ဖက်၌ ထန်းရွက်နားတောင်းကိုပန်၍ မျက်လုံးတစ်ဖက်၌ထမင်းအိုးမင်ဖြင့် ကွက်ပြီးလျှင် ခွေးငယ်တစ်ကောင်ကို ရင်ခွင်၌ပိုက်ကာ အိမ်နီးချင်းများ၏ အိမ်ရှေ့သို့ မော့တော့တော့ပြု၍ သွားလေ၏။

ထိုအခါ တစ်ယောက်သောမိန်းမက သင်သည် ထူးထူးခြားခြား ပြု၍လာ၏၊ ရူးသလောဟု ဆိုသည်တွင် ငါသည်မရူး၊ ငါ့ကို သင်သည် အကြောင်းမဲ့ဆဲရေး၏။ ယခုပင် ရွာစားထံသို့သွား၍ လျော်ကြေးရရန် တရားစွဲမည်ဟု သွားရောက်တရားစွဲလေ၏။ တရားကို စစ်ဆေးသည်ရှိသော် ထိုတံငါမယားအပေါ်သာလျှင် လျော်ဒဏ်သင့်သည်နှင့် နှောင်ဖွဲ့၍ ဒဏ်ပေးရန် ပုတ်ခတ်ကြလေ၏။

ထိုအခါ အိုင်အနီးရှိ ရက္ခစိုးနတ်သည် ရွာ၌ အဖြစ်အပျက်ကိုလည်းကောင်း၊ အိုင်၌အဖြစ်အပျက်ကိုလည်းကောင်း မြင်ရလေသော် သစ်ခွအကြား၌ရပ်လျက် တံငါအား ဤသို့ဆိုပေ၏။

အို- တံငါယောကျ်ား သင်၏မျက်စိတို့လည်း ပေါက်ခဲ့ပြီ။ ပုဆိုးလည်း ပျောက်လေပြီ။ အိမ်တွင်ရှိသော သင်၏မယားမှာလည်း ခိုက်ရန်ဖြစ်ပြီးလျှင် တရားရှုံး၍ ဒဏ်သင့်နေလေပြီ။

ထို့ကြောင့် သင်တို့မှာ ရေ၌လည်းကောင်း၊ ကြည်း၌လည်းကောင်း နှစ်ပါးစုံသောအကျိုးတို့မှ ပျက်စီးဆုံးရှုံးရလေပြီတကားဟု ဆိုမြည်လိုက်လေသတည်း။

ဇာတ်ပေါင်းသော်–
တံငါသည် ဒေဝဒတ် ဖြစ်လာ၏။
ရက္ခစိုးသည် ဘုရား ဖြစ်လာ၏။

❒

## ဧကနိပါတ်။

## ၈၃။ ကာကဇာတ် ၁၄၀
## (ကာက = ကျီး)

### ဆွေမျိုးအတွက် အကျိုးဆောင်သော ကျီးမင်းအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဆွေတော်မျိုးတော်တို့အကျိုးငှာ ကျင့်ခြင်းကို အကြောင်းပြု၍ အောက်ပါ ဇာတ်ကို ဟောတော်မူသည်။ (အကျယ်ကို ဒွါဒသနိပါတ်။ ဘဒ္ဒသာလဇာတ် [ဦးရေနံပါတ်– ၂၁၅ ]၌ ကြည့်လေ။)

ရှေးသောအခါ ဗာရာဏသီမင်း၏ ပုရောဟိတ်ပုဏ္ဏားသည် ရေမိုးချိုး နံ့သာလိမ်းကျံ၍ ဝတ်ကောင်းစားကောင်းနှင့် လာသည်တွင် လျှပ်ပေါ်သောကျီးတစ်ကောင်သည် ထိုပုဏ္ဏားပေါ်သို့ တမင်တကာ မစင်စွန့်၍ ချလိုက်လေ၏။ ပုဏ္ဏားလည်း အလွန်အမျက်ထွက်၍ ကျီးတို့ကို ရန်ငြိုးဖွဲ့လိုက်လေ၏။

တစ်ခါသော် မင်း၏ ဆင်တင်းကုပ်ကို မီးလောင်ရာ များစွာသော ဆင်တို့၏ကျောက်ကုန်းတို့ကိုလည်း မီးထိသည်နှင့် အနာတို့သည် ဖြစ်ကုန်၏။ ထိုအနာတို့ကို ဆေးသမားတို့ မကုနိုင်ရှိ၍

မင်းကြီးက ပုရောဟိတ်ထံ၌ အကြံတောင်းရာ ကျီးတို့၌ ရန်ငြိုးရှိလေရကား ကျီးဆိဖြင့် ကုစားအပ်ပါသည်ဟု လျှောက်လေ၏။

ထိုအခါ မင်းမိန့်ဖြင့် များစွာသောကျီးတို့ကိုသတ်၍ အဆီကိုရှာရာ မရမတွေ့ဘဲ ကျီးတို့သာလျှင် ပျက်စီးကုန်၏။

ထိုအခါ ကျီးမင်းသည် မိမိအဆွေအမျိုးတို့၏ အကျိုးကိုကာကွယ်အံ့သောငှာ မေတ္တာရှေ့သွားပြု၍ နန်းတွင်းသို့ တစ်ဟုန်တည်းပျံဝင်ပြီးလျှင် မင်း၏နေရာအောက်သို့ဝင်၏။ ဖမ်းကြမည်ပြုရာ မင်းကြီးက ဘေးလွတ်ရာသို့ဝင်သောကျီးဖြစ်၍ မဖမ်းလင့်ဟု တားမြစ်၏။

ထိုအခါမှထွက်၍ ကျီးမင်းသည် အရှင်မင်းကြီး မည်သည့်အမှုကိုမဆို စူးစမ်းဆင်ခြင်၍မပြုလျှင် အကျိုးယုတ်တတ်ပါသည်။ ယခုကျီးတို့ကိုသတ်၍ အဆီရှာသောကိစ္စ၌ ပုရောဟိတ်သည် ရန်ငြိုးဖြင့်မှသားဆိုခြင်းဖြစ်ပါသည်။ ကျီးတို့၌ အဆီမရှိပါ။ အကြောင်းသော်ကား ကျီးတို့ကို ခပ်သိမ်းသောသူတို့သည် မုန်းထားညှဉ်းဆဲတတ်သည်ဖြစ်၍ ကျီးတို့မှာ အစဉ်မပြတ် ထိတ်ထိတ်လန့်လန့် နေကြရသည်နှင့်အစားအစာမှာ အဆီမဖြစ်နိုင်ရှိပါသည်ဟု လျှောက်လေ၏။

မင်းကြီးလည်း များစွာနှစ်သက်ကြည်ညိုလျက် ကျီးမင်းအားမင်းအဖြစ်ကိုပေး၏။ ကျီးမင်းသည် မင်းအဖြစ်ကို ပြန်အပ်နှင်းပြီးမှသတ္တဝါတို့ ဘေးမဲ့ကိုတောင်း၏။ ဘေးမဲ့ပေးသည့်အပြင် ကျီးတို့အားနေ့စဉ် နေ့စဉ် များစွာသောထမင်းတို့ကို ချက်၍ပေးလှူလေသတည်း။

ဇာတ်ပေါင်းသော်–

မင်းကြီးသည် ရှင်အာနန္ဒာ ဖြစ်လာ၏။

ကျီးမင်းသည် ဘုရား ဖြစ်လာ၏။

❒

ဧကနိပါတ်။

၈၄။ ဓေဝါဇာတ် ၁၄၁
(ဂေါဓ = ဖွတ်)

## သစ္စာမဲ့သော ပုတ်သင်အကြောင်း

မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဆန့်ကျင်ဘက် အဆွေခင်ပွန်းနှင့် ပေါင်းသင်းသော ရဟန်းတစ်ပါးကို အစွဲပြု၍ အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ တစ်ခုသောမြစ်အနီးရှိ တွင်းကြီး၌ ဖွတ်ကြီးတစ်ကောင်သည် များစွာသော ဖွတ်တို့နှင့်နေ၏။

ထိုဖွတ်ကြီး၏ သားငယ်သည် ပုတ်သင်ငယ်တစ်ကောင်နှင့် အဆွေခင်ပွန်းဖွဲ့သည်ကို ဖွတ်ကြီးကြားသိသော် ချစ်သား– ပုတ်သင်တို့သည် ယုတ်မာကုန်၏။ အဆွေခင်ပွန်းဖွဲ့လျှင် ထိုပုတ်သင်ကိုမှီ၍ ငါတို့ဖွတ်အားလုံး ပျက်စီးရလိမ့်မည်။ အဆွေခင်ပွန်း မဖွဲ့လေနှင့်ဟု အကြိမ်ကြိမ် တားမြစ်၏။ မရနိုင်သော် ဘေးရှိသောအခါ ပြေးရန်ဟု တွင်း၏နံပါးတစ်ဖက်၌ ကယ်ပေါက်ကိုပြု၍ထား၏။

ဖွတ်ငယ်သည် ပုတ်သင်ငယ်ကို ဖက်၍ဖိ၍ ကစားလေ့ရှိရာ ကာလအတန်ကြာသော် ဖွတ်ငယ်သည် ကြီးမားသောကိုယ်ရှိလာသည်နှင့် တိုး၍မကြီးသော ပုတ်သင်မှာ ထိုသို့အဖက်အဖိခံရသည့်အတွက် အလွန်ပင်ပန်း၏။

ထိုအခါ ပုတ်သင်သည် ဤသို့ မကြာမကြာ အဖိခံရသော် ငါ သေရအံ့။ မုဆိုးတစ်ယောက်နှင့် ပေါင်း၍ ဖွတ်မျိုးဖြုတ်မှသာ

ငါချမ်းသာတော့မည်ဟု တောလှည့်လာသော မုဆိုးတစ်ယောက်အား ဖွတ်တို့ နေရာကို ပြလေ၏။

မုဆိုးလည်း တွင်းဝမှနေ၍ ကောက်ရိုးမီးအခိုးကို လွှတ်လေသော် အခိုးမွန်၍ ဖွတ်တို့ထွက်လာသည်ကို ဖမ်းယူလေ၏။ ဤသို့ ဖွတ်အများ ပျက်စီးသည်ကို ဖွတ်ကြီးမြင်သော် ကယ်ပေါက်ဖြင့်ပြေး၍ ဖွတ်မျိုးသည် ပုတ်သင်ကြောင့် ပျက်စီးရသကဲ့သို့ ယုတ်မာသော အဆွေခင်ပွန်းနှင့် ပေါင်းဖော်သောသူသည်လည်း ပျက်စီးရမည်သာတည်းဟု ဆိုလေသတည်း။

ဇာတ်ပေါင်းသော်–
ဖွတ်ငယ်သည် ထိုရဟန်း ဖြစ်လာ၏။
ဖွတ်ကြီးသည် ဘုရား ဖြစ်လာ၏။

❐

## ကောနိပါတ်။

### ၈၅။ ဝိရောစနဇာတ် ၁၄၃
### (ဝိရောစ = ထွန်းပခြင်း။)

## အထင်ကြီးသော မြေခွေးအကြောင်း

ဒေဝဒတ်သည် မြတ်စွာဘုရားမှ သင်းခွဲပြီးလျှင် မိမိ၏တပည့်ကြီး ကောကာလိကနှင့်တကွ နုသေးသော ရဟန်းတို့ကိုယူ၍ ဂယာသီသ၌ နေ၏။

တစ်နေ့သော် ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့သည် နုသေးသော ရဟန်းတို့အား တရားဟောပြောရန် ဒေဝဒတ်ထံသို့လာသည်ကို

ဒေဝဒတ်က အဂ္ဂသာဝကနှစ်ပါးသည် မိမိဂိုဏ်းသို့ ဝင်လာသည်ထင်၍ အလွန်ဝမ်းမြောက်လျက် ဘုရား၏ တင့်တယ်စမွှာယ်ခြင်းဖြင့် ဘုရားအတု ကိုပြုကာ ငါ့ရှင် သာရိပုတ္တရာ ရဟန်းတို့ကို တရားဟောပါလော။ ငါမူကား ညောင်းညာသည်ဖြစ်၍ ခေတ္တလျောင်းဦးအံ့ဟု ဆို၍ လျောင်းရာ မကြာမီ အိပ်ပျော်သွားလေ၏။

ထိုသို့ အိပ်ပျော်နေစဉ်အတွင်း ရှင်သာရိပုတ္တရာသည် ရဟန်းတို့အား တရားဟောလျှင် အရဟတ္တဖိုလ်သို့ရောက်၍ နိုးကြားကြသည်နှင့် ထိုရဟန်း တို့ကိုယူ၍ ဘုရားထံသို့ ပြန်ခဲ့၏။

တပည့်ကြီး ကောကာလိကသည်လည်း ငါ့ရှင်ဒေဝဒတ် သင်၏ ပရိသတ်ကိုဖျက်၍ အဂ္ဂသာဝကနှစ်ပါးတို့ ယူဆောင်သွားကြလေပြီ။ သင် ကား အိပ်သည်သာလျှင်တည်းဟု ဆို၍ ဒေဝဒတ်၏ရင်ကို ဖနောင့်ဖြင့် ပြင်းစွာ ကျောက်ကန်လေ၏။ ဒေဝဒတ်၏ခံတွင်းမှ သွေးအန်၍ မကျန်းမမာ နာလေ၏။

ရှင်သာရိပုတ္တရာလည်း ဒေဝဒတ်သည် ဘုရားကဲ့သို့ အတုပြု၍ ပျက်စီးရကြောင်းလျှောက်ရာ မြတ်စွာဘုရားက ယခုသာမဟုတ် ရှေးကလည်း ပျက်စီးဖူးလေပြီဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ မြေခွေးတစ်ကောင်သည် ခြင်္သေ့မင်းနှင့် လမ်း တွင် ရင်ဆိုင်တွေ့ရာ မပြေးသာဘဲ ရှေ့တွင်ရှိခိုး၍ ဝပ်လေ၏။ ခြင်္သေ့မင်းက အသို့နည်းမေးသော် အရှင်၏ခြေရင်း၌ ခစားလုပ်ကျွေး လိုပါသည်ဟုဆိုလျှင် ကောင်းပြီ၊ လုပ်ကျွေးလော။ သင့်အား ငါကျွေး မွေးထားအံ့ဟုဆို၍ ဂူသို့ခေါ်ဆောင်သွားလေ၏။

ထိုအခါမှစ၍ မြေခွေးသည် ခြင်္သေ့၏ စားကြွင်းကိုစားရသည် နှင့် နှစ်ရက်သုံးရက်လွန်သော် ဝဖြိုးသောကိုယ် ရှိလာလေ၏။

တစ်နေ့သော် ခြင်္သေ့မင်းသည် ဂူတွင်း၌အိပ်လျက် မြေခွေးအား ပြောသည်မှာ အသင်မြေခွေး တောင်ထိပ်သို့တက်၍ တောင်ခြေ၌

ကျက်စားကုန်သော တိရစ္ဆာန်တို့ကို ကြည့်ပြီးလျှင် အသင်စားလိုသော တိရစ္ဆာန်တို့ကို ငါ့အားလာရောက်ကြားပြော ရှိခိုးပြီးလျှင် အရှင် ထွန်းပလောဟု ဆိုလော။ ထိုတိရစ္ဆာန်ကို ငါသတ်စားပြီးလျှင် သင့်အားလည်း ပေးအံ့ဟု ဆို၏။

မြေခွေးသည် ဆိုသည့်အတိုင်း ကြည့်ပြီး၍ အရှင် ထွန်းပလော ဟု ဆို၏။ ထိုအခါ ခြင်္သေ့မင်းသည် ပြသောတိရစ္ဆာန်ကို သတ်ဖြတ် စားသောက်၍ မြေခွေးအား ပေး၏။

ကာလရှည်သော် မြေခွေးသည် ဤသို့ကြံ၏။ ငါသည်လည်း အခြေလေးချောင်းရှိသည်ပင်ကတည်း။ အဘယ်ကြောင့် သူတစ်ပါး ကျွေးမွေးသည်ကိုသာ စားသောက်နေရအံ့နည်း။ ငါသည်လည်း ခြင်္သေ့မင်းနည်းတူ ဆင် စသည်တို့ကို သတ်စားအံ့ဟု မာနကို ဖြစ်စေ ပြီး၍ ခြင်္သေ့မင်းထံသို့ ကပ်ပြီးလျှင် အရှင်– အရှင်သတ်အပ်သော အစာတို့ကို စားရသည်မှာ ကြာပြီ၊ အကျွန်ုပ်သည်လည်း ဆင်ကိုသတ် ၍ စားလို၏။ သို့ကြောင့် အရှင့်အိပ်ရာ၌ အကျွန်ုပ်အိပ်ပါအံ့။ အရှင် သည် တောင်ခြေ၌သွားသော ဆင်တို့ကိုကြည့်၍ အကျွန်ုပ်ထံသို့လာပြီး လျှင် အသင်မြေခွေး ထွန်းပလောဟု ဆိုလော။ ဤမျှ၌ ဝန်တိုခြင်း မရှိပါလင့်ဟု ဆိုလေ၏။

ခြင်္သေ့မင်းလည်း အသင်မြေခွေး မသင့်သည်ကို မကြံလင့်၊ ဆင်ကို သတ်နိုင်သော မြေခွေးမရှိဟု အကြိမ်ကြိမ်တားမြစ်သော်လည်း မရနိုင်သည်နှင့် နောက်ဆုံး၌ မြေခွေး၏အလိုသို့ လိုက်ရလေ၏။

ခြင်္သေ့မင်းသည် အမုန်ယစ်သောဆင်ကိုပြ၍ မြေခွေးမင်း ထွန်းပ လောဟု ဆို၏။ မြေခွေးသည် ခြင်္သေ့ဟန်ကိုတု၍ ဂူဝသို့ ထွက်ပြီး လျှင် အရပ်လေးမျက်နှာကိုကြည့်ကာ သုံးကြိမ်တိုင်အောင် ဟောင် ပြီးမှ ဆင်ဦးကင်း၌ကျရန်ဟု ခုန်လေရာ ဆင်ခြေရင်း၌ကျလေ၏။

ဆင်သည်လည်း ခြေကြွ၍ မြေခွေးအား စိစိညက်ညက် နင်းပြီးမှ မြေခွေးကောင်ကို ခြေဖြင့်စု၍ အထက်၌ မစင်ကိုစွန့်ချပြီးလျှင် ကြိုးကြာသံကိုမြည်၍ တောသို့ဝင်လေ၏။ ခြင်္သေ့မင်းမြင်သော် မြေခွေး သင်၏အရိုးအသား ဦးခေါင်းဦးနှောက်တို့သည် စိစိညက်ညက် ကျေလေပြီ ထွန်းပပါဦးလောဟု ဆိုလေသတည်း။

**မတူလျှင် မတုနှင့်။**

ဇာတ်ပေါင်းသော်–

မြေခွေးသည် ဒေဝဒတ် ဖြစ်လာ၏။

ခြင်္သေ့မင်းသည် ဘုရား ဖြစ်လာ၏။

❐

**ကေနိပါတ်။**

**၈၆။ ကာကဇာတ် ၁၄၆**

**(ကာက = ကျီး)**

## အရာမဟုတ်သည်၌ အားထုတ်သော ကျီးအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် အသက်ကြီးမှ ရဟန်းပြုကြသော တောထွက်ရဟန်းကြီးတစ်စုသည် မိမိတို့အား ဆွမ်းကွမ်းဖြင့် အထူးကျေပွန်စွာလုပ်ကျွေးသော ရဟန်းကြီးတစ်ပါး၏ မယားဟောင်းလည်းဖြစ်သော မိန်းမသေဆုံးသည်တွင် အချင်းချင်း လည်ကိုဖက်၍ ငိုင်းစွာငိုကြွေးကြသည်ကို မြတ်စွာဘုရားကြားသော် ရှေး

ကလည်း ဤမိန်းမကိုစွဲ၍ ဒုက္ခကြီးစွာ ရောက်ကြရလေပြီဟု အောက်ပါ ဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ကျီးဖိုမနှစ်ကောင်တို့သည် သမုဒ္ဒရာနားသို့ သွား၍ လူတို့သည် နဂါးအား ပူဇော်၍ထားခဲ့သော နို့ဃနာ၊ ငါးအမဲ၊ သုရာ စသည်တို့ကို စားသောက်မူးယစ်ပြီးလျှင် ရေကစားရာ လှိုင်း တံပိုးတက်လာ၍ ကျီးမကို ပုတ်ယူသွားသည်နှင့် ကျီးမ ရေနစ်လျှင် ငါးစားမျိုသွားလေ၏။

ကျီးဖိုလည်း မယားသေခဲ့ပြီဟု ငိုကြွေးရာ အခြားကျီးတို့လည်း ရောက်၍ငိုကြပြီးမှ ငါတို့အဆွေမယားကို သမုဒ္ဒရာရေကို ခန်းခြောက်စေ ပြီးမှ ယူအံ့ဟု သမုဒ္ဒရာရေကို ခံတွင်းဖြင့်ငုံ၍ အပ၌ စွန့်ကြကုန်၏။ ဆားငန်ရေကြောင့် လည်ခြောက်ခြင်း၊ ခံတွင်းခြောက်ခြင်း၊ မေးညောင်း ခြင်း၊ မျက်စိနီခြင်း၊ အိပ်ချင်ခြင်းတို့ဖြစ်၍ အလွန်ပင်ပန်းဆင်းရဲကြ ကုန်၏။

ထိုအခါ စည်းဝေးကြပြန်၍ ယခု ငါတို့လည်း ပင်ပန်းလှချေ ပြီ။ သမုဒ္ဒရာရေလည်း အနည်းငယ်မျှလျော့သည်မဟုတ်၊ အဆင်း သဏ္ဌာန် ကိုယ်ဟန်ကြော့ရှင်း တင့်တယ်ခြင်းရှိထသော သာယာသော အသံနှင့်လည်း ပြည့်စုံထသော ထိုငါတို့၏ကျီးမကို ဤသမုဒ္ဒရာဆိုး သည် ငြိုးသူရန်ဘက်ကဲ့သို့ ဖျက်ဆီးလေပြီတကားဟု တစ်ကြိမ်တစ်ဖန် ငိုကြွေးပြန်၏။

ထိုအခါ သမုဒ္ဒရာစောင့်နတ်သည် ကျီးတို့၏ မသင့်လျော် သော အပြုအမူကိုမြင်လျှင် ကြောက်မက်ဖွယ်သောအဆင်းကိုပြ၍ ပြေးစေကုန်၏။ ထိုသို့ပြေးစေသဖြင့်လည်း ကျီးတို့ ချမ်းသာရာကို ရကြလေသတည်း။

ဇာတ်ပေါင်းသော်–
ကျီးမသည် မယားဟောင်း ဖြစ်လာ၏။
ကျီးဖိုသည် အသက်ကြီးသောရဟန်း ဖြစ်လာ၏။
ကြွင်းသောကျီးတို့သည် ကြွင်းသောရဟန်းတို့ ဖြစ်လာ၏။
သမုဒ္ဒရာစောင့်နတ်သည် ဘုရား ဖြစ်လာ၏။

❐

## ဧကနိပါတ်။

### ၈၇။ ပုပ္ဖရတ္တဇာတ် ၁၄၇
### (ပုပ္ဖ = ပန်း။ ရတ္တ = ဆေးဆိုးအပ်သော၊ နီသော ပုပ္ဖရတ္တ = ဝတ်ပန်းဆိုးအဝတ်)

### မိန်းမအလိုသို့လိုက်၍ ပျက်စီးဆင်းရဲရသူအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းတစ်ပါးသည် မိမိ၏မယားဟောင်း၌ စိတ်ငြည်၍ တပ်မက်သည်ကို မြတ်စွာဘုရား ကြားတော်မူလျှင် ချစ်သား ဤမိန်းမသည် သင့်အား အကျိုးမဲ့ကို ပြု၏။ ရှေးဘဝကလည်း ဤမိန်းမကိုစွဲ၍ သင်သည် တံကျင်လျှိုအသတ်ခံရပြီးလျှင် ငရဲသို့ လားရဖူးလေပြီဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ဗာရာဏသီပြည်ဝယ် တန်ဆောင်မုန်းလ ညဉ့်၌ လှည့်လည်သော ပွဲသဘင်ဖြစ်၍ လူတို့သည် ပွဲသဘင်ကစားကြကုန်၏။ ထိုအခါ သူဆင်းရဲတစ်ယောက်မှာ ပုဆိုးဖြူတစ်ထည်သာ

ရှိ၏။ ထိုသူ၏မယားက အရှင် ငါသည် ဝတ်ပန်းဆိုးအဝတ်တို့ကို ဝတ်ဆင်၍ သင်၏လည်၌ ဖက်ပြီးလျှင် ပွဲသဘင်ကစားလိုသည်ဟု ဆိုလေ၏။

ရှင်မ ငါတို့သည် ဆင်းရဲ၏ အဘယ်မှာ ဝတ်ပန်းဆိုးအထည် ရနိုင်အံ့နည်း။ ငါတို့တွင်ရှိသော ဤအဝတ်ဖြူကိုပင် ဆင်ယင်ပါလော။

ဝတ်ပန်းပုဆိုးအဝတ်ကိုမရလျှင် ငါ ပွဲသဘင်မကစားတော့ပြီ။ သင်သည် အခြားသော မိန်းမကိုခေါ်၍သာ ကစားလေတော့။

ရှင်မ၊ အဘယ်ကြောင့် ငါ့ကိုနှိပ်စက်သနည်း။ အဘယ်မှာ ဝတ်ပန်းပုဆိုးအထည် ရနိုင်အံ့နည်း။

အရှင်၊ သင်စိတ်ရှိသော် အဘယ်မှာမရနိုင်ဘဲရှိအံ့နည်း။ မင်း၏ ဝတ်ပန်းခင်း၌ များစွာသော ဝတ်ပန်းတို့ရှိသည်မဟုတ်လော။ ညဉ့် မှောင်သောအခါ၌ သင်သွားယူနိုင်သည်သာတည်းဟု ဆိုလေ၏။

ယောကျ်ားသည် ငြင်းသော်လည်း မိန်းမသည် အဖန်ဖန် တိုက်တွန်းအပ်သည်ဖြစ်၍ နောက်ဆုံး၌ အသက်ကိုစွန့်လျက် မင်း၏ ဝတ်ပန်းခင်းသို့ ဝင်လေ၏။ ဝင်မိလျှင်ပင် အစောင့်အကြပ်တို့မြင်၍ ဖမ်းဆီးပြီးလျှင် မင်းအား ပြကြကုန်၏။

တံကျင်လျှို၍သတ်စေဟု အမိန့်ကျသည့်အတိုင်း တံကျင်လျှို ၍ ထားသောအခါ ကျီးတို့သည် ဦးခေါင်း၌နား၍ သံချွန်နှင့်တူသော နှုတ်သီးတို့ဖြင့် မျက်စိတို့ကို ဖောက်ကြကုန်၏။

ထိုယောကျ်ားသည်ကား ထိုမျှသောဆင်းရဲကို မအောင့်မေ့နိုင် ဘဲ ဤယခုခံရသော ဆင်းရဲသည် ဆင်းရဲမဟုတ်သေး၊ ဝတ်ပန်းဆိုး အထည်ကို ဆင်ယင်ပြီးလျှင် ငါတို့လင်မယားနှစ်ယောက် လည်၌ ဖက်တွဲ၍ တန်ဆောင်မုန်းပွဲ၌ မနွှဲလိုက်ရခြင်းသည်သာလျှင် ငါ၏ ဆင်းရဲအစစ် ဖြစ်ကြီးဖြစ်လေသည်တကားဟု မြည်တမ်းသေဆုံး၍ ငရဲ၌ ဖြစ်လေသတည်း။

ဇာတ်ပေါင်းသော်–

ထိုအခါ လင်မယားသည် ယခုအခါ လင်မယား ဖြစ်လာ၏။

ထိုအကြောင်းကို သိမြင် မှတ်သားသော အာကာသစိုးနတ်သည် ဘုရား ဖြစ်လာ၏။

❐

## ကေနိပါတ်။

### ၈၈။ သိဂ်ီလဇာတ် ၁၄၈
### (သိဂ်ီလ = မြေခွေး)

### လောဘကြီးသော မြေခွေးအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းတို့အား ကိလေသာကို နှိမ်နင်းအပ်ကြောင်း အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ မြေခွေးတစ်ကောင်သည် အစာရှာသွားရာ ဆင်သေကောင်တစ်ခုကို တွေ့၍ အားရဝမ်းသာစွာဖြင့် ကိုက်ခဲပါသော်လည်း အလွန်ပြင်းတွဲ မာချာသည်နှင့် မရဘဲရှိလေ၏။ နောက်မှ ဝစ္စမဂ်(ကျင်ကြီးသွားရာ)၌ ကိုက်သော် အတန်ငယ်နူးညံ့သဖြင့် ရလေ၏ ။

ထိုဝစ္စမဂ်မှစ၍ စားလျက်ဝင်သွားရာ ဝမ်းတွင်းသို့ရောက်သွား၍ အသားအသွေးတို့ကို အလိုရှိသမျှ စားသောက်ပျော်ပိုက်သည်နှင့် မထွက်ဘဲနေလေ၏။

ကာလအတန်ကြာသော် နွေကာလကျရောက်သည်နှင့် ဆင်သေကောင်သည် ခြောက်ကပ်သွားသဖြင့် မြေခွေးဝင်ရာအပေါက်သည် ပိတ်သွားလေ၏။ ထိုအခါ ဝမ်းတွင်း၌ အလွန်မှောင်၍ ထွက်ရာကို မရဘဲ မြေခွေးသည် ကြောက်လန့်တုန်လှုပ်လျက် ထိုမှ ဤမှ တိုးဝှေ့နေရလေ၏။

နှစ်ရက်သုံးရက်လွန်သော် မိုးကြီးစွာရွာသဖြင့် ဆင်သေကောင်သည် မိုးစွတ်၍ ပွပြီးလျှင် ပကတိအတိုင်းဖြစ်ရှိ ထွက်ပေါက်ကို မြေခွေးမြင်မှ တအားတိုး၍ထွက်ရာ အမွေးတို့သည် ထွက်ပေါက်၌ ငြိ၍ ကျန်ရစ်ခဲ့လေ၏။

အမွေးမရှိသော မြေခွေးသည် မိမိကိုယ်ကို ပြန်ကြည့်လျက် ငါသည် လောဘကိုမှီ၍ ဤဆင်းရဲကိုရ၏။ ဤနေ့ကစ၍ လောဘအလိုသို့မလိုက်တော့ပြီဟု ဆိုပြီးလျှင် ဆင်သေကောင်ကို ပြန်မကြည့်ဘဲ အလွတ်ပြေးလေသတည်း။

ဇာတ်ပေါင်းသော်–
မြေခွေးသည် ဘုရား ဖြစ်လာ၏။

❐

## ဧကနိပါတ်။

### ၈၉။ ကေပဏ္ဏဇာတ် ၁၄၉
### (ဧက = တစ်ခု။ ပဏ္ဏ = သစ်ရွက်)

## ကြမ်းကြုတ်သူကို ဆုံးမခြင်းအကြောင်း

မြတ်စွာဘုရားသည် ဝေသာလီပြည်ကို မှီ၍ မဟာဝုန်၌ရှိသော ကျောင်း၌ နေတော်မူစဉ် ဒုဋ္ဌလိစ္ဆဝီအမည်ရှိသော အလွန်ကြမ်းကြုတ်ခက်ထန်

သည့် မင်းသားတစ်ပါးကို မိဘဆွေမျိုးတို့ ဆိုဆုံးမသော်လည်း မရနိုင်သည်နှင့် မြတ်စွာဘုရားအထံတော်သို့ ပို့ရလေ၏။

ထိုအခါ မြတ်စွာဘုရားသည် မင်းသားကို ဆုံးမအံ့သောငှာ ဒါယကာ မင်းသား ကြမ်းကြုတ်ခက်ထန်သောသူကို မိဘဆွေမျိုးတို့ပင် မနှစ်သက်၊ ရွံရှာ၏။ အမျက်ကြီးသောသူသည် မည်မျှပင် တန်ဆာဆင်သော်လည်း အဆင်းမလှ ရှိရ၏။ မီးလျှံထိသော ကြာကဲ့သို့လည်းကောင်း၊ အညစ်အကြေးကပ်သော ကြေးမုံကဲ့သို့လည်းကောင်း အဆင်းသည် ပျက်၏။ အမျက်ဒေါသကိုမှီ၍ မိမိကိုယ်ကို မိမိသတ်တတ်၏။ မိမိကို ညှဥ်းဆဲသောသူတို့ ပေါ်လာတတ်၏။ လူအပေါင်းတို့၏ကဲ့ရဲ့ရှုတ်ချခြင်းကို ခံရတတ်၏။ သေသော် အပါယ်ငရဲ၌ ကျရ၏။ လူ့ဘဝကို ရပြန်ပါလျှင်လည်း မျက်စိအနာ၊ နားအနာ စသည်ဖြင့် အနာရောဂါထူပြောလျက် အမြဲဆင်းရဲတတ်၏။ သို့ကြောင့် သင်ဒါယကာမင်းသားသည် မေတ္တာစိတ်ကိုပွားများအပ်၏ဟု မိန့်တော်မူ၏။

ဒုဋ္ဌလိစ္ဆဝီမင်းသားသည် မြတ်စွာဘုရား၏ ထူးခြားနက်နဲသော အဆုံးအမတော်ကို နာကြားရလျှင် နူးညံ့သိမ်မွေ့သောအဖြစ်သို့ ရောက်လေ၏။ ဤသို့ အံ့ဖွယ်သရဲ ဆုံးမနိုင်သည်ကို ရဟန်းတို့ဘောင်၌ စကားဖြစ်ကြရာ ယခုသာမဟုတ်၊ ရှေးကလည်း ဆုံးမဖူးပြီဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

ရှေးသောအခါ ဗာရာဏသီမင်းတစ်ပါး၏သားတော်ဒုဋ္ဌကုမာရမည်သော အလွန်ကြမ်းကြုတ် ခက်ထန်သည့် မင်းသားကို မိဘဆွေမျိုးတို့ ဆုံးမ၍ မရနိုင်သည်နှင့် မင်း၏ဆရာ ရသေ့ကြီးထံသို့ ပို့ကြရလေ၏။

ထိုအခါ ရှင်ရသေ့သည် မင်းသားကိုခေါ်၍ ဥယျာဉ်တော်၌ လှည့်လည်ကြရာ တစ်ဖက်လျှင် တစ်ရွက်မျှသာ ထွက်သေးသော ယောက်ခါစ တမာပင်ငယ်တစ်ပင်ကိုမြင်လျှင် မင်းသား– ဤတမာရွက်ကို စားကြည့်လောဟု ဆိုလေ၏။

မင်းသားစားကြည့်၍ အရသာကိုသိလျှင် ထွီ–ဆို၍ ထွေးပစ်ပြီးမှ အရှင်ဘုရား– ဤသစ်ပင်ငယ်သည် ယခုကပင်လျှင် လတ်တလော သေစေတတ်သော အဆိပ်နှင့်တူ၏။ ကြီးသော်မူကား များစွာသော သူတို့ကို သေစေလိမ့်မည်တကားဟုဆို၍ တမာပင်ငယ်ကို နုတ်ပြီးလျှင် လက်ဖြင့်ချေနယ်၍ ပစ်လေ၏။

ထိုအခါ ရှင်ရသေ့က သင်မင်းသား– ဤတမာပင်ကဲ့သို့ပင် သင်သည် ငယ်ရွယ်စဉ်ကပင် ဤမျှလောက် ကြမ်းကြုတ်ခက်ထန်၏။ ကြီး၍ မင်းဖြစ်သော် အဘယ်မျှ ကြမ်းကြုတ်ခက်ထန်လိမ့်မည်နည်း။ ဤမင်းကိုမှီ၍ ငါတို့အား အဘယ်မှာ စီးပွားချမ်းသာရနိုင်အံ့နည်း–ဟု တိုင်းသူပြည်သားတို့သည် သင်မင်းသားအား တိုင်းပြည်ထီးနန်းကို မပေးမူ၍ တိုင်းပြည်မှ နှင်ထုတ်ကြလိမ့်မည်။ သို့ကြောင့် ဤတမာပင်ငယ်နှင့်တူသော သဘောကို စွန့်ပြီးလျှင် ဤနေ့မှစ၍ ခန္တီမေတ္တာ၊ ကရုဏာဖြင့် ပြည့်စုံလေလောဟု ဆုံးမပေ၏။

ထိုအခါမှစ၍ မင်းသားသည် နှိမ့်ချသောမာနရှိလျက် ယဉ်ကျေးနူးညံ့၍ ခမည်းတော်လွန်သော် မင်းကောင်းမင်းမြတ်အဖြစ်သို့ ရောက်လေသတည်း။

ဇာတ်ပေါင်းသော်–

ဒုဋ္ဌကုမာရမင်းသည် ဒုဋ္ဌလိစ္ဆဝိမင်းသား ဖြစ်လာ၏။

ဗာရာဏသီမင်းသည် ရှင်အာနန္ဒာ ဖြစ်လာ၏။

ရသေ့သည် ဘုရား ဖြစ်လာ၏။

❒

## ဧကနိပါတ်။

## ၉၀။ သဗ္ဗိဝဇာတ် ၁၅၀

## သဉ္ဇီဝလုလင်အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် အဇာတသတ်မင်းသည် ယုတ်မာသော ဒေဝဒတ်ကို ချီးမြှောက်မိသည်နှင့် ထိုဒေဝဒတ်၏ တိုက်တွန်းချက်အရ အဖ ဗိမ္ဗိသာရမင်းကို သတ်မိလေ၏။ ထိုအကြောင်းနှင့်စပ်၍ မြတ်စွာဘုရားသည် ရဟန်းတို့အား ချစ်သားတို့ ဤအဇာတသတ်မင်းသည် အကယ်၍ အဖကို မသတ်မိငြားအံ့။ ယခုဘဝ၌ အကျွတ်တရားကို ရရာ၏။ ယခုမူကား အကျွတ်တရားမှ ယုတ်ရလေသည်ဟု မိန့်တော်မူ၏။ ပြီးမှ ဤသို့အကျိုးယုတ်ရသည်မှာ ယခုသာမဟုတ်သေး ရှေးကလည်း အကျိုးယုတ် ပျက်စီးဖူးလေပြီဟု အောက်ပါဇာတ်ကို ဟော တော်မူသည်။

ရှေးသရောအခါ ဒိသာပါမောက္ခဆရာကြီးထံ၌ တပည့်ငါးရာ တို့ အတတ်သင်ကြသည်တွင် သဉ္ဇီဝမည်သော တပည့်သည် သူသေ ကို ထစေတတ်သော မန္တရားကို သင်ယူ၏။ သို့ရာတွင် တားမြစ်တတ် သော မန္တရားကိုကား မသင်ယူမိလေ၏။

တစ်နေ့သော် ထိုတပည့်တို့သည် တောသို့ထင်းခွေသွားကြရာ ကျားသေတစ်ခုကို တွေ့ကြလေလျှင် သဉ္ဇီဝက အချင်းတို့ ဤကျားသေ ကို ငါသည် မန္တန်ဖြင့် ထစေအံ့ဟုဆို၏။ အခြားတပည့်တို့ကလည်း ငါတို့မယုံ၊ တတ်နိုင်လျှင် ထစေလောဟုဆို၍ သစ်ပင်ပေါ်သို့ တက်၍ နေကြ၏။

သဉ္ဇီဝသည် မန္တန်ကိုရွတ်၍ ကျားသေကို ကျောက်ခဲဖြင့်ပစ်ရာ ကျားသည် ထ၍ ပထမတွေ့သော သဉ္ဇီဝကို ကိုက်သတ်ပြီးလျှင် ကျားသည် ပြန်၍လဲသွားလေ၏။

ထိုအကြောင်းကို ဆရာကြီးကြားသိရသော် တပည့်တို့ သဒ္ဓိဝသည် ထစေအပ်သောကျားသည် သဒ္ဓိဝကိုပင် ကိုက်သတ်သကဲ့သို့ မသူတော်တို့ ဆည်းကပ်ချီးမြှောက်သူသည်လည်း ထိုမသူတော်ကြောင့် ပျက်စီးခြင်းရောက်သည်သာတည်းဟု ဆုံးမလေသတည်း။

ဇာတ်ပေါင်းသော်–
သဒ္ဓိဝသည် အဇာတသတ် ဖြစ်လာ၏။
ဆရာကြီးသည် ဘုရား ဖြစ်လာ၏။

❑

အမှတ် ...
ရက်စွဲ ...

လူငယ်လူရွယ်တို့ ရတနာသုံးပါးနှင့် နီးစပ် ယဉ်ကျေးစေရန်၊ ကိုယ်ကျင့်ဟရားကောင်း ဖွံ့ဖြိုးစေရန် ရည်ရွယ်၍ မြန်မာစကားပြေသက်သက်ဖြင့် ဆရာကြီး ဦးဖိုးကျား ရေးသားခဲ့သော

# ငါးရာ့ငါးဆယ် ကောက်နုတ်ချက်များ(ဒု)

၁၉၉၉ ဒီဇင်ဘာလတွင် ထုတ်ဝေမည်။

# ငါးရာ့ငါးဆယ် ကောက်နုတ်ချက်များ(တ)

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီလတွင် ထုတ်ဝေမည်။

## ၁၉၉၉ ခုနှစ်အတွင်း ထုတ်ဝေခဲ့သော ပါရမီစာအုပ်များ

| | |
|---|---|
| ၁။ ချစ်နိုင်(စိတ်ပညာ) | အမေ့အတွက်လက်ဆောင် |
| ၂။ မစန္ဒာ | ဘဝအိပ်မက် ပန်းအိပ်မက် |
| ၃။ မောင်ထင် | ကိုဒေါင်း |
| ၄။ သုခ | ကံ ကံ၏အကျိုးနှင့်အခြားဝတ္ထုတိုများ |
| ၅။ သုခ | ဂုဏ်ရည်မတူလို့လား |
| ၆။ မစန္ဒာ | ဝတ္ထုတိုများ(၃) |
| ၇။ ဒေါက်တာမတင်ဝင်း | ဝဋ်ဆိုတာလည်တတ်တဲ့သဘောရှိတယ် |
| ၈။ ဦးဖိုးကျား | ၃၇ မင်း |
| ၉။ သုခ | ဇေယျတုသဗ္ဗမင်္ဂလံ |
| ၁၀။ ဒေါက်တာမတင်ဝင်း | ဒါလေးကိုဖတ်ကြည့်ပါဦး |
| ၁၁။ ဦးဖိုးကျား | ကိုယ်တွေ့ဝတ္ထုများ |
| ၁၂။ ဦးအောင်မိုး | ကုသိုလ်အကျိုးပြတရားတော်များ(ပ) |
| ၁၃။ ဒေါက်တာမတင်ဝင်း | အတွေးပါသောဇာတ်ကြောင်းများ |
| ၁၄။ ဒဂုန်ဦးထွန်းမြင့် | အခြေခံလူ့ကျင့်ဝတ် |
| ၁၅။ မောင်ထင် | လောကအမြင် |
| ၁၆။ ရဝေထွန်း | သမီးချစ် |
| ၁၇။ ဒေါက်တာမတင်ဝင်း | အောင်ဟိတ်နဲ့လူ |
| ၁၈။ မောင်ထင် | ငဘ |
| ၁၉။ ရဝေထွန်း | သေခြင်း |
| ၂၀။ မာဂဓီ(သာစည်) | ဩကာသရှင်းတမ်း |
| ၂၁။ ဦးအောင်မိုး | ကုသိုလ်အကျိုးပြတရားတော်များ(ဒု) |
| ၂၂။ မာဂဓီ(သာစည်) | အခါတော်နေ့များ |
| ၂၃။ ဒေါက်တာမတင်ဝင်း | ဇာတိနဲ့အစဉ်အလာ |
| ၂၄။ ဦးဖိုးကျား | ငါးရာငါးဆယ်ကောက်နုတ်ချက်များ(ပ) |
| ၂၅။ မစန္ဒာ | မဂ္ဂဇင်းဝတ္ထုရှည်များ |
| ၂၆။ ဒေါက်တာမတင်ဝင်း | ဘုံအနှမ်းမှလူ့ဆန်းများ |

# ဆက်လက်ထုတ်ဝေမည့်ပါရမီစာအုပ်များ

| | |
|---|---|
| မင်းပူးဦးဩဘာသ | မဟာဇနကဇာတ်တော်ကြီး |
| အရှင်ဇနကာဘိဝံသ | ရုပ်စုံဗုဒ္ဓဝင်အမေးအဖြေ |
| မာဂဓီ(သာစည်) | သံဝေဂကထာ |
| ဦးဖိုးကျား | ငါးရာ့ငါးဆယ်ကောက်နုတ်ချက်များ(၃) |
| ဦးဖိုးကျား | ငါးရာ့ငါးဆယ်ကောက်နုတ်ချက်များ(၈) |
| ဦးဖိုးကျား | မြောက်ပိုင်းဗုဒ္ဓဘာသာ မဟာယနဂိုဏ်း |
| ဦးဖိုးကျား | သီပေါမင်းပါတော်မူအရေးတော်ပုံ |
| ဦးဖိုးကျား | အလောင်းတော်ကဿပ |
| မန်းတင် | မြို့ပိုင်မောင်ပြုံးချို |
| သုခ | သုခနှင့်သုခ |
| ချစ်နိုင်(စိတ်ပညာ) | စက္ကန့်တိုင်းကို စိန်စီထားတယ် |
| စိန်စိန် | ခရီးဝက်ပါ |
| ဒေါက်တာမတင်ဝင်း | အလှရတနာသိုက် ဖွင့်လိုက်စမ်းမယ် |
| ဒေါက်တာမတင်ဝင်း | ပုလဲတစ်လုံး ရွှဲတစ်လုံး |
| မစန္ဒာ | ဝတ္ထုတိုများ(၄) |
| မစန္ဒာ | ဝတ္ထုတိုများ(၁) |
| Rawe Htun | The Modern Buddhist Nun |
| Ma Sandar | Upstream and other stories |

ဗုဒ္ဓမြတ်စွာဟောကြားတော်မူသော

ဇာတ်တော် ငါးရာ့ငါးဆယ်ထဲမှ

သိမှတ်ဖွယ်ရာ

လိုက်နာဖွယ်ရာ

သတိသံဝေဂရယူဖွယ်ရာ

ဇာတ်တော်များကို

ရွေးချယ်ကောက်နုတ်တင်ပြထားသည်။

